www.burmeseclassic.com

THIHAYADANAR

# ဝနယ်ကျော် မမလေး

## ရှင်မှတစ်ရှိုက်



(တတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် - | ၁၈၉ / ၂၀၀၀ (၃) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် - | ၁၉၅ / ၂၀၀၀ (၃) |

စီစဉ်သူ ■ ဦးသိမ်းစိုး

အကြိမ် ■ စတုတ္ထအကြိမ်၊ ၂၀၀၀ခု၊ မေလ

အုပ်ရေ ■ (၁၀၀၀)

ထုတ်ဝေသူ ■ ဒေါ်ရွှေအိမ်၊ တိုင်းလင်းစာပေ၊ ၈/၆၅၊ အုပ်စု(၃)

အောင်သိဒ္ဓိလမ်း၊ အင်းစိန်မြို့နယ်။

မျက်နှာဖုံးပုံနှိပ် ■ ဒေါ်ခင်အေးမြင့်၊ ရာပြည့်အော့ဖ်ဆက်၊ ၁၉၉၊ လမ်း ၅၀၊ရန်ကုန်။

အတွင်းပုံနှိပ် ■ ဦးတင်အောင်ဝင်း (၀၃၃၀၉) ဘိုးရာဇာ ပုံနှိပ်တိုက်၊ ၁၆၂၊ ၄၅လမ်း၊ ရန်ကုန်။

အတွင်းကွန်ပျူတာ ■ I.C.G (Infinity Computer Garphic)

စာအုပ်ချုပ် ■ ကိုမြင့်

မျက်နှာဖုံးဒီဇိုင်း ■ လင်းဝဏ္ဏ (media : x)

တန်ဖိုး ■ ၇၀၀ ကျပ်

# အမှာ

အိမ်၌ ကျွန်မသားမောင်သိန်းတန်ထံသို့ လူငယ်နှစ်ယောက် အဝင်အထွက်များနေခြင်းကို သတိပြုမိသည်။

သား၏အခန်းထဲ၌ သုံးယောက်သား ခေါင်းချင်းဆိုင်လျက် နေ့စဉ်လိုပင် တိုးတိုးတိုးတိုးပြောဆို ဆွေးနွေးနေကြခြင်းကြောင့် ထူးပါတယ်ဟု ထင်လာသည်။

ထိုအထင်ကြောင့် ထိုသူငယ်များ ဘာကိစ္စရှိ၍ လာနေကြသနည်းဟု သားကိုမေးမြန်းကြည့်ရသည်။

အိမ်သို့လာသော လူငယ်နှစ်ယောက်မှာ မောင်တင်မြင့်နှင့် မောင်တင်မောင်အေးတို့ဖြစ်ကြသည်။

ကျွန်မသားပြောပြမှ မောင်တင်မြင့်မှာ ရှမ်းပြည်နယ် လားရှိုးမြို့သားဖြစ်ပြီး ရွှေမဝဦးကျော်ထံတွင် ရုပ်ရှင်ပညာဆည်းပူးလေ့လာနေသည်မှာသုံးနှစ်ခန့်ရှိပြီဖြစ်ကြောင်းသိရသည်။ မောင်တင်မောင်အေးကား ရွှေမဝရုပ်ရှင်ကားရိုက် မန်နေဂျာဖြစ်သည်။

မောင်တင်မြင့်က သူကိုယ်တိုင်မင်းသားလုပ်ပြီး ကုမ္ပဏီတစ်ခု

www.burmeseclassic.com

www.burmeseclassic.com

နှင့် ပူးပေါင်းကာ ရုပ်ရှင်ရိုက်ချင်၍ မောင်သိန်းတန်ထံ၌ ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့်တကွ ဒါရိုက်တာလုပ်ရန်လာရောက် တိုက်တွန်းပြောဆိုနေကြကြောင်း သိရတော့သည်။

ကျွန်မမှာ နံနက်အလုပ်သွား ညမှအိမ်ပြန်ဖြစ်၍ သူတို့ကိစ္စကို မေးမြန်းရုံမှတစ်ပါး စိတ်ဝင်စားမှုမရှိဘဲ ကိုယ့်အလုပ်နှင့်ကိုယ်ပင် အချိန်အားမရအောင် အလုပ်များနေသည်။

'ကျွန်တော်တို့ဇာတ်လမ်းတင်တော့မလို့' ဟု သားကပြောမှ 'ဘာဇာတ်လမ်းလဲ' ဟုမေးမိသည်။

ရုပ်ရှင်စိစစ်ရေးအဖွဲ့သို့ တင်ပြမည့် ဇာတ်လမ်းအကျဉ်းချုပ်နှင့် ဇာတ်လမ်းစဉ်ကိုပြ၍ ကြည့်သည့်အခါတွင် ကျွန်မမှာစိတ် မောသွားတော့သည်။

'ဒီခြေတစ်ပေါင်ကျိုး ဇာတ်လမ်းတင်လို့ ဘယ်ဖြစ်မလဲ၊ မြန်မာပရိသတ် အကြိုက်ဖြစ်မှာမဟုတ်ဘူး၊ 'ဒီဇာတ်ကားရိုက်ရင် မင်းတို့အောင်မြင်မှာ မဟုတ်ဘူး'

ကျွန်မက ထင်မြင်ချက်ပေးလျက် ဤဇာတ်လမ်းမတင်ရန် ဝင်၍တားသည်။

မောင်သိန်းတန်မှာ ရုပ်ရှင်လုပ်ငန်း၌သာလျှင် စိတ်ပါမှု ရှိလျက် ယနေ့အထိ ဘာအလုပ်မှ မည်မည်ရရ မလုပ်ကိုင်ဘဲ ရုပ်ရှင်ပညာနှင့် ပတ်သက်သော နိုင်ငံခြားစာအုပ်စာတမ်းတွေ ဖတ်လျက်သာ အချိန်ကုန်နေသူဖြစ်သည်။

ရုပ်ရှင်ပညာရပ်၌ စိတ်ဝင်စားစွာ ဆည်းပူးမှု၊ စိတ်အားထက်သန်မှုရှိလှသည်။ သူ၏တိုးတက်ရာ တိုးတက်ကြောင်း ကြီးပွားရာ ကြီးပွားကြောင်းဖြစ်ရန် ရုပ်ရှင်ကုမ္ပဏီတစ်ခု တည်ထောင်ပေးရန်လည်း ကျွန်မ၌ငွေအင်အားမရှိ၊ ငွေအင်အားရှိသူက သူ၏ရုပ်ရှင်ပညာ အနည်းအချင်းကိုသိမြင်၍ ရုပ်ရှင်ကားတစ်ကားရိုက်ပေးရန် လာရောက်အပ်သောအခါ၌ ကျွန်မကမရိုက်ရန် ဝင်ရောက်ကန့်ကွက်တား ဖြစ်ရမည်မှာ စိတ်မကောင်းစရာပင်ဖြစ်သည်။

'ခြေတစ်ပေါင်ကျိုးကော ဘာဖြစ်သလဲမေမေရဲ့၊ ဒါအနုပညာ အနုပညာလိုကြည့်ပါ၊ ဒီဇာတ်လမ်းပဲတင်မယ်'

'ဒီဇာတ်လမ်းကို မတင်နဲ့၊ အနုပညာတော့မှန်တယ်၊ ပရိသတ်ကြိုက်မှာမဟုတ်ဘူး၊ ရုပ်ရှင်ရိုက်မယ့်ငွေတွေက မင်းငွေမဟုတ်ဘူး၊ 'နှမလက်လျှော့' ကားလိုဖြစ်သွားရင် သူ့ခများဘယ့်နှယ်လုပ်မလဲ'

ကျွန်မမှာသားဘက်ကမဟုတ်ဘဲ ရုပ်ရှင်ရိုက်မည့်ကုမ္ပဏီနှင့်ပေါင်း၍ ငွေရင်းငွေနှီးထုတ်မည့် မောင်တင်မြင့်ဘက်မှ နေ၍ကြည့်ကာ သူ့ဇာတ်လမ်းကိုမတင်ဖြစ်ရန် တားမြစ်ကန့်ကွက်နေရသည်။

'နှမလက်လျှော့' ကားကို မေမေက အထင်သေးသလား နိုင်ငံခြားသားတွေက မြန်မာရုပ်ရှင်ကားကောင်းကောင်းကြည့်ချင်တယ် ပြောလို့ ဗြိတိသျှဘားမား (ညွန့်မြန်မာ) ဦးနေဝင်းက 'နှမလက်လျှော့' ကားကိုယူပြတယ်၊ မေမေအထင်မသေးပါနဲ့'

မောင်သိန်းတန် 'နှမလက်လျှော့' ဇာတ်ကားရိုက်စဉ်က ကျွန်မမှာ ထိန်းသိမ်းခံနေရသည်။ ကျွန်မထွက်မြောက်လာသည့် အခါ၌ 'နှမလက်လျှော့နေလေတော့' ဇာတ်ကားထုပ်မှာ အိမ်၌ရှိနေသည်။ တစ်နေ့တွင် သူပြသော 'နှမလက်လျှော့နေလေတော့' ဇာတ်ကား

www.burmeseclassic.com

www.burmeseclassic.com

ကိုကြည့်ပြီး ကျွန်မစိတ်ပျက်မိသည်။ ထိုဇာတ်ကားရိုက်စဉ် ကျွန်မသာရှိလျှင် သူ့ဇာတ်ကားကို ကျွန်မတည်းဖြတ်၍ ပြုပြင်ပစ်မိမှာ အမှန်ပင်ဖြစ်သည်။

ဇာတ်ကားမှာ အညံ့မဟုတ်ဘဲ ဇာတ်ကောင်များ စကားပြောနည်းမှုကြောင့် ပရိသတ်လက်မခံခြင်းသာဖြစ်သည်။ ဇာတ်ကောင်များစကားပြောကြမည်ဆိုလျှင် ရုပ်ရှင်ပရိသတ် နှစ်သက်မည့် ကားကောင်းတစ်ကား အမှန်ပင်ဖြစ်နိုင်သည်။

ရုပ်ရှင်ဇာတ်လမ်း စိစစ်ရေးအဖွဲ့သို့ ယခုသူတင်ပြမည့်ခြေတစ်ပေါင်ကျိုး ဇာတ်လမ်းမှာ ရုပ်ရှင်ရိုက်မည့်မောင်တင်မြင့်အတွက် ရင်လေးစရာကောင်း၍ မောင်တင်မြင့်က ရင်မလေးဘဲ ကျွန်မကကြားကဝင်၍ ရင်လေးနေခြင်းဖြစ်သည်။

'ဒီဇာတ်လမ်းမတင်ရဘူးဆိုရင် ကျွန်တော်ဘာလုပ်ရမလဲ၊ ဘာတင်ရမလဲ'

အဲဒါမှခက်သည်။ သူရိုက်မည့်ကားကို ကျွန်မကကြားကအတင်းဝင်ရောက် ကန့်ကွက်တားမြစ်နေခြင်းကြောင့် ဇာတ်လမ်းအစားရှာပေးရန် ကျွန်မ၌တာဝန်ရှိလာတော့သည်။

'ဒီဇာတ်လမ်းတော့မတင်နဲ့၊ စောင့်ဦး၊ မင်းတို့အတွက် မေမေဝတ္ထုတစ်ပုဒ်ရေးပေးပါ့မယ်'

ကျွန်မဌေမှာရင်းထုတ်မည့် မောင်တင်မြင့်ကို ငဲ့ညှာမှုဖြင့်နေရင်းထိုင်ရင်း အလုပ်ပိုလာတော့သည်။ အသက်၂ဝအရွယ်ရှိ မောင်တင်မြင့်မင်းသားလုပ်မည့် ဇာတ်ကားအတွက် မောင်တင်မြင့်နှင့် သင့်လျော်မည့်ဇာတ်လမ်းကို ဖုဘ်ပူမီးတိုက်စဉ်းစားရတော့သည်။

စန္ဒာမဂ္ဂဇင်းတွင် ရင်မှတစ်ရှိုက်ဝတ္ထုကို ၅လ သို့မဟုတ် ၇လခန့် အခန်းဆက်ဝတ္ထုရှည်ကြီး ရေးမည်ဟု ကြံရွယ်ကာ ဇာတ်လမ်းပျိုးလိုက်သည်။

ကျွန်မအချိန်မှ ကျွန်မမပိုင်ဘဲ လူနာများက အချိန်ရှိသရွေ့ကျွန်မကို စိုးပိုင်ထားမှုကြောင့် ဝတ္ထုရေးရန်အချိန်ရှာမတွေ့ရသည့်အခါမှာ ကျွန်မမှာဗျာများရတော့သည်။

စန္ဒာမဂ္ဂဇင်း၌ ပထမလထည့်ပြီးသည့်နောက်ပိုင်း လစဉ်ထည့်သောကော်ပီစာမူများမှာ အချိန်ယူ၍ ကျွန်မကိုယ်တိုင် ရေးသားမှုမဟုတ်တော့ဘဲ လူလေးငါးယောက်၊ လက်ရေးလေးငါးမျိုးဖြင့် ကျွန်မနှုတ်ကရွတ်သမျှ လိုက်ရေးပေးကြခြင်းဖြစ်သည်။

အလုပ်တိုက်၌ လူနာစဲသွားသည့် အချိန်ပိုင်းကာလက လေးများကိုပင် ဤဝတ္ထုအတွက် စာမျက်နှာတစ်ရွက်ရရ၊ နှစ်ရွက်ရရ အသုံးချရသည်လည်းရှိသည်။

ကိုအောင်ဇေယျ၊ မောင်မိုးဟိန်း၊ မောင်သိန်းတန်၊ ဒေါ်ဒေါ်ချို၊ မောင်ခင်မောင်ရင်၊ မောင်ပါစီ ကျွန်မဝတ္ထုတစ်ပုဒ်လုံး၊ ကျွန်မလက်ရေးမဟုတ်တော့ဘဲ သူတို့လက်ရေးများ ဖြစ်ကြသည်။ ကော်ပီစာရွက်လေးငါးရွက်မှာပင် လက်ရေးပြောက်သောက် လက်ရေးမျိုးစုံဖြစ်နေသည်။

စန္ဒာမဂ္ဂဇင်းပိုင်ရှင် ကိုဝင်းဦးက 'အစ်မကြီးစာမူ ကျွန်တော်ဖတ်ကြည့်တယ်၊ လက်ရေးပေါင်းစုံပဲ' ဟု ပြောလေသည်။

လက်ရေးပေါင်းစုံသာ ကိုဝင်းဦးမြင်ရ၊ ဖတ်ရသည်။ လက်ရေးပေါင်းစုံနှင့် မည်ကဲ့သို့ ဝတ္ထုတစ်ပုဒ်ဖြစ်အောင် ရေးသားပေးရသည်ကို

www.burmeseclassic.com

www.burmeseclassic.com

ကိုဝင်းဦး မြင်စေချင်မိသည်။

'ကဲ . . . အခုအချိန်ပိုင်းကလေးအားတာ၊ လာစမ်းပါ . . . ထိုင်စမ်းပါ၊ ပါးစပ်ကပြောမယ်၊ လိုက်ရေးပေးကြစမ်းပါ'

ကျွန်မအားလပ်သည့်အချိန်ပိုင်းကလေးအတွင်း မီရာလူ နီးရာလူကို ကျွန်မအနား၌ထိုင်ခိုင်းပြီး ပါးစပ်မှတောက်လျှောက်ရွတ်ရသည်။

ဝတ္ထုကိုမရေးမီကလည်း တွေးရန်အချိန်မရှိ၊ ကျွန်ုပ်ကိုယ်တိုင်မရေးနိုင်၍ အမြန်နည်းကို လိုက်ရကာ နှုတ်မှတောက်လျှောက်ရွတ်ရသည့်အခါ၌ ရွတ်နေခိုက်အချိန်ယူတွေးကာ စဉ်းစားနေရာ အမီလိုက်၍ ရေးပေးရသောသူအတွက် စောင့်ဆိုင်းနေရမှုကို ငဲ့ရသော စိတ်ကစောနေသည့်အတွက် ပါးစပ်မှရွတ်နေရင်း ကောင်းနိုးရာရာ စကားလုံးအလှအပ၊ အနုစိတ်ရွေးချယ်ရာနောက်သို့ မလိုက်နိုင်ဘဲ စိတ်ထဲပေါ်ရာပြောနေခြင်းသာဖြစ်ရသည်။

လူနာလာလျှင် ရပ်လိုက်ရပြန်သည်။ လူနာများပြန်သွားပြီးဆက်ရေးနေခိုက် လူနာရောက်လာသည့်အခါ၌ ခေါင်းထဲပေါ်နေသောစကားလုံးများ ဘယ်ရောက်ကုန်မှန်း မသိတော့ဘဲ ပျောက်ကုန်ကြတော့သည်။

ဤပုံစံမျိုးဖြင့် ဝတ္ထုရှည်ရေး၍မဖြစ်နိုင်၊ ဝတ္ထုရှည်ရေးလိုလျှင် ခေါင်းအေးအေးဖြင့်အချိန်ယူကာ မဂ္ဂဇင်းအတွက် လေးငါးလစာလက်ထဲ၌ ကော်ပီစာမူရှိမှသာလျှင် မဂ္ဂဇင်းတိုက်သို့ပို့ရန် ကောင်းသည်ဆိုသော သင်ခန်းစာရလျက် စရေးပေးမိခြင်းကို နောက်ပြန်ဆုတ်၍မရတော့ပေ။

'ဘယ်သူလာလာ တံခါးဖွင့်မပေးနဲ့တော့၊ အိမ်ပေါ်တက်မယ်၊ တံခါးပိတ်မယ်၊ အိမ်ပေါ်မှာရေးမယ်'

နံနက်ဘက် အိမ်သူအိမ်သားများကို ပြောဆိုမှာကြားပြီး အိမ်ပေါ်သို့တက်ကာ ရေးရန်ပြင်ဆင်နေတုန်း အိမ်အောက်မှအရေးကြီးသော တယ်လီဖုန်းရောက်လာတတ်သည်။

'လူမမာမောနေလို့တဲ့၊ မတွေ့လို့မဖြစ်ဘူးတဲ့'

အိမ်အောက်မှတကြော်ကြော်အော်ခေါ်ကြပြန်၍ ပြန်ဆင်းခဲ့ရသည်၊ အလုပ်တိုက်မလာမီ နံနက်ဘက် တစ်ဦးပြီးတစ်ဦး ဆက်မေးနေသော တယ်လီဖုန်းများကြောင့် အိမ်ပေါ်သို့ပြန်တက်ကာ မရေးဖြစ်တော့ပေ။ အလုပ်တိုက်သို့ နံနက်၁၁နာရီ လူနာများ ချိန်းထားသောအချိန်မီ အရောက်သွားရပြန်သည်။

ညဘက်အလုပ်တိုက်မှ အိမ်သို့ ည၉နာရီ ၁၀နာရီမှ ပြန်ရောက်သည်။ ရေချိုးထမင်းစားပြီး ည ၁၂နာရီမှ ဝတ္ထုအတွက်ရေးရန် ပြင်ဆင်ရသည်။ ကျွန်မမှာတစ်နေ့လုံး လူနာတွေနှင့် အလုပ်များပြီး ဖားလာ၍ မောပန်းလာသဖြင့် မထိုင်နိုင်တော့ဘဲ အိပ်ရာပေါ်၌လှဲပြီး နှုတ်ကပြောရသည်။ ကျွန်မကဲ့သို့ ပုံနှိပ်တိုက်အလုပ်ဖြင့် ပင်ပန်းလာခဲ့သော ကိုအောင်ဇေယျက ၁၂ နာရီမှ ၂ချက် ၃ချက်အထိ ထိုင်ရေးပေးရသည်လည်းရှိသည်။

တနင်္ဂနွေနေ့သည် အခြားသူများအတွက် အားလပ်သောနေ့တစ်နေ့သတ်မှတ်ကြသော်လည်း ကျွန်မအတွက် တနင်္ဂနွေနေ့သည် ဘယ်တော့မှ မအားလပ်သော နေ့တစ်နေ့ဖြစ်သည်။

နေ့စဉ်လူမရှိဘဲ တိတ်ဆိတ်နေသော ကျွန်မအိမ်မှာ တနင်္ဂနွေနေ့ကျမှ လူစည်ကားလေသည်။ တနင်္ဂနွေနေ့ တိုက်ပိတ်ရက်တွင်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မနှင့်တွေ့ချင်သော လူနာများ၊ ဆွေမျိုးသားချင်းများ၊ ရင်းနှီးသော မိတ်ဆွေများဖြင့် တစ်နေကုန်တစ်နေခန်း အိမ်၌ပရိသတ်မပြတ်အောင် ဖြစ်သည်။ ရပ်ဝေးလူနာ၊ ရပ်ဝေး တယ်လီဖုန်းတွေကလည်း တနင်္ဂနွေ နေ့ည၌ မစဲအောင်ညံနေသည်။

ပုံနှိပ်အလုပ်ကတစ်ဖက်၊ လူနာကတစ်ဖက်၊ ဝတ္ထုကတစ်ဖက် အမျိုးမျိုးသော ကိစ္စတွေကတစ်ဖက် ဖြစ်နေသဖြင့် ဝတ္ထုအတွက် အချိန်ယူ၍ စဉ်းစားမှု၊ တွေးတောမှုကလေးကိုပင် အချိန်ရှိသူမဟုတ်မှန်း ကိုယ့်ကိုယ်ကိုယ် သိလာတော့သည်။

ရင်မှတစ်ရှိုက်ဝတ္ထုတွင် နှောင်းငယ်၏ဘဝဇာတ်လမ်းကို လည်းကောင်း၊ နှောင်းငယ်နှင့်မင်းယဉ်တို့၏ အနာဂတ်ဇာတ်လမ်းကို လည်းကောင်း၊ ဝတ္ထုရှည်ကြီးအဖြစ် ရေးသားသွားရန် ကြံရွယ်ရင်း ရှိပါလျက် အချိန်ကိုအစိုးရသူမဟုတ်၍ မဂ္ဂဇင်း၌သုံးလနှင့် ဇာတ်သိမ်း ရပ်ခဲ့ရသည်။

စန္ဒာမဂ္ဂဇင်းတိုက်ကသုံးလဖြင့် ဇာတ်သိမ်းခြင်းကို မကျေနပ်၍ ဆက်လက်ရေးပေးပါရန် လာရောက်တိုက်တွန်းသည်။

'အစ်မကြီး ဝတ္ထုတိုနေရင် တိုက်ကိုတော့ ဆဲစာတွေရောက်တော့မှာပဲ'ဟု ကိုဝင်းဦးကပြောသည်။

ကျွန်မမှာ ရှည်ရှည်ကြီးရေးပေးချင်ပါလျက် အချိန်မရမှုကို စိတ်ပျက်ဝမ်းနည်းမိသည်။

ရင်မှတစ်ရှိုက်အမည်မှာ ဝတ္ထုထဲက ဇာတ်ကောင်တွေ ရှိုက်ရသည်ထက် စာရေးသူကိုယ်တိုင်က ပိုမို၍ရှိုက်ခဲ့ရသည်။ အရပ်ကူပါ၊ လူဝိုင်းပါဖြင့် မဖြစ်ဖြစ်အောင် ဝတ္ထုတစ်ပုဒ် ရေးခဲ့ရသည်။

ကျွန်မဝတ္ထုရေးခဲ့သမျှတွင် ဤဝတ္ထုသည် အသွက်ဆုံးဆိုရမည် ထင်သည်။ စာပေသဘောအရ မွမ်းမံခြယ်မှုန်းခြင်း၊ အနုစိတ်ခြင်း၊ ချဲ့ထွင်ခြင်းတွေမရှိတော့ဘဲ လိုရင်းသာကွက်တိဖြစ်အောင် သွက်သွက် ရေးချသွားသော ဝတ္ထုတစ်ပုဒ်ဖြစ်သည်။

အလုပ်အင်မတန်များပြီး အချိန်မအားရှိသည့်ကြားမှ ဝတ္ထုတစ်ပုဒ်ဖြစ်ရခြင်းအတွက် ဝတ္ထုဖြစ်ပေါ်ရန် ဖန်တီးလာသော မောင်တင် မောင်အေး၊မောင်တင်မြင့်နှင့် ကျွန်မသားကိုပင်ကျေးဇူးတင်ရတော့မည်။

ဤဝတ္ထုကို ရုပ်ရှင်ရိုက်ဖြစ်မည်၊ မရိုက်ဖြစ်မည်ကား ယခုတိုင် မသေချာသေးပေ။ ဇာတ်ကားရိုက်ရန်အတွက် လားရှိုးသို့ ပြန်၍ ငွေကြေးစုဆောင်းရှာဖွေသူ မောင်တင်မြင့်မှာ ရန်ကုန်သို့ ယနေ့တိုင် ပြန်၍မရောက်သေးပေ။ သူ့အတွက် စေတနာပြဋ္ဌာန်း၍ ရေးပေးရသော ဝတ္ထုမှာ စန္ဒာမဂ္ဂဇင်းတွင်ပါပြီးရုံမက စာဖတ်ပရိသတ်၏ တိုက်တွန်းချက်အရ လုံးချင်းစာအုပ်ပင် ထွက်ပေါ်၍ လာနိုင်လေပြီ။

ရင်နှင့်အောင်မွေးဝတ္ထုသည် ရှုမဝမဂ္ဂဇင်း၌ ခုနစ်လခန့် ပါဝင်ပြီး ထုထဲသော စာအုပ်ကြီးဖြစ်၍ စာဖတ်ပရိသတ်များအတွက် အားရပါးရတစ်ဝကြီး ဖတ်ကြရသည့်အတွက် ကျေနပ်မှုရရှိ ကြသည်။

'ရင်နှင့်အောင်မွေး' ကဲ့သို့ 'ရင်မှတစ်ရှိုက်' ဝတ္ထုကို အားရပါးရ တစ်ဝကြီးဖတ်ရတော့မည်ဟု အားခဲထားကြသော စန္ဒာမဂ္ဂဇင်း စာဖတ်ပရိသတ်မှာ သုံးလနှင့်အပြီးသတ်သွားသောကြောင့် အားမရအောင် ဖြစ်ကြရသည်ဟု သိရှိရသည့်အတွက် ခွင့်လွှတ်ပါရန် ဤအမှာမှတစ် ဆင့် တောင်းပန်အပ်ပါသည်။

**ဂျာနယ်ကျော်မမလေး**

www.burmeseclassic.com

www.burmeseclassic.com

| ၁ |

လမ်းမတော်နှင့် ကျုံးကြီးလမ်းမီးပွိုင့်မှ ဆလွန်းကားတစ်စီးသည် မီးနီပြထား၍ရပ်နေရသည်။

ကားပေါ်မှ ကိုကျော်သူသည် မီးနီကိုအစဉ်တစိုက်ကြည့်လျက် သွားလိုစိတ်စောနေသည်။ အိမ်ရောက်လျှင် အပြင်သို့ပြန်ထွက်ရမည့်ကိစ္စကြောင့် နွဲ့နွဲ့ယဉ်ကို ကြည့်ကောင်းအောင်လိမ့်ရန် စိတ်ကူးရင်း စိတ်လှုပ်ရှားနေသည်။

အလုပ်မှအပြန် အိမ်ရောက်၍ ပြန်ထွက်ရတိုင်း နွဲ့နွဲ့ယဉ်ကို အကြောင်းအမျိုးမျိုးပြရသည်။ ကိစ္စမထပ်အောင် အကြံထုတ်၍ စဉ်းစားနေဆဲ မီးနီသည်မီးစိမ်းသို့ ကူးသွားသည်။

ကိုကျော်သူသည် ကားကိုအရှိန်ပြင်းစွာ မောင်းထွက်သွား



သည်။ ရှေ့မှကားများကို အပြင်းကျော်တက်သည်။ ယနေ့ညနေချိန်းထားသောအချိန်မီရန် စိုးရိမ်စိတ်က မောင်းထားသောကားအရှိန်ထက်ပြင်းသည်။

သူ့အိမ်ရှိရာ သူ့လမ်းထဲသို့ ချိုးတော့မှ အရှိန်လျှော့ကာ ရုံးကပြန်နေကျ ပုံမှန်အတိုင်း ခြံထဲသို့ ခပ်ဖြည်းဖြည်းမောင်းဝင်သွားသည်။

ကိုကျော်သူ၏ဇနီး နွဲ့နွဲ့ယဉ်သည် အခန်းတံခါးပိတ်ကာ ခုတင်ပေါ်၌ထိုင်လျက် သုန်မှုန်သောမျက်နှာထားဖြင့် သူ့နှုတ်ခမ်းကို ကိုက်ထားသည်။ နွဲ့နွဲ့ယဉ်၏မောင်လေး မင်းယဉ်သည် ပိတ်ထားသော အခန်းတံခါးဝ၌ရပ်လျက် အထဲမှတံခါးဖွင့်ပေးရန် ပြင်းပြင်းထန်ထန်ခေါက်နေသည်။

မျက်ရည်များ ရစ်ဝဲနေသော နွဲ့နွဲ့ယဉ်က ဒေါသသံဖြင့် အခန်းထဲမှ အော်ပြောသည်။

'တစ်ဆိတ်ရှိပိုက်ဆံပဲ၊ ပေးပြီးတာလည်း ဘာမှမကြာသေးဘူး၊ ဒီလိုချည်းတောင်းနေတိုင်းပေးရမှာလား၊ တော်ပြီမပေးဘူးဆို . . . ပေးကိုမပေးဘူး'

မင်းယဉ်သည် သူ့အစ်မ၏ ဒေါသသံ၊ ဝမ်းနည်းသံတို့ရောထွေးလျက်ရှိသော စကားတို့ကို ဂရုမစိုက်၊ ပမာမခန့်ပုံဖြင့် တံခါးထုရင်းပြန်ပြောသည်။

'ပိုက်ဆံတောင်းတာ လိုလို့တောင်းတာပါ၊ မပေးလို့ဘယ်ရ



www.burmeseclassic.com

www.burmeseclassic.com



မတုံး၊ ကိုယ်ရထိုက်လို့ ကိုယ်တောင်းတာ ပေးရမယ်. . . .ပေး'

'ရခွင့်ရထိုက်ရှိလို့တောင်းတာ' ဆိုသော မင်းယဉ်၏ စကားဖြင့် နွဲ့နွဲ့ယဉ်၏မျက်လုံးမှ ဝဲနေသောမျက်ရည်တို့သည် ပါးပေါ်သို့တစ်ပေါက်ပြီးတစ်ပေါက်ကျလာလေသည်။ အတွင်းရေးဘာမျှမသိသော မောင်တစ်ယောက်အတွက် ပို၍ ဝမ်းနည်းစိတ်ဖြင့် ယူကျုံးမရဖြစ်လာသည်။ သူ့ရင်၌ ဖွင့်မပြောနိုင်သောဆို့ခြင်းဖြင့် တင်းဆို့လျက်ရှိသည်။

'ဘာပြောတယ်၊ငွေတွင်းကြီးအောက်မေ့နေသလား. . . မင်းမင်း၊ နင် ငါ့ကိုဘယ်လောက် ဒုက္ခပေးနေသလဲ၊ ဒီဒုက္ခကိုငါမခံနိုင်ဘူး၊နင်တောင်းတာလည်း ငါမပေးနိုင်ဘူး၊ တောင်းတာမပေးလို့ ဒီအိမ်မှာမနေချင်ရင်လည်း နေချင်ရာမှာ နင်သွားနေ'

မင်းယဉ်သည် ထောင်းခနဲ ဖြစ်သွားကာ နာကြည်းစွာမဲ့ပြုံးပြုံးလိုက်သည်။

'ဘာ. . . .တခြားမှာသွားနေ. . . .ဟုတ်လား၊ နေစမ်းပါဦး၊ ဒီအိမ်က တစ်ယောက်တည်း ပိုင်တဲ့အိမ်များ အောက်မေ့နေသလား၊ မင်းမင်းနဲ့မနေချင်ကြရင်သာ ခင်ဗျားတို့လင်မယား ဒီအိမ်ပေါ်ကဆင်းသွားကြ'

မင်းယဉ်တို့အဒေါ် ဒေါ်သိန်းမေသည် မောင်နှမချင်းရန်ဖြစ်ကြသံကြား၍ မီးဖိုထဲမှ ကပျာကယာပြေးထွက်လာသည်။ မင်းယဉ်၏ပခုံးကိုဖက်လျက် ဖျန်ဖြေတောင်းပန်စကားပြောသည်။





'တော်ပါတော့. . . .မင်းမင်းရယ်၊ လူကြားသူကြားလို့မကောင်းပါဘူးကွယ်၊ကိုယ့်အစ်မဆီ ပိုက်ဆံတောင်းတာ ကောင်းကောင်းမွန်မွန် တောင်းရောပေါ့'

မင်းယဉ်သည် ဒေါ်သိန်းမေလာဖက်သော လက်ကို ပုတ်ချလိုက်ကာ ဒေါနှင့်မောနှင့် ပြန်ပြောသည်။

'မင်းမင်းကို ဒီမှာမနေနဲ့တဲ့၊ မင်းမင်းနဲ့မနေချင်ရင် သူတို့သာဒီအိမ်ပေါ်ကဆင်းသွား၊ ဒေါ်ကြီးလည်း သူတို့နဲ့လိုက်သွားချင်လိုက်သွား'

ဒေါ်သိန်းမေသည် မင်းယဉ်နားသို့တိုးကပ်ကာ လေသံဖြင့်ထပ်၍ချော့သည်။

'စိတ်ဆိုးလို့ပြောတာပါသားရယ်၊ ဒီစကားတွေမပြောကြပါနဲ့၊ ဒေါ်ကြီးတော့စိတ်ညစ်လှပြီ'

ဒေါ်သိန်းမေမှာ ကွန်လွန်သွားသော မင်းယဉ်တို့ဖခင်ဦးလွန်းဘော်၏နှမငယ်အပျိုကြီးဖြစ်သည်။တူမနှင့်တူကို သံယောဇဉ်ကြီးစွာဖြင့် ဤအိမ်မှမခွာဘဲ စောင့်ရှောက်ကြည့်ရှုနေသူဖြစ်သည်။

အိမ်ရှေ့၌ ကားထိုးဆိုက်လိုက်သော ကိုကျော်သူသည် အိမ်ထဲမှ ဆူဆူညံညံအသံများကို အိမ်ပြင်မှကြားရသည်။ ကားရပ်သံကိုတော့ မင်းယဉ်ကြားလိုက်သည်။ မင်းယဉ်သည် အပြင်ဘက်သို့ တစ်ချက်လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟိုမှာလာနေပြီ တော်ကြတော့ကွယ်. . . . မကောင်းဘူး'

ဒေါ်သိန်းမေသည် မျက်ကလဲဆန်ပျာနှင့်ပြောပြီး၊ သူ့ကိုမမြင်အောင် မီးဖိုထဲသို့လျှင် မြန်စွာဝင်သွားသည်။

အိမ်ပေါ်သို့ရောက်လာသော ကိုကျော်သူက အိမ်ခန်းဝ၌ မျက်နှာမည်းပျက်နေသော မင်းယဉ်ကို စူးစူးစိုက်စိုက် ကြည့်လိုက်သည်။

မင်းယဉ်က သူ့ယောက်ဖကို ရင်ဆိုင်မကြည့်ဘဲ မှုန်သုန်သုန်မျက်နှာထားဖြင့် သူ့ခါးကို လက်တစ်ဖက်ထောက်လိုက်သည်။ သူ့မျက်နှာကို တတ်နိုင်သမျှ မာအောင်တင်းထားသည်။

အိမ်သို့ရောက်လျှင် အပြင်သို့အမြန် ပြန်ထွက်ရန် အရေးတကြီးဖြစ်လာခါမှ အတားအဆီးလာဖြစ်နေသောမောင်နှမရန်ပွဲကြောင့် ကိုကျော်သူဒေါပွသွားသည်။ ဒေါပွသွားသော်လည်းဒေါသကိုမပြဘဲ မျိုသိပ်ပစ်ကာ စိတ်ကိုပြန်ချုပ်လျက်၊ ကိစ္စအေးအောင် အမြန်လုပ်ရန်အတွက် မင်းယဉ်နားသို့ လျှောက်လာသည်။

အိတ်ထဲမှနှစ်ဆယ်တန် စက္ကူတစ်ရွက် နှိုက်ယူကာမင်းယဉ်ကို ကမ်းပေးလျက် ချိုချိုသာသာပြောဆိုသည်။

'မင်းမင်း. . . . ရော့ကွာ'

မင်းယဉ်သည် ကိုကျော်သူလက်ထဲမှ ငွေနှစ်ဆယ်ကိုလှမ်းမယူဘဲ ခပ်မာမာပြန်ပြောသည်။





'ဒါဘာလုပ်ရမှာလဲ'

ကိုကျော်သူက သူ့ဒေါသကို ဖုံးလိုက်ရပြီး စိတ်ပျက်ဟန်မျက်နှာနှင့်ပြန်ပြောသည်။

'မသိဘူးလေ၊ မင်းအစ်မဆီ မင်းပိုက်ဆံတောင်းနေတယ်ထင်လို့ ငါပေးရတာ'

အခန်းထဲမှ နွဲ့နွဲ့ယဉ်သည် တံခါးနားသို့ ထပြေးလာကာအတွင်းမှပင်အော်ပြောသည်။

'မပေးနဲ့၊ ဒီကောင့်ကိုမပေးနဲ့ဆို မပေးနဲ့၊ မပေးရဘူး'

နွဲ့နွဲ့ယဉ်တစ်ကိုယ်လုံး နတ်ကျသလိုတုန်လာသည်။ ကိုကျော်သူနှင့် အိမ်ထောင်ပြုခဲ့ရပြီး ယောက်ျားလုပ်သူက သူ့အပေါ်၌ အဘက်ဘက်မှ အနိုင်ယူလျက် အထက်စီး လုပ်နေခြင်းကြောင့် မခံမရပ်နိုင်အောင် စိတ်ဆင်းရဲနေသူဖြစ်သည်။

မင်းယဉ်တောင်းတိုင်း ငွေပေးခြင်းဖြင့်၊ သူ့ကိုထပ်၍သာအနိုင်ကျင့်ဦးမည်။ အထက်စီးလုပ်ဦးမည့်အကွက်ကို ကြိုတင်၍မြင်ကာ စိတ်ကလည်းဆိုး၊ ဝမ်းကလည်းနည်း၊ ပေးလိုက်မှာလည်းမခံနိုင်၊ ဘာဘယ်လိုလုပ်ရမှန်း မသိအောင် နတ်ကျသလိုတုန်နေသည်။

မင်းယဉ်သည် ကမ်းပေးနေသောငွေနှစ်ဆယ်ကို မယူသေးဘဲ အရေးမလုပ်သော အမူအရာကိုပြ၍ပြောသည်။

'ပိုက်ဆံနှစ်ဆယ်နဲ့တော့ ကိစ္စကမပြီးဘူး၊ ပေးမယ့်ပေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ရာလောက်ပေးပါ'

ကိုကျော်သူသည် မင်းယဉ်ကို ငွေတစ်ရာမပြောနှင့် ငွေ တစ်ဆယ်ပင်ပေးချင်သူမဟုတ်ပေ။ အလိုလိုက်သော သဘော မဟုတ်ဘဲ ဤအိမ်အတွက်ပိုက်ဆံရှာပေးနေသောသူမှာ သူသာ ဖြစ်ကြောင်း ပေါ်လွင်အောင် ငွေကိုပမာမထားသည့် ဂိုက်မျိုး လျက် ကိစ္စပြတ်ရန်အိတ်ထဲနှိုက်လိုက်သည်။ အခန်းထဲမှနွဲ့နွဲ့ယဉ် ၏အော်သံကိုထပ်မနားကြားရသည်။

'ရှင်မပေးနဲ့နော်၊ ရှင်ပေးရင် ရှင်နဲ့ကျွန်မနဲ့အသိပဲ၊ မပေး ပါနဲ့'

တံခါးကိုဖွင့်ထွက်ကာ ငွေမပေးအောင် အတင်းတားမြစ် လိုသည်။ သို့ရာတွင်သူ့ယောကျ်ားရှေ့၌ သူ့မောင်နှင့်သူပိုမို ရန်ပွဲကြီးထွားလာမည်ကို တစ်ဖက်မှ သိမြင်နေသဖြင့် မထွက် လာဝံ့ပဲအထဲမှ မပေးရန် ကျိုးအော်နေသည်။

ဒေါ်သိန်းမေသည် အပေါက်ဝ၌ရပ်ပြုံးလာကာ တစ် တစ်ရာဝင်ရောက် ပြောဆိုချင်စိတ် ကုန်ခန်းနေသကဲ့သို့ စိတ် ချမ်းသာပုံမျက်နှာနှင့် စိတ်မချမ်းသာစွာ ကြည့်နေသည်။

ကိုကျော်သူ့လက်ထဲမှ ငွေတစ်ရာကို မင်းယဉ်ကဆွဲယူ လိုက်ကာ လွယ်အိတ်ထဲထည့်လျက် အိမ်ပေါ်မှပျာယီးပျာယာ ဆင်းသွားသည်။

'နွဲ့ရေ. . . . တံခါးဖွင့်ကွာ'





ကိုကျော်သူ တံခါးကိုသုံးလေးချက်ပုတ်တော့မှ နွဲ့နွဲ့ယဉ် း ဖွင့်ပေးလိုက်သည်။ သူ့မျက်နှာကိုလက်ဝါးဖြင့် အုပ်လျက် ငို၍နေသည်။

'တိတ်ပါကွာ'

နွဲ့နွဲ့ယဉ်၏ ပခုံးကိုပုတ်၍နှစ်သိမ့်၏။ အိမ်မှအမြန် ပြန် တ်ရန် ဘယ်ကစ၍ ပြောရမည့်စကားကို ကြံဆစဉ်းစားကြည့် သည်။ နွဲ့နွဲ့ယဉ်သည်ရှိုက်လျက် ငိုမြဲငိုလျက်။

'တိတ်ပါ. . . တယ်ခက်ပါကလား၊ တစ်နေ့လုံး အလုပ်က ား၊ ခေါင်းကပူ၊ အိမ်ပြန်ရောက်လည်းပူပူဆူဆူ၊ ပိုက်ဆံပေး သည်း၊ မအေးရဘူး၊ မပြီးကြဘူး'

ကိုကျော်သူက ခပ်ဆတ်ဆတ်ကလေး ခပ်ထန်ထန်ကလေး ပြောလာသည်။

'မပေးပါနဲ့တားနေတဲ့ကြားထဲကအတင်းပေးလိုက်တယ်၊ ပေးပြီးတော့ပေးရတယ်လို့ပြောပြီ၊ နွဲ့သဘောမတူဘဲနဲ့ အတင်း ပေးပြီး နွဲ့ပေါ်မှာလာအနိုင်မပြောပါနဲ့၊ ဒါကောင်းသလား'

'တော်ပါ. . . တော်ပါ၊ ပေးရတာလည်းဒီအကောင်ပဲ၊ ပေး ပြီးတော့မျက်နှာကောင်းမရတာလည်း ဒီကောင်ပဲ၊ ဘာလုပ်လုပ် အကောင်းမထင်ကြပါဘူး'

နွဲ့နွဲ့ယဉ်သည် ထပ်၍ဖြစ်ပွားရမည့်ရန်ကိုရှောင်လိုသည့် သဘောနှင့်ဘာမှပြန်မပြောတော့ဘဲ ရှိုက်၍သာငိုသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲတွင် ကိုကျော်သူကခေါက်တုံ့ခေါက်ပြန် လျှောက်လိုက်ပြီး နွဲ့နွဲ့ယဉ်နား၌ ရပ်ကာပြောလိုက်သည်။

'တိုက်တစ်လုံးဆောက်မယ့် လူတစ်ယောက်ကအိမ်ပုံစံ ဆွဲဖို့အတွက်တိုင်ပင်ဖို့ နန်းသီတာမှာ ဒီညခြောက်နာရီ ချိန်းထားလို့သွားရဦးမယ်၊ ဆွေးနွေးကြရင်ညဉ့်နက်ဦးမှာပဲ၊ စောင့်မနေနဲ့'

ငုံ့လျက်ရှိုက်ငိုနေသော နွဲ့နွဲ့ယဉ်သည် ဆတ်ခနဲခေါင်းထောင်လာသည်။ ကိုကျော်သူကိုအံကြိတ်၍ ကြည့်လိုက်သည်။

'သွားရဦးမယ်ဟုတ်လား၊ တစ်ညလာလည်းအကြောင်းပြ တစ်ညလာလည်းအကြောင်းပြ ဗိသုကာဆရာကြီးမှာ အကြောင်းတွေများလှချည်လား'

'အလုပ်ကွ. . . အလုပ်၊ အပြင်မို့များသွားရင် မယုံကြည်တာနဲ့၊ သံသယနဲ့ ၊လူကို အလေလိုက်နေတယ်များထင်သလား ပြောစမ်း'

ရန်ပွဲတစ်ပွဲမှ ရန်ပွဲတစ်ပွဲသို့ ကူးစက်လာခြင်းအတွက် ဒေါ်သိန်းမေသည် အခန်းဝသို့ ရောက်လာကာရန်စဲအောင် အတတ်နိုင်ဆုံး ဝင်ရောက်တားဆီးလိုက်သည်။

'မောင်ကျော်သူ အပြင်သွားဦးမလို့လား၊ ထမင်းစားသွားမလား၊ အဒေါ်ကြီးပြင်လိုက်မယ်လေ'

ကိုကျော်သူသည် ဒေါ်သိန်းမေကြားဝင်လာသည့်အတွက် ထွက်ပေါက်ရပြီဟု ရင်ပေါ့သွားသည်။





လင်မယားတကျက်ကျက်ဖြစ်နေသည်ကို စိတ်မချမ်းသာဟန်၊ အိမ်ရှိလူကြီးကိုအားနာဟန်၊ မသက်သာခံရသည့်အတွက် မကျေမချမ်းဟန်၊ ဤ 'ဟန်'အပေါင်းကို တစုတပေါင်းတည်းဖြင့် နားလည်သွားစေချင်သောစိတ်ဖြင့် ဒေါ်သိန်းမေမြင်အောင် သက်ပြင်းကြီးရှိုက်၍ ချလိုက်သည်။ မျက်ခုံးများ ရှုံ့တွန့်လျက် မျက်စိမျက်နှာပျက်၍ ညိုမည်းနေသောမျက်နှာဖြင့် ခေါင်းကိုလေးလေးယမ်းလိုက်သည်။ ပြီးမှ 'ဟင်း' ချလိုက် သံကြီးနှင့် တစ်ဆက်တည်း အခန်းဝသို့ လှမ်းထွက်လာသည်။

'မစားပါဘူး ဒေါ်ကြီးရယ်၊ အလုပ်ကိစ္စနဲ့ ဒီည အပြင်မှာပဲစားရမယ်၊ ကျွန်တော်ဘယ်လောက် အလုပ်လုပ်လုပ်၊ ဟိုကောင့်ကိုလည်း ဘယ်လောက် သည်းခံ သည်းခံ၊ အသိအမှတ်မပြုဘဲ ရန်လုပ်တာပဲ'

စိတ်မချမ်းမြေ့လှသောအသံဖြင့် ကိုကျော်သူက အားလုံးကြားအောင် ပြောလိုက်သည်။ နွဲ့နွဲ့ယဉ်သည် အတွင်း၌ လှိုက်စားနေသော အကျိတ်၊ အနာအခဲတို့ အပြင်ဘက်သို့ ပေါက်ထွက်ရန် တာစူလာခြင်းကြောင့် တတ်နိုင်သမျှ ပြန်၍ ပိတ်ဆို့မျိုသိပ်လိုက်ကာ မျက်ရည်များသာ တသွင်သွင်စီးကျလာသည်။

www.burmeseclassic.com

www.burmeseclassic.com

# [ ၂ ]

ငွေတစ်ရာကို လွယ်အိတ်ထဲ၌ထည့်ပြီး အိမ်ပေါ်မှ ကတိုက်ကရိုက် ဆင်းလာသောမင်းယဉ်ကို အိမ်ချင်းကပ်လျက်ရှိသော တစ်ဖက်အိမ်မှ နှောင်းငယ်က လှစ်ခနဲမြင်လိုက်သည်။

နှောင်းငယ်ကား ဆယ့်လေးငါးနှစ် အရွယ်ဖြစ်သည်။ တိဖြတ်ထားသော ဆံပင်လေးမှာ သူ့ကုပ်ပေါ်၌ တစ်ညီတည်းဝဲနေသည်။ သူ့မျက်နှာတွင် ပါးနှစ်ဖက်မှာ မို့၍ဖောင်းဖောင်း ကလေးဖြစ်နေသည်။ ဖောင်းနေသောပါးနှစ်ဖက်၏အလယ်၊ နှာတံမှာ မပေါ့တပေါ့မြုပ်လျက် ရယ်လိုက်သောအခါ ပွင့်ဖူးနေသည့် နှုတ်ခမ်းကလေးသည် ပို၍လှပလာသည်။ ပါးဖောင်းကလေးနှင့်မျက်နှာအစဉ်ချိုကာ ချစ်စရာကောင်းသောကလေးမမျက်နှာဝိုင်းကလေးနှင့်ဖြစ်သည်။

နှောင်းငယ်သည် ဂါဝန်ကိုပင့်၍ လှေကားမှခုန်ချလိုက်



သည်။ ခြံထဲအရောက် ပြေးဆင်းလာသည်။ မင်းယဉ်တို့နှင့်ခြံချင်းကပ်လျက်ဖြစ်၍ မင်းယဉ်ထက်သူကစော၍ ခြံအပြင်ဘက်သို့ ရောက်နှင့်အောင် တအားကျုံးပြေးလာသည်။

မင်းယဉ်သည် နှောင်းငယ်ကို သတိမထားလိုက်မိ။ ခြံဝမှ ကမူးရှူးထိုး ထွက်လာသည်။ သူ့နောက်မှ လွယ်အိတ်ကိုဆတ်ခနဲလှမ်းဆွဲလိုက်၍ တုံ့ရပ်သွားကာ လှည့်ကြည့်လိုက်သည်။

'အစ်ကို. . . . လာစမ်းပါ အစ်ကို၊ လာစမ်းပါ'

နှောင်းငယ်သည် အမိအရ ဖမ်းဆွဲထားသော လွယ်အိတ်ကို ကျစ်ကျစ်ကလေးဆုပ်ကာ အတင်းဆွဲခေါ်သည်။

'ဟ. . . . ဟ. . . လွှတ်. . . . လွှတ်၊ ငါသွားစရာရှိတယ်နှောင်းငယ်၊ အရေးကြီးနေလို့ ညမှလာမယ်'

မင်းယဉ်သည် ရှေ့ဆက်လှမ်းရန် ပြင်ထားသောခြေလှမ်းကို မရပ်သိမ်းဘဲ နှောင်းငယ်လက်မှလွယ်အိတ်ကို ရုန်းယူသည်။

'ဩော်. . . . လာစမ်းပါအစ်ကိုရယ်၊ နှောင်းငယ်သူငယ်ချင်း မို့မို့ ဓာတ်ပုံမှန်ပေါင်တပ်ပြီးပြီ၊ ချိတ်မလို့ပါ။ သံရိုက်ပေးစမ်းပါ'

'တယ်ခက်တဲ့ကောင်မကလေးပဲ၊ ညကျရင်အစ်ကိုလုပ်ပေးမယ်၊ အခုအရေးကြီးလို့ပါ၊ လွှတ်စမ်းပါ. . . . ဖယ်ကွယ်'

ဆွဲကိုင်ဆုပ်ထားသောလွယ်အိတ်ကိုမလွှတ်ဘဲ နှောင်းငယ်



www.burmeseclassic.com

www.burmeseclassic.com



က မြဲသည်ထက်မြဲအောင် ပြင်ဆင်ရင်းပြောသည်။

'လာဆိုလာစမ်းပါ၊ လာလေ အစ်ကိုလာရမယ်' ဖွတ်ပြောနေသည်။

ခြံဝင်းထဲ၌ မြက်ထိုင်နုတ်နေသော နှောင်းငယ်ဘွားဘွား ဒေါ်လှရင်သည် မြက်တွေကို ပုံချလိုက်ကာ လှမ်းအော်ပြောလိုက်သည်။

'လွှတ်လိုက်လေ နှောင်းငယ်၊ ဘိုးဘိုး အခုပြန်လာတော့မှာပဲ၊ ဘိုးဘိုးလာတော့ လုပ်ပေးမှာပေါ့'

နှောင်းငယ်သည် လွယ်အိတ်ကို လှမ်းဆုပ်ထားရင်း ခြေကလေးဆောင့်လျက် သူ့ဘွားဘွားရှိရာသို့ လှည့်အော်ပြောသည်။

'ဘိုးဘိုးမလုပ်ရဘူး၊ အစ်ကိုပဲလုပ်ပေးရမယ်'

နှောင်းငယ်သည် မင်းယဉ်ကို မျက်နှာချင်းဆိုင်၍ မျက်နှာကလေး တင်းတင်းဖြင့်ပြောလိုက်သည်။

'အစ်ကို လုပ်မပေးဘူးလား၊ ပေးမလား. . . . ဒါပဲပြော'

မင်းယဉ်သည် စိတ်အိုက်ကာ စိတ်လျှော့လိုက်ရသည်။

'တယ်ဆိုးတဲ့ ငဆိုးမလေး၊ ကဲ. . . . လာလာ'

မင်းယဉ်၏ သဘာဝမှာ စိတ်မရှည်တတ်သော်လည်း နှောင်းငယ်ကျတော့ စိတ်ရှည်ရတော့ကာ နှောင်းငယ်ကို ရှေ့မှ တွန်း၍ ခြံထဲသို့ကွေ့ဝင်ခဲ့ရသည်။





'မင်းမင်းကို ဘယ်သူမှမနိုင်ဘူးဟေ့၊ သူပဲနိုင်တယ်'

အဘွားဒေါ်လှရင်က ပြောပြီး ရယ်မောကျန်ရစ်သည်။

မင်းယဉ်နှင့်နှောင်းငယ်တို့ အိမ်ပေါ်သို့တက်သွားကြသည်။ မှန်ပေါင်တပ်ထားသည့် နှောင်းငယ်၏သူငယ်ချင်း ဓာတ်ပုံကလေးကို စားပွဲပေါ်မှ ယူလိုက်ကာ ဟိုနေရာဆို၍ ပြတင်းပေါက်အထက်ပေါင်တန်းပေါ်သို့ လက်ညှိုးထိုးပြသည်။

လွယ်အိတ်ကို ကုလားထိုင်၌ ချိတ်လျက် မင်းယဉ်သည် စားပွဲခုံပေါ်သို့ လွှားခနဲတက်ရပ်လိုက်သည်။

'ဘယ်မလဲသံပေး၊ တူပါပေး'

မင်းယဉ်က အလျင်စလိုအသံဖြင့်ပြောသည်။ နှောင်းငယ်သည် ဖိနပ်ချွတ်၊ ဝရန်တာသို့ပြေးထွက်လာကာ သူ့အဘွားကို လှမ်းအော်မေးလိုက်သည်။

'ဘွားဘွားရေ. . . . သံရှိလား၊ သံဘယ်မှာထားသလဲ'

'သံမရှိဘူး၊ ရှိတဲ့သံညည်းအဘိုး ဘယ်သိမ်းထားမှန်း မသိဘူး'

မင်းယဉ်သည် စားပွဲခုံပေါ်မှ ဝုန်းခနဲခုန်ချလိုက်ကာ လွယ်အိတ်ကိုဆွဲယူပြီး ပြောလိုက်သည်။

'ကိုင်း. . . . သံမှမရှိဘဲ ညမှလုပ်'

'ဟင့်အင်း. . . . အစ်ကိုမသွားနဲ့ဦး၊ သံချောင်းရှာပေးမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ချိတ်ပြီးမှသွား'

နှောင်းငယ်သည် မင်းယဉ်ရှိရာသို့ ပြန်ပြေးလာသည်။ စိတ်မချ၍ ပြောပြောဆိုဆို မင်းယဉ်လက်ထဲမှ လွယ်အိတ်ကို ဆွဲလုလိုက်ပြီး သူ့ပခုံး၌သိုင်းချိတ်ပြီးမှ အိမ်ထဲသို့ ပြေးဝင်သွားသည်။

အခန်းထဲတွင် ပြက္ခဒိန်ချိတ်ထားသော သံကလေးတစ်ချောင်းကိုနဲ့ဖြုတ်လာကာတူကိုပါ တစ်ပါတည်းယူလာလျက် လှမ်းပေးလိုက်သည်။

မင်းယဉ်သည်စားပွဲခုံပေါ်သို့ပြန်တက်သည်။ နှောင်းငယ်ပြသောနေရာ၌ သံစိုက်လိုက်သည်။ အရေးတကြီးသွားလိုသောဇောကြောင့် အလျင်စလိုရိုက်ထည့် လိုက်ရာတွင် သံကလေးမှာ ကွေးကောက်သွားပြီး သစ်သားထဲသို့မြုပ်ဝင်သွားသည်။

'ဟောဗျ. . . သံမြုပ်သွားပြီ၊ မရတော့ဘူး'

မော့ကြည့်နေသော နှောင်းငယ်သည် ချက်ချင်းနှုတ်ခမ်းစူထော်သွားပြီး စိတ်ဆိုးသွားသည်။

'လုပ်ပြီ. . . အစ်ကိုက၊ အစ်ကိုကောင်းကောင်းမှ သံမရိုက်ဘဲ၊ အစ်ကို့လွယ်အိတ် ပြန်မပေးတော့ဘူး၊ ကဲ. . .'

နှောင်းငယ်သည် လွယ်အိတ်ကိုဆွဲယူလျက် အိမ်ပေါ်မှ ပြေးဆင်းသွားသည်။ မင်းယဉ်မှာ စားပွဲခုံပေါ်မှခုန်ချလျက်





နှောင်းငယ်နောက်မှ အပြေးလိုက်ရသည်။

နှောင်းငယ့်တို့အိမ်မှာ ခြေတံရှည် တစ်ထပ်အိမ်ကလေး ဖြစ်သည်။ လူတစ်ယောက် ခေါင်းလွတ်ရုံလောက်သာဆောက်ထားသည်။

အိမ်အောက်၌တိုင်များကို ပတ်ချာလှည့်လျက် ပြေးနေသောနှောင်းငယ်ကို မိအောင်ပြေးလိုက်သည်။ နှောင်းငယ်သည် မိတော့မည်ဖြစ်၍ အိမ်ကိုပတ်လျက်ကွေ့ ကောက်ပြေးသွားကာ အိမ်ပေါ်သို့အမြန်ပြန်ပြေးတက်သွားသည်။

ပြေးရင်း မင်းယဉ်လွယ်အိတ်ထဲသို့ နှိုက်လိုက်ရာ သူ့လက်ထဲ၌ ငွေတစ်ရာခေါက်ပါလာသည်။ ဤတွင်လွယ် အိတ်ကို ကပျာကယာဖြုတ်ချပစ်ခဲ့လျက် အခန်းထဲသို့ပြေးဝင်သွားကာ ငွေတစ်ရာကို လုံအောင်ဝှက်ထားပြီးမှ ပြန်ပြေးထွက်လာသည်။

မင်းယဉ်ပြေးတက်လာပြီး နှောင်းငယ်ပစ်ခဲ့သော လွယ်အိတ် ကိုကောက်ယူပြီး အတွင်းသို့ နှိုက်ကြည့်လိုက်သည်။ ငွေတစ်ရာမတွေ့ရတော့သဖြင့် စိတ်တိုလာသည်။

'ကြည့်စမ်း. . . မရှိတော့ဘူး၊ ဘယ်မလဲ ငါ့ပိုက်ဆံပေး'

နှောင်းငယ်သည် သွားကလေးတွေ တန်းစီပေါ်အောင် ဖြဲရယ်လိုက်ပြီးမှ နှုတ်ခမ်းကို ပြန်စူ၍ပြောသည်။

'မပေးဘူး'

'မလုပ်စမ်းပါနဲ့ နှောင်းငယ်ရယ်၊ အစ်ကိုအရေးကြီးလို့ပါ၊



www.burmeseclassic.com

www.burmeseclassic.com



ပေးစမ်းပါ'

နှောင်းငယ်ကို အလျှော့ပေး၍ မင်းယဉ်က ငွေယူပေးရန်ချော့ပြောရသည်။ နှောင်းငယ်ကို ထန်၍မဖြစ်၊ မာန်၍မရ၊ အမြဲတမ်းအရှုံးပေးရကာ အနိုင်ပေးခဲ့ရသည်ချည်းဖြစ်ခဲ့သည်။

'မပေးဘူးဆို မပေးဘူးပဲ၊ ဘာလဲ၊ ငွေတွေကလည်းအများကြီးပဲ၊ ဒီငွေတွေ အစ်ကိုဘာလုပ်မှာလဲပြောစမ်း'

'ခက်လိုက်တာ၊ စစ်ဆေးမနေစမ်းနဲ့ နှောင်းငယ်ရယ်၊ ပေးစရာရှိလို့ပါ၊ ဘယ်မှာဝှက်ထားသလဲ၊ သွားယူ. . . သွား'

အဘွားဒေါ်လှရင်သည်အိမ်ပေါ်သို့ တက်လာသည်။နှောင်းငယ်ကယူမပေးဘဲမထုံတက်သေးလုပ်နေသဖြင့် အဘွားဒေါ်လှရင်ကို ဆီးတိုင်လိုက်သည်။

'ဟောဒီမှာ အဘွား. . . နှောင်းငယ် မင်းမင်း ပိုက်ဆံတွေယူပြီးဝှက်ထားတယ်. . . လုပ်ပါဦး'

'ဘာလဲ. . . ငွေတွေလား၊ ခုနက ရန်ဖြစ်နေကြတဲ့အသံတွေ ဒီဘက်က အဘွားသဲ့သဲ့ကြားရပါတယ်၊ မင်းမင်းရယ် မင်းမင်းတော့ ခက်တာပဲ၊ ဒီငွေတွေဘာလုပ်မလို့လဲ'

'မခက်နဲ့အဘွား၊ မင်းမင်းမှာ ပေးစရာအပူတပြင်းမို့လို့တောင်းရတာပါ၊ သူတို့ဆီမှာမှ မတောင်းရင် မင်းမင်းဘယ်မှာတောင်းရမလဲ'

'အလကားဘွားဘွား၊ အစ်ကိုသိပ်မိုက်တယ်၊ သိပ်ဆိုးတယ်၊





ဒီငွေတွေကို တစ်နေ့တည်းသုံးပစ်မှာ'

နှောင်းငယ်က မကျေနပ်ဟန်ဖြင့် ဝင်ပြော၏။ အဘွားဒေါ်လှရင်သည် ကြမ်းပြင်ပေါ်၌ ထိုင်ချလိုက်သည်။ ဆေးလိပ်ကိုကောက်ယူမီးညှိကာ မင်းယဉ်၏မျက်နှာကို စိတ်မကောင်းစွာ တစိမ့်စိမ့်ကြည့်နေသည်။

'အစ်ကို့ကိုပေးပါ နှောင်းငယ်ရယ်၊ ဒီငွေကို အစ်ကိုသုံးမှာဟုတ်ပါဘူး၊ အစ်ကိုပေးရမှာပါ၊ အစ်ကိုညကျတော့ စာလာပြတော့လေ သံဝယ်လာမယ်၊ ပုံရိုက်ပေးမယ်နော်၊ သွားယူချေ. . . လိမ္မာတယ်'

ဤမျှချော့ရုံလောက်ဖြင့် နှောင်းငယ်မကျေနပ်။

'အစ်ကို့ကို ဒီငွေတွေပေးကိုမပေးဘူး၊ အစ်ကိုမသုံးဘဲဘယ်သူ့ပေးရမှာလဲပြော. . . ပြောမှပေးမယ်'

'ဩော်. . . သွားယူပါဆို၊ သူများကိုပေးစရာရှိလို့ ဟို. . . ဟို. . . အစ်ကို အကြွေးဆပ်မှာ၊ ဒီညနေ မပေးလို့မဖြစ်ဘူး. . . သွားယူလေ'

'ကိုယ်ဖြင့် ဝင်ငွေမရှိဘဲ၊ ဒါလောက် တင်ရသလား'

မင်းယဉ်သည် အချိန်ကြန့်ကြာနေမည်စိုး၍ အဘွားဒေါ်လှရင်ကို စစ်ကူတောင်းသည်။

'အဘွား မပြောတော့ဘူးလား၊ မင်းမင်းနောက်ကျနေတော့မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကဲပါနှောင်းငယ်ရယ်. . . ပေးလိုက်ပါ၊ ဒါလောက်ဆို တော်ရောပေါ့'

အဘွားဒေါ်လှရင်က ဝင်၍စစ်ကူပေးသည်။

'အို. . . ဒီလိုပြောလို့ ဘယ်ရမလဲ'

'ကိုင်း. . . ကိုင်း. . . စနေနေ့ကျရင် အစ်ကို ရှပ်ရှင် လိုက်ပြမယ်. . . ကျေနပ်ပလား'

နှောင်းငယ်သည် မျက်နှာထိမျက်နှာထားဖြင့် လုပ်နေရာမှ ချက်ချင်းပြုံးသွားသည်။ လှပသော နှုတ်ခမ်းလေးမှာ ဟလာကာ 'တကယ်လား'ဟု အသံကျယ်ကျယ် ထွက်လာသည်။

'တကယ်ပါ. . . အစ်ကိုဘယ်တုန်းက နှောင်းငယ်ကို ညာဖူးလို့လဲ. . . သွားယူသွား'

တစ်ဟုန်တည်း အခန်းထဲသို့ နှောင်းငယ် ပြေးဝင်သွားသည်။ မင်းယဉ်နှင့် အဘွားဒေါ်လှရင်သည် တစ်ယောက်ကို တစ်ယောက်လှမ်း၍ ပြိုင်တူပြုံးကြသည်။ အခန်းထဲမှ ငွေစက္ကူ ခေါက်ကိုယူထွက်လာလျက် မင်းယဉ်ဆီသို့ လာကမ်းပေးသည်။

'ရော့'

'မိဆိုး'

မင်းယဉ်သည် ငွေကိုလှမ်းယူလျက် နှောင်းငယ်၏ခေါင်းကိုပုတ်၍ အိမ်ပေါ်မှ ကပျာကယာ ပြန်ဆင်းသွားသည်။





တစ်ချိန်လုံး မင်းယဉ်တို့ကို ကြည့်ကောင်းကောင်းနှင့် ထိုင်ပြီးကြည့်နေသော အဘွားဒေါ်လှရင်မှာ မင်းယဉ် အိမ်ပေါ်မှဆင်းသွားသောအခါ၌ မင်းယဉ်သွားရာကို တကောက်ကောက် လိုက်ကြည့်လျက် မျက်နှာပေါ်မှ စောစောက အပြုံးရိပ်များ ပျော့မှိန်သွားကာ သနားစိတ်၊ မချမ်းသာစိတ်သာလျှင် သူ့မျက်နှာ၌ တင်ကျန်ရစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## | ၂ |

မူမူ၏ အိမ်ရှေ့၌ ကိုကျော်သူ၏ကား ရပ်ထားသည်။

ကိုကျော်သူနှင့် မူမူတို့မမျှော်လင့်ဘဲ ရုပ်ရှင်ရုံရှေ့၌ တွေ့ဆုံကြသည်။ ကိုကျော်သူ၏မိဘများ သန်လျင်ဘက်တွင် နေစဉ်က မူမူနှင့် တစ်တန်းတည်းတစ်ကျောင်းတည်း အတူနေခဲ့ဖူးသည်။ ကလေးချင်းဘဝက ခင်တွယ်ခဲ့သော ရင်းနှီးမှုကို ပြန်လည်ဖော်ထုတ် အဆက်အသွယ်ပြုလုပ်ကာ မူမူ့ထံသို့ မပြတ်လာ၏။

အစပထမ မူမူ့အပေါ်၌ ရိုးရိုးသားသား ခင်မင်သကဲ့သို့ ဆက်ဆံလာပြီးမှ မူမူ့ကို မတွေ့ရမနေနိုင်လောက်အောင် တစ်ဖက်သတ် စွဲလမ်းကာ အဝင်အထွက်များလာသည်။

ကိုကျော်သူ၏ အိမ်ထောင်ရေး မပြေလည်မှုကို မကြားချင်အဆုံး ကိုကျော်သူထံမှ မူမူကြားသိလာရသည်။ မူမူသည်



အနေအထိုင် ကျပ်တည်းလာလျက် အမျိုးမျိုးဆင်ခြင်နေရသည်။ မိတ်ဆွေ စည်းဝိုင်းအတွင်းမှပင် ဆက်ဆံသည်။ ကိုကျော်သူသည် မူမူ၏တုံ့ပြန်ချစ်ခင်မှုကို အရယူရန် မူမူ၏ပျော့ကွက်များအပေါ် စောင့်ဆိုင်းချောင်းမြောင်းနေသူဖြစ်သည်။

နှစ်ဦးတွေ့ရဖန်များသောအခါ နီးစပ်မှုရှိလာသည်။

ကိုကျော်သူသည် မူမူ၏မျက်နှာကလေးကို မျက်လုံးအတွင်းမှ ဖျောက်ဖျက်၍မရနိုင်၊ လှဲ့လှဲ့ကလေးပြုံးတတ်သော မူမူ၏အပြုံးသည် သူ့စိတ်၌ဖျက်ဆီး၍ မရနိုင်လောက်အောင် စွဲငြိနေသည်။ ကြည်၍ချိုအေးနေသည့် မူမူ၏ အသံကလေးသည် သူ့နား၌ထာဝရတည်၍ ဖယ်ရှား၍မရအောင် ထာဝစဉ်ကြားနေမိသည်။

မူမူနှင့်သာ စကားပြောနေချင်သည်။ မူမူ့မျက်နှာကလေးကို အမြဲမြင်နေချင်သည်။ မူမူ့အသံကလေးကိုသာ ကြားနေချင်သည်။ မူမူ၏မက်ဖွယ်ရာအကြည့်၊ မူမူ၏မက်ဖွယ်ရာအပြုံး၊ မူမူ၏မက်ဖွယ်ရာကိုယ်လုံး၊ မူမူနှင့်တွေ့ရတိုင်း သာယာမက်မောဖွယ်ရာများ တစ်နေ့ထက်တစ်နေ့ ပြည့်နှက်လာသည်။ အိမ်ကနွဲ့နွဲ့ယဉ်ကို မေ့ပျောက်ထားနိုင်လောက်အောင် သာယာမက်မောဖွယ်ရာ အပေါင်းတို့က ဖျောက်ပေးနိုင်သည်။

မူမူနှင့်တွေ့ပြီးနောက် နွဲ့နွဲ့ယဉ်မှာ ကိုကျော်သူ၏ချစ်ဖွယ်ရာ ဇနီးမဟုတ်တော့ပေ။ မြင်နေကျ အရုပ်ကလေး တစ်ရုပ်အဖြစ်ရိုးရလေပြီ။ နွဲ့နွဲ့ယဉ်အပေါ်၌ သနားစဖွယ်အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လောက်သာ သေးငယ်သည့် နှောင်ကြိုးကလေး တစ်ကြိုးအဖြစ် မျှင်မျှင်ကျန်ရှိတော့သည်။

နောက်နောက်ကပေါ်ခဲ့သော ချစ်စိတ်ခင်စိတ်တို့ မရှိသလောက် ခန်းခြောက်ကုန်သည်။ ညစ်ညမ်းသောအပွေ့ တစ်မက်မှုတစ်ခုတည်းသာ သူ့မယား နွဲ့နွဲ့ယဉ်ဖြစ်နေချေသည်။

မူမူကိုတော့ ကာမဂုဏ်စိတ်သက်သက် မဟုတ်ဘဲ အထူးအရေးတယူလုပ်ချင်သည်။ ဂရုစိုက်ချင်သည်။ ယုယချင်သည်။ သူ့စိတ်၌ တယုတယမွေးချင်သည်။ သူ့စိတ်၌တယုတယဖက်ထွေးထားချင်သည်။ တယုတယမြတ်နိုးချင်သည်။

မိန်းမလိုက်စားတတ်သော ကိုကျော်သူသည် မိန်းမ ချောချောမြင်လျှင် တပ်မက်စိတ်ဖြင့် ကြိုက်လိုငမ်းလိုချင်သော သူ့ဓါသနာအလျောက် သာယာစိတ်နှင့် ဆက်ဆံခဲ့သော မူမူသည် ယခုတော့ ချိုးနှိမ်၍မရသော စွဲမက်ခြင်းမျိုးဖြင့် သူ့နှလုံး သည်းပွတ်၌ စိုးမိုးစွဲမက်လျက်နေသည်။

မူမူသည် အဆက်အသွယ်တစ်ခုမှတစ်ဆင့် ရုံးတစ်ရုံးတွင် အလုပ်ရရှိရန် သန်လျင်မှလာပြီး စောင့်ဆိုင်းနေသူဖြစ်သည်။ အစ်မဝမ်းကွဲတော် အိမ်၌လာ၍နေသည်။

ကိုကျော်သူ၏ ခင်မင်မှု၊ ကူညီမှု၊ စောင့်ရှောက်မှု၊ ဂရုစိုက်မှု၊ အရေးတယူလုပ်မှုများ ဆင့်ကာဆင့်ကာ ထူးကဲအောင် ပြုလုပ်လာသောအခါ၌ ရိုးမှရိုးရဲ့လားဟု ကိုကျော်သူ့ အပေါ်၌





သံသယရှိလာသည်။ လွတ်လပ်သူမဟုတ်၊ အိမ်ထောင် ရှိမှန်း အသိစိတ်က ဝင်ရောက်ဟန့်တားလာသည်။ မူမူ၌အဆင်အခြင်ရှိလာသည်။ မိတ်ဆွေ စည်းဝိုင်းအတွင်းမှ မကျော်စေရန် ဣန္ဒြေထားလာသည်။

မူမူ့စိတ်ကို ချောင်းမြောင်းနေသော ကိုကျော်သူသည် မူမူ့ယူဆချက်တွေ ဟုတ်သလိုလို၊ မဟုတ်သလိုလို သဘောရိုးသလိုလို၊ သဘောမရိုးသလိုလို လိမ်လိမ်မာမာ ဆုတ်သာတက်သာ ကိုင်တွယ်ဆွဲဆောင်သိမ်းသွင်းခြင်း ပြုနေသည်။

မူမူ၏ပျော့ညံ့သော နှလုံးသားထဲ၌ ဟုတ်သလိုလို၊ မဟုတ်သလိုလို၊ တစ်ခါတစ်ရံ ဖြစ်နိုင်သလိုလို၊ မဖြစ်နိုင်သလိုလို၊ မှောက်မှောက်မှားမှား မပြတ်မသား မပီမသ ရောထွေးလျက်ဖြင့် ဆုံးဖြတ်ချက်မရှိဘဲ လက်ခံမြဲလက်ခံ ဆက်ဆံသည်။

ကိုကျော်သူ သူ့ကိုစွဲလမ်းလာသည်ကို ရိပ်မိသည်။ ကိုကျော်သူ သူ့ကိုစွဲလမ်းနေမှန်း ရိပ်မိခြင်း ကြိမ်ဖန်များစွာရှိသောအခါ၌ အတွင်းစိတ်မှ ကျိတ်ပြီးသဘောကျတတ ဖြစ်မိလာသည်။ ကျိတ်ပြီးသာယာသလိုလို၊ ဘာလိုလိုဖြစ်မိလာသည်။ မိတ်ဆွေစည်းဝိုင်းအတွင်းမှ ဣန္ဒြေနှင့်ဆက်ဆံလျက် စိတ်၌ဖြစ်လာသော သဘောကျတတမှု ဘာလိုလို သာယာမှုတို့ကို ကိုကျော်သူမသိစေအောင် တစ်ဖက်က ကုပ်ကုပ်ရုပ်ရုပ်ကလေးဖြင့် ဖုံးဖိသည်။

မကလက်သောအမူအရာများ တတ်နိုင်သမျှ သတိထား၍



www.burmeseclassic.com

www.burmeseclassic.com



ပြသည်။ မကလက်သော အပြောအဆိုမျိုး တတ်နိုင်သ
သတိထားလျက်ပြောသည်။ သို့သော် မူမူသည် တစ်ချက်
တစ်ချက် ကိုကျော်သူကို ငေးမောလျက် လှပသော အကြည့်မျိုး
လှပသော အပြုံးမျိုးဖြင့် မျက်လုံးချင်းဆုံပစ်သည်။

အပြုံးနှစ်ခု တစ်ပြိုင်တည်း တိုက်မိကြလျှင် ကိုယ်ဟာ
ကလေးမခို့တရို့ ရှိုးတိုးရှန့်တန့်ဖြင့် ပြန်လည်၍ ရုပ်သိမ်းသွား
သောအသွင်အပြင် အမူအရာကလေးတွေကို ပြုလုပ်မိမှန်းမသိ
ပြုလုပ်မိလာသည်။

'ဒီညတော့ ရုပ်ရှင်မကြည့်ပါနဲ့တော့ ကိုကျော်သူ၊ မမလေး
က သူ့ကိစ္စရှိတာသွားနေရလို့ မလိုက်နိုင်ဘူးတဲ့၊ အိမ်
အဒေါ်ကြီးကို ပြောသွားတယ်၊ မူမူနဲ့မတွေ့လိုက်ရဘူး'

မူမူ၏မျက်နှာကို ကိုကျော်သူက တစ်ခုခု သိချင်စမ်းချင်
ရှာဖွေသော အကြည့်မျိုးဖြင့် ကြည့်လိုက်သည်။

-'လက်မှတ်တော့ ခံခဲ့ပြီးပြီ၊ အဖော်မပါရင်တော့ သွား
မကောင်းဘူးပေါ့၊ ဘယ်တတ်နိုင်မလဲ၊ ကိုယ်ကအိမ်ထောင်
ဖြစ်နေသေးတော့ ကိုယ့်မှာလည်း ပတ်ဝန်းကျင်ရှိတာပဲမဟုတ်
လား'

မူမူသည် ငြိမ်သက်စွာ ပြုံးနေသည်။ အပြုံးနောက်
နှစ်ယောက်တည်းမသွားရန် ငြင်းပယ်ရန် သူ့စိတ်ကိုသူတောင့်
တင်း၍ထားသကဲ့သို့ သူ့မျက်လုံး၌ အရည်ရွှန်းလဲ့တောက်ပခြင်း





ကင်းမဲ့နေသည်။

'ကိုယ်တော့နောက်ကို ရုပ်ရှင်ကြည့်ဖို့ ဒီတစ်ချိန်နဲ့ စိတ်ကုန်
သွားပြီ၊ လက်မှတ်ရဖို့တိုးလိုက်ရတာ မူမူရယ်၊ အလုပ်အပျက်ခံ
ထမင်းအငတ်ခံပြီး လူအုပ်ကြီးထဲမှာ တစ်ချိန်လုံးနွမ်းပြီး မူး
သွားလိုက်တာ အသက်တောင်ဘယ်လိုရှူရမှန်းတောင်မသိဘူး'

မူမူ၏ တင်းထားတောင့်ထားသော စိတ်များလျှော့ချ
ပစ်နိုင်ရန် နှိုးဆွပေးသောသဘောဖြင့် တစ်ဖက်မှ လက်မှတ်
ခံရသော သူ့ဒုက္ခကိုပြောပြလုပ်ပြသော အမူအရာများမှာ တစ်
ဖက်သားကျေလောက်အောင် အမျိုးမျိုးဝေဆာနေသည်။

မူမူ၏ အားနာစိတ်၊ အားနာမှုသန်းနေသော မျက်နှာ
ကလေးကို ဒက်ခနဲ မြင်လိုက်ရသည်။

ကိုကျော်သူသည် အိတ်ထဲမှ ရုပ်ရှင်လက်မှတ်သုံးစောင်ကို
နှိုက်၍သူ့ လက်ထဲ၌ အမှတ်မထင် လုံးခြေပြနေလျက် မူမူ၏
ပျော့ညံ့သော၊ အားလျော့သော၊ မပြတ်သားသော စိတ်တို့ကိုတ
ဖြည်းဖြည်း ရစ်ပတ်ဆွဲခေါ်ယူနေသကဲ့သို့ ပြုလုပ်နေသည်။

'ကိုင်း. . . ဒါဖြင့် ကိုယ်ပြန်မယ်'

မူမူက ဒီညပျက်ကွက်ခြင်းအတွက် အားနာကြောင်း စ
ကားဖြင့် တုံ့ပြန်မည်အပြု ကိုကျော်သူက ပြန်ထိုင်ချလိုက်သည်။

'ဟောဗျ. . . ဒီညနေမူမူဆေးထိုးရမယ်လေ၊ ဆေးခန်းမှာ
ကိုယ်စီစဉ်ခဲ့ပြီးပြီ၊ အဲဒါတော့ မသွားလို့မဖြစ်ဘူး၊ မူမူအချိန်မီ



www.burmeseclassic.com

www.burmeseclassic.com



သွားရမယ်၊ မဖြစ်ဘူး၊ ထ. . . ထ'

'ဩော်. . . အင်'

မူမူသည် ကိုယ်ကလေးကြွ၍ အသံထွက် လှုပ်ရှားလာသည်။ ဆေးထိုးရန် ကိစ္စအတွက် ငြင်းပယ်ရန် မလွန်ဆန်နိုင်သကဲ့သို့ သူ့မျက်လုံးအိမ်ထဲ၌ ဖြတ်သန်းဖော်ပြလာသည်။

'ခဏလေးပဲမူမူ၊ ထ. . . ထ အဘွားကြီးကို သွားပြောလိုက်၊ အခုပြန်လာမှာပဲ'

ကိုကျော်သူသည် ပြောပြီး မူမူမလိုက်လိုက်အောင် သူကအရင်ထလိုက်သည်။ မူမူ့ကိုစောင့်နေရန်အတွက် ဝရန်တာသို့ ထသွားကာ လမ်းဘက်သို့ကြည့်လိုက်သည်။

အိမ်ရှေ့၌ဆိုက်ထားသော သူ့ကားနောက်၌ မင်းယဉ်ကို ဘွားခနဲ တွေ့လိုက်ရသည်။ မင်းယဉ်သည် ကားနံပါတ်ကို ငုံ့ကြည့်ပြီး အိမ်ပေါ်သို့လှမ်းကြည့်သည်။ ကိုကျော်သူသည် ထိတ်လန့်သွားလျက် သူ့ကိုမမြင်စေရန် ချက်ချင်းကွယ်ပစ်လိုက်သည်။

အဝတ်သွားလဲရန်အထ မူမူသည် ကိုကျော်သူ၏ အမူအရာ ထူးဆန်း၍ 'ဘာလဲ ကိုကျော်သူ' ဟုမေးရင်းအနား ရောက်လာသည်။

ကိုကျော်သူက လူကိုကွယ်မြဲတိုင်း ကွယ်ထားလျက် လမ်းဘက်သို့ လက်ညှိုးတထိုးထိုးသာပြနေ၍ မူမူကထွက်၍ ကြည့်သည်။





'ကောင်လေးတစ်ယောက် လျှောက်သွားတယ်၊ ဘာဖြစ်လို့လဲ'

'သူပေါ့. . . ကိုယ်ပြောနေတဲ့ ကိုယ့်ယောက်ဖလေး၊ သိပ်ဆိုးတဲ့အကောင်၊ကိုယ်အိမ်ထောင်ကျရတာကိုက တကယ်တော့အခြေခံမမှန်ဘူး၊ သူတို့အဖေကိုခင်လွန်းလို့ သူတို့အဖေတောင်းပန်ကောင်းလွန်းလို့ အိမ်ထောင်မပြုချင်ပဲ အားနာပါးနာ ပြုလိုက်ရတာ၊ မိုက်မဲတဲ့မောင်ကလဲ ပါသေးတယ်၊ ကိုယ့်ဘဝဟာ တကယ့်ကို အဆင့်မပြေဘဲ ဒုက္ခများတဲ့ ဘဝပါမူမူရယ်'

ဘယ်မျှ စိတ်မချမ်းသာဖွယ်ရာ ဖြစ်နေရကြောင်း မူမူ၏နလုံးသားကို ဖုံးလွှမ်းထိခိုက်သွားအောင် မောလျကြေကွဲဟန်ဖြင့် ပြောပြသည်။

'ကဲ. . . သွားလေ မူမူ၊ ဆရာဝန်စောင့်နေမယ်' ဆိုလိုက်သည်။

ကိုကျော်သူနှင့် မူမူတို့ယှဉ်တွဲကာ မောင်းထွက်သွား ကြသောကားကို မင်းယဉ်က ခပ်လှမ်းလှမ်းလက်ဖက်ရည်ဆိုင်ထဲမှ ချောင်းမြောင်းကြည့်နေသည်။ ကိုကျော်သူသည် ဘေးဘီကိုမကြည့် သူ့အတွေးသူ့စိတ်ကူးဖြင့် ရွှင်မြူး၍မွန်နေသည်။

ဆေးခန်းမှ တစ်ဆင့်တိုး၍ အင်းလျား၊ အင်းလျားမှ တစ်ဆင့် စားသောက်ဆိုင်၊ စားသောက်ဆိုင်မှတစ်ဆင့်. . .။

www.burmeseclassic.com

www.burmeseclassic.com

[၄]

ညနေဆည်းဆာသည် ဝါးရိပ်များကြားမှ ဖြာကျလျက်နေသည်။ ခြံနှစ်ခြံအလယ် မြေနီလမ်းကလေးမှ မင်းယဉ်သည် ခပ်သုတ်သုတ်လျှောက်သွားနေသည်။ သူ့ပခုံး၌အမြဲတမ်းချိတ်ပါလာတတ်သောလွယ်အိတ်နှင့် သူသွားနေကျအိမ်သို့လျှောက်သွားသည်။

မြေနီလမ်းဝါးရုံအကွေ့ တစ်ဖက်ရှိ အိမ်ငယ်ကလေးတစ်အိမ်၏ အတွင်းခန်းထဲတွင် မချောရီသည် ရေချိုးပြီး၍မှန်ရှေ့ထိုင်လျက် သနပ်ခါးလိမ်းနေသည်။ အိမ်ရှေ့မှ အသံကြား၍အခန်း ပေါက်မှခေါင်းပြူပြီး အပြင်ဘက်သို့ကြည့်လိုက်သည်။

မင်းယဉ်သည် အိမ်ပေါ်တက်လာသည်။ မချောရီသည် အခန်းထဲမှနေ၍ 'အဖေအိမ်ရှေ့မှာ ကိုမင်းယဉ်ရောက်နေတယ်'



ဟုလှမ်းပြောသည်။

နောက်ဖေးခန်းမှ မချောရီအဖေ ဦးအောင်ထွန်းသည် အိမ်ရှေ့သို့လာသည်။

'လာဟေ့. . . မောင်မင်းယဉ် ထိုင်လကွာ'

ဦးအောင်ထွန်းမှာ အသက်ငါးဆယ်ခန့်ရှိသည်။ စကားပြောရာတွင် အသံကလေး တိုးတိုးညင်းညင်းဖြင့် ခပ်ပျော့ပျော့၊ ခပ်ညက်ညက် ပြောတတ်သည်။ စွပ်ကျယ်လက်ပြတ် ပုဆိုးကွက်ကျားတို့မှာ သူ့ကိုယ်ပေါ်၌ အလွန်ဟောင်းနွမ်းနေသည်။ မေးကားကား၊ မျက်လုံးပြူးပြူး၊ နှုတ်ခမ်းမွေးတိုတိုနှင့် လူပုံကြည့်တော့လည်း လူကြမ်းကဲ့သို့ တင်းမာပုံအသွင်ပေါ်သည်။

မင်းယဉ်သည် ဖျာပေါ်၌ထိုင်ချပြီး၊ သူ့လွယ်အိတ်ကို ပေါင်ပေါ်တွင်တင်လိုက်သည်။ ဦးအောင်ထွန်းက မင်းယဉ်နှင့်မျက်နှာချင်းဆိုင် ဝင်ထိုင်၍ ပြောသည်။

'တစ်နေ့က မင်းပေးသွားတဲ့ ငွေတစ်ရာဟာ တိုလီမိုလီအကြွေးတွေအကုန် အဆင်ပြေသွားတဲ့အတွက် မင်းကိုဦးလေး သိပ်ကျေးဇူးတင်တာပဲ'

မင်းယဉ်က ကနွဲ့ကလျ ပြုံးလိုက်သည်။

'အသေးအမွှား ကိစ္စကလေးပါဦးလေးရယ်၊ ကျွန်တော့် များ ကျေးဇူးတင်စကားပြောဖို့မလိုပါဘူး. . . ဦးလေးတို့မှာမှ အဆင်မပြေဘဲ ကူညီရမှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်ထွန်းသည် တင်ပျဉ်ခွေထားသော ဒူးနှစ်ဖက်ကို ဆုပ်ကိုင်လျက် အသံချိုချိုနှင့်ပြောသည်။

'ဦးလေးအလုပ်က အဆင်ပြေမယ်ဖြစ်လိုက် မဖြစ်လိုက်နဲ့ နေရာကိုမကျပါဘူးကွယ်၊ မောင်မင်းယဉ် ဝပ်ရှော့ထောင်ဖြစ်မယ်ဆိုရင်တော့ ဦးလေးတတ်တဲ့ပညာနဲ့ အလုပ်အကိုင် တစ်ခါတည်းနေရာကျသွားပြီး အစစ အကုန်အဆင်ပြေလိမ့်မယ်လို့ မျှော်လင့်အားခဲနေတာပဲကွယ်'

မင်းယဉ်သည် ငြိမ်သက်နေရာမှ လှုပ်ရှားလာသည်။ သ တိလက်လွတ် လှုပ်ရှားပြီးနောက် ပြန်၍ငြိမ်သက်လျက် ခပ်တည်တည်ပြောသည်။

'အလုပ်ကဖြစ်တော့ ဖြစ်မှာပါပဲဦးလေး၊ ခက်တာက ကျွန်တော့်အစ်မက ကျွန်တော့်ကိုကျောင်းပဲ ပြန်နေခိုင်းနေတယ်၊ ကျွန်တော် အလုပ်လုပ်မှာကြိုက်ပုံမရဘူး၊ ယောက်ဖကတော့ ကျွန်တော့်အပေါ်မှာ ဘာမှစိတ်မဝင်စားဘူး၊ ကပျက် ယပျက်ချည်းပဲ၊ အခုကျွန်တော်တို့နေတဲ့အိမ်က ကျွန်တော်တို့မောင်နှမနှစ်ယောက်ပိုင်တဲ့အိမ်ပါ'

ဦးထွန်းအောင်သည် တင်ပျဉ်ခွေထားသောဒူးကို တစ်ဖက်ထောင်၍ စိတ်ပါလက်ပါဖြစ်လာကာ စူးရှသောမျက်လုံးဖြင့် ငေးစိုက်ကြည့်သည်။

'ကျွန်တော်တော့ ကျောင်းလည်းပြန်မနေချင်တော့ပါဘူး၊



ကျွန်တော့်အကြံအစည်က ဒီအိမ်အတွက် အမွေခွဲခံ နဲ့ တန်ဖိုးဖြတ်၊ အမွေခွဲခိုင်းပြီး ကျွန်တော်အလုပ်လုပ်ဖို့ ဝပ်ရှော့ထောင်ဖို့၊ ငွေတောင်းဖို့စဉ်းစားနေတာပဲ'

ဦးအောင်ထွန်း၏ မျက်နှာတစ်ပြင်လုံးပြုံးသွားကာ စိတ်ကြိုက်တွေ့ဟန်၊ သူ့ဒူးကိုတစ်ချက်ပုတ်ပြီးမှ အားရပါးရပြောသည်။

'ဟာ. . . ကောင်းတာပေါ့။ ကျောင်းပြန်မနေချင်မှတော့ အလုပ်လုပ်ရမှာပေါ့ကွ၊ နို့. . . မောင်မင်းယဉ်ကို အမွေခွဲဝေအမ်းဖို့ သူတို့မှာ ငွေအဆင်သင့်ရှိရဲ့လား'

'ကျွန်တော့်အစ်မမှာ ငွေအဆင်သင့် ရှိမရှိ ကျွန်တော်မသိဘူး၊ ယောက်ဖကတော့ ငွေအမ်းမယ်ဆိုရင် အမ်းနိုင်တယ်၊ ချမ်းသာတယ်၊ သူ့မိဘတွေဆုံးတော့ အမွေတွေ သူတစ်ယောက်တည်းရလိုက်တယ်'

'ဟာ. . . ဒီလိုဆိုရင် နီးစပ်တာပေါ့၊ ပြောကြည့်ပေါ့ကွာ၊ အလုပ်နဲ့အကိုင်နဲ့ဖြစ်မှပဲ မင်းစိတ်ကြိုက် အဆင်ပြေမယ် မဟုတ်လား၊ မင်းအဖေဆုံးတုန်းကကော ငွေမကျန်ရစ်ခဲ့ဘူးလား'

ဦးအောင်ထွန်း ပြောပုံဆိုပုံကို မင်းယဉ်တယ်မကြိုက်လှ၊ မိမိအတွင်းရေး အကုန်သိချင်စိတ်ရှိမှန်းသိသဖြင့် အမေးအမြန်းထူသည်ဟု စိတ်ထဲ၌ ထောင့်တောင့်တောင့်ဖြစ်သွားသည်။

'ငွေထားခဲ့ မထားခဲ့ ဒါလောက်အထိတော့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်လောက်တော့ ရှိမှာပေါ့၊ ကျွန်တော်သိတာက ရှိနေတယ်'

'မောင်မင်းယဉ် ယောက်ဖကဝင်ငွေ တော်တော်ရှိသလား'

'ရှိတယ်၊ ဒါပေမဲ့ အသုံးအစွဲ စနစ်တကျနဲ့ သိပ်စေ့စပ်တယ်၊ လူကပျော်ပျော်နေတတ်တယ်၊ ပေါ့ပေါ့လွယ်လွယ် လူမျိုးပါ၊ ကျွန်တော်နဲ့တော့ ဘယ်တော့မှ မျက်နှာကြောမတည့်ဘူး'

အခန်းထဲမှ မချောရီသည် အကျီဝတ်ရင်း အပြင်ဘက်မှ ပြောနေသံများကို နားစွင့်နားထောင်နေသည်။

'မင်းအလုပ်လုပ်မယ်ဆိုတာတော့ ဦးလေးက သဘောကျတယ်ကွာ၊ မင်းကိုမြင်မြင်ချင်း ဦးလေးက ကိုယ့်တူကိုယ့်သားလေးလိုလည်းခင်တယ်၊ မင်းမှာစိတ်ကောင်းရှိတာကို သဘောကျနေတာပါ၊ ဝပ်ရှော့ထောင်မယ့် သတင်းကြားကတည်းက သတင်းကောင်းမို့ ဝမ်းသာနေရသကွာ'

မင်းယဉ်၏ခေါင်းသည် ငိုက်လျက် ဖျာစွန်းကိုစိုက်ကြည့်နေသည်။ သူ့သမီးကိုလိုချင်၍ သူ့အဖေအကြိုက် အလိုက်အထိုက် သူကနှုးခဲ့ရာတွင် သူ့အစီအစဉ် အတည်ဖြစ်ရန် သူ့ကိုပြန်ချည်၍နေမှန်း ရိပ်စားမိသည့်အတွက် စိတ်ကျဉ်းကျပ်လာသည်။ ဘာပဲဖြစ်ဖြစ်အစ်မကို ရအောင်ပြောမှပဲဟု သူ့စိတ်ထဲ၌ တွေးနေသည်။





'ဦးလေး. . . ဝပ်ရှော့ထောင်ရင် အရင်းအနှီး ဘယ်လောက်လိုသလဲ'

မင်းယဉ်က သိချင်၍ လှမ်းမေးလိုက်သည်။

'အစမှာ နှစ်ထောင်သုံးထောင်လောက်ရှိရင် ဖြစ်ပါတယ်ကွာ၊ ငွေသာရပါစေ၊ ဦးလေးအားလုံးစီစဉ်ပေးပါ့မယ်'

မင်းယဉ်ကပြုံး၍ 'ကြိုးစားမယ် ဦးလေးရာ' ဆိုလိုက်သည်။

ဦးအောင်ထွန်းသည် ခေါင်းတညိတ်ညိတ်လုပ်၍ ပြုံးကာ ရွှေ့ဆက်ပြောသည်။

'ဦးလေးမှာ သမီးပျိုလေးရှိတော့ မောင်မင်းယဉ်ဝင်တာထွက်တာအနီးအနားက သိပ်ပြီးတော့ အမေးအမြန်းထူကြတယ်၊ ရေတော့မစိုက်ပါဘူး၊ ခေါင်းရင်းအိမ်က ကောင်လေးတွေကလည်း မလစ်နဲ့၊ လစ်ရင် ချောရီကိုနောက်တီး နောက်တောက်လုပ်ကြတယ်၊ ချောရီအိမ်ထားပြီး ဦးလေးဘယ်မှ ထွက်မသွားဖို့ သလောက်ဖြစ်နေတယ်ကွယ်'

မချောရီသည် အခန်းထဲမှထွက်လာပြီး မင်းယဉ်ကိုလှပစွာ ပြုံးပြလိုက်သည်။ မချောရီ အခန်းထဲမှထွက်လာသည်နှင့် တစ်ပြိုင်နက် မင်းယဉ်၏ နှလုံးသားတစ်ခုလုံး ချမ်းမြေ့သာယာမှုအပေါင်းတို့ဖြင့် လွှမ်းဖုံးလိုက်သကဲ့သို့ နှလုံးသားတစ်ခုလုံး အေးမြသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ. . . . မင်းတို့မောင်နှမ စကားပြောကြဦး၊ မီးဖိုပျက်လို့ မီးဖိုထဲမှာ ဦးလေးပြင်နေတာ မပြီးသေးဘူး'

ဦးအောင်ထွန်း နေရာမှထ၍ မီးဖိုဘက်သို့ ထွက်သွားသည်။ မချောရီသည် သူ့အဖေနေရာ၌ ဝင်ထိုင်လိုက်သည်။

'ကိုယ်တို့ကိစ္စ ဦးလေးဘာပြောသေးသလဲ၊ သဘောတူသတဲ့လား'

မင်းယဉ်ကလေသံဖြင့် တီးတိုးလှမ်းမေးသည်။

'အဖေ့ကိုဖွင့်ပြောပြတော့ အဖေက သဘောတော့ကျပါရဲ့ မိကောင်းဖခင် သားသမီးလေးပါ၊ မဆိုးပါဘူး၊ စဉ်းစားဦးမယ် ပြောတယ်၊ ဘာဖြစ်လို့လဲဟင်'

မချောရီက မေးပြီးပြုံးပြုံးကလေး စိုက်ကြည့်နေသည်။

'ဘာမှတော့ မဖြစ်ပါဘူး၊ မေးကြည့်တာပါ၊ သိထားရတာပေါ့၊ ရီကော ဘယ်လိုဆုံးဖြတ်ထားသလဲ'

'ဒါအတွက်က မောင့်အပေါ် အများဆုံးတည်နေတာလေ၊ မောင့်အလုပ်အကိုင်ကော နေရာကျမှာလား'

မချောရီကို တွေ့ရ၍ တမြမြတရှိန်းရှိန်းဖြင့် ဘဝင်စိမ့်အောင် ကြည်နူးနေသော မင်းယဉ်၏မျက်နှာသည် တစ်ခဏတည်းနှင့် လေးလံညိုမှောင်သွားသည်။

သူ့သမီးချစ်၍ သူ့အဖေအကြိုက်လိုက်ကာ ဝပ်ရှော့ထောင်ပါမည်ဟု မက်လုံးပေးနေရသည်။ ဝပ်ရှော့ထောင်မပေးမချင်း





သူ့သမီးနှင့်ပေးစားရန် လိုက်လျောခွင့်ပြုမည် မဟုတ်ဘဲကြိုးရှည်နှင့် လှန်ထားမည်မှန်းသိသည့်အတွက် ထပ်မံရင်လေးသွားသည်။

'ချော့ရီနဲ့နီးချင်ရင် မောင်ကဖြစ်အောင်ကြိုးစားပါ၊ အဖေ့စိတ်လည်း ဒီလောက်ဆို မောင်ရိပ်မိရောပေါ့၊ အလုပ်အကိုင်ဖြစ်ရင် အဖေပေးစားမှာပဲ'

အဖေတစ်ခု သမီးတစ်ခု၊ အဖေပြီးမှ ပြီးမည့်သမီး၊ သူ့စိတ်နှင့် သူ့ကိုယ် ဘာမှမလုပ်နိုင်ကြောင်း မင်းယဉ်သိစေရန် မချောရီက ပေါ်ထင်အောင်ပြထားသည်။

'အလုပ်မဖြစ်ရင်ကော'

မင်းယဉ်က ထပ်ကွန့်လိုက်သည်။

'မဖြစ်ရင် ချောရီကို မောင်တကယ်မချစ်လို့သာပေါ့'

ဆည်းဆာရောင်ထဲ၌ ဝင်းလှနေသော မချောရီ၏ မျက်နှာကလေးကို တစ်ဝစိုက်လျက်ကြည့်နေသည်။ ထိုမျက်နှာကလေးကိုမက်၍ ထိုမျက်နှာကလေးမှအပ အခြားဘာကိုမျှ စဉ်းစားဆင်ခြင်မှု မရှိနိုင်တော့ဘဲ 'မောင်ဖြစ်အောင်လုပ်ပါ့မယ်' ဟု ဝန်ခံလိုက်သည်။

ဦးအောင်ထွန်းသည် မီးဖိုထဲမှ ပြန်ထွက်လာကာ သမီး. . . စကားရှိသေးသလား' မေးလိုက်သည်။

'မရှိဘူး၊ ကုန်ပြီအဖေ'

'နို့. . . . မီးစာမရှိရင် ညစာဘာနဲ့ချက်မလဲဟ'



www.burmeseclassic.com

ဦးအောင်ထွန်းသည် ပြောပြီးမင်းယဉ်ဘက်သို့ မျက်
ပြောင်းလိုက်သည်။

'ကျွန်တော် သွားဝယ်ပေးမယ် ဦးလေး'

မင်းယဉ်က ပြောပြောဆိုဆို နေရာမှထလိုက်သည်။

'ကိုမင်းယဉ်သွားရင် ကျွန်မလည်းလိုက်သွားချင်တယ်အဖေ၊ ဈေးဆိုင်က ဒေါ်ကျင်မြိုင်က သမီးတို့အတွက် ခွဲတမ်းယောက်ျား လုံချည်တစ်ထည်ပေါက်တာ သူ့ပိုက်ဆံနဲ့ ခဏစိုက်ဝယ်ထားတာ သွားယူမယ်နော်အဖေ'

မချောရီက ပြောပြီးထ၍ ရပ်လိုက်သည်။

'နေစမ်းပါဦးဟ၊ အဖေ့မှာ ပိုက်ဆံမရှိသေးပါဘူး၊ မယူပါနဲ့ဦး'

ခဏမျှ မင်းယဉ်သည် ငေးနေ၏။ ထို့နောက် မချောရီကို 'လုံချည်က ဘယ်လောက်လဲ' လှမ်းမေးသည်။

'တစ်ထည်တည်းပါ၊ တစ်ဆယ်နဲ့ငါးဆယ်ပြားပါ'

မချောရီက မပွင့်တပွင့်ပြောလျက် ပြန်၍မထိုင်ချင့် ထိုင်ချင်ထိုင်လိုက်သည်။

'လာလေလိုက်ခဲ့၊ ကိုယ့်မှာ. ဒါလောက်တော့ပါပါတယ် ဦးလေး ကျွန်တော်တို့ယူခဲ့မယ်'

မင်းယဉ်က တစ်ဆက်တည်း ဦးအောင်ထွန်း ဘက်သို့





ပြောသည်။

'အားနာစရာကြီး မောင်မင်းယဉ်ရယ်၊ ဒီကောင်မလေးကို အားမနာတတ်ဘူး၊ ခက်တယ်. . . . ခက်တယ်'

'ဟာ. . . ဦးလေးကလည်း၊ အားမနာပါနဲ့ဆို လာလေ. . . လိုက်ခဲ့'

မင်းယဉ်နှင့် မချောရီတို့သည် အိမ်ပေါ်မှအတူဆင်းခဲ့ကြသည်။ လမ်းတစ်ဆစ်ချိုး၌ ချိုးကွေ့လျက် ဈေးဆိုင်ဘက်သို့သွားကြသည်။ ဈေးဆိုင်၌ လုံချည်နှင့် မီးစာဖိုးပါ မင်းယဉ်ကငွေ တ်ပေးသည်။

ဈေးဆိုင်ကအထွက် လာလမ်းအတိုင်းမပြန်ကြဘဲ လူသူ င်းသော ဝါးရုံလမ်းကြားလေးဘက်မှ လက်ချင်းတွဲကာ ချစ် င်းစကားပြော၍ ကွေ့လျှောက်ပြန်လာကြစဉ် လမ်းဆုံတစ် ခုမှ လမ်းထဲသို့ကွေ့ဝင်လာသော နှောင်းငယ်နှင့်ပက်ပင်းတွေ့ ကြသည်။

နှောင်းငယ်မှာ ကျောင်းဂါဝန်နှင့် လွယ်အိတ်လွယ်ကာ စိုက်စိုက် လျှောက်လာသည်။ မင်းယဉ်တို့ကိုတွေ့လျှင် ချင်း အံ့သြကြီးစွာဖြင့် ရပ်ဆိုင်းသွားသည်။

'ဟ. . . နှောင်းငယ်၊ ဒီလမ်းထဲ တစ်ယောက်တည်း လာလုပ်တာလဲ ယာင်'

မင်းယဉ်သည် နှောင်းငယ်၏ ပခုံးကိုဆွဲဖက် မေးပြီးမှ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



'ဒါအိမ်နားက မောင့်ညီမလေးလေ' ဟုမချောရီနှင့် မိတ်ဆက် ပေးသည်။

နှောင်းငယ်သည် ကြည့်တိကြောင်တောင် ဖြစ်နေလျက် ရှက်ကိုးရှက်ကန်း အမူအရာကလေးဖြင့် ပြန်ပြောသည်။

'ဒီလမ်းထဲက မိုးမိုးအိမ်ကို စာအုပ်သွားပေးမလို့၊ ဒီနေ့သူ ကျောင်းမတက်ဘူး'

'မိုးမိုးတို့အိမ်လား၊ ငါလာတော့ မတွေ့ခဲ့ဘူး၊ ဒီအချိန် ကျူရှင်သွားရောပေါ့၊ မနက်ကျမှပေး၊ လာ. . . လာ ငါနဲ့ပြန် လိုက်ခဲ့'

လမ်းထဲတွင် နှောင်းငယ်တစ်ယောက်တည်း ဖြစ်နေသည့် အတွက် စိတ်မချ၍ မင်းယဉ်က ဆွဲခေါ်လာသည်။ နှောင်းငယ် သည် မချောရီနှင့်အတူ ယှဉ်မလျှောက်ဘဲ တစ်ဖက်မှ မင်းယဉ် နှင့်ကပ်လျှောက်လိုက်လာသည်။

'နှောင်းငယ်. . . သူ့ကိုသိသလား'

မင်းယဉ်က မလုံဘိသကဲ့သို့ ပြုံးဖြဲဖြဲနှင့်ပြောသည်။

မချောရီ၏မျက်နှာကို နှောင်းငယ်က တစ်ချက်လှည့်ကြည့် ကာ ရှက်ပြုံးကလေးဖြင့် သူ့ခေါင်းကလေးကို သွက်သွက် ခါပြ လိုက်သည်။

'အဲဒါ နှောင်းငယ်ရဲ့မမပဲ၊ အစ်ကို့ရည်းစားမှတ်ထား ဘယ်သူ့မှမပြောနဲ့နော်၊ ပြောရင်တော့အသိပဲ'





မချောရီနှင့်လက်တွဲ၍ လျှောက်လာကတည်းက နှောင်းငယ် က ရည်းစားမှန်း ရိပ်မိသည်။ မဖုံးမကွယ် ရည်းစားဟုဆို၍ မချောရီ၏ မျက်နှာကိုမျက်လုံးထောင့်ကပ်လျက် နှောင်းငယ် တစ်ချက်ခိုးကြည့်လိုက်ပြန်သည်။ မချောရီက ပြုံးပြသည်။

ဦးအောင်ထွန်းသည် အိမ်ကလေးထဲ၌ ခေါက်တုံ့ခေါက် ပြန်လျှောက်ကာ မင်းယဉ်တို့အပြန်ကို စောင့်မျှော်နေသည်။ မင်းယဉ်တို့ ပြန်ရောက်လာကြသည်။ အိမ်ပေါ်အတက်၊ လူပို တစ်ယောက်ပါလာသည့်အတွက် မျက်လုံးပြူးကြည့်လိုက်သည်။

'ဒါ ကိုမင်းယဉ် ညီမလေးတဲ့အဖေ'

'ဟင်. . . မင်းတို့မောင်နှမ နှစ်ယောက်တည်းရှိတယ်ဆို'

မချောရီကနှောင်းငယ်ကို ခေါ်ဆောင်သွားသည်။ မင်းယဉ် သည် ဝင်မလာသေးဘဲ ဦးအောင်ထွန်းကို ဖြေရှင်းပြသည်။

'ကျွန်တော်တို့နဲ့အိမ်ချင်းကပ်လျက်ပါ၊ သွေးလိုသားလို အရင်းအချာဖြစ်နေတယ်၊ ကျွန်တော့်လက်ပေါ်မှာ သူကြီးလာ တာ၊ သူ့မှာအဖေအမေမရှိဘူး၊ အဘိုးအဘွားပဲရှိတယ်၊ ကျွန်တော့်အဖေနဲ့ သူ့အဘိုးအဘွားနဲ့သိပ်ချစ်တဲ့ အိမ်နီးချင်းပဲ၊ သူ့ကို လမ်းမှာတွေ့လို့ခေါ်လာခဲ့ရတယ်'

'ဪ. . . ဟုတ်သလား'

ဦးအောင်ထွန်းကပြောပြီး နှောင်းငယ်ကို လှည့်ပြုံးပြကာ မချောရီလက်ထဲ၌ ကိုင်လာသော မီးစာထုပ်ကိုလှမ်းယူပြီး



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုထဲသို့ပြန်ဝင်သွားသည်။

ဦးအောင်ထွန်းသွားမှ မင်းယဉ်သည် နှောင်းငယ်နား ဝင်ထိုင်လိုက်သည်။ မချောရီကိုပြုံး၍ မျက်စိတစ်ဖက်ပိတ်ပြ သည်။

'နှောင်းငယ်. . . ပြောစမ်း၊ မမက လှရဲ့လား'

နှောင်းငယ် အဖြေမပေးဘဲ ပြုံးရယ်၍နေသည်။

'မလှလို့လား. . . ဟင်'

နှောင်းငယ်ကို မချောရီက ပြုံးမေးလိုက်သည်။

မချောရီက အသားကဖြူဖြူ နှာတံစင်းကလေးနှင့် လုံးကြီး ပေါက်လှဖြစ်သည်။

'မမကလှပါတယ်၊ အစ်ကို့ထက်တောင် လှပါသေးတယ်'

မင်းယဉ်နှင့် မချောရီတို့ သဘောကျစွာ ပြိုင်တူရယ်မော လိုက်ကြသည်။

နှောင်းငယ်မှာ ငြိမ်သက်သွားကာ မျက်တောင်ကလေး တဖျပ်ဖျပ်ခတ်၍ မချောရီတို့၏ အိမ်အခြေအနေကို အကဲ ခတ်နေသည်။

အမိုး၊ အကာ၊ အခင်းနှင့်မို့ အိမ်ဟုခေါ်ရသော အိမ်မှာ အိမ်စုတ်ကလေးဖြစ်သည်။ အိမ်ပေါ်၌ ဖျာတစ်ချပ်၊ ပက်လက် ကုလားထိုင် အဟောင်းတစ်လုံးကလွဲ၍ ဘာပစ္စည်းမှမရှိ။





ဝါးထရံနှင့် အခန်းခြားကာထားသော နောက်ခန်း၌ အိပ်ရာ၊ စားအိုးစားခွက်ကလွဲ၍ ဘာမျှရှိမည်မထင်။ သူတို့ပိုင်ပစ္စည်းများ စု၍ သုံးဘီးကားပေါ် တင်သွားလျှင် ချောင်ချောင်ကလေး ပါသွားမှာပဲဟု နှောင်းငယ်အတွေးနှင့် နှောင်းငယ်ငြိမ်သက် နေသည်။

'အစ်ကိုပြန်မယ်၊ အဘွားမျှော်နေမှာ'

မချောရီက တားသည်။

'နေပါဦးကွယ့်. . . အဖေမီးဖိုပြင်နေတယ်၊ ရေနွေးကြမ်းနဲ့ လက်ဖက်စားသွားပါဦး'

'မစားတော့ဘူး မမရယ်'

နှောင်းငယ်က ငြင်းဆန်ကာ ထလိုက်သည်။

အိမ်သို့အပြန်လမ်းတွင် နှောင်းငယ်သည် တခစ်ခစ်ရယ် မော၍ အတောမသတ်နိုင်အောင်ဖြစ်နေသည်။

'အစ်ကိုကလက်စသတ်တော့ နောက်ပိုးကြီး၊ ဟင်း. . . လူမိသွားပြီ၊ အဘွားကို ပြန်ကိုပြောမယ်'

'ဟ. . ဟ. . မပြောနဲ့ နှောင်းငယ်ရာ၊ တော်တော်ကြာ ဟိုဘက်အိမ်ကူးပြီး သွားပြောလို့ အစ်ကို့ကို ဖျက်ကြ ဆူကြဦး မယ်၊ အစ်ကို့ကို တကယ်ချစ်ရင် နှောင်းငယ်မပြောရဘူးနော်'

'ဟင်း. . . . ဟင်း'



www.burmeseclassic.com

www.burmeseclassic.com



နှောင်းငယ် ရယ်ပြန်သည်။ သူ့ရယ်သံမှာ လှောင်ပြောင်သရော်သော ရယ်သံမျိုးဖြစ်သည်။

'အစ်ကိုက ကျောင်းလည်းမနေ အလုပ်လည်းမရှိဘဲနဲ့ မိန်းမယူချင်နေပြီလား၊ တော်တော်ခက်တဲ့အစ်ကို'

'အလုပ်မရှိတာနဲ့ပဲ ရည်းစားမထားရဘူးလား. . . ဟ'

မင်းယဉ်သည် တဟားဟားရယ်မောလိုက်သည်။

'အစ်ကို့ဟာက ရည်းစားထားရုံ သက်သက်လား'

'ဘယ်ဟုတ်မလဲ၊ ယူမှာပေါ့ကွ'

'ယူရအောင် အစ်ကို့မှာဘာအလုပ်အကိုင်ရှိလို့လဲ၊ ဘာလုပ်ကိုင် ကျွေးမှာလဲ၊ ဟိုကဆင်းရဲလိုက်တာဖွတ်ပဲ၊ တွေ့မှတွေ့တတ်တယ်'

နှောင်းငယ်သည် မာန်မဲလျက် သူ့စိတ်ထဲရှိသလို မကျေမနပ် စွတ်ပြောသည်။

'မမအဖေမျက်နှာကြီးက ကြောက်စရာကြီးပဲ၊ သူတို့ ဘာအလုပ် လုပ်ကြသလဲဟင်'

'ဖွတ်တဲ့. . . ဟား. . . ဟား. . . . ဟား'

မင်းယဉ်က ပြောပြီးရယ်လေသည်။

နှောင်းငယ်သည် စဉ်းစဉ်းစားစား မျက်နှာကလေးဖြင့် စစ်မေးနေပြန်သည်။





'သူ့အဖေက အခုတော့အလုပ်မရှိဘူး၊ အရင်တုန်းက ဝပ်ရှော့တစ်ခုမှာ အလုပ် လုပ်တယ်'

'အစ်ကိုနဲ့သိတာ ကြာပြီလား'

'သူ့အဖေနဲ့သိတာတော့ကြာပြီ၊ အရင်သူ အလုပ်လုပ်တဲ့ ဝပ်ရှော့မှာ အိမ်ကကားပြင်တုန်းက တွေ့ကြပြီး သိကြခင်ကြတာ၊ ဒီဘက်ပြောင်းလာပြီး ဒီမှာပြန်တွေ့ကြတာတော့ မကြာသေးဘူး ဆိုပါတော့'

'သိပ်ဖြင့်မကြာသေးပဲနဲ့ သူ့သမီးကိုမြင်မြင်ချင်း အစ်ကိုက ကြိုက်ကရောလား'

'ဆင်းရဲပေမယ့် လှပါတယ်ဟ၊ မလှဘူးလား၊ ရိုးတယ်၊ စိတ်သဘောကောင်းတယ်၊ သနားစရာပါ'

'အံမယ်. . . အံမယ်. . . ကိုယ့်ငါးချဉ်များ ချဉ်နေလိုက်တာ'

နှောင်းငယ်က မဲ့မဲ့ရွဲ့ရွဲ့နှင့် အပြစ်တင်ပြောဆိုပုံကို မင်းယဉ်က သဘောကျစွာ တဝါးဝါး ဟားဟားရယ်ကာ နှောင်းငယ်တို့ခြံထဲသို့ ဝင်လာကြသည်။ မင်းယဉ်သည်အိမ်ပေါ် ရောက်လျှင်ရောက်ချင်း အဘွားဒေါ်လှရင်ရှိရာသို့ အော်ပြောလိုက်သည်။

'အဘွားရေ. . . . ဆာတယ်. . . ဆာတယ်'

www.burmeseclassic.com

www.burmeseclassic.com

[ ၅ ]

နွဲ့နွဲ့ယဉ်သည် ကိုခင်ယု အိမ်တံခါးလာခေါက်၍ ထဖွင့်ပေးသည်။ ကိုခင်ယု၊ ကိုကျော်သူနှင့်နွဲ့နွဲ့ယဉ်တို့မှာ တက္ကသိုလ်၌ ပညာသင်ကြားစဉ်က ရင်းနှီးကြသော သူငယ်ချင်းများ ဖြစ်သည်။ ကိုကျော်သူနှင့်ကိုခင်ယုမှာ ဝါသနာပါကြသည့် ဗိသုကာ ဘာသာရပ်များကို အတူတကွ သင်ကြားလာသော်လည်း ကိုကျော်သူသာ လမ်းဆုံးရောက်အောင် သင်ကြားကာကိုခင်ယုမှာ ဆုံးခန်းမရောက်ဘဲ ပန်းချီဆရာဖြစ်သွားသည်။ နွဲ့နွဲ့ယဉ်မှာဖခင် မမာ၍ ပညာတစ်ပိုင်းတစ်စနှင့် တက္ကသိုလ်မှကျောင်း ထွက်လိုက်ရပြီး ဖခင်တိုက်တွန်းချက်ဖြင့် ကိုကျော်သူနှင့် လက်ထပ်လိုက်ရသည်။

တံခါးအဖွင့် နွဲ့နွဲ့ယဉ်၏ နီမြန်းနေသော မျက်လုံးကလေး



ကို ကိုခင်ယုသတိပြုမိသည်။ နွဲ့နွဲ့ယဉ်၏ ဖျော့တော့လှစွာသော မျက်နှာကလေးကိုလည်း သတိထားမိသည်။

'ကျော်သူကော'

ကိုခင်ယုက မထိုင်ခင်မေးသည်။

'ထွက်သွားတာပဲ'

နွဲ့နွဲ့ယဉ်က ကုလားထိုင်ဝင်ထိုင်ရင်း ဖြေလိုက်သည်။

'နွဲ့နွဲ့နေမကောင်းဘူးလား၊ ကိုယ်လည်း ပန်းချီပြပွဲရှိနေလို့ မလာဖြစ်ဘူး၊ ကြာသွားပြီ'

နွဲ့နွဲ့ယဉ်သည် တစ်စုံတစ်ရာမပြောဘဲ ငေးငေးငိုင်ငိုင် မျက်နှာကလေးဖြင့် ကိုခင်ယုကိုကြည့်နေသည်။ သူ့မျက်လုံးများမှာ စင်းကျနေသည်။ မျက်လုံးများမှာ အရောင်မရှိဘဲ စင်းကျနေသည်။

'ဘေးကပြောတဲ့ဆိုတဲ့ စကားတွေ သိပ်ယုံကြည်မနေပါနဲ့ နွဲ့နွဲ့ရယ်၊ အလကားကိုယ်ပဲ စိတ်ပင်ပန်းတော့မပေါ့'

'နွဲ့ကိုဘေးကပြောဖို့ မလိုပါဘူးကိုခင်ယု၊ ကိုယ့်အိမ်ထောင်ဟာ ရှေးကနဲ့မတူဘဲ မူပျက်နေရင် မူပျက်မှန်းသိတာပေါ့'

'ဘယ်လိုမူပျက်နေသလဲ၊ ကိုယ်တော့ ဘာမှမသိဘူး'

နွဲ့နွဲ့ယဉ်က မျက်ရည်ဝဲဝဲဖြင့် ဖြေသည်။

'မူပျက်ဆို အလုပ်အကြောင်းပြပြီး အပြင်မှာချည်းပဲ၊



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တလေမှ အိမ်မှာနေတဲ့ရက်မရှိဘူး၊ ဖောက်ပြန်နေတာ မထင်ရှားဘူးလား'

'နွဲ့နွဲ့က အထင်မှားတာလား. . . တပ်အပ်သိသလား'

ကိုခင်ယုသည် နွဲ့နွဲ့ကိုစိုက်ကြည့် အကဲခတ်နေလျက် သူ့မျက်လုံးကို ပြန်ပြီးချလိုက်သည်။

'အထင်လည်း မဟုတ်ဘူး၊ တပ်အပ်တော့လည်း မဟုတ်ဘူး'

'ဒါဖြင့်ဘာလဲ နွဲ့နွဲ့ရဲ့'

ကိုခင်ယု၏ ရယ်သံထွက်လာသည်။

'အထင်ဆိုတာမျိုးက ဟုတ်ချင်လည်း ဟုတ်မယ်၊ မဟုတ်ချင်လည်းမဟုတ်ဘူး၊အဲဒီ အဓိပ္ပာယ်သက်ဝင်တဲ့ အထင်မျိုးမဟုတ်ဘူး၊ ဟုတ်ကို ဟုတ်တဲ့အသိ၊ ဒါကြောင့် အထင်မဟုတ်ဘူး၊ ဘယ်သူ ဘယ်ဝါဆိုတာတော့ တပ်အပ်နွဲ့မသိဘူး'

ဧည့်ခန်းထဲ၌အတန်ကြာ တိတ်ဆိတ်ငြိမ်သက်နေကြသည်။ ကိုခင်ယုသည် ကိုကျော်သူ မိန်းမလိုက်စားတတ်မှန်း ကျောင်းကတည်းကသိသည်။ အမျိုးသမီးများနှင့် ဆက်ဆံသော နေရာတွင် အလွန်ရဲတင်းသည်။ အလွန်နှုတ်ချိုသည်။ အလွန် အလိုက်သိတတ်သူဖြစ်၍ နွဲ့ထင်သည့်အတိုင်းတစ်ယောက်ယောက်နှင့်များ ချိတ်နေပြန်ပြီလားဟု တွေးတောစဉ်းစားလျက်နေသည်။

'နွဲ့နွဲ့သိနေတဲ့အတိုင်း တကယ်များဖြစ်နေရင် နွဲ့နွဲ့ဘာ





လုပ်မယ်လို့ စိတ်ကူးသလဲ'

နွဲ့နွဲ့ယဉ်သည် ခေါင်းကလေးမော့သွားလျက် အရှေ့ဘက်သို့ငေးစိုက်တွေးတောလျက်နေသည်။ ကြံဆစဉ်းစားဟန်ဖြင့် ကိုခင်ယုဘက်သို့ မျက်လုံးတဖြည်းဖြည်း ရွေ့လာသည်။

'နွဲ့နွဲ့တစ်လင်တည်းမယား မဖြစ်ချင်ဘူး ကိုခင်ယုရယ်'

နွဲ့နွဲ့ယဉ်၏မျက်လုံးမှ မျက်ရည်များ ဖိတ်စဉ်ကျလာသည်။

'တစ်လင်တည်းမယား ဖြစ်ရတဲ့ဘဝကို နွဲ့နွဲ့သိပ်စက်ဆုပ်တာပဲ၊ နွဲ့ကိုမပေါင်းချင်ရင် တခြားမှာယူနိုင်ပါတယ်၊ နွဲ့ကို ရိုးရိုးသားသား ဖွင့်ပြောပြီးကွာရှင်းပေးထိုက်ပါတယ်၊ နွဲ့ကို အသိမပေးဘဲ တစ်လင်တည်းမယား လုပ်ထားမှာမျိုးတော့ ကြောက်လွန်းလို့'

နွဲ့နွဲ့ယဉ်၏အသံထဲတွင် ရှိုက်သံများပါလာ၍ ကိုခင်ယုမှာ စိတ်ထိခိုက်သွားသည်။ ဆက်၍မမေးတော့ဘဲ နှုတ်ဆိတ်၍နေသည်။

မျက်လုံးမှ မျက်ရည်စကို နွဲ့နွဲ့ယဉ်က ပဝါလေးဖြင့် တို့သုတ်နေသည်။

'ဒါထက် မင်းယဉ်တစ်ယောက်ကော'

ကိုခင်ယုသည် နွဲ့စိတ်သက်သာအောင် စကားပြောင်းလိုက်သည်။

'သူ့တော့မမေးပါနဲ့တော့ ကိုခင်ယု၊ မိုးလင်းထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



မိုးချုပ်မှပြန်ပဲ၊ တစ်အိမ်တည်း မောင်နှမရှယ်လို့ နေကြပေမယ့် တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင်လည်းမရှိဘူး၊ အခု အရင်ထက်တောင် သောင်းကျန်းလာသေးတယ်'

'ကျောင်းဆက်နေခိုင်းပါ၊ ၁၀တန်းအောင်မှ ဖြစ်မှာပေါ့၊ ဒီလိုနေလို့ဘယ်ဖြစ်မလဲ၊ လေသထက်လေသွားမှာ၊ နောက်တော့ နွဲ့နွဲ့ပဲ ဒုက္ခရောက်မှာပဲမဟုတ်လား'

'အခုကိုလည်းပဲ လေနေပါပြီ၊ ကျောင်းနေဖို့ပြောတာ ဘယ်လိုမှမရဘူး၊ နွဲ့တို့အိမ်ကလည်း အရင်ကလိုသာသာယာယာ အိမ်မဟုတ်တော့ တစ်နေ့မှအဆင်မပြေလေလေ သူလည်းအိမ် မကပ်လေပဲ'

'ကိုကျော်သူကကော သူ့ကိုမဆုံးမဘူးလား'

နွဲ့နွဲ့ယဉ်သည် ခေါင်းကိုဖြည်းညင်းစွာ ခါပြသည်။

'အခုနောက်ပိုင်းမှာ မဆုံးမတော့ပါဘူး၊ ဒီအတိုင်းကြည့် နေတာပဲ၊ မဆုံးမတဲ့အပြင် မင်းယဉ်ကို ဖျက်လိုဖျက်ဆီးတောင် လုပ်ချင်နေတယ်'

'ဘယ်လို. . . ဘယ်လို'

ကိုခင်ယုက အံ့သြဟန်ဖြင့်မေးသည်။

'ပိုက်ဆံတောင်းရင် နွဲ့ကမပေးချင်ဘူး၊ ပေးလေပိုပျက် လေ ဖြစ်မှာပေါ့၊ တောင်းတိုင်းမပေးဘူး၊ သူကနွဲ့မပေးပါနဲ့ဆိုရင် ပေးကိုပေးတယ်၊ ပေးပြီး ပေးရတဲ့သူတစ်ယောက်အဖြစ် နွဲ့ကို





နိုင်ယူတော့တာပဲ၊ မင်းမင်းအတွက်က နွဲ့တစ်နေ့မှ စိတ်မချမ်း သာရဘူး'

ခြံထဲ ကားဝင်လာသံကြား၍ ကိုခင်ယုကပြောသည်။

'ဟော. . . လာပြီ'

ဂျိုင်းခနဲ ကားတံခါးပိတ်သံ၊ ခပ်သုတ်သုတ် လှမ်းလာသော နပ်သံ၊ ထို့နောက် အရေးတကြီးဖြစ်လာဟန်ဖြင့် ကိုကျော်သူ အိမ်ပေါ်သို့ရောက်လာသည်။

'ဟော. . . ခင်ယု၊ မင်းဘယ်တုန်းကရောက်နေသလဲ'

ဧည့်ခန်းဝ၌ ကိုခင်ယုကိုတွေ့၍ ကိုယ်ရှိန်သတ်ကာ အရေး တကြီး အမူအရာများကိုပြောင်း၍ ခပ်အေးအေးမေးလိုက် သည်။ ကိုခင်ယုက လက်ပတ်နာရီကို ထောင်ကြည့်ပြီးပြော သည်။

'နာရီဝက်လောက်ရှိပြီ'

ကိုကျော်သူသည် နွဲ့နွဲ့ယဉ်၏ ကုလားထိုင်နားတွင်သွားရပ် လျက် နွဲ့နွဲ့ယဉ်၏ မေးဖျားလေးကိုဖေးမကိုင်ကာ ချစ်ခင်သည့် အမူအရာမျိုးဖြင့် စလိုက်သည်။

'မရွှေချောကလေး. . . ဖုန်းသက်ဝေအပေါ်မှာ အမျက် တော်မပြေသေးဘူးထင့်'

နွဲ့နွဲ့ယဉ်သည် ကိုကျော်သူ၏လက်ကို ဖယ်ချလိုက်လေ



www.burmeseclassic.com

www.burmeseclassic.com



တစ်မျက်နှာလုံး နီမြန်းသွားသည်။

'နွဲ့ကို ဂုဏ်သိက္ခာမရှိတဲ့ ပေါက်ပန်းဈေးစကားတွေမပြောချင်စမ်းပါနဲ့'

ကိုကျော်သူသည် ပြောင်ချော်ချော် မျက်နှာပေးဖြင့် နွဲ့နွဲ့ယဉ်မျက်နှာကို အပြည့်အ၀ကြည့်ကာ ကိုခင်ယုဘက်သို့ လှည့်ပြီးပြောလိုက်သည်။

'ကိုယ့်ဇနီးက အထိမခံ ရွှေပန်းကန်ကွ၊ ဟား. . . ဟား. . . ဟား. . . ဟား'

နွဲ့နွဲ့ယဉ်သည် ကိုခင်ယုရှေ့၌ ကိုကျော်သူ ပြောပုံဆိုပုံကို မနှစ်မြို့သည့်သဘောဖြင့် ကုလားထိုင်မှထသွားပြီး၊ အိပ်ခန်းထဲသို့ မယောင်မလည်ဝင်သွားသည်။

'စိတ်ကောက်ရပြန်ပြီ'

ကိုကျော်သူက နွဲ့နွဲ့ယဉ်ကြားအောင် ခပ်ကျယ်ကျယ်ပြောပြီး ရယ်မောလိုက်သည်။

နွဲ့နွဲ့ယဉ်ထသွားပြီးမကြာမီ ကိုခင်ယုက နေရာမှထကာ 'ပြန်မယ်ကွာ. . .' ဆိုလိုက်သည်။

'နေပါဦးကွ၊ မပြန်ပါနဲ့ဦး၊ မင်းမလာတာကြာပြီ'

'ကြာဆို ဟိုရက်တွေက ပန်းချီပြပွဲနဲ့ အလုပ်ရှုပ်နေလို့ မရောက်တာ'





'ထိုင်စမ်းပါဦးကွ၊ ဒီနေ့ဒီမှာစားသွားပါ၊ မင်းပြန်ရင် ငါလိုက်ပို့ပါမယ်'

ကိုခင်ယုကို ပြန်ပို့ခြင်းဖြင့် အပြင်တစ်ခေါက် ပြန်ထွက်နိုင်သော အခွင့်အရေးကို လက်လွှတ်မခံဘဲ မပြန်ရန် ဇွတ်တားသည်။

'နေလို့မဖြစ်ဘူးကွ၊ ကိုယ့်သူငယ်ချင်း တစ်ယောက်နဲ့ ချိန်းထားတာ အချိန်တောင်နောက်ကျနေပြီ၊ ဆန်းဒေး (တနင်္ဂနွေနေ့)ကျရင် ပဲခူးသွားဖို့ သွားစီစဉ်ရဦးမယ်'

ကိုကျော်သူ ဇွတ်အတင်းတားနေမှာ စိုးသည့်အတွက် ပြန်ထိုင်တော့ပဲ အပေါက်ဝသို့ လှမ်းကာလျှောက်သွားသည်။

'ဘာကိစ္စ ပဲခူးသွားမှာလဲ'

ကိုကျော်သူက သူ့နောက်မှ ကပ်ပါလာရင်းမေးသည်။

'ကိုယ်တို့ ပန်းချီဆွဲဖို့အတွက် ပဲခူးကဘုရားတွေ ဓာတ်ပုံလျှောက်ရိုက်မလို့ပါ'

ကိုခင်ယုသည် သွက်သွက်ဖြေ၍ သုတ်သုတ်ပဲဆင်းသွားသည်။ ကိုကျော်သူသည် ဧည့်ခန်းတံခါးပိတ်ခဲ့ပြီး နွဲ့နွဲ့ယဉ်ရှိရာ အိပ်ခန်းထဲသို့ ဝင်သွားသည်။

အခန်းထဲ၌ နွဲ့နွဲ့ယဉ်သည် ဒေါသမရှိတော့သလို တည်ငြိမ်နေ၏။ သူသည် သူ့ယောကျ်ား၏ချစ်သောဇနီးမဟုတ်၊ သူ့ကို ငွေပေးရုံမှတစ်ပါး သူ့အပေါ်၌ ချစ်ခင်ကြင်နာ ယုယမှုများ



www.burmeseclassic.com

www.burmeseclassic.com



လုံးဝမပြဘဲ သူနှင့်မည်သို့မျှ မပတ်သက်၊ မသက်ဆိုင်သော အ နေအထားမျိုး ဆက်ဆံလာပုံ ပြောင်းလဲလာမှုများကို အလေ အနက်တွေးတောလျက်နေသည်။

'စိတ်ကောက်တုန်းပဲလား၊ ဟုတ်လား'

ကိုကျော်သူသည် ဒီအသံနှင့် အခန်းထဲရောက်လာသည်။

နွဲ့နွဲ့ယဉ်၏ နားထဲ၌ ဒီအသံကိုနင့်သီးသွားသည်။ ရင်ထဲ၌ လှုပ်ရှားမှုပြင်းထန်လှစွာဖြင့် ရန်မဖြစ်ရန်ရှောင်ချင်၍ အခန်း ထဲမှ ပြန်ထွက်သည်။

ကိုကျော်သူက မထွက်နိုင်ရန်ရှေ့ကပိတ်၍ တားဆီးထား လိုက်ပြီး လျင်မြန်စွာ အခန်းတံခါးကို ပိတ်လိုက်သည်။

'နွဲ့ထင်နေတာ မဟုတ်ဘူးဆိုတာ အမြဲတမ်းရှင်းပြခဲ့ပေါင် လည်းများပြီ၊ ဒီလိုချည်းသာ လူကိုတလွဲထင်ရင် ဘယ်လိုရှေ့ ဆက်ပြီး ပေါင်းသင်းကြမှတုံး'

နွဲ့နွဲ့ယဉ်၏မျက်နှာမှာ တင်းလှစွာဖြင့် ကိုကျော်သူကို စူ စိုက်ကြည့်နေသည်။

'အသေးအဖွဲတွေကို အကြီးအကျယ်လုပ်၊ ပုံကြီးချဲ့ချဲ့ပြီး စိတ်ထဲမကျေမချမ်းဖြစ်နေတာ မကောင်းပါဘူး၊ အိမ်ထောင် တစ်ခုမှာ နှစ်ယောက်စလုံးစိတ်ရှည်ဖို့၊ သည်းခံဖို့အရေးကြီး ဆုံး ပဲ၊ ကိုယ်အရက်သောက်သလား၊ လောင်းကစားသလား၊ အလေ လိုက်သလား၊ အလုပ်ကြောင့် အိမ်ပြန်နောက်ကျရတယ်၊ အလုပ်





ကြောင့် အပြင်သွားရတယ်၊ အလုပ်ကြောင့် ပြန်ထွက်ရတယ်၊ တစ်နေ့တစ်နေ့ လုပ်ရတဲ့အလုပ်ကို အသေးစိတ်ပြောရရင် မကုန်နိုင်ဘူး၊ ဒါကိုအိမ်က ရန်လုပ်နေမယ်ဆိုရင် စဉ်းစားလေ၊ နွဲ့လမ်းမှန်သလား'

'ဘယ်လိုရှင့်. . . ဘယ်လို'

နွဲ့နွဲ့ယဉ်သည် စိတ်ကိုချုပ်ထားပါလျက် စိတ်မထိန်းနိုင် အောင်ဖြစ်လာသည်။

'ရှင့်ကိုယ်ရှင် သူတော်ကောင်းကြီးလုပ်ပြီး လူကြားကောင်း အောင် ကျွန်မကိုပြောမနေပါနဲ့၊ ရှင်နဲ့ပေါင်းလာခဲ့တဲ့ ရှင့်အ ကြောင်း ကျွန်မထက် ဘယ်သူကပိုသိဦးမလဲ'

'ဘာသိတာလဲ ပြောစမ်းပါဦး၊ ဘာသိတာလဲ'

ကိုကျော်သူသည် ဒေါပွသွားတာ ဝေါက်ဝမ်းမေးလိုက် သည်။

'ရှင် ကျွန်မကို မချစ်ခင်ဘူး မပေါင်းချင်ဘူးဆိုတာကို ရှင် ဘယ်တော့မှ ဖွင့်ပြောမယ့်လူစားမဟုတ်ဘူး၊ ကျွန်မနဲ့ လင်မ ယားချင်း ဘာမှမပတ်သက် မသက်ဆိုင်သလိုရှင်နေတယ်၊ ဘယ့်နှယ်လဲ. . . ချစ်ခင်မှုလည်းမပြ၊ ကြင်နာမှုလည်းမတွေ့ရ ကျွန်မ မခံရပ်နိုင်အောင် ရှင့်ပေါ်မှာ စိတ်ကုန်အောင် နာ ကြည်းအောင် ဒီနည်းနဲ့လှည့်ပြီး နေ့စဉ်ဆက်ဆံနေတာ၊ ဒါ ဘာသဘောလဲ'



www.burmeseclassic.com

www.burmeseclassic.com



နွဲ့နွဲ့ယဉ်သည် စိတ်ထဲ၌ကျိတ်၍ အောင့်ထားရသမျှ ဖွင့်အန်ချလိုက်သည်။ ပြောမိမှ နောက်မဆုတ်ဘဲ ဆက်၍ပြောသည်။

'ဒီသဘောထားဟာ ဘယ်လောက် ရွံရှာစရာကောင်းတဲ့သဘောထားလဲ၊ ရှင်ဆင်တဲ့အကွက် ကျွန်မမသိဘဲနေမ[illegible]သား၊ ကျွန်မကိုသတ်နေတာလား'

မင်းယဉ်သည် အိမ်ထဲမှ ဆူညံသံကြား၍ နောက်ဖေးဘက်မှ အသံမကြားအောင် ကွေ့တက်လာသည်။ အိမ်ထဲသို့ မဝင်ဘဲ ထရံကိုကျောမှီလျက် အသာရပ်စောင့် နားထောင်နေသည်။

'မပေါင်းချင်ရင် ဖြောင်ဖွင့်ပါ၊ ဖြောင်ပြောပါ'

ပိတ်ထားသော အခန်းတံခါးကို ကျောမှီလျက် နွဲ့နွဲ့ယဉ်ပြောသမျှ တစ်ချိန်လုံး စိန်းစိန်းစားစား စိုက်ကြည့်နေသော ကိုကျော်သူသည် ပြင်းထန်စွာတောက်ခေါက်လိုက်သည်။

'တစ်ခါလာ ကွဲစကားကွာစကား မင်းမဲပြောတယ်၊ ဒီစကားမျိုး ပြောနေတဲ့အိမ်ထောင် ဘယ်တော့သာယာမလဲ၊ ဒီကကောင်လုပ်သမျှ ရှာသမျှ ပေးသမျှ ဘာမှအမှတ်ထားရမှန်း ကျေးဇူးတင်ရမှန်းတောင် မသိဘူး'

ဝမ်းနည်းကြေကွဲစိတ်များသည် နွဲ့နွဲ့ယဉ် တစ်ကိုယ်လုံးကို တစိမ့်စိမ့် စိမ့်၍မျိုလာသည်။ ကိုကျော်သူနားသို့ တိုးကပ်သွားကာ သူ့အသံတုန်တုန်ယင်ယင်ဖြင့် ပြန်ပြောသည်။





'ဩော်...ရှင်က သာယာမှုစကားပြောသလား၊ ရှင်ဟာ အိမ်ထဲမှာ သာယာမှုရှာချင်တဲ့ လူစားမဟုတ်ဘူး၊ ရှင်ဟာ အိမ်ပြင်မှာ သာယာမှုရှာချင်တဲ့လူစားပါ၊ ကျွန်မကိုတော့ အရုပ်လို သဘောထားပြီး ပစ်ထားတယ်၊ ကျွေးပါရဲ့၊ ပေးပါရဲ့၊ ဝတ်ရပါရဲ့၊ စားရပါရဲ့၊ ဒါ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျွန်မတို့ရဲ့အခက်အခဲ ဟူသမျှအားလုံး ဖေဖေရှိတုန်းကတည်းက အထက်တိုင်အထိတာဝန်ယူ ကူညီစောင့်ရှောက်ခဲ့တာတွေကိုလည်း ကျွန်မစော်ကားနေတာမဟုတ်ပါဘူး၊ ရှင်ကသာ ဒီအိမ်ထောင်မှာ ငွေရှာပေးရတဲ့ သူအဖြစ်နဲ့ အထက်စီးကနေပြီး အိမ်ထောင်ရေး ကျူးလွန်ဖောက်ဖျက်တဲ့အပြစ်မှန်သမျှကို ရှင့်ကျေးဇူးတွေနဲ့ သဖို့ခြေဖို့ ကြိုးစားနေတဲ့လူပါ၊ စော်ကားနေတဲ့လူပါ'

'ဟော့...တော်တော့ကွယ်၊ တိတ်...နားပူတယ်'

ကိုကျော်သူသည် နွဲ့နွဲ့ယဉ်ကို အတင်းအကျပ် ပွေ့ဖက်ဖျစ်ညှစ်ကာ နွဲ့နွဲ့ယဉ်၏ ပါးစပ်ကိုလက်ဝါးဖြင့် လိုက်ပိတ်နေသည်။ မီးဖိုထဲမှဒေါ်သိန်းမေသည် ရင်တုန်ပန်းတုန်ဖြင့် ပြေးထွက်လာသည်။ ချောင်းနားထောင်နေသော မင်းယဉ်ကို မမျှော်လင့်ဘဲ ပက်ပင်းတွေ့လိုက်ရ၍ ကြက်သေသေသွားသည်။

'လာ...လာ၊ သူတို့ နောင်ဂျိန်နေကြတယ်၊ ထမင်းဆာလာသလား၊ မီးဖိုထဲမှာစား...သွား'

မင်းယဉ်နားသို့ တိုးတိုးကလေး ကပ်ပြောလိုက်လျက် အသံမကြားအောင် မီးဖိုထဲသို့ အတင်းဆွဲခေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းယဉ်မျက်နှာတစ်ခုလုံး မည်းညိုနေလျက် မှုန်တေတေကြီး လုပ်နေသည်။ စကားဆို၍ တစ်လုံးမှမပြော။ သူ့ရှေ့၌စားပွဲခုံကလေး ချခင်းပေးသည်ကို စိုက်ကြည့်နေသည်။ ပန်းကန်များ ချပေးသည်ကို စိုက်၍ကြည့်နေသည်။ ထမင်းခူး၊ ဟင်းခပ်ဒေါ်သိန်းမေလုပ်သမျှ အားလုံးကိုစိုက်၍ ကြည့်နေသည်။ ပြီးမှဘာမပြောညာမပြော မီးဖိုထဲမှဝုန်းခနဲ ထွက်သွားပြီးတဒုန်းဒုန်း တဒိုင်းဒိုင်း ခြေသံပြင်းပြင်းဖြင့် ခြံထဲသို့ပြေးဆင်းသွားသည်။

တစ်ဖက်အိမ်မှ ကုလားထိုင်ပေါ်တက်လျက် ပြတင်းပေါက်သံတိုင်ကြားမှနေ၍ ရန်ဖြစ်သံ၊ ဆူညံသံများကို ချောင်းနားထောင်နေသော နှောင်းငယ်သည် ခြံဝသို့မင်းယဉ် ပြေးထွက်လာသည်ကို မြင်သဖြင့် ကုလားထိုင်ပေါ်မှ ခုန်ဆင်းလိုက်သည်။ ဖိနပ်ချွတ်ဝရန်တာဘက်သို့ ငေးကြည့်နေသည်။

မင်းယဉ်သည် နှောင်းငယ်အိမ်ရှေ့သို့ ရောက်သောအခါရှေ့ဆက်မသွားဘဲ သူ့ခြံထဲသို့ ကွေ့ချိုးဝင်လာသည့်အတွက်ဝမ်းသာအားရ သံတံခါးကို ပြေးဆွဲဖွင့်ပေးသည်။

နှောင်းငယ်ကို မြင်တာနှင့် မင်းယဉ်သည် ညိုပုပ်လာသောမျက်နှာကို ဣန္ဒြေဆည်ပြင်လိုက်သည်။ နှောင်းငယ်ကလည်းတစ်ဖက်အိမ်မှရန်ပွဲကို မသိလေဟန်ပြုလျက် ခါတိုင်းလိုပင် သူ့မျက်နှာလေးကို ရွှင်ရွှင်မြူးမြူး ထားလိုက်သည်။

'အစ်ကိုလာတာ အတော်ပဲ၊ နှောင်းငယ် ကစားချင်လို့





အဖော်စောင့်နေတာ၊ အတော်ပဲ'

နှောင်းငယ်မှာ အရွယ်မရောက်တရောက် ကလေးဆန်သူသော သူငယ်မကလေးပီပီ ဝမ်းသာစိတ် ကြည်နူးစိတ်တို့ကိုအောင့်အည်း၍မထားနိုင်ပေ။ သူသည် မင်းယဉ်လက်ကိုဆွဲခေါ်လာသည်။

မင်းယဉ်မှာ ဘယ်လိုပင် စိတ်ညစ်ညစ်၊ ဘယ်လောက်ပဲစိတ်မအီမသာဖြစ်စေကာမူ နှောင်းငယ်နှင့်တွေ့ရသည့်အခါစိတ်ပျော်ကာ ကြည်နူးရခြင်းဖြင့် စိတ်ညစ်နေသမျှ မေ့ပျောက်သွားတတ်သည်။

'အဘွားကော'

'အဘွား အောက်မှာဆင်းပြီး သာကူကျိုနေတယ်၊ စားရမယ်စိတ်ချ'

'အဘိုးကော'

'ဟိုမှာသစ်ပင်စိုက်ဖို့ တွင်းတူးနေတယ်. . . မမြင်ဘူးလား၊ မျက်စိမှုန်နေသလား'

နှောင်းငယ်က ခြံထောင့်ကို လက်ညှိုးထိုးပြပြောသည်။ မင်းယဉ်မှာ ခြံထဲသို့ အမှတ်တမဲ့ ဝင်လာခဲ့သည့်အတွက် သူမှန်းလာခဲ့ခြင်းကို ပြန်၍ရှက်ကာ ပြုံးလိုက်သည်။

စားပွဲအံဆွဲထဲမှ မြွေကစားသော စက္ကူထူကပ်ခေါက်နှင့်အန်စာဘူးကို နှောင်းငယ် ဆွဲထုတ်ယူလာသည်။ ချွေမိန်းအ



www.burmeseclassic.com

www.burmeseclassic.com



လယ်၌ ဖျာတစ်ချပ်ခင်းလိုက်သည်။

'ကစားမယ် မဟုတ်လား'

'အင်းပေါ့'

လင်မယားရန်ပွဲကြောင့် စိတ်ထိခိုက်ပြီး ခေါင်းနောက်လာခဲ့၍ ခေါင်းရှင်းရန်၊ ဝမ်းနည်းစိတ်တွေ ပြေပျောက်ရန်အတွက် ကစားရန် ခေါင်းညိတ်လိုက်သည်။

နှောင်းငယ်နှင့်မင်းယဉ်တို့ မြွေကစားကြသည်။ လှေကားထစ်ပေါ်သို့ တက်သွားရတိုင်း နှောင်းငယ်သည် တဆွေ့ဆွေ့ တခုန်ခုန်ဖြင့် အူမြူးနေသည်။ နှောင်းငယ်အဘိုး ဦးဖိုးဆိုင်သည် ဝရန်တာရှိ ပက်လက်ကုလားထိုင်ပေါ်သို့ လာထိုင်လျက် ကစားနေကြပုံကို တပြုံးပြုံး ကြည့်နေသည်။

'အစ်ကိုက မကောင်းဘူး၊ အစ်ကိုညစ်တာ၊ ဒီနေရာ ရောက်နေတာရွှေ့ပစ်တယ်'

'အစ်ကို ဘယ်မှာရွှေ့လို့လဲ၊ ဒီနေရာဘယ်တုန်းကများ ရောက်သေးလို့လဲ'

နှောင်းငယ်အလစ်တွင် မင်းယဉ်က နေရာရွှေ့လိုက်ပြီးမှ သူမရွှေ့ဟန်နှင့် ခပ်တည်တည်လုပ်၍ ပြောလိုက်သည်။

နှောင်းငယ် စိတ်ဆိုးလာသည်။

နှောင်းငယ်စိတ်ဆိုးတာ မင်းယဉ်ကြည့်ချင်သည်။ နှောင်းငယ်၏ ကလေးဆန်မှု အထွေထွေကို ကြည့်ရသည်မှာ အရ





သာရှိလှသည်။ ကြည်နူးရသည်။ နှောင်းငယ်စိတ်တိုလာပုံကို ကြည့်၍ သူ့စိတ်ပျော်လာသည်။ စောစောက ယောက်ဖကို မခံချင်၍ ဆွဲထိုးချင်သောစိတ်၊ ဆွဲထိုးရန်လည်းမကောင်း၊ ရန်ဖြစ်သည့်ကြားထဲ ဝင်ပါ၍လည်းမဖြစ်၊ သူ၏ဒေါသအမြုံအခဲတို့သည် ဝေးရာသို့ လွင့်စဉ်ပျောက်သွားကြတော့သည်။

'အစ်ကို မညစ်နဲ့'

နှောင်းငယ်သည် ပလတ်စတစ်ပြားလေးကို လှေကားထိပ်သို့ပြန်တင်သည်။ မင်းယဉ်က လှေကားအောက်သို့ ပြန်ယူဆွဲချသည်။

'ကြည့်. . . အစ်ကိုက ညစ်ပြီ'

'ဘယ်မှာ ညစ်လို့လဲ၊ လှေကားပေါ်မှ မရောက်သေးတာ၊ မရဘူး'

'တက်မယ်. . . တက်မယ်'

မင်းယဉ်ကနှောင်းငယ်၏လက်ကို ဖမ်းချုပ်လိုက်သည်။

မကြာပါချေ။ ကစားဝိုင်းမှာ ထုသံရိုက်သံ ရယ်မောသံတို့ဖြင့် စီစီညံနေသည်။

'ဟဲ့. . . နှောင်းငယ်၊ ဒါလောက်ထုနေရသလား. . . တော်လေ'

အဘိုးဦးဖိုးဆိုင်သည် တအုန်းအုန်း အထုခံနေရသော မင်းယဉ်ကို အားနာလှသည်။ သနားလှသည်။ နှောင်းငယ်ကာ



www.burmeseclassic.com

www.burmeseclassic.com



မလျှော့၊ စိတ်ရှိတိုင်း ထုမြဲထုသည်။

'ဟောဒီမှာ အဘွားလုပ်ပါဦး'

သာကူအိုးမ၍ တက်လာသော အဘွားဒေါ်လှရင်ကို မင်းယဉ်က လှမ်းအော်တိုင်သည်။

'နင့်အစ်ကိုက ချစ်လို့ကျီစားတာပဲ၊ ဒါလောက်တောင် ထုရသလား'

အားရအောင်ထုပြီးမှ နှောင်းငယ်သည် ကျေနပ်သွားကာ ကျေနပ်သံနှင့် ကျေနပ်ရယ်မောလိုက်သည်။

'ကိုင်း. . . လာကြ. . . လာကြဒီကိုလာကြ၊ အဘိုးလည်းလာ'

ဒေါ်လှရင်သည် သာကူပွဲကို ပြင်ဆင်ပြီးခေါ်လိုက်သည်။

'ဘာဖြစ်ကြတာလဲ မင်းမင်း၊ ကွာပါရှင်းပါနဲ့ မင်းနဲ့ညလှ ပါလား၊ ပတ်သက်ပြန်သလား၊ ငါ့မှာ မကြားချင်အဆုံးပဲ'

သာကူသောက်နေသောမင်းယဉ်နားသို့ အဘွားဒေါ်လှရင် ကပ်ထိုင်မေးသည်။

'မင်းမင်းနဲ့ မဆိုင်ပါဘူး၊ သူတို့ဟာသူတို့ ဖြစ်တာပါ'

'သူတို့ဟာကလည်း နေ့တိုင်းပဲ၊လူကြားလို့တောင် မကောင်းဘူး၊ အဘိုးလည်း ကြားနေတာပဲ'

ဦးဖိုးဆိုင်က သာကူသောက်နေရာမှ ရပ်နားကာ ဝင်ပြော





သည်။

'သူတို့ရန်ဖြစ်တာ နေ့တိုင်းပါပဲ အဘိုးရယ်၊ မင်းမင်း သူတို့နဲ့နေကို မနေချင်ဘူး၊နေရတာ တစ်နေ့မှလည်း မပျော်ဘူး'

သာယာမှု ပျော်ရွှင်မှုကင်းမဲ့နေသောအိမ်တွင် မင်းယဉ် လို ပျော်ပျော်ရွှင်ရွှင် နေချင်သူတစ်ယောက် မနေနိုင်၍ အိမ်မ ကပ်မှန်း အဘွားဒေါ်လှရင်တို့ တစ်အိမ်သားလုံးက သိကြသည်။

'ဒီမှာတော့ အစ်ကိုပျော်တယ်မဟုတ်လားဟင်'

နှောင်းငယ်ကဖြတ်မေးသည်။ မင်းယဉ်သည် နှောင်းငယ်ကို အဖြေမပေးဘဲ ပြုံးလျက်သာနေသည်။

'မေးတာပြောလေ'

'ပျော်ပါတယ်ဟ. . . ပျော်ပါတယ်'

'နွဲ့နွဲ့က ဒါလောက်တောင် မကျေမနပ်ဖြစ်နေတာ၊ နွဲ့နွဲ့ ကွယ်ရာမှာ ဘာဘာညာညာများ ရှိနေသလား'

ဒေါ်လှရင်က သူ့စကားကို ပြန်၍ဆက်သည်။

မင်းယဉ်သည် ကိုကျော်သူ့အပေါ်၌ သူသိထားသော အသိကို ဖွင့်ပြောမည်လုပ်လိုက်သည်။ ဖွင့်ပြောမည်လုပ်ပြီးမှ ပြောချင်စိတ်မရှိသောကြောင့် ခပ်တိုတိုဖြေသည်။

'ကျွန်တော် မသိဘူး'

'မင်းကလည်း မမိုက်ပါနဲ့ မင်းမင်းရယ်၊ မင်းဖေဖေမရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်း လင်ပေါ်သားပေါ်မှာ မင်းအစ်မဘယ်လောက်မျက်နှာငယ်ရသလဲ၊ ဒီကြားထဲ မင်းကဆိုးရင် ဟိုကမင်းအစ်မကို ပိုနိုင်တော့မပေါ့'

မင်းယဉ် ဆိတ်ဆိတ်နေသည်။ ကိုကျော်သူနှင့် မူမူတို့ ယှဉ်တွဲထွက်သွားသော ကားကို ပြန်၍ မြင်ယောင်လျက် မခံချိမခံသာစိတ်ဖြင့် မျက်နှာပျက်နေသည်။

'မောင်ကျော်သူနဲ့ မပေးစားခင် မင်းအဖေ အဘိုးတို့ကို လာတိုင်ပင်တယ်၊ အဘိုးရော အဘွားရော မောင်ကျော်သူ့ကို သဘောကျကြတယ်၊ နွဲ့နွဲ့ကိုလည်း လက်ထပ်ဖို့ ဝိုင်းပြီးတိုက်တွန်းခဲ့ ကြတယ်၊ အခုလို မသင့်မတင့်ဖြစ်နေကြတော့ အဘိုးတို့မှာ ဘယ်စိတ်ကောင်းမလဲကွယ်'

ဦးဖိုးဆိုင်သည် ကွယ်လွန်သူ မင်းယဉ်၏ ဖခင်ဦးလွန်းဘော်ကို မြင်ယောင်တမ်းတလျက် မျက်နှာညှိုးစွာဖြင့်ပြောသည်။

နှောင်းငယ်သည် လူကြီးတွေ စကားပြောသည့်အထဲ မပါဝင်ဘဲ သာကူလိုက်ဖြည့်ပေးနေသည်။

'အဘွားစကား နားထောင်ပါ မင်းမင်းရယ်၊မင်းကျောင်းပြန်နေပါ၊ မင်းအသက်ကလေး အခုမှ ၂၃ နှစ်ထဲ ရှိသေးတယ်. . . ငယ်ပါသေးတယ်ကွယ်'

မင်းယဉ်သည် သူ့ဖခင် ကွယ်လွန်သောနှစ်က ၁၀တန်းစာမေးပွဲ ရှုံးခဲ့သည်။ ထိုစဉ်က အသက် ၁၉နှစ်ရှိသေးသည်။





၂နှစ်ဆက်၍ ဆယ်တန်းဖြေသည်။ မအောင်ခဲ့၊ အသက် ၂၁နှစ်၌ ကျောင်းမနေဘဲ လစ်နေပြီးနောက် ကျောင်းမနေ၊ အိမ်မကပ်ဘဲပွေနေကာ ယခုမူ ၂နှစ်ခန့်ကျောင်းနှင့် အဆက်ပြတ်ကင်းဝေးသွားသူဖြစ်သည်။

မင်းယဉ်စိတ်ထဲ၌ ၂၃ နှစ်သည် လူလားမြောက်သည်။ ကျောင်းနေရန်အရွယ် မဟုတ်တော့ဟု ယူဆထားသူဖြစ်၏။ အဘွား ဒေါ်လှရင်က ငယ်ငယ်ကလေးရှိသေးသည် ဆိုခြင်းကို လက်မခံဘဲ ရယ်မောပစ်သည်။

'၂၃ နှစ်ဟာ ဘယ်ကငယ်ရမှာလဲ အဘွားရဲ့'

'အလိုတော်. . . မင်းကိုယ်မင်း လူပျိုကြီးများ ထင်နေသလား၊ မင်းအရွယ်တွေ ကျောင်းသွားနေတာ မမြင်ဘူးလား'

မင်းယဉ်က ဖြည်းညင်းစွာ ခေါင်းခါလိုက်သည်။

'ကျောင်းတော့ မနေချင်တော့ဘူး အဘွား'

'ကျောင်းမနေတော့ ဒီလိုပဲ လတ်လျားလတ်လျားနဲ့ အချိန်ကုန်မှာပေါ့'

'ကျွန်တော် အလုပ်လုပ်မလို့ စဉ်းစားနေတယ်'

'ဆယ်တန်းမှ မအောင်ဘဲကွယ်၊ ဘယ်မှာ အလုပ်ရမှာလဲ၊ စိတ်ကူးမလွဲပါနဲ့ မင်းမင်းရယ်၊ အဘွားပြောသလို ကျောင်းပြန်နေဖို့ စိတ်ကူးစမ်းပါ'

သူ့အဘိုး ဦးဖိုးဆိုင်က ညင်သာသောအသံဖြင့် ဝင်၍



www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။ နှောင်းငယ်သည် စိတ်ဝင်စားစွာဖြင့် တစ်ချိန်လုံး နားထောင်နေသည်။

သူ့အဘိုးနှင့်အဘွားကို တစ်လှည့်စီကြည့်နေသော သူ့မျက်လုံးများတွင် သူ့အဘိုးအဘွားပြောတာတွေကို တစ်လုံးမကျန် ထောက်ခံနေကြောင်း ဖော်ပြနေသည်။

'မင်းမှာ သားကျွေးမှု မယားကျွေးမှု ရှိတာမှမဟုတ်ဘဲ၊ ဘာအလုပ်များ လုပ်မလို့လဲ၊ အဘွားကို ပြောစမ်းပါဦး'

သူ့အဘိုးအဘွားမမြင်အောင် နှောင်းငယ်သည်မင်းယဉ်၏ ပေါင်ကိုဆိတ်လိုက်သည်။ သူ့လက်ကိုမလွှတ်ဘဲ ဆိတ်ထားသည်။ အဘွားစကားထဲ၌ သားမယားစကား ပါလာခြင်းကြောင့် နှောင်းငယ်ဆိတ်ထားမှန်း မင်းယဉ်သိသည်။ မင်းယဉ်က ပြန်၍ ဆိတ်သည်။ သူ့အကြောင်း မပြောလိုက်ရန် ပြန်ဆိတ်ခြင်းကို နှောင်းငယ်ကသိလေ၏။ နှောင်းငယ်ကို ပြန်ဆိတ်ထားရင်း မင်းယဉ်ကပြန်ပြော၏။

'သားကျွေးမှု မယားကျွေးမှုရှိမှ အလုပ်လုပ်ရမှာလား အဘွားရဲ့၊ ကျွန်တော့်ကိုယ်ကျွန်တော် လူဖြစ်အောင် အလုပ်လုပ်ရမှာပေါ့'

နှောင်းငယ်သည် ငြိမ်၍ မနေနိုင်တော့ဘဲ ပြောသာတုန်း အခိုက်ဝင်လု၍ ပြောလိုက်သည်။

'အလုပ်ဆိုတာ မိန်းမရှိမှလုပ်ရတယ်အစ်ကိုရဲ့၊ အခု မိန်းမ





ရှိတာမှ မဟုတ်ဘဲ၊ အလုပ်လုပ်စရာမလိုဘူး၊ မိန်းမယူရမယ့် အချိန်လည်းမဟုတ်ဘူး၊ ကျောင်းပြန်နေပေါ့၊ နှောင်းငယ်တောင် ဘာလိုလိုနဲ့ နောက်၂နှစ်ကြာရင် ဆယ်တန်းရောက်တော့မယ်၊ မိနေဦးမယ်နော်'

နှောင်းငယ်စကားကို သဘောကျ၍ အဘိုးကရယ်မောသည်။

'ဟုတ်တယ်ဟေ့၊ အချိန်ဖြုန်းမနေနဲ့ မင်းမင်း၊ တော်ကြာ နှောင်းငယ်နဲ့ တစ်တန်းတည်း ဖြစ်နေပါဦးမယ်ကွာ'

မင်းယဉ်သည် သူ့ဘက်မှနှောင်းငယ်လိုက်၍ မပြောသည့်အပြင် လူကြီးတွေရှေ့၌ သူ့ကိုခွတိုက်လျက် ချောက်တွန်း နေရသလားဟု ခပ်နာနာပြန်ဆိတ်ပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

| ၆ |

မူမူဖတ်ချင်သည့် မူမူ့အကြိုက် လုံးချင်းဝတ္ထုများနှင့် ယခုလထုတ် မဂ္ဂဇင်းလေးငါးအုပ်၊ မူမူစားချင်သည့် မူမူ့အကြိုက် ဆားငန်သီး၊ ဆီးချိုသီး၊ ဟောလစ်၊ မူမူ့အိမ်သားများ အဝယ်ရခက်ခဲနေသည့် နိုင်ငံခြား ဆေးဝါးအစုံ၊ မူမူ့အိမ်သားများ အလိုရှိမည်ဖြစ်သောဓာတ်မီးလုံး၊ ဓာတ်မီးချောင်း. . .။

ကိုကျော်သူသည် ကားထဲ၌ သူယူလာခဲ့သောပစ္စည်း အစုံကို ပွေ့ပိုက်လျက် မူမူတို့အိမ်ပေါ်သို့တက်လာခဲ့သည်။

တနင်္ဂနွေနေ့ဖြစ်၍ အလုပ်မသွားသော မူမူ့အစ်မဝမ်းကွဲ မစောရှင်ကို ဧည့်ခန်းထဲ၌ တွေ့ရသည်။ မစောရှင်မှာ အသက်သုံးဆယ့်ငါးနှစ်အရွယ် မုဆိုးမဖြစ်သည်။ အရပ်ရှည်ရှည် လူပိန်ပိန်၊ မျက်နှာပါးပါး၊ အတွင်းဝန်ရုံးမှ အထက်တန်းစာရေး



ကြီးဖြစ်ကာ အိမ်ဖော်မိန်းမကြီးတစ်ယောက်နှင့် အတူနေသည်။

စိတ်သဘော အလွန်အေးဆေးလျက် စကားပြောနည်းသည်။ ကိုကျော်သူကို မူမူနှင့်ပတ်သက်သည့် ကျောင်းနေဖက်မိတ်ဆွေဟောင်း တစ်ယောက်အဖြစ် အသိအမှတ် ပြုသည်။ သည်ထက်ပို၍ သိချင်စိတ်လည်းမရှိ၊ သည်ထက်ပို၍ သိရန်လည်း သူ့အလုပ်မဟုတ်သကဲ့သို့ ဘာသိဘာသာနေတတ်သူဖြစ်သည်။

'ထိုင်ပါ မောင်ကျော်သူ၊ မူမူတော့ မရှိဘူး'

မစောရှင်က ထိုင်ရန် နေရာပေးပြီးမှ တစ်လုံးချင်းဖြည်းဖြည်းပြောသည်။ ပြောပြီးပြုံးလိုက်၍ ပေါ်လာသော သွားသွားများမှာ မျက်နှာနှင့်မလိုက်အောင်ကြီးသည်။ သွားလည်းဖြူ၏၊ အသားလည်းဖြူ၏။

အိမ်၌မြင်နေကျ တွေ့နေကျ မူမူ့ကို မတွေ့ရ၍ ကိုကျော်သူမှာ မောသွားသည်။ 'မူမူတော့ မရှိဘူး' ဆိုသော မစောရှင်၏အေးတိအေးစက်လေသံကြောင့် မောရာမှ ထိတ်ပူ၍ပင်သွားသည်။

'ဘယ်သွားလို့လဲ မမစော'

ကိုကျော်သူကမေးပြီးမှ ပစ္စည်းများကို စားပွဲပေါ်၌တင်ကာ ဝင်ထိုင်သည်။

'မနက်ခုနစ်နာရီလောက်က သူ့သူငယ်ချင်းနီနီနဲ့နီနီတို့



www.burmeseclassic.com

www.burmeseclassic.com



မိဘတွေလည်းပါကြတယ်၊ အိမ်ရှေ့မှာကားဆိုက်ပြီး သူ့ကိုအတင်း ဝင်ဆွဲခေါ်လို့ ပျော်ပွဲစားပါသွားတယ်'

'ပျော်ပွဲစားက ဘယ်ကိုသွားတာလဲ၊ အင်းလျားလား'

ရင်ဟာဟာဖြင့် စုံစမ်းမေးမြန်းနေသော သူ့မျက်နှာကို ဣန္ဒြေမပျက်ရန် အတော်သတိထားပြီး မေးရသည်။

'အင်းလျားမဟုတ်ဘူး၊ ပဲခူးသွားတာ၊ ညနေမှ ပြန်ရောက်မှာ'

'မနေ့ကတော့ ကျွန်တော့်ကိုဘာမှ မပြောဘူး'

'မနေ့က ဘာအစီအစဉ်မှမရှိဘဲ၊ မနက်ကမှ ဖြုန်းခနဲလာခေါ်ကြတော့ အားနာပြီး လိုက်သွားရတယ်'

မစောရှင်၏ လေဆက်ပြတ်နေသော အသံနဲ့နဲ့ကို စိတ်ရှည်ရှည်ထားကာ အားသွန်၍ နားထောင်နေရသည့်ကြားမှ အသံက တစ်ချက်တစ်ချက် ပျော့ဝင်သွားသေးသည်။

အမောကြီးမောသွားသော ကိုကျော်သူသည် သူ့စိတ်ထဲ၌ ပဲခူးလိုက်သွားရလျှင် တွေ့မလားဟု ချိန်ရွယ်နေသည်။

'ဘာတွေများလဲ မောင်ကျော်သူ'

မစောရှင်က စားပွဲပေါ်မှ ပစ္စည်းများကိုကြည့်လျက် ဟက်ဟက်ပက်ပက် မရှိလှသော အသံဖြင့်မေးသည်။

'မူမူလိုချင်တဲ့ စာအုပ်နဲ့ဆေးတွေ၊ ဓာတ်မီးပစ္စည်းတွေပါ'

'အလကား ဒုက္ခရှာလို့ယူလာတယ်၊ မမစောတို့မှာ ပြည့်စုံပါတယ်'

'မမစောတို့ ဆေးမရှိမှန်း မပြည့်စုံမှန်း၊ ကျွန်တော်သိလို့ ယူလာတာပါ၊ ကျွန်တော့်မှာ ဆရာဝန်သူငယ်ချင်းတွေက များပါတယ်၊ လိုချင်တဲ့ ဆေးရနိုင်ပါတယ်၊ သိပ်မခက်ပါဘူး'

မူမူ့အစ်မ မမစောကို အလိုက်အထိုက် စကားထိုင်ပြောနေရသော်လည်း သူ့စိတ်မှာ ပဲခူးသို့ရောက်နေသည်။ မိနစ်လပ်မူမူ့ကို တမ်းတမ်းတတ ဖြစ်လှသည်။

အခုနေ ဘယ်နေရာများ မူမူရောက်နေပါလိမ့်. . .,

မူမူတို့ရောက်နေသော နေရာမှာ ပဲခူးရွှေသာလျောင်းဘုရားပေါ်၌ ဖြစ်သည်။ ဘုရားခြေတော်ရင်းဘက် နေရာကောင်းကောင်း ရွေးကြလျက် အိမ်မှယူလာသော ထမင်းချိုင့်တွေဖွင့်၍ ထမင်းပွဲကြီး ခင်းကျင်းပြင်ဆင်နေကြသည်။

မူမူမှာ မငြင်းသာ၍ လိုက်သာလိုက်ခဲ့ရသော်လည်း ကိုကျော်သူကိုတော့ သတိတရရပင်၊ ခုအချိန်အိမ်မှာ ကိုကျော်သူ ရောက်နေပြီလို့ သူ့မျက်လုံး၌ မြင်ယောင်လျက်ပင်. . .

မူမူ့သူငယ်ချင်း နီနီ၏မိဘ ဦးဝင်းဖေနှင့် ဒေါ်ဒေါ်မြတို့သည် လင်းရိုဗာကားတစ်စီး လူအပြည့်တင်ခေါ်လာခဲ့သည်။ သူတို့မိတ်ဆွေပရိသတ်ကို ဖော်ရွေစွာဧည့်ဝတ်ပြုလျက်ရှိကြသည်။

'မြိန်မြိန်စားကြပါနော်၊ မနေ့က ညနေကမှ ဈေးဝယ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



မြစိတ်တိုင်းကျ တစ်ညလုံးလုံး ချက်လာတဲ့ သူ့လက်ရာဗျို့. . . ထောပတ်ထမင်းနဲ့ ကြက်သားပေါင်း၊ သရက်သီးဆီစိမ်၊ သူ့အ ဖက်နဲ့သူလေ'

လူအုပ်ကြားထဲတွင် ဦးဝင်းဖေသည် အာဝဇ္ဇန်း ရွှင်ရွှင်ဖြင့် စကားအများဆုံး ပြောသူဖြစ်သည်။ ပျော်တတ် ပါးတတ်သော သူ့ဝါသနာအတိုင်း သူ့ရယ်သံမှာ တစ်ဝိုင်းလုံး သောသောညံနေ သည်။

ဝိုင်းထဲ၌ဝင်၍ မူမူထမင်းငုံ့စားနေခိုက် တအံ့တသြ ကျယ် လောင်စွာ ထွက်ပေါ်လာသော ဦးဝင်းဖေ၏အသံကြောင့် သူ့ ခေါင်းကို ဆတ်ခနဲမော့ထောင်ကြည့်လိုက်သည်။

'ဟေးကောင်ကြီး၊ ဟား. . . ဟား. . . ဟား. . . ဟား တွေ့တတ်သကွာ'

ဦးဝင်းဖေသည် လက်တစ်ဖက်မှ ထမင်းလုတ်ကို ဆုပ်ကိုင် လျက် လက်တစ်ဖက်က သူ့နောက်၌ လာရပ်နေသူ၏လက်ကို လှည့်ကိုင်ဖမ်းဆုပ်ပြီး အော်ပြောသည်။

အသက်အစိတ်ခန့် အသားဖြူဖြူ အပေါ်အင်္ကျီအနက် ဝတ်ထားလျက် သူ့ပခုံး၌ ကင်မရာလွယ်ထားသော ကိုခင်ယု ဖြစ်သည်။

ကိုခင်ယုသည် အဖော်တစ်ယောက်နှင့် ဘုရားတစ်ပတ် လှည့်ပတ်၍အလာ သူဖြတ်သွားရာလမ်းဘေး၌ သူ့မိတ်ဆွေ





ဦးဝင်းဖေတို့ လူအုပ်ဝိုင်းကို သွားတွေ့သည်။ ဦးဝင်းဖေ၏ ပခုံးကိုနောက်မှနေ၍ အလန့်တကြားရှိအောင် ဖပ်ခနဲပုတ်လိုက် ခြင်းဖြစ်သည်။

'ကျွန်တော်တို့ ဆာလာတာနဲ့အတော်ပဲအန်ကယ်၊ ကျွန် တော်တို့ ပန်းချီဆွဲဖို့ ဘုရားတွေဓာတ်ပုံလာရိုက်တာ'

'ဝင်. . . ဝင်. . . မကုန်နိုင် မခန်းနိုင်အောင် ချက်လာတာ၊ မြရေ. . .'

ထမင်းဝိုင်းအတွက် လက်သုပ်သုပ်နေသော ဒေါ်မြမြသည် ကိုခင်ယုဘက်သို့ လှည့်မော့ကြည့်သည်။ ပူဖောင်းနေသော သူ့ဝမ်းဗိုက်ပေါ်၌ ပြုတ်ကျနေသော ထဘီစကို ကပျာကယာ ကောက်ချိတ်လျက် ဝမ်းသာအယ်လဲ ဖိတ်ခေါ်သည်။

'အလို. . . ဘယ်သူလဲလို့၊ မောင်ခင်ယုတို့ပါလား၊ ဘယ်သူ တွေပါသေးတုံး၊ လာလာ. . . ဝင်ကြ ဝင်ကြ'

ကိုခင်ယုသည် ဝိုင်းထဲသို့ ဝင်ထိုင်ပြီး သူနှင့်မျက်နှာချင်း ဆိုင်တည့်နေသော မူမူ၏ မျက်နှာကလေးကို ရွှန်းရွှန်းစားစား ကြည့်လိုက်မိသည်။ ရွှန်းရွှန်းစားစား ကြည့်လိုက်ပြီးမှ ဆက်၍ မကြည့်ဝံ့သည့်ပမာ မျက်နှာလွှဲလိုက်သည်။

ကိုခင်ယု၏ ပန်းချီမျက်စိထဲတွင် မူမူ၏မျက်နှာအလှသည် အပြစ်ကင်းခြင်းဖြင့် နှစ်လိုချမ်းမြေ့ဖွယ်ရာကောင်းသော အလှ ဟု သတ်မှတ်ပြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုခင်ယု ရွှန်းရွှန်းစားစားကြည့်လိုက်သော အကြည့်တွင် မူမူသည် ရုတ်ခြည်း မျက်လွှာချထားလိုက်သည်။ မူမူမှာ အနေ ကျုံ့လျက်ရှိသည်။ သူနှင့်တည့်တည့်ထိုင်သော သူ့ကိုရွှန်းရွှန်း စားစား ကြည့်သောမျက်နှာရှင်သည် မျက်လွှာချထားသည့် သူ့ မျက်လုံးအောက်၌ မြင်နေရသည်။

'ကိုခင်ယုကြီးစားပြီးရင် နီနီတို့ကို ဓာတ်ပုံရိုက်ပေးနော်' နီနီက ဆိုသည်။

'ထမင်းဝိုင်းလည်း ရိုက်ပေးပါဦးကွ၊ ဓာတ်ပုံဆရာရေ ရောက်လာတာ ဟန်ကျလိုက်တာ' ဦးဝင်းဖေကပြောသည်။

သူ့တစ်ပုံ၊ ငါ့တစ်ပုံရိုက်ရန် လူအုပ်ထဲမှ ပွဲတောင်းနေကြ သည်။

'မူမူနဲ့ နီနီနဲ့ တွဲရိုက်ရပြီကွ'

သူ့ဘေးမှနီနီကပြော၍ မူမူ၏မျက်လွှာပင့်အတင်၌ကိုခင်ယု အကြည့်နှင့် ဆုံလိုက်ပြန်သည်။ မူမူမှာ မလုံမလဲ စိတ်ဝင် လာသည်။ သူ့အား အခွင့်ရတိုင်းကြည့်သောသူဟု သူ့စိတ်၌ သာယာကျေနပ်မှုတော့ရှိသည်။

မူမူ ကိုယ်ပေါ်၌ ထိမ်ပြာရောင်အင်္ကျီနှင့် ထဘီဖြူဆွတ် ဆွတ်ဝတ်ထားသည်။ ပိုးပျော့အဖြူ ပဝါဖွေးဖွေးကလေးကို သူ့ လည်၌ ပတ်ချည်ထားသည်။ ပဝါစကလေးများမှာ တစ်ဖက်တို တစ်ဖက်ရှည်နှင့် တစ်ချက်တစ်ချက် လေ၌လွင့်ပါးနေသည်။





ပန်းချီဆရာ ကိုခင်ယုသည် မူမူ၏ပုံပန်းသဏ္ဌာန်လေးကို ပန်းချီကူးဆွဲချင်စိတ် ပေါ်နေသည်။ ထောပတ်ထမင်းကလည်း အရသာရှိသည်။ မူမူ့ကိုရှေ့၌ထား၍ စားရခြင်းကလည်း အရ သာတွေ့သည်။

ဓာတ်ပုံရိုက်ရန် ပြင်ကြ၊ ဆင်ကြသည့်အခါ၌ ကိုခင်ယု သည် မူမူတို့အတွက် နေရာကောင်းကို လိုက်ရှာရွေးနေသည်။

မူမူသည် ဓာတ်ပုံချိန်ထားရာသို့ ပြုံးဟန်တွင် ညို့နေ သော မျက်လုံးကလေးဖြင့် ကြည့်နေသည်။

ကိုခင်ယုသည် ကင်မရာချိန်ပြီး ငုံ့ကြည့်နေခြင်းမဟုတ်၊ မူမူ၏အလှကို သူငုံ့ကြည့်နေသည်။

ညို့တို့တို့နေသောမျက်လုံး၊ စိမ်းမှောင်လှသော မျက်ခုံး၊ ဖြောင့်တန်းပေါ်ထင်နေသော နှာတံ၊ နှင်းဆီနှုတ်ခမ်းတို့မှာ အပြစ်ဆိုစရာမရှိအောင် အဘက်ဘက်က ပြည့်စုံနေသည့်အလှ၊ ယင်းအလှကို အချိန်ယူလျက် ကိုခင်ယု စိမ်ပြေနပြေ ကြည့်လေ သည်။ စွဲမက်ဖွယ်ရာအကောင်းဆုံးမှာ မူမူ၏ ညို့တို့တို့ မျက်လုံး၊ မျက်လုံးများက စကားပြောနေဘိသကဲ့သို့. . .

ပန်းချီမျက်စိဖြင့် မူမူ့ကို ပုံအမျိုးမျိုးရိုက်ယူသည်။

နီနီ မိတ်ဆက်ပေးခြင်းဖြင့် တစ်ယောက်နှင့်တစ်ယောက် နောက်နောက်က တစ်ခါမှ မမြင်ဖူးပဲလျက် မိတ်ဆွေဟောင်း များ ပြန်တွေ့ရပုံမျိုးအတိုင်း တစ်ခဏနှင့် သိကျွမ်းရင်းနှီးသွား



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

ရွှေသာလျှောင်း၊ ရွှေမော်ဓောသို့ ခရီးဆက်ကြသည်။ ကားပေါ်၌ ကိုခင်ယုနှင့် သူ့အဖော်ပါ လိုက်ပါလာသည်။

တစ်နေရာရောက်၍ ဆင်းကြလျှင် ရောက်သည့်နေရာ ရသည့် အချိန်ပိုင်းအတွင်း၌ မူမူနှင့် ကိုခင်ယုတို့ စကားလက်ဆုံ ကျနေကြတတ်သည်။

မူမူနှင့်ဆက်ဆံရာ၌ ပန်းချီဆရာ၏ ပျော့ပျောင်းယဉ်ကျေး ဖွယ်ရာများသည် မူမူ၏မျက်စိ၌ထူးခြားကာ နှစ်သက်ခြင်းစိတ် ထပ်တလဲလဲ ဖြစ်ပွားမိသည်။ ဘယ်ရောက်ရောက် ကိုခင်ယု သူ့အနား၌ အမြဲရှိနေတတ်သည်။ သူ့ကို အထူးကွက်၍ အရေး ပေးဂရုစိုက်ကာ ကူညီဖော်ရသည့် အဖော်ကောင်းတစ်ယောက် ဖြစ်နေသည်။

'သန်လျင်ကို မူမူအပတ်တိုင်း ပြန်သလား'

'မပြန်ပါဘူး၊ မူမူ အလုပ်ရမှ အပတ်တိုင်းပြန်ပါမယ်၊ ခုတော့ အလုပ်စောင့်နေတုန်းပဲ'

'မူမူ အလုပ်ဝင်မှာ ဘယ်တော့လဲ'

'တစ်လလောက်တော့ ထပ်စောင့်ရပါဦးမယ်၊ ရုံးကအစီ အစဉ်တွေတော့လုပ်နေပြီ'

မူမူက ခေါင်းကလေးကိုစောင်း၍ တတွတ်တွတ်ပြော လျက် လျှောက်လာကြစဉ် မျက်တောင်မခတ်မိဘဲ ကိုခင်ယုက





ကြည့်လေ့ရှိသည်။

'ပန်းချီကားတွေ အတော်ဆွဲရသလား ကိုခင်ယု'

'ကျွန်တော်ကလက်တွေ့မှ ဆွဲလို့ရတယ်'

'အခုဘာကားတွေ ဆွဲနေသလဲဟင်'

'စိတ်ထဲမှာ ဘုရားကားဆွဲချင်စိတ်ပေါက်နေတယ်'

နီနီကဝင်၍ ရယ်မောပြောလိုက်သည်။

'တစ်ခါတုန်းက ဖေဖေ့ကိုပေးတဲ့ကားမျိုး မဖြစ်စေနဲ့နော်၊ ပေါက်ဝနဲ့ ဘုန်းကြီးကျောင်း တစ်ပိုင်းနဲ့၊ အရောင်က်မွဲခြောက် ခြောက်ကြီး'

ကိုခင်ယုက ပြုံးစိစိဖြင့် ပြန်ပြောသည်။

'နီနီက ပန်းချီမျက်စိမှမရှိဘဲ၊ အဲဒီပုံဟာ မားနဲ့ခြစ်ဆွဲ တာ၊ ဒန်ကယ် တောင်းလွန်းလို့ပေးရတာ'

'ပုံတူကော မဆွဲဘူးလား'

မူမူကထပ်၍ မေးလိုက်သည်။

'ပုံတူအဆွဲတော့ ပထမတန်း၊ မလှတဲ့လူ သူဆွဲရင် လှသွား ရော'

နီနီက ကိုခင်ယုအစား လှ၍ဖြေကာ တမင်စ, တမင် နောက်နေသည်။

ဟသ်ာကုန်း၌ မူမူ ဆီမီးပူဇော်သည့်အခါ ကိုခင်ယုက



www.burmeseclassic.com

www.burmeseclassic.com



မီးညှိလျက် ဝိုင်းဝန်းကူညီ ထွန်းပေးသည်။

ကိုခင်ယုနှင့် တွေ့ကြသည့်အချိန်ကစ၍ မူမူသည်ကိုကျော်
သူ့ကို လုံးဝအမှတ်မရတော့။ ကိုကျော်သူနှင့် ကိုခင်ယု
တွေ့ရပုံချင်းတော့ ကွာခြားသည်။ ကိုခင်ယုကို တစ်ချိန်
တွေ့နေရခိုက် မူမူ့၌ စိတ်ကျဉ်းကျပ်မှုမရှိဘဲ လွတ်လပ်သည်
ပျော်ရွှင်သည်။

ဦးဝင်းဖေက 'ခင်ယုကြီးတော့ စန်းပွင့်နေပြီ'ဟု ဒေါ်
နားသို့ တီးတိုးကပ်ပြောကာ တဝါးဝါးရယ်မောလျက်ရှိသည်

ပဲခူး၌ တစ်နေကုန် အချိန်ဖြုန်းကြပြီး နေစောင်းမှ
ထွက်ခဲ့ကြသည်။

မူမူတို့ အိမ်ရှေ့၌ ကားမဆိုက်မီ ကိုကျော်သူ့ကားမျာ
နေမလား စိတ်ထင့်နေရသည်။ ကားမတွေ့ရမှ မူမူစိတ်အေ
သည်။

'ဆင်းကြပါဦး'

မူမူက အားလုံးကိုဖိတ်ခေါ်သည်။ အားလုံးက အချိ
နှောင်းသွားသဖြင့် မူမူဖိတ်ခေါ်ချက်ကို လက်မခံတော့ပဲတော
ပန်ကြသည်။

'ဒါမူမူနေတဲ့အိမ်ပါ။ ဓာတ်ပုံတွေပြီးရင် မူမူ့ဆီဖုန်းဆက်
မူမူတို့နဲ့ တစ်အိမ်ခြားမှာ တယ်လီဖုန်းရှိပါတယ်'

မူမူပေးသော တယ်လီဖုန်းနံပါတ် ကိုခင်ယုရေးမှတ်





သည်။

'ဓာတ်ပုံတွေပြီးပြီးချင်း ကျွန်တော်ဖုန်းဆက်ပါ့မယ်'

'ဖုန်းရှိသလား'

မူမူက သိချင်စိတ်ဖြင့် မေးဖြစ်အောင်မေးသည်။

'ကျွန်တော်က ကျောင်းဆောင်မှာ သူငယ်ချင်းနဲ့နေတာ၊ ပန်းချီခန်းမှာတော့ ဖုန်းရှိပါတယ်'

ကားအထွက်နီနီက 'တာ့တာ'ဆိုကာလက်ပြသည်။ မူမူသည် ကားနောက်ပိုင်းမှ နီနီနှင့် ကိုခင်ယုတို့ကို လက်ကလေးတပြပြကျန်ရစ်သည်။ အဝေးသို့ ကားရောက်သွားသည်အထိ အိမ်ထဲသို့မဝင်သေးဘဲ လက်ပြလျက် ငေးကြည့်နေသည်။

အိမ်ထဲသို့ဝင်ရန်အလှည့် လမ်းတစ်ဖက်မှ သူ့နားသို့ ခပ်သွက်သွက်လျှောက်လာသော မင်းယဉ်ကို တွေ့လိုက်သည်။ မင်းယဉ်ကို မြင်မြင်ချင်း ကိုကျော်သူ့ ယောက်ဖမှန်းသိသည်။ မျက်နှာချင်းမဆိုင်နိုင်အောင် မူမူက အမြန်လှည့်ကွေ့လျှောက်သွားသည်။

'ဒီမှာ ခင်ဗျ'

မူမူ၏ကျောနောက် ခြံတံခါးပေါက်မှ မင်းယဉ်က အသံပြုလိုက်သည်။ မလှည့်ချင်လှည့်ချင်နှင့် မူမူပြန်လှည့်ကာ မလှည့်ချင်လှမ်းချင် ပြန်လှမ်းလာပြီး ခပ်ပြတ်ပြတ်မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘာကိစ္စလဲ'

'ကိုကျော်သူ မလာဘူးလား၊ ကိုကျော်သူလေ'

မင်းယဉ်၏ စပ်ဖြုဖြုမျက်နှာနှင့် မထိမထိလုပ်၍ မေးဟန်မှာ ထင်ရှားနေသည်။

'ယောက်ဖက အင်မတန်ဆိုးတဲ့အကောင်'ဟု ကိုကျော်သူ ပြောဖူးခြင်းကို သတိရလိုက်သည်။ မူမူက မျက်နှာတည်တည်ထားပြီးမှ ပြန်ပြောသည်။

'မလာဘူး'

'ဒီနေ့အတွက် မေးတာပါ'

'ဘယ်နေ့အတွက်ပဲဖြစ်ဖြစ်၊ ဘာကိစ္စ လာမေးတာလဲ'

'သိချင်လို့မေးတာပေါ့၊ မမေးရဘူးလား. . . ဟဲ. . . ဟဲ'

မင်းယဉ်၏ နောက်ဆက်တွဲ ဟဲဟဲသံဖြင့် မူမူ့တစ်ကိုယ်လုံး ကြက်သီးတဖြန်းဖြန်း ထသွားသည်။ တစ်မျက်နှာလုံး ထူပူလာလျက် မိမိကိုမခိုးမခန့် တမင်သက်သက် လာသရော်မှန်း ချက်ချင်းရိပ်မိသည်။

'မူမူရေ ဘယ်ကလဲဟေ့' အိမ်အပေါက်ဝမှ ရပ်ကြည့်နေသော မစောရှင်က အသံပြုလိုက်သည်။

'ဒီလိုမေးပုံမျိုးနဲ့ ဒီမှာတော့ လာမမေးနဲ့၊ မရှိဘူးလို့ပြောပြီးပြီ'





'ဘယ်လိုမေးပုံမျိုးနဲ့ မေးရမှာလဲခင်ဗျ'

မူမူသည် အဖြေမပေးဘဲ ကျောခိုင်း၍ လှည့်ထွက်သွားသည်။ မင်းယဉ်၏ မခိုးမခန့် ရယ်သံတို့သည် မူမူ့ကျောထဲတွင် ရှိန်းခနဲဖြစ်လျက် နားတွေပါးတွေပါ ပူပြင်းထူအမ်းသွားသည်။

'ဘယ်ကသူငယ်လေးလဲဟယ်'

အိမ်ပေါ်ရောက်လာသော မူမူ့ကို မစောရှင်က ဆီးမေးသည်။

'မအူမလည်နဲ့ အိမ်မှားပြီး လာမေးနေတာပါ'

မူမူသည် စကားကို တိုတိုနှင့်ဖြတ်သည်။ သူ့မမစောကို အမှန်အတိုင်း ပြောလိုက်၍မဖြစ်။

'ရှုပ်ရှုပ်ယှက်ယှက်အေ' ဟု သူ့ကိုဆိုရုံပြောရုံသာမက သူ့ပေါ်၌အထင်မှားအမြင်မှား ဖြစ်လာမှာကို ကြောက်သွားသည်။

'ညည်းသွားပြီး မကြာပါဘူး မောင်ကျော်သူလာတယ်၊ စာအုပ်တွေလည်း ပေးသွားတယ်၊ စားစရာတွေရော၊ ဆေးတွေရော၊ မီးသီး၊ မီးချောင်းတွေရော အစုံ အစုံ'

မူမူ့မှာမကြားလိုသောအသံကို ကြားရသကဲ့သို့ တတ်နိုင်လျှင် သူ့နားကို ပိတ်ထားလိုက်ချင်သည်။ မင်းယဉ်လာ၍ ထိကပါး ရိကပါးကလိခြင်းကို ရှက်စရာကောင်းမှန်း သူသိသည်။ ရှက်စရာကောင်းမှန်း အသိကြောင့် သူနှင့်နီးကပ်နေသော ကိုကျော်သူသည် သူနှင့်အလှမ်းဝေးရာသို့ ရောက်သွားသကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



မှတ်ရသည်။ ဣန္ဒြေမနည်းဆည်လျက် ပြန်ပြောလိုက်ရသည်။

'ဘယ်အချိန်က လာသွားသလဲ မမစော'

မူမူသည်ပြောရင်း သူ့အခန်းရှိရာသို့ လျှောက်သွားသည်။

'မနက်က တစ်ခေါက်၊ စောစောကလည်း လာသေးတယ်၊ တစ်ခေါက်၊ ညမှလာဦးမယ်လို့ ပြောသွားတယ်'

မနက်က တစ်ခေါက်၊ စောစောက တစ်ခေါက်ဆိုသော အသံတွေသည် မူမူ၏နားထဲသို့ နင့်ခနဲ နင့်ခနဲ ဝင်သွားသည်။

ကိုကျော်သူကို မူမူတွေ့ချင်စိတ် မရှိတော့သလောက်ဖြစ်သည်။ သူ့မှာမယားနဲ့၊ လာတိုင်း လက်ခံတွေ့နေလို့မဖြစ်တော့ဘူးဆိုသော အသိစိတ်ဝင်လာသည်။ ကိုကျော်သူ့ယောက်ဖက ထပ်ရမ်းခဲ့သော အရှက်ရမှုကိုတွေး၍လန့်သည်။ မင်းယဉ်လာ၍ နှောင့်ယှက်ကြောင်း ကိုကျော်သူ့ကို တိုင်လိုက်မည်ဟု ပထမ စိတ်ကူးကြည့်သည်။ ဤစိတ်ကူးအတိုင်းလည်း မဖြစ်နိုင်၊ မိမိက မကျေမနပ်နှင့် တိုင်တန်းလိုက်က ကိုကျော်သူမင်းယဉ်ကို မုချအရေးယူလိမ့်မည်၊ အရေးယူခဲ့သော် မင်းယဉ်က နောက်ဆုတ်သွားလျှင်တော်ရဲ့၊ နောက်မဆုတ်ဘဲ ယခုထက် ပိုဆိုးလာသော် သူသာလျှင် ရန်များစရာရှိမည်၊ အရှက်ကွဲစရာရှိမည်၊ ဤကိစ္စ လောလောဆယ်ဖွင့်၍ မပြောသင့်သေးဟု သူ့စိတ်၌ထင်လာသည်။

ကိုကျော်သူလာတိုင်းလက်ခံ၍ ဘယ်နည်းနှင့်မှမဖြစ်နိုင်





[ကြော]င်း မင်းယဉ်လာပြီးမှ သူ့စိတ်မှာ ပို၍ခိုင်မာလာသည်။

ရင်းနှီးမှုကြောင့် သာယာသလိုဘာလိုလို ရှိခဲ့ဖူးသောစိတ် [ကို] မင်းယဉ်က မူမူ့ရင်ထဲမှ ကျွတ်ထွက်သွားအောင် နုတ်ယူ[သွား]လိုက်သည်။

ကိုခင်ယုလို လွတ်လွတ်လပ်လပ် မဟုတ်သူဟု သွား၍ [တွေး]မိခြင်းကပင် နှိုင်းယှဉ်စရာနေရာသို့ ကိုခင်ယု ရောက်ရှိ[လာ]သည်။ ကိုကျော်သူ့ကို မသိမသာ နောက်ဆုတ်ရန် ကြိုး[စား]ဖို့ တွေးတောနေခိုက် အိမ်ရှေ့၌ ကားဆိုက်သံကြားရသည်။

'အခုပဲ ပြန်ရောက်တယ်၊ အခန်းထဲမှာ အဝတ်လဲနေ[တ]ယ်'

မူမူသည် မမစောအသံကို ကြားလိုက်မှ ပျာယီးပျာယာ အဝတ်အစားလဲလိုက်သည်။

'ဘယ့်နှယ် ပျော်ပွဲစားသွားတာ မူမူတော်တော်ပျော်ခဲ့ရဲ့[လ]ား'

မူမူ၏ ပြုံးနေကျ အပြုံးကလေးကိုကြည့်၍ ကိုကျော်သူက [ခ]နဲ့တဲ့တဲ့ပြောကာ ရယ်မောသည်။

'ပျော်ပါတယ်. . .မူမူ ဒီနေ့လောက်ပျော်တာ ရှိကိုမရှိဘူး၊ [ဘု]ရားတွေကို စုံသွားတာပဲ'

တစ်မျိုးတစ်မည်ဖြစ်သွားသော ကိုကျော်သူ့မျက်နှာကို မူမူ[သ]ာ မသိချင်ယောင်ပြုသည်၊ တစ်မျိုးတစ်မည်အဖြစ်မှ နဂိုနေ



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ပြန်၍ပြင်လိုက်သည့် မျက်နှာကိုလည်း မသိချင်ယော
ပြုလျက် ကုလားထိုင်၌ မူမူဝင်ထိုင်သည်။

'ကိုယ်တောင် သန်လျှင်က မူမူတို့အိမ် သွားလည်ကြရ
မူမူတို့ကို ရေလည်ဘုရားခေါ်သွားမလို့ စဉ်းစားဖူးသေးတ
ဒီလိုခရီးသွားချင်မှန်းမသိလို့ မခေါ်ဖြစ်တာ၊ နောက်တစ်ပ
သွားမလား၊ ကိုင်း. . . ပြော'

စိတ်အားထက်သန်စွာဖြင့် သူ့အားစောင့်ဆိုင်း၍ ကြည့်
သော ကိုကျော်သူ၏မျက်နှာကို ပြန်၍ရင်မဆိုင်ဘဲ မူမူ
မျက်နှာလွှဲလိုက်ကာ ခပ်အေးအေး ပြန်ပြောသည်။

'နောက်တစ်ပတ်က ရက်တွေလိုပါသေးတယ်၊ အခုကြို
ပြီး မပြောပါရစေနဲ့၊ မသွားဖြစ်တော့ စီစဉ်ရတဲ့လူမော
မယ်. . . ကြည့်သေးတာပေါ့'

မူမူ တစ်မျိုးဖြစ်နေသလိုလို ကိုကျော်သူ့စိတ်ထဲ၌ မ
တတ်ဖြစ်လာသည်။ သူ့စိတ်၌ မသက်သာ၍ ဟိုတွေးသည်တွေ
သောင်းခြောက်ထောင်တွေးကာ စူးစမ်းချင်စိတ်ရှိလာသည်။

'မူမူတို့သွားတာ လူတွေတော်တော်များသလား'

'မူမူသူငယ်ချင်းနဲ့ သူ့မိဘဆွေမျိုးတွေရော သူတို့ မိတ်
တွေရော တစ်ကားလုံးပြည့်ကျပ်သွားတာပဲ'

မူမူသည် ကိုခင်ယု၏ မျက်နှာကိုဖျတ်ခနဲ မြင်မိသည်
ကိုခင်ယုဆိုသူ ပန်းချီဆရာနှင့် မိတ်ဆွေဖြစ်လာခဲ့ကြောင်း၊





နှင့် မသိသူကိုပြောစရာမဟုတ်၊ ပြော၍မဖြစ်ဟု ထိမ်ချန်ထား
လိုက်သည်။

မမစောက ဘိလပ်ရည်ဖန်ခွက် လာချပေးလျက် အိမ်အ
တွက် ပစ္စည်းများယူလာတာ အားနာကြောင်း ထပ်ပြောပြန်
သည်။

'ဟုတ်ပါရဲ့ကိုကျော်သူ၊ မမစော ခုနကမူမူရောက်ရော
ချင်းအားနာတာပြောတယ်၊ မူမူတို့အတွက် ဘာမှမယူခဲ့ပါနဲ့
တော့၊ ပေးတာတွေလည်း များလှပြီ၊ မူမူလည်း အားနာတယ်'

သူ့ကို ပစ်ပယ်သည့်သဘောနှင့် ပြောဆိုများနေသလား
လို့ မူမူ့အမူအရာ၌ အဖြေတွေ့လိုတွေ့ငြား တစ်စမကျန် အကဲ
ခတ်လျက်ရှိသည်။

'အားနာရအောင် ခဲခဲယဉ်းယဉ်းကြီး ရှာဖွေလာရတာမျိုး
မဟုတ်ပါဘူး၊ ဒီမှာ လိုမှာပဲဆိုပြီး လွယ်လွယ်ရလို့ ဆွဲခဲ့တာပါ။
မူမူကပါ အားနာစရာစကားတွေ ကိုယ့်ကိုများ ပြောနေသလား၊
တကတဲမှပဲ ဒီနေ့ မူမူပြောပုံက အခုမှပေါင်းရတဲ့လူသစ်လို
ကိုယ့်ကိုဆက်ဆံနေတာ စိတ်ထဲတစ်မျိုးပဲ. . . မကောင်းဘူး၊
နောက်ဒီစကားမျိုး မပြောနဲ့နော် ဟုတ်လား'

မူမူသည် ပြန်၍ ကိုယ်ရှိန်သတ်သည်။ ပြန်၍လျှော့သည်။
ပြန်၍ပျော့လိုက်သည်။

'မူမူက ဟုတ်တာပြောတာ၊ နောက်မကြိုက်ရင်မပြော



www.burmeseclassic.com

www.burmeseclassic.com



ဘူးပေါ့'

မူမူ့ထံမှ ရယ်သံကလေး ထွက်လာမှ ကိုကျော်သူရင်ပေါ့သွားသည်။ ခပ်ကြာကြာ စကားပြောမည်၊ နေဦးမည့်ဟန်ဖြင့် အပေါ်အင်္ကျီထချွတ်လျက် ကုလားထိုင်၌ ချိတ်လိုက်သည်။

မူမူ့စိတ်ထဲ၌ အိမ်ရှေ့မှာ မင်းယဉ်များ ရောက်နေမလားဟု ထိတ်နေသည်။

ရင်ထဲတွင် မငြိမ်သက်အောင် ထိတ်ရသည့်အပြင် သူ့ရှေ့တွင် မင်းယဉ်က သူ့အားရှုတ်ချက်ရဲ့နေသယောင်ယောင်အရှက်ကြီး အရှက်ရလျက် မင်းယဉ်နှင့် ကွယ်ရှောင်၍ မလွတ်အောင်ဖြစ်နေသည်။

ခုနေများ မင်းယဉ် အိမ်ပေါ်တက်ရမ်းလျှင် ကိုကျော်သူ သူ့ဇနီးကို အမြန်ကွာရှင်းပစ်နိုင်ရန် အခွင့်ကောင်းရမည်ဖြစ်ရာ သူ့အား လက်ထပ်ရန်ဘယ်လောက်လာ၍ နားပူတိုက်လိုက်မလဲ အောက်မေ့မိသည်။

ခါတိုင်း ညစာစားချိန်ရောက်လျှင် မူမူကရှိတာနှင့်ပင် ပြင်ကျွေးပြီး အတူတကွစားကြမြဲဖြစ်သည်။ ယနေ့တော့ ကိုကျော်သူကို ပြန်စေချင်နေသည်။ ယခင်က အချိန်ကြန့်ကြာ ရမလားဟု မထင်မိခဲ့၊ ယနေ့မှ ကြာရမလားဟု စိတ်ထဲက အပြစ်တင်သည်။

သူ့ မမစောရှိသော အခန်းထဲသို့ အမှတ်တမဲ့ ထဝင်





ဘူးကာ. . .

'မူမူ မဆာဘူး မစားဘူး. . . ညှော်သည်လည်း မကျွေးဘူး၊ မမစော စားနှင့်ပါ' လက်တို့လျက် တိုးတိုးကြိတ်ကြိတ် ပြောသည်။

ကိုကျော်သူသည် အချိန်ဆွဲကာစိတ်ရှိသလို မူမူ့ကိုလေ့လာအကဲခတ်လျက် စကားမရှိ စကားရှာပြောနေသည်။ စကားပြောရင်း ခါတိုင်းလို သူ့ကိုအပြုံးကလေးဖြင့် မျက်လုံးချင်းဆုံစ်တတ်သည့် အခွင့်အရေးကလေး ရနိုင်မည်မရနိုင်မည် လက်တန်နှိုက်၍ ရှာဖွေစောင့်ကြည့်နေ၏။

ညဉ့်နက်အောင် စကားထိုင်ပြောနေပြီးမှ သူ့စိတ်၌ မကျေနပ်တနပ်နှင့် ထပြန်ခဲ့ရသည်။ ကိုကျော်သူ ပြန်သွားမှ ခေါင်းပေါ်၌ ရွက်ထားရသော ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ချပစ်လိုက်ရသကဲ့သို့ မူမူ့စိတ်ထဲ၌ လွတ်လပ်ပေါ့ပါးသွားသည်။

ထိုနေ့ညတော်တော်နှင့် မူမူအိပ်မပျော်နိုင်၊ ကိုခင်ယုကို သတိတရဖြစ်နေသည်။ ကိုခင်ယုနှင့် ဘုရားတွင် အတူယှဉ်၍ ဆီမီးထွန်းညှိ ပူဇော်ပုံသည် မူမူမှိတ်ထားသော မျက်လုံးထဲမှ ထွက်သော မူမူ၏ယနေ့ညဉ့်အိပ်မက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



| ၇ |

ကိုကျော်သူ ရုံးထွက်သွားပြီးနောက် နွဲ့နွဲ့ယဉ်ဧည့်ခန်းရှင်း
တံခါးမှန်ချပ်များကို လှပ်ဖွင့်သည်။

အိမ်ထောင့်ရှိ စိန်ပန်းပင်ကြီးတစ်ပင်လုံး၌ အရွက်မ
ဘဲ အပွင့်တွေ ဖြန့်ဝေကာ ရဲရဲတောက်နေသည်။ သရက်
ပိန္နဲပင်တို့ ခြံပတ်လည်တွင်တန်းစီ၍ ရွက်ချင်းယှက်ကာ ခြံ
ဝင်းလုံး အေးမြသောအရိပ်များဖြင့် မိုးထားသည်။

စိမ်းစိုအုပ်ဝေနေသော သစ်ပင်ကြီးတွေကိုကြည့်လ
ကွယ်လွန်သူဖခင်ကို တမ်းတမိနေသည်။

ဤခြံဝယ်၍ ဤအိမ်ကို မဆောက်မီကပင် ဤအ
တွေပျိုး၍စိုက်ခဲ့သောဖခင်။ သူစိုက်ခဲ့သောအပင်မှ အသီးတွေ
အပင်မမြင်ရမစားရ။ ဖခင်ကွယ်လွန်၍ နွဲ့နွဲ့ယဉ်အိမ်ထောင်
ပြီး ငါးနှစ်ရှိမှ အပင်တွေကြီးထွားရှင်သန်ကာ ခူးမနိုင်
အောင်ပင်သီးကြသည်။

သရက်ပင်၊ ပိန္နဲပင်တို့မှ ဖြိုင်ဖြိုင်ဝေနေသော အသီးတွေ
ကိုလည်း မြင်စေသချင်၏။ မပြေမလည်ဖြစ်၍ တစ်နေ့မှ
တ်ချမ်း သာကွက်မရှိသော ဖခင်စီမံနေရာချထားပေးခဲ့သည့်
အိမ်ထောင်ရေး သုခဘဝကိုလည်း မြင်စေချင်သည်။

နွဲ့နွဲ့ယဉ်သည် သူ့အတွေးနှင့်သူ ခြံဘက်သို့ငေးမောနေ
သည်။

နွဲ့နွဲ့ယဉ်မှာ အသက်၂၅နှစ်ခန့်အရွယ်ပင် ငယ်သည့်တိုင်
အနေအထိုင် အပြောအဆို တည်ကြည်သူဖြစ်သည်။ အသက်
င့်မလိုက်၊ သုံးဆယ်ကျော်လောက် မှန်းရအောင်ရင့်နေသည်။

စည်းစနစ်ရှိ၍ မာနကြီးသည်။ ယဉ်ကျေးသိမ်မွေ့ခြင်းရှိ၍
စိတ်ထားနူးညံ့ပျော့ပျောင်း သူတော့မဟုတ်။ မဟုတ်မခံ စိတ်
ကြီးသည်။ သူ့စိတ်ထဲ၌ မခံနိုင်ခြင်းတို့ဖြင့် စိတ်ကြီးသလောက်
စိတ်လိုက်မာန်ပါ လုပ်လိုက်ချင်သည်က တစ်ဖက်၊ တစ်ဖက်မှ
သည်းခံခွင့်လွှတ်ဖို့ ရှေးရှုရခြင်းအတွက် သူ့နှလုံးသား၌ စိတ်
နှစ်ခုတို့၏ လွန်ဆွဲခြင်းမျိုးဖြင့် တိုက်ပွဲဆင်တတ်လေသည်။

'မမနွဲ့'

ဤအသံမှာ နွဲ့နွဲ့ယဉ်၏ကျောကို ကျောက်ခဲဖြင့်လှမ်းပေါက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သကဲ့သို့ ထိမှန်သွားသော မင်းယဉ်၏အသံဖြစ်သည်။

မင်းယဉ် ငွေတောင်းပြီးကထည်းက စကားမပြောဘဲနေ သည်မှာကြာပြီ။ မင်းယဉ်သည် မနက်မိုးလင်းထွက်သွား မိုးချုပ်မှပြန်သည်။ အိမ်၌ထမင်းစားချင်သည့်အခါမှစားသည် သူကအကြီးဖြစ်၍ မျက်နှာသာမပေးဘဲ မျက်နှာထားဖြင့် တည်တည်လုပ်သာနေရသည်။ မောင့်အတွက် တအုံနွေး စိတ်ဆင်းရဲနေရသည်။ ဖခင်မရှိမှ တေချင်တိုင်းတေနေသော မင်းယဉ်အတွက် မကြာခဏ ရင်ထုမနာဖြစ်မိသည်။

နွဲ့နွဲ့ယဉ် လှည့်၍ကြည့်သည်။ မင်းယဉ်သည် တင်း သုန်မှုန်ထားသော သူ့မျက်နှာထားနှင့် အကြည့်ချင်းဆိုင်သည် မင်းယဉ်၏မျက်နှာကဲကိုကြည့်၍ နွဲ့နွဲ့ယဉ် ရင်လေးသွားသည် ပိုက်ဆံတောင်းဦးမှာပဲလို့ နွဲ့နွဲ့ယဉ်သိသည်။ မင်းယဉ် ရင်ဆိုင်ရသည်လောက် သူ့ရင်၌ ပူပြင်းတာမရှိဟု ထင်မိသည်

နွဲ့နွဲ့ယဉ်က ဘာမှမပြော။ အသံမထွက်ဘဲ ကြည့်သာ သည်။

'ထိုင်ပါဦးလေ. . . မင်းမင်း ပြောစရာရှိတယ်'

မင်းယဉ်ကအရင်ထိုင်သည်။ မင်းယဉ်ထိုင်ပြီးမှ နွဲ့နွဲ့ယဉ် က ဝင်ထိုင်သည်။ မင်းယဉ်နှင့်နွဲ့နွဲ့ယဉ်တို့မောင်နှမမျက်နှာ ချင်းဆိုင်ကြလျှင် မင်းယဉ်က မှုန်ကုပ်ကုပ်၊ မျက်နှာထားဆိုးဆိုး။ နွဲ့နွဲ့ယဉ်က မျက်နှာအိုအို၊ မျက်လုံးအကြည့်က တင်းမာနေ သောအကြည့်။





'ပြောမှာက တခြားမဟုတ်ပါဘူး'

မင်းယဉ်အသံမှာ နဂိုသံမဟုတ်ဘဲ အသံပျက်နေသည်။ မှုန်သုန် ကုပ်ထားသည့် မျက်နှာထားမှာပို၍သာ မှောင်မည်း နေသည်။

နွဲ့နွဲ့ယဉ်သည် ခြေချိတ်လျက် လက်ပိုက်ပြီး မင်းယဉ်၏ မျက်နှာပေးနှင့်ပြိုင်၍ အိုနိုင်သမျှအို မာနိုင်သမျှမာထားသည်။

'မင်းမင်းအလုပ်အကိုင်လုပ်တော့မလို့ ငွေအရင်းအနှီးလို ဘယ်၊ အိတ်ထဲက စိုက်ထုတ်ပေးကြဖို့ ပြောနေတာမဟုတ်ဘူး၊ ဒီအိမ်ရဲ့ တန်ဖိုးတစ်ဝက်ခွဲပေးပါ၊ ဒီကရတဲ့ အမွေနဲ့ရင်းနှီးပြီး အလုပ်လုပ်ရမှာ'

မျက်နှာအိုစာလျက် ခက်ထန်တင်းမာနေသော အမူ အရာကို မရုပ်သိမ်းဘဲလျက် နွဲ့နွဲ့ယဉ်၏ရင်ထဲ၌ လောင်သွား ကာ စပ်ပူစပ်ဖျဉ်းဖြစ်လာသောဝေဒနာကို ခံစားလျက်ရှိသည်။

'ပြောချင်တာကတော့ ဒါပါပဲ၊ အဲဒီတော့ ဘယ်လိုလဲ'

နွဲ့နွဲ့ယဉ်မှာ စကားမပြောနိုင်ပဲရှိသည်။ သူ့ကိုပြောပြီး မျက်နှာလွှဲနေသော မင်းယဉ်ကို စူးစူးစိုက်စိုက်ကြည့်နေသည်။

နွဲ့နွဲ့ယဉ်မျက်စိထဲ၌ မင်းယဉ်မှာယခင်ကလိုမဟုတ်ဘဲ များစွာ ပြောင်းလဲနေသည်။ ရှေးကသပ်သပ်ရပ်ရပ်ဝတ်စား နေထိုင်တတ်သော မင်းယဉ်၊ ယခုတော့ မင်းယဉ်မှဟုတ်ရဲ့ လားဟု ထင်ရအောင် ပုံပျက်နေသည်။ ခေါင်းကစုတ်ဖွားစုတ်



www.burmeseclassic.com

www.burmeseclassic.com



ဖွား၊ အဝတ်အစားများမှာ ကြေနွမ်းလျက် လူရုပ်မပေါ်အောင် ဖြစ်နေသည်။

မင်းယဉ်၌ ရှိရှိသမျှသော အဝတ်အထည်တို့သည် ဘဝ ပြောင်း၍ကုန်ကြသည်။တိုက်ပုံအင်္ကျီ၊ ရှပ်အင်္ကျီ၊ မန္တလေးပိုး ပုဆိုး၊ အင်းလေးပုဆိုး၊ ဘန်ကောက်ပုဆိုးစသည့် အဖိုးတန်တို့ သည် ပါတိတ်လုံချည်၊ တက်ထရွန်၊ ကရစ်လိုင်းကြီးလိုင်းငယ် လိုင်းလတ်စသည့်မိန်းကလေး အသုံးအဆောင်ဘဝသို့ ပြောင်း ရောက်သွားကြသည်။

တစ်ထည်ပြီးတစ်ထည် မတန်တဆရောင်းချလျက် မချောရီ တို့ သားအဖကိုဖို့နေရခြင်းကြောင့် အဝတ်ကောင်းမှန်သမျှ မရှိတော့၍ နွဲ့နွဲ့ယဉ်မသိအောင် သေတ္တာဟောင်းလောင်းကို အမြဲသော့ပိတ်ထားသည်။ ကျန်ရှိသောလေးငါးထည်ကို တစ် ထည်ဝတ်တစ်ထည်လျှော်၊ ဒါဝတ်လုပ်ဖန်များခြင်းဖြင့် အရောင် မရှိ နွမ်းဖျော့နေခြင်းဖြစ်သည်။

စည်းမဲ့ကမ်းမဲ့ ကျက်သရေမဲ့၍နေသော မင်းယဉ်၏ရုပ်ကို ကြည့်လျက် မျက်စိဆင်းရဲရသည်။ အမွှေတောင်းစကားလာပြော သော မင်းယဉ်၏အသံကိုကြား၍ နားဆင်းရဲရသည်။အိမ် တွင်းရေး ဘာမှမသိတတ်သော မင်းယဉ်အတွက် စိတ်ဆင်းရဲ ရသည်။

နွဲ့နွဲ့ယဉ်သည် တစ်ထိုင်တည်း မျက်စိဆင်းရဲ၊ နားဆင်းရဲ၊ စိတ်ဆင်းရဲမှုတို့ကြောင့် မင်းယဉ်ကိုပြန်၍ စကားမပြောနိုင်သ





ယောက် နှုတ်ပိတ်ဆိတ်ငြိမ်နေသည်။

ဘုရားခန်းမှဆွမ်းတော်ကပ်ပြီး ထွက်လာသော ဒေါ်သိန်း မေကိုမြင်၍ တစ်ချက်လှည့်ကြည့်လိုက်သည်။ မောင်နှမနှစ် ယောက်စလုံး မျက်နှာပျက်နေကြပုံကိုမြင်သဖြင့် ဘာများလဲဟု တွေးတောပူသွားကာ သူတို့အနားသို့ ဒေါ်သိန်းမေရောက်လာသည်။

'ဘယ်လိုလဲ ပြောပါ...'

ကြွပ်ဆတ်ဆတ်အသံနှင့် မင်းယဉ်ကမေးသည်။

'ဘာဖြစ်နေကြတာလဲ'

ဒေါ်သိန်းမေသည် မောင်နှမမျက်နှာကဲကိုကြည့်၍ ဝင် ရောက် မေးသည်။

'ဘာဖြစ်ရမလဲ... အိမ်တန်ဖိုး သူ့ကိုတစ်ဝက်ခွဲပေးဖို့ ပြောလုပ်နေတယ်လေ'

နွဲ့နွဲ့ယဉ်သည် မျက်နှာပျက်ပျက်ဖြင့် ပြောလိုက်သည်။

'ဟင်...'

ဒေါ်သိန်းမေသည် ဟင်ခနဲအံ့ဩသွားကာ မင်းယဉ်ကို လှမ်းကြည့်လိုက်သည်။

'မင်းမင်းမှာ အရင်းအနှီးလိုနေတယ်၊ အလုပ်လုပ်တော့ မယ်၊ ဒီအိမ်မှာလည်း မနေတော့ဘူး'

မင်းယဉ်သည် မည်သူ့မျက်နှာကိုမှမကြည့်ဘဲ တစ်ဖွဲတည်း



www.burmeseclassic.com

www.burmeseclassic.com



ပြောနေသည်။

'ဟဲ့ . . . ဘယ်ဖြစ်မလဲ . . .'

ဒေါ်သိန်းမေနှုတ်က ရုတ်ခြည်းထွက်သွားသည်။

'ဘာဖြစ်လို့မဖြစ်ရမှာလဲဗျ . . . ဒါ ဖေဖေ့အိမ်ပဲ၊ မင်းမင်း လည်းဆိုင်တယ်၊ တန်ဖိုးသင့်ပြီး တစ်ဝက်ခွဲပေးကြပါ'

'ဒါဖေဖေ့အိမ်မဟုတ်ဘူး . . . သိရဲ့လားဟဲ့ . . .'

နွဲ့နွဲ့ယဉ်ကဒေါသသံဖြင့် အော်ငေါက်ပြောလိုက်သည်။

မင်းယဉ်၏မျက်လုံးများ ပြူးကျယ်သွားသည်။

ဒေါ်သိန်းမေသည် နွဲ့နွဲ့ယဉ်ဆက်၍ မပြောစေရန် လ ကာ ဝင်တားလျက် . . .

'နေပါဦးနွဲ့ရယ်၊ ဒေါ်ကြီးအေးအေးဆေးဆေးပြောစ ပါရစေ' ဆိုကာ ကုလားထိုင်၌ဝင်ထိုင်သည်။

မင်းယဉ်သည် ဒေါသကြီးတစ်ခွဲသားနှင့် သူ့အဒေါ်ကြီးက စိုက်ကြည့်လျက် . . . ဘာပြောဦးမလဲဆိုသည့်သဘော ပမာ ခန့် မျက်နှာထား တစ်မျိုးထားလျက်၊ နားစွင့်ထားသည်။

'ဒီအိမ်ဟာ မင်းမင်းတို့ အဖေအိမ်မဟုတ်ဘူး၊ ဒီအ ကြောင်းတွေ နွဲ့ကမင်းသိဖို့ မင်းမင်းကို ပြောမယ်လုပ်တိုင် ဒေါ်ကြီးက မင်းမျက်နှာငယ်သွားမှာစိုးတဲ့အတွက်မပြောဖို့ ပိတ် ထားတယ်၊ ဒီမြေနဲ့ဒီအိမ်ဝယ်တုန်းက ငွေမပြည့်စုံလို့မင်း တို့အဖေ ငွေတိုးချေးပြီး အကြွေးနဲ့ဆောက်ရတာ၊ အိမ်ဆောက်





ပြီး အတိုးတက် အကြွေးကပူလာတော့ ရုတ်တရက် ပြန်မဆပ်နိုင်ဘူး၊ ဒါကြောင့် ဒီအိမ်ကို မောင်ကျော်သူဆီ ပေါင်ပြီး အကြွေးတချို့ ဆပ်ခဲ့ရတယ်၊ နောက်မင်းတို့အဖေ မမာလာတော့ ကျန်တဲ့အကြွေးတွေအတွက် ဘယ်လိုမှမကြံနိုင်မဖန်နိုင်တဲ့အဆုံး ဘယ်သူမှမသိအောင် မောင်ကျော်သူ့ကိုပဲ ကျိတ်ရောင်းလိုက်ရတယ်'

နွဲ့နွဲ့ယဉ်၏ မျက်လုံးထဲ၌ စွဲနေသည့် မျက်ရည်စတို့ မကျလာရန် ထိန်း၍နေရဆဲ၊ မင်းယဉ်က ကျောက်ရုပ်ကဲ့သို့ ငြိမ်သက်နေသည်။

နွဲ့နွဲ့ယဉ်တို့၏ဖခင် ဦးလွန်းဘော်သည်အိမ်ကို ကိုကျော်သူနာမည်နှင့်လွှဲပေးပြီးမှ ရှေ့ရေးကိုမျှော်တွေးပူပန်ကာ ကိုကျော်သူအား သူ့သမီးနှင့်လက်ဆက်ရန် နားချတိုက်တွန်းသည်။

ဦးလွန်းဘော်နှင့် ကိုကျော်သူ့ဖခင် ဦးကံမြင့်တို့မှာ ညီအစ်ကို အရင်းပမာ ကောင်းတိုင်ပင်ဆိုးတိုင်ပင် ရင်းရင်းချာချာနေခဲ့ကြသည်။ ကိုကျော်သူသည် ဦးလွန်းဘော်အိမ်သို့ အိမ်သားတစ်ယောက်ပမာ ဝင်ထွက်သွားလာနေလျက် ဦးလွန်းဘော်၏အရေးပေးမှုကိုရရှိသူဖြစ်သည်။

ကိုကျော်သူ နောက်ဆုံးဒီဂရီယူရမည့်နှစ်၌ ကိုကျော်သူ၏မိဘများ ရှေ့ဆင့်နောက်ဆင့် သေဆုံးသွားကြသည်။ လိုလေသေးမရှိအောင် ပြည့်စုံချမ်းသာကာ၊ အမွေများစွာဖြင့် ကျန်ရစ်ခဲ့သော ကိုကျော်သူကိုအိမ်ထိုးအပ်ပြီးမှ သမီးနှင့်ပေး စားရန်



www.burmeseclassic.com

www.burmeseclassic.com



ခံ့န်နွယ်ပြီး တိုက်တွန်းခြင်းဖြစ်သည်။

ကိုကျော်သူနှင့် နွဲ့နွဲ့ယဉ်တို့တက္ကသိုလ်သို့ အတူရောက်ခဲ့ပြီးမှ နွဲ့နွဲ့ယဉ်မှာ တစ်နှစ်သာ နေခဲ့ရသည်။ ဖခင်မကျန်းမာ၍ အလိုက်တသိ ကျောင်းထွက်ခဲ့သည်။

ကိုကျော်သူသည် နွဲ့နွဲ့ယဉ်တို့အိမ်ကို အဝင်အထွက်ရှိ၍ နွဲ့နွဲ့ယဉ်နှင့် ခင်ရုံသာခင်မင်သည်၊ ဦးလွန်းဘော်က နွဲ့နွဲ့ယဉ်ကို လက်ထပ်ရန် တိုက်တွန်းတော့မှသာ သူ့စိတ်တွင် နွဲ့နွဲ့ယဉ်ကို ချစ်သလိုလိုတိမ်းညွတ်လာသည်။ မကျန်းမာနေသောဦးလွန်းဘော်၏ တောင်းပန်ချက်ကို လွန်ဆန်၍မကောင်းတတ်သည့် အကြောင်းလည်းပါသည်၊ ချစ်ခင်ခြင်းထက် အားနာခြင်းတို့ဖက်ကာ လိုက်လျောလက်ထပ်ခဲ့ခြင်းဖြစ်သည်။

မင်းယဉ်ကို အိမ်တွင်းရေး ရှင်းပြပြောဆိုနေသော ဒေါ်သိန်းမေသည်ပြောရင်း မျက်ရည်စမ်းစမ်းဖြစ်လာသည်။

နွဲ့နွဲ့ယဉ်တို့မိခင် ကွယ်လွန်သွားစဉ်က လူလားမမြောက်သေးသောမောင်နှမကို သူ့အကူအညီဖြင့် သူ့အစ်ကိုဦးလွန်းဘော် အိမ်ထောင်သစ်မထူဘဲ နေခဲ့ပုံတို့မှာ ပြန်၍တွေးမိကာ အသစ်ပြန်ဖြစ်သည်။

အစ်ကိုမကွယ်လွန်မီ သမီးနှင့်သားကိုပုံအပ်ကာ မျက်နှာလွှဲသွားပုံကိုငြ ည်းပြန်၍ အသစ်ဖြစ်ရသည်။ ဝမ်းကလွယ်မမွေးရရုံတစ်မည်၊ တူနှင့်တူမပေါ်၌ မိခင်ရင်းနှင့်မခြား ရပ်တည်





ခဲ့သူဖြစ်သည်။

ဦးလွန်းဘော်မရှိပြီးနောက် နွဲ့နွဲ့ယဉ်၏ အိမ်ထောင်ရေးကလည်း အဆင်မပြေ၊ မင်းယဉ်ကလည်းတစ်ရန်၊ သည်အိမ်ထောင်တည်တံ့မှ ဥမကွဲသိုက်မပျက် ဖြစ်ကြမည်ဖြစ်၍ သူ့နေရာမှ အတတ်နိုင်ဆုံး ဖာလိုက်ထေးလိုက် ဖုံးလိုက်ဖိလိုက်ဖြင့် မီးစင်ကြည့်၍ စခန်းသွားနေရသော သူ့ဒုက္ခကို သူအသိဆုံးဖြစ်သည်။

ဒေါ်သိန်းမေသည်ပြောပြီး တစ်ခေါင်းလုံးဖွေးဖွေးလှုပ်ဖြူနေသော သူ့ဆံပင်ကို ပြန်၍ပတ်သည်။ သူ့ရှေ့၌ သုန်မှုန်နေကြသော မောင်နှမ အရိပ်အခြည်ကို ဆံပင်ပတ်ရင်းအကဲခတ်သည်။ နွဲ့နွဲ့ယဉ်၏ အိုနေသော မျက်နှာကလည်း အိုမြဲအတိုင်း၊ မင်းယဉ်၏ မှုန်နေသောမျက်နှာကလည်း မှုန်မြဲအတိုင်း . . .

'ဘာအလုပ်များ လုပ်ချင်လို့ အမွေတောင်းရတာလဲ မင်းမင်းရယ်'

ဒေါ်သိန်းမေက မင်းယဉ်ကိုချော့၍ မေးသည်။

မင်းယဉ်သည် ဘာမှပြန်မပြောဘဲ မှုန်ကုပ်နေသည်။

မျှော်လင့်ခြင်းကုန်ဆုံးလျက် အားလျှော့အားငယ်စိတ်တို့သည် မင်းယဉ်ကို မလှုပ်နိုင်အောင် ချုပ်နှောင်ထားသည်။

ဝပ်ရှော့ထောင်မှ သူ့သမီးနှင့်ပေးစားမည့် ဦးအောင်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို မြင်နေမိသည်။ ဖြစ်အောင်လုပ်ပါမောင်ရယ် ဆို သော မချောရီ၏အသံကလေးကိုလည်း အဖန်တလဲလဲ ကြား နေမိသည်။

ဝပ်ရှော့ထောင်မပေးနိုင်သဖြင့် မချောရီနှင့်လွဲရမှာ စိုးရိမ် ခြင်းကလည်း တစ်မျိုး၊ လက်ရှိအလုပ်အကိုင်ကလည်းမရှိ၊ ပ ညာကလည်းမပြည့်စုံ၊ ယောက်ဖကြည်သာမှ နေရစားရမည့်ဘဝ ကိုလည်း စိတ်နာ၍မုန်း . . .။

'အဒေါ်ကြီးမေးတာပြောလေ၊ မင်းမင်းဘာလုပ်ချင်လို့တုံး'

မင်းယဉ်ထံမှ အသံထွက်မလာ။

'ကျောင်းသာပြန်နေပါသားရယ်၊ ကြိုးစားလိုက်ရင် ဒီဆယ် တန်းဟာ အောင်မှာပါပဲ၊ ဆယ်တန်းအောင်ရင် မင်းမင်းဝါသ နာပါတဲ့ စက်မှုတက္ကသိုလ် ဆက်တက်သွားတော့ တစ်နေ့မှာ ကိုယ့်ခြေထောက်နဲ့ကိုယ် ရပ်တည်နိုင်မယ့်ဘဝဖြစ်လာမယ်။ကိုယ့် ဘဝကိုယ်ကျောင်းနိုင်မယ်'

နွဲ့နွဲ့ယဉ်သည် မင်းယဉ်ကို မသိမသာ မျက်နှာငုံ့ကြည့် လိုက်သည်။ ငုံ့ကြည့်လိုက်မှ စိတ်မချမ်းမသာ ပိုဖြစ်သွားသည်။ မင်းယဉ်၏ မဲ့ရွဲ့နေသောမျက်နှာ၌ စိတ်ဓာတ်ကျကာ တွယ်ရာမဲ့ အသွင်ပေါက်နေသည်။ မလွှဲသာ၍ အမှန်အတိုင်းဖွင့်ပြောလိုက် ရခြင်းဖြစ်သည်။ မင်းယဉ် စိတ်ငယ်သွားမှာ မလိုလားတာတော့ အမှန်ပင်ဖြစ်သည်။





ပညာဆက်မသင်ဘဲ သည်အတိုင်းသာ ပြောမရဆိုမရ ...လေနေရင်တော့ သူ့ဘဝရှေ့လျှောက် ခွေးဖြစ်တော့မှာပဲ တွေးမိပြန်ကာ ကရုဏာဒေါသ ဖြစ်လာသည်။

'ဘာအလုပ်မှလုပ်စရာမလိုဘူး၊ ဆယ်တန်းအောင်အောင် ...ာင်းပြန်နေ၊ ကျောင်းပြန်မနေရင် ရှေ့လျှောက်ကိုယ့်ဘဝ ...ဖြစ်မယ်ထင်သလဲဟင်'

နွဲ့နွဲ့ယဉ်၏ ကရုဏာ ဒေါသသံသည်တုန်ယင်နေသည်။ ...န်ယင်သည့်နောက်ပိုင်း အက်ကွဲသောအသံများ တစ်ဆက် ...ည်း ထွက်လာသည်။

'တစ်နေ့ခွေးဖြစ်မယ်၊ မဟုတ်တာတွေ လျှောက်ဖြစ်မယ်၊ ...ာင့်သာကြည့်နေပါ'

ငုံ့နေသော မင်းယဉ်၏ခေါင်းသည်မတ်သွားသည်။ အစ်မ ...ပ်သူက သူ့ကို နှိမ့်ချပြောဆိုလာခြင်းကိုတော့မခံချင်။ သူ့ ...ပေါ်၌ ကောင်းစေလိုသော စေတနာကို မမြင်နိုင်ဘဲ နှိမ့်ချ ပြောဆိုခြင်းသက်သက်ဟူ၍သာမှတ်ထင်သည်။

'ဖြစ်ချင်တာဖြစ်တော့ကော ဘာဖြစ်သလဲ'

'ဘာပြောတယ်'

တင်းမာထားသော မျက်လုံးကိုတအားကုန်ပြူး၍ နွဲ့နွဲ့ယဉ် ... အော်မေးလိုက်သည်။

'နွဲ့ကလည်းကွယ်၊ ဖျောင်းဖျောင်းဖျဖျပြောမှပေါ့ မင်းမင်း



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ကိုယ့်အစ်မကို ဘာဖြစ်လို့ခံပြောရသလဲ၊ အရင်တု ကဆို မင်းမင်းခုလိုမမိုက်ရိုင်းဘူး၊ အစ်မကိုကောင်းကောင်း မွ မွန်ပြန်ပြောစမ်း'

ဒေါ်သိန်းမေသည် ခေါင်းမီးတောက်သွားသည်။ တူမငေ မရ၊ တူပြောမရ ဗျာများလျက်၊ အခြေအနေမဆိုးရန် တား လိုက်ရသည်။

'မိုက်ရိုင်းတာတော့ မပြောနဲ့၊ အိမ်ကလူတွေလည်း လူ မှတ်ဘူး၊ အိမ်မကပ်၊ ပြန်အိပ်ချင်မှအိပ်၊ စားချင်မှစား၊ တစ် တစ်နေ့ လမ်းမှာချည်းပဲ၊ ပြီးတော့ အိမ်ကလူတွေကို စိ ညစ်အောင် အမျိုးမျိုးလာလုပ်သေးတယ်၊ တစ်နှစ်လောက် စားရင် ဒီဆယ်တန်းဟာ အောင်မှာမုချ၊ အလုပ်အကိုင် လု တော့ အရင်းအနှီးပေးစရာမရှိဘူး၊ ကျောင်းပဲဆက်ထားနိုင်မ ကျောင်းပြန်နေ . . . ဒါပဲ'

နွဲ့နွဲ့ယဉ်က အသံခပ်ဆတ်ဆတ်နှင့်ပြောသည်။ မင်းယ သည် မိမိအား ကျောင်းမနေချင်မှန်းသိလျက်နှင့် ကျောင် ကားများကိုသာ ပြောဆိုနေကြ၍ သူ့အားတမင်သက်သက် စကားပြောသကဲ့သို့ မှတ်ယူနေသည်။

'ငွေမပေးနိုင်ရင် မပေးရုံဘဲပေါ့၊ ကျောင်းတော့ဘ တော့မှ ပြန်မနေဘူး၊ အရင်းအနှီးမရှိလည်း ကားမောင်းစား ရပါတယ်'

မင်းယဉ်က ဒေါနှင့်မောနှင့် အရွဲ့တိုက်ပြောလိုက်ပြီး စိ





လိုက်မာန်ပါ နေရာမှထသွားသည်။

နွဲ့နွဲ့ယဉ်သည် ဒေါသမထိန်းနိုင်ဘဲ တစ်စုံတစ်ခု ပြောမည်အလုပ် ဒေါ်သိန်းမေကနွဲ့နွဲ့ယဉ်အား မပြောရန်လက်ကာ၍ အရိပ်အကဲပြလျက် မင်းယဉ်အခန်းထဲသို့ လိုက်ဝင်သွားသည်။

အခန်းထဲမှ သေတ္တာဖွင့်သံဗိတ်သံကြားရ၍ နွဲ့နွဲ့ယဉ်သည် ဒေါသဖြစ်နေဆဲမှ မင်းယဉ်အိမ်ပေါ်မှဆင်းသွားမလားဟု တစ်ဖက်ကပူပန်ရပြန်သည်။

မင်းယဉ်ကို ဒေါ်သိန်းမေက လေသံဖြင့်ကျိတ်၍ ပြောနေသည်။

'မင်းအစ်မက သူ့ယောကျာ်းအတွက် စိတ်ကောင်းတာမဟုတ်ဘူး၊ မင်းကပါ တစ်ဖက်ကနှောင့်ယှက်ရင် သူ့ခမျာပိုစိတ်ဆင်းရဲမှာပေါ့၊ မမိုက်ပါနဲ့၊ လိမ္မာစမ်းပါ'

မင်းယဉ်သည် အံကြိတ်လျက် သေတ္တာပိတ်ကာ ပုဆိုးလဲဝတ်သည်။

'အခု. . . ဒါ ဘယ်သွားဦးမို့လဲ၊ သွားရင်လည်း ထမင်းစားပြီးမှသွား၊ အဒေါ်ကြီးပြင်ပေးမယ်'

ဒေါ်သိန်းမေ ချော့မော့တားဆီးသော်လည်းမရ။

မင်းယဉ်သည် အဝတ်လဲပြီး ဧည့်ခန်း၌ထိုင်နေသော သူ့အစ်မကို လှည့်၍မျှမကြည့်ဘဲ အိမ်ပေါ်မှ ဆင်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

| ၈ |

ဦးအောင်ထွန်းသည် ထမင်းစားပြီးစ ပက်လက်ကုလားထိုင်တွင် ထိုင်လျက်မှိန်းနေသည်။ အိမ်ပေါ်သို့ လူတက်လာသံကြား၍ မျက်လုံးဖွင့်ကြည့်လိုက်သည်။ မင်းယဉ်သည် မချောရီကို ရှာသော အကြည့်ဖြင့် အိမ်တွင်းသို့ လှမ်းကြည့်ရင်း ဦးအောင်ထွန်းနားသို့ရောက်လာကာ ဖျာပေါ်၌ထိုင်ချလိုက်သည်။

'မောင်မင်းယဉ် ထမင်းစားပြီးပြီလား'

'ဟုတ်ကဲ့ ပြီးခဲ့ပါပြီ'

မင်းယဉ်က ထမင်းဆာဆာနှင့် ပြန်ပြောသည်။

ကုလားထိုင်မှ ဦးအောင်ထွန်းထသွားကာ သူ့ပါးစပ်မှ အရက်နံ့မရအောင် သောက်ရေအိုး၌ ပလုတ်ကျင်းပြီးမှ မင်းယဉ်



ားတွင် ထိုင်လိုက်သည်။ နောက်ဖေးခန်းမှ မချောရီအိုးခွက် န်းကန်ဆေးကြောနေသံများကို အတိုင်းသားကြားရသည်။

မင်းယဉ်သည် မျက်နှာညှိုးညှိုးနှင့် ဦးအောင်ထွန်းကိုကြည့် ိုက်သည်။ မင်းယဉ်မျက်နှာညှိုးလာခြင်းကို အိမ်ပေါ်ရောက်လာ တည်းက ဦးအောင်ထွန်းအကဲခတ်ပြီးဖြစ်သည်။ အကြောင်း သိချင်လျက် မမေးသေးပဲ သူ့သမီးကို အသံပြုလိုက်သည်။

'ချောရီရေ့. . . မောင်မင်းယဉ်လာတယ်၊ ရေနွေးကြမ်း ခဲ့'

'ဦးလေး. . . ကျွန်တော် အရင်ပြောတာ မဖြစ်တော့ဘူး'

ဦးအောင်ထွန်း မင်းယဉ်ဘက်သို့ မျက်နှာရောက်မလာမီ င်းယဉ်က စတင်ပြောလိုက်သည်။

'ဘယ်ဟာလဲကွာ'

ဦးအောင်ထွန်း မျက်တောင်များ တဖျပ်ဖျပ်ခတ်လျက် ဉ်းစားသည်။ ပြန်၍ငြိမ်သက်သွားသောမျက်နှာ၌ စူးနေသော အကြည့်နှင့် စေ့နေသောနှုတ်ခမ်းတို့ကြောင့် မင်းယဉ်ဆက်ပြော န်ရွံ့သွားသည်။

'ဝပ်ရှော့ကိစ္စပါ၊ ကျွန်တော့်အစ်မဆီ အမွေတောင်းတော့ အိမ်ကကျွန်တော်တို့ အိမ်မဟုတ်ဘူး၊ အဖေမသေခင်ကအကြွေး ကြောင့် ယောက်ဖကိုအပြီးရောင်းသွားတယ်။ ရောင်းပြီးမှ ကျွန် တော့်အစ်မနဲ့ လက်ထပ်ပေးတာ၊ ကျွန်တော် အမွေရဖို့လမ်းမရှိ



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးဦးလေး'

ဦးအောင်ထွန်း အကြည့်သည် သူ့ရှေ့၌ မနေတတ်မထိုင်တတ်ဖြစ်လာလောက်အောင် မင်းယဉ်ကိုစိုက်ကြည့်လျက်သည်။ မျက်လုံးများ တဖြည်းဖြည်း ရုပ်သိမ်းသွားသည့်အခါ ဦးအောင်ထွန်း မျက်နှာမှာညိုမည်းစပြုလာသည်။

'တခြားလမ်း ကြံပါဦးမယ် ဦးလေးရယ်'

မျက်နှာမည်းလာသော ဦးအောင်ထွန်းအား မင်းယဉ်က လန့်လန့်ဖြင့် စိတ်ကျေနပ်အောင်ပြောသည်။

ဦးအောင်ထွန်းသည် ရုပ်ပျက်ဆင်းပျက် ငြိမ်သက်လျက်နေသည်။

'တစ်ခုမဖြစ် တစ်ခုဖြစ်အောင် ကျွန်တော်လုပ်မှာပါ'

မင်းယဉ်က တိုးလျှိုးတောင်းပန်သံနှင့် ထပ်ပြောသည်။

'အေးကွာ. . . ဦးလေးကလဲ အလုပ်မရှိ၊ မင်းကလဲအလုပ်မရှိ၊ အဲဒါမှ ခက်တာပါပဲကွာ'

မင်းယဉ်သည် သူ့ခေါင်းကိုငုံ့ချထားသည်။ ဦးအောင်ထွန်းနှင့် မျက်နှာချင်းပြန်မဆိုင်ရဲအောင် အနေကျုံ့နေသည်။ ဦးအောင်ထွန်း သက်ပြင်းချ၍ မှုတ်ထုတ်လိုက်သောလေသည် မင်းယဉ်၏ နှလုံးထဲတွင် လေမုန်တိုင်းဆင်လျက် ကြောက်ဖွယ်လိလိ ဝင်မွှေ့သွားသည်။

နှစ်ဦးစလုံး မျက်နှာပျက်နေကြခြင်းကို အကဲခတ်လျက်





မချောရီက လက်ဖက်ရည်ပွဲကိုလာချသည်။

မချောရီသည် မင်းယဉ်တို့နား၌မထိုင်ဘဲ ခပ်ကွာကွာမှာ ကျုံ့ကျုံ့ကလေးထိုင်နေသည်။ သူကြည့်ချင်သော မချောရီ၏ မျက်နှာကလေးကို ကြည့်ရန်ပင် ခက်နေတော့ကာ မင်းယဉ်သည် ခေါင်းငိုက်မြဲ ငိုက်နေရသည်။

'မင်းဘက်က ဝပ်ရှော့ထောင်ဖို့ မဖြစ်နိုင်ဘူးဆိုရင် တစ်ခုခုတော့ ဦးလေးကြံရတော့မှာပေါ့ကွာ'

'ကျွန်တော်လည်းကြံမှာပေါ့ ဦးလေးရ၊ အလုပ်ရှာနေမှာပါတယ်'

ဦးအောင်ထွန်း သူ့အပေါ် စိတ်ပျက်သွားမှန်းသိ၍ မင်းယဉ် စိုးရိမ်စိတ်ဝင်လာကာ စိတ်မပျက်စေရန် ပြောသာပြောရသည်၊စင်စစ်သူ၌ မျှော်လင့်ချက် အလားအလာဘာမျှမရှိသည့်အတွက် သူ့အသံမှာ ထက်သန်မှုအားနည်းနေသည်။ အားနည်းပျော့လျှနေသည်။

'ဟဲ့. . . သမီး လာစမ်း၊ အဖေခေါင်းနည်းနည်းထိုးတယ်၊ ဆက်ကြောလာထောက်စမ်း'

ဦးအောင်ထွန်းသည် မအီမလည် မျက်နှာထားကြီးနှင့် သူ့ခေါင်းကို ငုံ့ချလိုက်သည်။

မချောရီက မျက်နှာသေလေးဖြင့် ထလာသည်။ ဦးအောင်ထွန်းနောက်၌ ဒူးထောက်လျက် ဇက်ကြောဆွဲနှိပ်ပေးရင်း



www.burmeseclassic.com

www.burmeseclassic.com



မင်းယဉ်မြင်သာအောင် သူ့မျက်နှာ၌မှိုင်းညို့လျက် စိတ်မချမ်း မြေ့မှုကို ပေါ်လွင်အောင် ဖော်ပြနေသည်။ဦးအောင်ထွန်း မျက်နှာငုံ့ထားမှ မချောရီကို တစ်ချက်လှမ်းကြည့်ဝံ့သည်။

မင်းယဉ်သည် မချောရီကို သနားနေသည်။ သူ့ဘက် အရင်းအနှီးငွေနှစ်ထောင်မပြောနှင့် ငွေနှစ်ရာပင်ပေးစရာမ အလုပ်အကိုင်မရှိသောသူကို မချောရီနှင့်မှ သဘောတူပါတော့ လားဟု စိတ်ပူလာသည်။ မချောရီနှင့်ဝေးရမှာ မတွေးဝံ့ လောက် စိတ်နှလုံးဖြောင်းဆန်လာသည်။ သူ့အစီအစဉ်အတိုင် ငွေနှစ်ထောင် ခုနေပုံပေးနိုင်လျှင် မချောရီ စိတ်မကောင်းဖြစ် ရာမရှိ။ ယခုတော့မချောရီအားငယ်နေပြီဖြစ်၍ မင်းယဉ်မှ ပိုစိတ်မကောင်းဖြစ်လာသည်။

'အဖေခေါင်းနည်းနည်းကိုက်လာလို့ သွားလှဲလိုက်ဦးမယ် နင်တို့မောင်နှမစကားပြောကြဦး'

ဦးအောင်ထွန်းသည် ပြောပြီး သူ့ဇက်ကို ဟိုလှည့်သည် လှည့်ချိုးကာ မင်းယဉ်ကို စကားမပြောဘဲ မျက်နှာညိုညိုနှင့် အခန်းထဲသို့ ဝင်သွားသည်။

မင်းယဉ်မှာ အဖေနှင့်သမီးအလိုကျအတိုင်း သိတတ် ကြည့်တတ်နေရသူဖြစ်သည်။ ချစ်သူအတွက် အမြဲစိတ်အလိုကျ ဖြစ်အောင် လိုဘဖြည့်နေရသူလည်းဖြစ်သည်။ မချောရီအတွက် သာဆိုလျှင် ကြံစည်အားထုတ်ရသည့်နည်းအမျိုးမျိုးဖြင့် ငွေရှာ ပေးမည့် သူငယ်ဖြစ်သည်။





မှန်းချက်မကိုက်၍ နေရာမှ ထသွားသော ဦးအောင်ထွန်းသည် မင်းယဉ်ထံမှ အလုံးအရင်းနှင့် ရင်းနှီးငွေမရစေကာမူ တိုလီမိုလီငွေလိုတိုင်း ရှာပေးတတ်သော မင်းယဉ်ကို လက်လွှတ်နိုင်သူတော့မဟုတ်ပေ။

ရသည့်နည်းနှင့် မင်းယဉ်ရှာပေးတတ်သည့် အနည်းအများငွေကို မျှော်လင့်ခြင်းထားလျက် မင်းယဉ်ကို စကားတစ်လုံးမျှဟ မသွားဘဲ စိတ်ပျက်ဟန်ပြ၍ထသွားခြင်း ဖြစ်သည်။

မချောရီသည် ဒူးပေါ်၌မေးတင်သော ခေါင်းကိုစောင်းလျက် မျက်လုံးစင်းစင်းဖြင့် ငြိမ်သက်စွာငုံ့နေသည်။

'ရီ ရီ . . .'

မင်းယဉ်က လေသံနှင့်ခေါ်သည်။

ဦးအောင်ထွန်းအိပ်နေသည့်နေရာနှင့် ထရံခြားနေ၍ အသံကျယ်ကျယ်မထွက်ဝံ့။

မချောရီသည် ငုံ့စိုက်ထားသော မျက်လုံးကလေးများကိုသာ ဖွင့်ကြည့်လျက် သူ့မျက်နှာမှာ ဒူးပေါ်၌ပင်ရှိသည်။

'အားမငယ်ပါနဲ့ရီရယ်၊ ရီနဲ့မောင်နီးဖို့ ကြိုးစားမှာပါ၊ အလုပ်ရအောင်ရှာမှာပါ'

မချောရီ၏မျက်လုံးထဲ၌ မျက်ရည်တွေဝိုင်းလာပြီးမှ သူ့မျက်လုံးကို ပြန်စိုက်ချလိုက်သည်။

မင်းယဉ်သည် မချောရီကို မကြည့်ရက်အောင်ပင် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ မချောရီနားသို့ တိုးကပ်လျက် ခေါင်းကိုထူပွေ့၍ ယုယ ပိုက်ထွေး နှစ်သိမ့်ချင်သည့် စိတ်တို့သည် ယိုကျနေပါလျက် စိတ်သွားတိုင်းကိုယ်မပါဝံ့ပဲ ဦးအောင်ထွန်း အရှိန်ကြောင့် ချိုးနှိမ်ပစ်နေရသည်။

'ဦးလေးကတော့ မောင့်ကိုစိတ်ပျက်သွားပြီနဲ့တူတယ်'

မချောရီ၏အနားသို့ မင်းယဉ်က တိုးရွှေ့ရင်းပြောသည်။

'မောင့်ကိုစိတ်ပျက်တာဟုတ်မယ်မထင်ပါဘူး၊ အိမ်မှာသုံးစရာပိုက်ဆံတစ်ပြားမှမရှိတော့ မနက်ကတည်းက စိတ်တိုနေတာ၊ ဒါကြောင့်ပါ'

'မနေ့က မောင်ပေးခဲ့တဲ့ ငွေအစိတ်ကုန်သွားပြီလားဟင်'

အကုန်မြန်ရသလားဟု အပြစ်တင်သံမျိုးမဟုတ်ဘဲ ညှာတာစွာမေးရသော ခဲလေသံမျိုးဖြင့် မေးကြည့်သည်။

'နေမကောင်းလို့တဲ့၊ မနက်ကဆေးခန်းမှာ အဖေဆေးသွားထိုးတယ်၊ ပြီးတော့ဆေးဝယ်ရတာနဲ့ ဆယ့်ငါးကျပ် ကုန်ခဲ့တယ်၊ တစ်ဆယ်က ဒေါ်ကြင်မြိုင်ဆိုင် ကြွေးဆပ်ပြီး အသစ်ထပ်ယူခဲ့ရတယ်'

မချောရီက တိုးတိတ်သောလေသံကလေးဖြင့် ဒူးပေါ်က ခေါင်းကိုမထူဘဲ ရှင်းပြောသည်။

မင်းယဉ်မှာ တစ်ချိန်ထက်တစ်ချိန် မချောရီစိတ်ထိခိုက်နေပုံကို မမြင်ချင်အောင် ဖြစ်လာသည်။ သူမြင်နေကျ လှပ





သောအပြုံးမျက်နှာကလေးမှာ မျက်နှာသေကလေးဖြစ်နေသည့်အတွက် မီးပုံကြီးနား၌ ကပ်ထိုင်နေရသည့်အလား သူ့တစ်ကိုယ်လုံး ပူလောင်လာသည်။

'အိမ်အတွက် စျေးသုံးမရှိရင် မောင်ရှာပေးဦးမယ်'

မင်းယဉ်ကပြောပြီး ဆက်ငိုင်နေသည်။

ငွေဘယ်ကရှာရပါ့မလဲ၊ မင်းယဉ်စိတ်ညစ်လာသည်။ ငါးဆယ်တစ်ရာမဆိုထားနှင့် ငွေနှစ်ဆယ်အစိတ်ပင် သူ့အတွက် လောလောဆယ် ရှာရခက်သည်။

ငွေရှာစရာကြုံရတိုင်း၊ ဖြစ်လာတိုင်း၊ သူ့သေတ္တာကိုသာ ရှေးဦးစွာမြင်မိစမြဲဖြစ်သည်။ သူပိုင်ပစ္စည်းကလွဲ၍ ငွေဖြစ်အောင်လုပ်နိုင်သော အခြားလမ်းမရှိ။ တန်ရာတန်ဖိုးမရဘဲ မတန်တဆလျှော့ရောင်းခဲ့ရသော သူ့အဝတ်အထည်တွေကို နှမြောစိတ်တော့ရှိသည်။

မမနွဲ့ဆီတောင်းလျှင် ငွေငါးကျပ်အပြင် ပိုပေးမည်မဟုတ်၊ ဒေါ်ကြီးကို အပူတိုက်ဦးတော့ တစ်ဆယ်ထက် ပိုထွက်လာမည်မထင်၊ အခုနေ ဆယ့်ငါးကျပ်လောက် ရှာပေးလိုက်ရုံဖြင့် သူ့၌မျက်နှာကောင်းမရနိုင်။

သူ့အပေါ်၌ စိတ်ပျက်သွားသော ဦးအောင်ထွန်းကို ဆယ့်ငါးကျပ်လောက် ပေးရုံကမ်းရုံဖြင့် အလိုကျမည်မထင်၊ အနည်းဆုံး ငွေတစ်ရာလောက် ရှာပေးမှတော်ကာကျမည်။ ပိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကရပ့်ါမလဲ။

ငိုင်ကျနေသော မင်းယဉ်ကို မချောရီက အလစ်ခိုး၍ မျက်လုံးပင့်ကြည့်သည်။ မသာယာသော မျက်နှာကလေးဖြင့် တစ်ချိန်လုံး မင်းယဉ်ရှေ့၌ မှိုင်တွေချပြနေသည်။

'အဖေ့ကို မဖြစ်နိုင်ဘူးလို့ ပြောလိုက်တာစောတယ်၊ နဂိုကမှ ဒီကနေ့ ပိုက်ဆံမရှိလို့ စိတ်ညစ်နေတာ၊ လောလောဆယ် အိမ်အတွက် အသက်ရှူပေါက်ကလေး ချောင်သွားရင်တော့ သူစိတ်ညစ်နေတာတွေ ပြေသွားမယ်ထင်တာပဲ'

မချောရီသည် သူ့အဖေအလိုကျဖြစ်အောင် ဆွဲဆောင်ခြင်းဖြင့် မင်းယဉ်ကိုလမ်းပြသည်။ သူ့အဖေကြည်သာအောင် လုပ်နိုင်လျှင် လုပ်နိုင်နေသမျှ သူနှင့်နီးစပ်နိုင်သည်။ မလုပ်နိုင်လျှင် သူနှင့်ဝေးရလိမ့်မည်ဟု စကတည်းက လမ်းခင်းထားသူဖြစ်သည်။

မချောရီထပ်၍ ပင့်ပေးထားခြင်းကြောင့် မင်းယဉ်ငွေရှာရန် ခေါင်းနောက်အောင် စဉ်းစားရသည်။

'မောင်နဲ့အဖေနဲ့ အဆင်မပြေမှာစိုးလို့ ပြောရတာပါ။ ချောရီကိုတော့ ဘယ်လိုမှ မအောက်မေ့ပါနဲ့မောင်ရယ်'

ဝမ်းနည်းစိတ်ကလေး အဖျားခတ်သွားသဖြင့် မင်းယဉ် ရင်ထဲ၌လှိုက်သွားကာ စိတ်ရောကိုယ်ပါ အားပေးနှစ်သိမ့် လိုက်ရသည်။





'မအောက်မေ့ပါဘူး၊ ငွေဘယ်ကရမယ်ဆိုတာ စဉ်းစားနေရလို့ပါ၊ စိတ်ချပါရီရယ်၊ ညနေလာပေးမယ်၊ စိတ်အေးအေးနေပါနော်'

မချောရီသည် သူ့ဒူးပေါ်မှ ခေါင်းကလေးကို ပင့်၍ ခေါင်းညိတ်ပြလိုက်သည်။

စိတ်မချမ်းမြေ့ဖြစ်နေသော မချောရီ၏ ဟန်အမူအရာအားလုံးတို့သည် မင်းယဉ်စိတ်ကို တင်းကျပ်စွာ နှောင်ဖွဲ့ထားသည်။ တစ်နေရာရာမှာ ရှာပေးရန် စဉ်းစားရတော့သည်။

ရနိုင်မည့်နေရာတွေကို တစ်နေရာပြီးတစ်နေရာ စဉ်းစားတော့မှ နောက်ဆုံး ကိုကျော်သူ့ထံ၌ တောင်းကြည့်ရန်သူ့ခေါင်းထဲသို့ စိတ်ကူးရောက်လာသည်။

မင်းယဉ်မှာ အိမ်၌အမွေတောင်းတော့မှ သူ့ကိုယ်သူ ယောက်ဖကို မှီခိုနေရသည့်ဘဝဟု သိနားလည်ခဲ့ရသည့်အတွက် ကိုကျော်သူ့ထံ၌ မျက်နှာအောက်ချ၍ ပိုက်ဆံတောင်းရန်တော့ ရှက်နေသည်။ ကိုကျော်သူပေးချင်အောင် အောက်ကျခံ၍ပြောရန် သူ့စိတ်သူအားတင်းလိုက်သည်။

'စိတ်ချ ရမယ်၊ ညနေရအောင် လုပ်ခဲ့မယ်'

မင်းယဉ်က မချောရီကို အားပေးပြီး မချောရီ၏ လက်ကလေးကို လှမ်းကိုင်ဖျစ်ညှစ်ကာ နေရာမှထလိုက်သည်။

အခန်းထဲမှ ဦးအောင်ထွန်း၏ ချောင်းဆိုးသံကြားမှ မင်း



www.burmeseclassic.com

www.burmeseclassic.com



ယဉ် အိမ်ပေါ်မှဆင်းလာခဲ့သည်။

မချောရီတို့အိမ်မှထွက်လာပြီး လမ်းဘေးတယ်လီဖုန်းရှိမည့်နေရာသို့အရောက်သွားသည်။ ဘုရားသိကြားမလို့ ချောမောပါစေဟု အခါခါဆုတောင်းပြီး ရင်တထိတ်ထိတ်ဖြင့် တယ်လီဖုန်းခွက်ကို ဆွဲလှည့်လိုက်သည်။

'ဟဲလို ... အစ်ကိုကျော်သူလား'

မင်းယဉ်သည် ကိုကျော်သူကို သူ့စိတ်တွေ့မှ အစ်ကိုကျော်သူခေါ်တတ်လျက် စိတ်မထင်လျှင် ကိုရှေ့က'အ'တစ်လုံးကိုဖြုတ်၍ထားသည်။

ကိုကျော်သူမှာ အလုပ်စားပွဲ၌အလုပ်များနေခိုက် တယ်လီဖုန်းလာ၍ ကောက်ကိုင်လိုက်သည်။ မင်းယဉ်၏အသံကို ကောင်း ကောင်းမှတ်မိသည်။ မင်းယဉ်မှန်းသိသိချင်း မျက်နှာပျက်ကာ မျက်ခုံးများတွန့်သွားသည်။

'ဆိုစမ်း ... ဘာကိစ္စလဲကွ'

ခုတလော ကိုကျော်သူ မင်းယဉ်ကို သတိထားနေရသည်။ မူမူတို့အိမ်ရှေ့၌ သူ့ကားကို မင်းယဉ်တွေ့သွားသည့် နေ့ကစ၍ သူ့ပေါ်၌ မင်းယဉ် တောင်ထင်မြောက်ထင်နှင့် သူ့ကိစ္စဝင်နှောက်မှာစိုးရိမ်စိတ်ရှိကာ မင်းယဉ်ခြေလှမ်းကို အမြဲတမ်းသတိထားနေခဲ့သည်။

အိမ်၌ မင်းယဉ်နှင့်တွေ့ဆုံခြင်းကလည်းနည်းသည်။ ရှောင်





တခင်တွေ့လိုက်သည့် အခါမျိုး၌လည်း မင်းယဉ်ကဘာမှမဖြစ်သကဲ့သို့၊ သူကလည်း မင်းယဉ်ကဲ့သို့ ဘာမှမဖြစ်သ ကဲ့သို့နေလိုက်သည်။ သတိတော့အစဉ်ရှိသည်။

'မင်းမင်း သူငယ်ချင်းတစ်ယောက်က မင်းမင်းအတွက် တက်ထရက်တိုက်ပုံအင်္ကျီ တစ်ဝတ်စာပေးတယ်၊ မင်းမင်းဝတ်ချင်လို့ ငွေတစ်ရာပေးပါ၊ မမနွဲ့ဆီမတောင်းချင်ဘူး၊ အစ်ကိုကျော်သူ့ဆီမှာပဲ တောင်းချင်တယ်'

ကိုကျော်သူ၏ မျက်ခုံးတွန့်များ ပြေသွားကာ မျက်နှာပြန်၍ ကြည်လင်လာသည်။

တယ်လီဖုန်းခွက်ကို နားနှင့်ကပ်၍ မင်းယဉ်၏ အသံဗလံကို တစ်သံစီ စိစစ်ခွဲခြား၍ နားထောင်ကြည့်နေသည်။ ပျော့ပျောင်းသောအသံ၊ နှိမ့်ချ၍ ပြောနေသောအသံ၊ အောက်ကျခံ၍ ပြောဆိုသောအသံ၊ သူ့ကို အရာထား၍ ဦးတိုက်သည့်အသံ၊ အစ်ကိုကျော်သူဟု ခေါ်သောအသံကိုလည်း ကွဲကွဲပြားပြားကြားလိုက်ရသည်။

မင်းယဉ်ထံမှ ဤအသံမျိုးတွေ ကြားရမှ စိတ်အေးသွားသည်။ သည်ကောင် မူမူ အိမ်ရှေ့မှာကားကို မြင်သွားပေမယ့် မဟုတ်မဟတ် မထင်ပါကလားလို့ စိတ်ချ စိတ်အေးသွားသည်။ မင်းယဉ်ရိပ်မိမှာစိုးရသည့်စိတ်၊ မင်းယဉ်ဝင်ရှုပ်မှာ ပူရသည့်စိတ်တို့ တစ်ခါတည်း ရှင်းသွားကာ ယခုမှပဲ ရင်ချောင်၍သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။

ကိုကျော်သူ၏ဟဒယနှလုံး အကြည်ဓာတ်ဖုံးလျက်၊ ပြုံးရွှင်သွားသောမျက်နှာကို မင်းယဉ်မတွေ့ရစေကာမူ ကိုကျော်သူထံမှ ရှေးကထက် သာယာချိုအေးခြင်းရှိလှသော အသံကို မမျှော်လင့်ဘဲ ပြန်၍ကြားရသည်။

'မင်းမင်း တက်ထရက်ဝတ်ချင်သလား၊ ဝတ်ချင်ရင်ရပါတယ်ကွ ... ဝယ်ပေါ့၊ အေး ... ချပ်ဝတ်ပြီး တော်တော်ကြာတော့သာ ဟိုဟိုဒီဒီ ရောက်မသွားနဲ့နော်'

ကိုကျော်သူထံမှလာသော လေသံကြောင့် မင်းယဉ်ပြုံးသွားသည်။

မူမူ့ထံသို့သွား၍ မူမူအား မထိတထိရမ်းခဲ့ပြီးသည့်နောက်၌ မင်းယဉ်သည် ကိုကျော်သူနှင့် အတွေ့မများအောင် ခပ်ရှောင်ရှောင်လုပ်နေခဲ့သည်။ မူမူ့ကို ရမ်းခဲ့သည့်ကိစ္စနှင့် ပတ်သက်၍ သူ့အပေါ်၌ မေးလားစမ်းလား၊ အရေးယူလား ကိုကျော်သူဘာမှ မလုပ်သည့်အတွက် ဟုတ်မှန်၍များ မဟုတ်မြဲနေ တာလားဟု အတွေးရောက်ခဲ့သည်။

မင်းယဉ်ကလည်း ကိုကျော်သူ၏အသံကို မှတ်ချက်ချသည်။ သူ့ကို လေပြေထိုးနေသောအသံ၊ သူ့ကိုချော့၍နေသောအသံ၊ သူ့ကို ဝင်မရှုပ်ရန် ဆွဲဆောင်ချိုသာနေသောအသံ၊ မင်းယဉ်သည် တယ်လီဖုန်းခွက်ကိုကိုင်လျက် ရယ်ချင်လာသည်။





'ဝတ်ချင်လို့ ဝယ်တာပါ၊ ဘယ်မှမရောက်စေရပါဘူး၊ င်းမင်း အခုလာခဲ့ရမလား'

'အေး ... ရမယ်၊ အခုလာခဲ့'

ကိုကျော်သူသည် မင်းယဉ်ကို အလိုလိုက်၍ သူ့အကြိုက် းလိုက်နိုင်သည့်အတွက် စိတ်တစ်မျိုး သက်သာသွားသည်။

မူမူနှင့် မသေချာသေးခင် မူမူ့အား သူ့ဘက်ပါရန် ဆွဲဆောင် ကြိုးပမ်းနေရခိုက်ကြားမှ အနှောင့်အယှက် ဆူးငြောင့် လုတ်ကန်သင်းရှင်းကာ တစ်ဖြောင့်တည်းဖြူးချင်သည်။

မင်းယဉ်အတွက် စိတ်ချသွားသည်။ သူ့အကြောင်းကို င်းယဉ်ဘာမှမသိ မရိပ်မိဟု ယုံကြည်စိတ်အေးသွားသည်။

မင်းယဉ်သည် တယ်လီဖုန်းရုံထဲမှ ရွှင်ရွှင်ပျပျထွက်လာ ချက် သူ့ရှေ့မှ ဖြတ်မောင်းသွားသော သုံးဘီးကားတစ်စီးကို က်ခုပ်တီး၍ ခေါ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

နီနီသည် ဆိုဖာပေါ်၌ထိုင်လျက် မူမူ့ကိုလှမ်း၍ပြုံး ကြည့်နေ
သည်။ တယ်လီဖုန်းလှည့်ပြီး မူမူနားစွင့်ကိုင်ထားသော ကို
ဟန် တစ်ခုလုံးမှ အမူအရာတို့ကို သိမ်းကျုံး၍ ကြည့်နေသည်

မူမူ၏ မျက်နှာပေါ်တွင် ချစ်စဖွယ်အပြုံးရိပ်များ လှပ
ယှက်ဖြာ၍နေသည်။တောက်ပသော မျက်လုံးကလည်း ပေါ်လွ
နေသည်။ ရွှင်လို့မြူးလို့ ကြည်နူးလို့နေသော တယ်လီဖုန်းဆ
နေသည့်အချိန်သည် မူမူ၏ အလှဆုံးအချိန်ဟုဆိုရပေမည်

ကိုခင်ယုကိုတော့ မူမူငြိပြီဟု နီနီ့စိတ်၌ တစ်ထစ်ချ



လိုက်သည်။

'ကိုခင်ယု ရှိပါသလားရှင်'

မူမူသည် ရင်တဖိုဖိုဖြင့် နားစွင့်လျက်ရှိသည်။

ပဲခူး၌ ရိုက်ခဲ့သောဓာတ်ပုံများ ကူးပြီးကြောင်း ကိုခင်ယု
ာ မူမူ့ထံသို့ မူမူပေးသော တယ်လီဖုန်းနံပါတ်ဖြင့်အကြောင်း
ကြားလိုက်သည်။ ကိုခင်ယုကိုအိမ်သို့လာပေးစေရန် ချိန်းဆိုချင်
ပါလျက် မတော်တဆ ကိုကျော်သူနှင့်တိုးမှာ စိုးရိမ်၍ နီနီတို့
အိမ်သို့လာပေးရန် နေရာလွှဲချိန်းပြီး ကိုခင်ယုကိုလာ စောင့်နေ
ခြင်းဖြစ်သည်။

'မူမူပါ၊ မူမူ နီနီတို့အိမ်ကို ရောက်နေပါပြီ . . . လာခဲ့
နော်'

မူမူ၏ အသံကလေးသည် ကိုခင်ယု၏ နှလုံးသားထဲသို့
အားမြဲ၍ဝင်သွားသည်။ ကိုခင်ယုမှာ မူမူ့ကို ဓာတ်ပုံပဲကြည့်ရ
ကြည့်ရ၊ အသံကိုပဲ ကြားရကြားရ၊ ရောင့်ရဲသည်တင်းတိမ်
သည်မရှိ၊ ပဲခူး၌ မူမူ့ကိုတွေ့ခဲ့ပြီးကတည်းက မူမူကို လူကိုယ်
ိုင်တွေ့ချင်မြင်ချင်သော လိုလားတောင့်တစိတ်တို့ဖြင့် အလူး
လိမ့်ဖြစ်နေသည်။ မျှော်လင့်မက်မောခြင်းဖြင့် မူမူ၏ဓာတ်ပုံ
 အထပ်ထပ်အခါခါ ကြည့်မိသည့်တိုင် ကြည့်၍ဝသည်မရှိ။

'ကျွန်တော် ခုပဲလာခဲ့ပါ့မယ်'

'လာမယ် ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



နီနီက မူမူ့ကို မျက်စကလေးပစ်၍ မေးလိုက်သည်။

'လာပါလိမ့်မယ်'ဆိုပြီးမှ မိမိကို ပြုံးထေ့ထားသော နီနီ၏ မျက်နှာပေးကိုမြင်မိကာ မလုံမလဲ ဖြစ်သွားသည်။

'မလာဘဲ သူဘယ်နေနိုင်ပါ့မလဲ'

'လုပ်ပြီ နီနီက'

မူမူကပြောပြီး နီနီကို လှမ်းပုတ်၍ နီနီသည်သာယာ ပျစွာ ရယ်မောလိုက်သည်။

'ကိုခင်ယုကြီး ဒီတစ်ခါတော့ သိက္ခာချပါလိမ့်မယ်'

'ဘယ်လို ... ဘယ်လို'

'နီနီ့ သူငယ်ချင်းတွေထဲမှာ မူမူ့ကျတော့မှ သိက္ခာချတ အဟုတ်...အဟုတ်၊ တစ်ယောက်ဖြင့် ဘာဖြစ်သလေး၊ တ ယောက်ဖြင့် ညာဖြစ်သလေးနဲ့ ပန်းချီဆရာပီပီ ချေး(ဂျီး)များ လိုက်တာ လွန်ပါရော၊ အခုမှ ... အခုမှ'

နီနီကပြောပြီး ထပ်၍ရယ်မောနေပြန်သည်။

'တော်ပါ နီနီရယ် ... သူများရှက်အောင် မဟုတ်တာ တွေပြောမနေစမ်းပါနဲ့'

'မဟုတ်တာတွေ ပြောနေတာမဟုတ်ဘူးရှင့်၊ မူမူ့ကို သူ ကယ်စွဲနေတာ ... နီနီက အစင်းသိ'

မူမူသည် မျက်ခုံးပင့်၍ နီနီ့ကို ကြည့်လိုက်ပြီးမှ ပြုံးချို





မေးသည်။

'ဘယ်သို့များ သိသာလို့ပါလဲရှင် ... ဆိုစမ်းပါဦး'

'ဟဲ ... ဟဲ ... သူ နားထောင်ချင်တယ်ဟေ့'

နီနီသည်အသံကုန် လွတ်လပ်ရွှင်လန်းစွာရယ်ပစ်လိုက်၏။

မျက်နှာလေး မထားတတ် ထားတတ်ဖြင့် မူမူက နီနီ့ကို တ်ခမ်းကလေးစူ၍ပြနေသည်။

'တစ်နေ့က ရေကူးကန်ကလပ်မှာ နီနီနဲ့ ကိုခင်ယုနဲ့တွေ့ တယ်၊ တစ်ချိန်လုံး မူမူ့အကြောင်းကို ထိုင်မေးနေတာပဲ'

'ဘာတွေများ မေးသလဲဟင်'

'အဲ ... ဟုတ်ပြီ၊ သူသိချင်ပြီ'

နီနီ အော်ရယ်နေခိုက် မူမူက နီနီ့ပခုံးကို လှမ်းတွန်း လိုက်သည်။

'မူမူနဲ့သိတာကြာပြီလားတဲ့ မေးတယ်ဆရာ၊ ဖေဖေ သန်လျင်ဘီအိုစီမှာလုပ်တုန်းက နီနီနဲ့မူမူနဲ့ ခင်ကြတာလို့ပြောပြ တယ်၊ မူမူ့မိဘတွေက ဘာလုပ်သလဲမေးတယ်၊ မူမူ့အဖေက ဘီအိုစီမှာ စာရေးကြီးလုပ်တယ်၊ အခုတော့ ပင်စင်ယူသွားပြီ၊ မူတို့မှာ မောင်နှမငါးယောက်ရှိတယ်၊ မူမူကအငယ်ဆုံး၊ သန်လျင်မှာ ဆယ်တန်းအောင်ပြီး မူမူကျောင်းဆက်မနေတော့ ဘူး၊ အခုကုန်သွယ်ရေးမှာ အလုပ်ရမှာကြောင့် သူ့အစ်မဆီမှာ လာပြီး စောင့်နေတာ၊ သူ့အစ်မက သိပ်အေးတာပဲ ရေခဲတုံး



www.burmeseclassic.com

www.burmeseclassic.com



လို၊ မူမူရဲ့ ရာဇဝင်ကို နီနီကပြောပြပြီးတော့မှ မူမူမချောဘူးလား ကိုခင်ယုလို့ မေးလိုက်တယ်ကွ၊ အဲဒီတော့ ကိုခင်ယုက ဘာပြန်ပြောသလဲဆိုတာ မူမူတကယ် မကြားချင်ဘူးလား'

နီနီသည် မျက်တောင်ကလေး တဖျပ်ဖျပ်ခတ်လျက် မူမူ့ကို ပြုံးစိစိ ကြည့်နေသည်။

'နီနီကလည်းကွာ. . . သိပ်ရွှတ်တာပဲ၊ မပြောချင်ရင်လည်း နေ. . . ပြောချင်ရင်လည်းပြော'

အသံခပ်ပြတ်ပြတ်ဖြင့် မူမူက စိတ်မရှည်သလို ပြန်ပြောသည်။

'အံမယ်. . . မပြောဘဲ ဒီကမနေပါဘူးဟာ၊ ပြောမှာပါပဲ၊ သိပ်ချောတာပဲတဲ့၊ အသားကလေးကလည်း ဝင်းနေတာပဲ ပန်းချီဆွဲချင်လိုက်တာ. . . ပြောပေးစမ်းပါ နီနီရယ်လို့ ရှိုး ဦးတင်ပြောတယ် ဆရာ'

အားရပါးရပြောပြီး နီနီသည် အတောမသတ်အောင် ရယ်မောနေသည်။

'ကိုင်း. . . ကိုခင်ယုကြီးကတော့ နီနီ့ဆီမှာ မူမူ့အကြောင်း သိရအောင် စုံစမ်းပြီးပြီ မူမူကကော ကိုခင်ယုအကြောင်း နီနီ့ဆီမှာ မစုံစမ်းတော့ဘူးလား'

'တော်စမ်းပါနီနီရယ်၊ ဟိုကလာရင် မျက်နှာဘယ်လိုထားရမှန်းမသိအောင် လုပ်မနေစမ်းပါနဲ့'





နီနီသည် မူမူ့ကိုကြည့်၍ မူမူ၏ မျက်နှာလေးကို လည်း ညိုးထိုးကာ ခပ်အေးအေး ပြန်ပြောသည်။

'အဲဒီ ရှက်ကိုးရှက်ကန်း မျက်နှာလေးက ပန်းချီသဘောအရ ပိုတောင်လှသေးတယ်၊ ပန်းချီစုတ်ချက်မှာ ဒါပါ အသက်ဝင်သွားမယ်'

မူမူသည် နီနီ့ကို အလျှော့ပေးလိုက်တော့သည်။ သူ့ကို ပြောချင်ရာပြောတော့ရန် လွှတ်ပေးလိုက်သည်၊ သာယာကျေနပ်မှုတို့ဖြင့် မူမူ့စိတ်၌ ပျော်ရွှင်ချမ်းမြေ့နေသည်။

'ကိုခင်ယုဆိုတဲ့လူက တစ်ကိုယ်တော်၊ ညီအစ်ကိုမောင်နှမ မရှိဘူး၊ သူ့မိဘက သိပ်သဘောကောင်းတယ်၊ မန္တလေးက ဝရိက္ခရာကုန်သည်တွေ၊ ကိုခင်ယုအဖေနဲ့ ဒက်ဒီနှမဝမ်းကွဲယောက်ျားနဲ့ ညီအစ်ကိုတော်တယ်၊ သူ့မှာပန်းချီဝါသနာပါတယ်၊ သူ့လောက်အေးတဲ့လူ လောကမှာမရှိဘူး၊ လူကောင်း တစ်ယောက်ပါ မူမူရဲ့'

နီနီသည်ပြောပြီး ချိုမြစွာ ရယ်မောလိုက်ပြန်သည်။ မူမူမှာ အတူလိုက်၍ ရယ်နေရတော့သည်။

နီနီတို့ ရယ်မောရွှင်မြူးနေကြခိုက် ခြံထဲသို့ ကိုခင်ယုဝင်လာသည်။ တံခါးဝသို့ နီနီကထကြိုသည်။ မူမူက ဆိုဖာပေါ်မှာ ထိုင်လျက် မျက်နှာပေါ်၌ ပင်အလှနှင့်ပေါင်းစပ်လျက် ချိုမြသော အပြုံးလေးဖြင့် ကိုခင်ယုကို ကြိုဆိုလိုက်သည်။ မူမူ့



www.burmeseclassic.com

www.burmeseclassic.com



ကိုမြင်လျှင် မြင်ချင်းမူမူ့အပြုံးဖြင့် ကိုခင်ယုမှာလန်းသွားသည်။

'အန်ကယ်တို့ကော'

ဆိုဖာတွင်ဝင်၍ မထိုင်မီ နီနီ့ကိုမေးသည်။

'ဒက်ဒီရော မာမီရော မနေ့ကပဲ ဂျူဘာန်းက သူ့မိတ် ဆွေ တွေနဲ့ ရွှေစက်တော်ဘုရားဖူးပါသွားကြတယ်၊ သင်တန်း တက်စ ရာရှိလို့ နီနီနေရစ်ခဲ့ရတယ်၊ ညဘက်တော့ မြို့ထဲက ဒေါ်လေး တို့ လာအိပ်ပါတယ်'

ကိုခင်ယုသည် သူနှင့်မျက်နှာချင်းဆိုင်တွင် ထိုင်နေသော မူမူ့ကို ကြည့်လိုက်သည်။

မူမူ့ကို ဘုရားပေါ်၌ တွေ့ခဲ့ရပုံနှင့်မတူ၊ ထည်ဝါခမ်းနား သည့် နီနီတို့တိုက်ထဲ၌ မူမူ့ကို တွေ့နေရခြင်းသည် အလှတွင် ကျက်သရေတို့ပါ ပေါင်းစပ်ယှက်ဖြာလျက်ရှိနေခြင်းကို တွေ့မြင် မိသည်။

ဘီအိုစီအရာရှိကြီး ပင်စင်စားဦးဝင်းဖေ၏တိုက်မှာ အသစ် ပကတိ ဆောက်လုပ်ပြီးစ သစ်လွင်တောက်ပလျက်ရှိသည်။ ဧည့်ခန်းကြီးတစ်ခုလုံး၌ မှန်ချပ်များ ပတ်ပတ်လည် ဝိုင်းရံလျက် ရှိနေသည်။ လူဝင်လူထွက်တံခါးပေါက်တိုင်း၌ မှန်ကြီးတစ် ချပ်ဖြင့် တံခါးလုပ်၍ တပ်ဆင်ထားသည်။

ပိတောက်သားတို့ဖြင့် အကွက်ဖော်၍ ကျွန်းရံထားသည့် တဖိတ်ဖိတ်တောက်နေသော ကြမ်းခင်း၊ နိုင်ငံခြားဖြစ်ကော်ဇော





ဆိုဖာများ၊ မဟော်ဂနီ ပရိဘောဂများမှ အရောင်ဆန်းဆန်း လှလှတို့ဖြင့် သားနားလှစွာသော ဧည့်ခန်းကြီးကို မှန်ရောင်မှန် ပိတ်တို့ လွှမ်း၍ထားသည်။

မူမူသည် ဆိုဖာပေါ်၌ နစ်မြုပ်နေသည်။ ဆိုဖာပေါ်မှ မူမူ့အလှသည် ကျက်သရေဆင့်နေသောအလှဟု ကိုခင်ယု ထင်သည်။

ကိုခင်ယုသည် မူမူ့ကို ရွှန်းရွှန်းစားစား ကြည့်လိုက်ပြီးမှ သူ့လက်ဆွဲသားရေအိတ်ကိုဖွင့်၍ အထဲမှဓာတ်ပုံများကို ထုတ်ယူ သည်။

နီနီသည် နေရာမှထ၍ နှစ်ယောက်ထိုင်ဆိုဖာပေါ်တွင် မူမူနှင့်ယှဉ်ထိုင်ကာ ဓာတ်ပုံအိတ်ကို ဖွင့်ကြသည်။

'ဟယ် ... ဒီပုံကလေးက ကောင်းလိုက်တာ၊ ဟောဒီပုံ ကောသိပ်လှတာပဲ၊ ဟာ ... ဒီပုံကလည်း သိပ်ပေါ်တာပဲ'

မူမူနှင့်နီနီတို့ ဓာတ်ပုံတွေ တစ်ခုပြီးတစ်ခု ကြည့်ကာ ဆူညံ ရယ်မောနေကြသည်။

မူမူတစ်ယောက်တည်း ရိုက်ထားသောပုံမှာ နောက်ဆုံးမှ ထွက်လာသည်။

သူ့ဓာတ်ပုံ သူကြည့်နေသော မူမူ၏မျက်လုံးကလေးများ ဝိုင်းစက်လည်ပတ်နေလျက် ညင်သာသောအပြုံးကလေးဖြင့် နေပုံမှာ ကိုခင်ယု အသက်ရှူမှားအောင် ဆွဲဆောင်မှုအပြည့်



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။

'ကြည့်လေ ... ဒီပုံမှာ မူမူဘယ်လောက်လှသလဲ'

နီနီသည် မူမူ့လက်ထဲမှ မူမူ့ပုံကိုဆွဲယူ၍ ကြည့်ရင်းပြော နေသည်။

မူမူနှင့် ကိုခင်ယုတို့ မျက်လုံးချင်းဆုံလိုက်မိကြသည်။ မျက်လုံးများတွင် ညှို့နေလျက် ချစ်ခြင်းမေတ္တာ၏ အခိုးအငွေ့ များ ဖုံးဝေနေကာ ထိုအကြည့်ကိုပြန်၍ မြန်မြန်ဆန်ဆန်ရုပ် သိမ်းလိုက်ကြသည်။

'နီနီပုံနဲ့ မူမူ့ပုံဟာတခြားစီပဲ၊ နီနီ့ပုံမှာ အနုပညာသ ဘောလည်းမပါဘူး၊ အရုပ်ဆိုးရတဲ့သူမို့ ပိုပြီးတော့ အရုပ်ဆိုး နေသေးတယ်၊ တော်တော်မျက်နှာလိုက်တဲ့ ပန်းချီဆရာပဲ'

နီနီကကိုခင်ယုကိုပြုံး၍ပြလိုက်သည်။ ထိုနောက် အဓိပ္ပာယ် ပါပါ ပြုံး၍ပြလိုက်သည်။ ထိုနောက် အဓိပ္ပာယ်ပါပါ ရယ်မော ပြလိုက်ပြီးမှ မူမူ့ကို ပြန်ငဲ့ကြည့်လိုက်သည်။

မူမူသည် ရှက်သလို မပွင့်တပွင့်ကလေး ပြုံးရင်း နီနီ့ကို မခို့တရို့ ကြည့်နေသည်။

'ကိုင်း ... စကားပြောကြဦး၊ နီနီစားစရာသောက် စရာ သွားလုပ်လိုက်ဦးမယ်၊ တစ်ချက်ပဲထိုးနေပြီ'

နီနီထသွား၍ ဧည့်ခန်းကြီးထဲ၌ နှစ်ယောက်တည်းကျန်ရစ် ခဲ့ကြသည်။ နှစ်ယောက်တည်းကျန်ရစ်ခဲ့တော့မှ နှစ်ယောက်





တည်းဆိုသောအသိ နှစ်ယောက်တည်းဆိုသည့်အာရုံတွင် တစ် ဦးနှင့်တစ်ဦး ချစ်သူများအသွင် ရင်မှဖြစ်ပေါ်ဖန်ဆင်းကြည့်ပြီး သားဖြစ်နေကြသည်။

"မူမူ့ကို နီနီနောက်နေတယ်မထင်ပါနဲ့၊ မူမူကပြောလို့ ပြောတာမဟုတ်ပါဘူး၊ တကယ့်ကိုလှပါတယ်၊ အချိန်ရရင် ပုံတူ ဆွဲချင်တယ်၊ ဆွဲခွင့်ရမလားမူမူ'

ပဝင်းကြည်လင်နေသော မူမူ၏မျက်နှာကလေးကို မျက် တောင်မခတ် ကြည့်နေသော ကိုခင်ယုကပြောသည်။

ပန်းချီဆရာသည် အလှအပကို သူများထက်ပို၍ မြင် တတ်သည်။ တွေ့တတ်သည်။ စိတ်ကြိုက်အလှကိုတွေ့လျှင် ထို အလှကို ပိတ်ကားပေါ်၌ စုတ်ချက်သ၍ ထာဝရတည်ရန် မှတ်တမ်းတင်ချင်သည်။

မူမူက မျက်လုံးကလေး ထောင့်ကပ်လျက်ပြန်ပြောသည်။

'ပုံဆွဲချင်ရင်ဆွဲပါ၊ မူမူမှ အလုပ်မဝင်သေးတာဘဲ၊ အချိန် ရပါတယ်၊တစ်ခါပန်းချီဆွဲရင် အချိန်ဘယ်လောက်ကြာမလဲ'

'မကြာပါဘူး မူမူ၊ မူမူအချိန်ပေးရမှာ သိပ်မကြာပါဘူး'

ကိုခင်ယုမှာ မူမူက ပုံတူဆွဲရန် ခွင့်ပြုသည့်အတွက် ဝမ်း သာမှုများဖြင့် သူ့ရင်ထဲ၌ လှိုင်းထ၍လှုပ်ရှားသွားသည်။

မူမူသည် မှန်ပတ်လည်မှ ထွင်းဖောက်၍မြင်ရသော အိမ် ရှေ့ခြံဝန်းကျယ်ကြီးကို လှမ်းကြည့်လိုက်သည်။ အလှ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ပန်းရုံ၊ ကျောက်ထင်းရှူးပင်ပုကလေးများ ပတ်လည်ဝန်းရံလျက်ရှိသော ရေကန်ငယ်၊ အလှဆောင်သော ကျယ်ပြန့်လှသည့်မြက်ခင်း၊ နေရောင်ခြည်နှံ့ပြားလျက်ရှိသော ခြံဝင်းကြီး တစ်ခုလုံးသည် လှပနေသည်။ အေးငြိမ်း တိတ်ဆိတ်လျက်ရှိနေသည်။

ဆိုဖာပေါ်မှလှမ်းမြင်ရသော လှပသည့်ရှုကွက်ရှုခင်း အကြား မူမူသည် သူ့စိတ်ကို သူစေစား၍ ကိုကျော်သူ့ဟံပါးတွင် ရစ်ဝဲနေသည်။ ကိုခင်ယုနှင့် နေ့စဉ်ပန်းချီဆွဲထွက်ကြလျှင် တစ်နေ့မသိ တစ်နေ့သိတော့မည်။ ကိုကျော်သူမသိအောင် ကိုခင်ယုနှင့် ခိုးကြောင်ခိုးဝှက် ချိန်းချက်တွေ့ဆုံနေရန် အလိုမရှိ။ သူ့ပေါ်၌ မရိုးသားသော ကိုကျော်သူနှင့် လမ်းစဖြတ်ရန် အကြောင်းရှာကြည့်သည်။

ကိုကျော်သူ့ကို ကိုခင်ယုနှင့် တွေ့ဆုံမိတ်ဖွဲ့ပေးလိုက်ပြီးကတိအလင်း လွတ်လွတ်လပ်လပ် ကိုခင်ယုနှင့် တွဲသွားတွဲလာလုပ်လိုက်လျှင် ကိုကျော်သူ လမ်းစပြတ်စရာအကြောင်း ရှိ၍ ကိုခင်ယုနှင့် ကိုကျော်သူကို တွေ့ဆုံမိတ်ဆက်ပေးသင့်၊ မပေးသင့်၊ ချိန်ဆစဉ်းစားနေမိသည်။

ကြိုတင်၍ ပြုလုပ်ခြင်းထက် ကိုခင်ယုနှင့် သူနှင့်ချစ်မေတ္တာ တုံ့ဖလှယ်ပြီးကာမှ မိတ်ဖွဲ့ပေးရန်သင့်တော်မည်။ ကြိုတင်၍ မိတ်ဖွဲ့ပေးလိုက်က မစားရသည့်အမဲ သဲနှင့်ပက်လိုက်မှာ တွေး၍လန့်သည်။ ကိုခင်ယုစိတ်ပျက်အောင် ကိုကျော်သူ ဖျက်လိုဖျက်ဆီး နှောင့်ယှက်မှာကိုလည်း စိုးရိမ်ပူပင်မိသည်။





မူမူသည် အချိန်မရောက်သေးဘဲ မြားမကုန်ရန် ခေါင်းအေးအေးထား၍ စဉ်းစားနေမိသည်။

ကိုခင်ယုနှင့် ကိုကျော်သူကို မိတ်ဖွဲ့ပေးသည့် အချိန်အခါ၌ သူ့ဘက်မှ မျက်နှာပန်းလှရခြင်းအတွက်တော့ အားတက်မိသည်။ ကိုခင်ယုက လူပျို့ပညာတတ်၊ လူချော၊ လူလှ၊ မျက်နှာသွယ်သွယ်၊ အသားဖြူဖြူ၊ နှာတံပေါ်၍ မျက်ခုံးမျက်လုံး တို့မှာ အချိုးကျသည်။ လူအနေပျော့ပျောင်း သိမ်မွေ့သည် သာမက အပြောအဆိုကလည်း သူမတူအောင် ယဉ်ကျေးသိမ်မွေ့ပါဘိ။

'မူမူ ဘာတွေများစဉ်းစားနေသလဲ၊ ပန်းချီဆွဲဖို့ ဘယ်နေ့စမလဲ'

'မူမူ စဉ်းစားနေပါတယ်၊ ပန်းချီဆွဲမှာက ဘယ်နေရာမှာ ဆွဲမှာလဲဟင်'

ကိုခင်ယုသည်ငေး၍ စဉ်းစားလိုက်သည်။မူမူနှင့် လွတ်လွတ်လပ်လပ် နှစ်ယောက်တည်းရှိရမည့် နေရာမျိုးမှာမှ ရေးဆွဲချင်သည်။

'ပန်းချီခန်းမှာက လူရှုပ်တယ်မူမူ၊ လွတ်လွတ်ကျွတ်ကျွတ်လူရှင်းတဲ့နေရာကို ရွေးချင်တယ်၊ ကျွန်တော့်အကြိုက် ပြောရရင်တော့ အင်းလျားမှာသဘောကျတဲ့ နေရာတစ်ခုတွေ့ ထားတယ်၊ အဲဒီနေရာမှာ ဆွဲချင်တယ်၊ မူမူဘယ်လိုသဘောရသလဲ'

မူမူ့တွင် ငြင်းစရာမရှိ၊ အင်းလျားဆိုကတည်းက လူရှင်း



www.burmeseclassic.com

www.burmeseclassic.com



မည့်နေရာကို ရွေးချယ်သည်ဟု အစီပွာယ် ကောက်ယူနား လည်သည်။

ခေါင်းကလေးမော့၍ ကိုယ်ဟန်နွဲ့လျက် ပုံဆွဲခံမည့်အနေ အထားကို အခုကပဲ မျက်စိထဲမှာ ကိုယ့်ဟာကိုယ် မြင်ကြည့် လျက် သဘောကျကျေနပ်လျက်ရှိသည်။

'ကိုခင်ယုကြိုက်တဲ့နေရာမှာပဲ ဆွဲပါလေ၊ ပန်းချီဆွဲပြီးတော့ သာ ပန်းချီခန်းမှာ ချိတ်မထားနဲ့နော်'

မူမူကပြောပြီး သူ့ပါးကလေးကို လက်ဝါးဖြင့် ညင်သာ စွာပွတ်၍ ပြုံးနေသည်။

'စိတ်ချပါ မူမူ၊ ဒီကားကိုမပြီးမချင်း ဘယ်သူမှ မမြင်စေရ ပါဘူး၊ မပြီးခင်လူမမြင်အောင် အလုံအုပ်ထားမယ်၊ ဆွဲပြီးသွား တော့လည်း ဒီကားကိုကိုခင်ယုရဲ့ အမြတ်တနိုး လက်ဆောင်အ ဖြစ် မူမူ့လက်ကို အပ်မှာပါ'

ကိုခင်ယုက အမြတ်တနိုးဆိုလိုက်၍ မူမူမှာကျေနပ်၍မဆုံး ဂုဏ်ယူ၍မဆုံး၊ ချစ်သူ့လက်ဆောင်အဖြစ် သဘောပေါက်မိ ကာ အားရကြည်နူးသွားသည်။

လက်ဖက်ရည်စားပွဲတည်ခင်းပြီး နီနီကမူမူတို့ကို လာခေါ် သည်။

လက်ဖက်ရည်စားပွဲ၌ လန်းဆန်းပျော်ရွှင်နေသော မူမူ၏ အမူအရာကလေးကို နီနီကြည့်၍ သူတို့ချင်းသေချာပါပြီဟု ယူ





ဆသည်။

ကိုခင်ယုက မူမူ့ကို ပုံတူဆွဲမည့်အကြောင်း နီနီကိုပြော သည်။

'ပုံတူဆွဲရင် မူမူတော့ ဓာတ်ပုံထဲမှာထက် ပိုချောလာဦးမှ ပဲ'

နီနီသည် ကိုခင်ယုနှင့်မူမူ့ကို စိတ်ထဲက လိုလားသဘော တူသည့်အတိုင်း စရှုံနောက်ရှုံလောက်ဖြင့် အရှိန်မသတ် နိုင်တော့ဘဲ နှုတ်ရဲလာကာ သူတို့ချင်း မဖြစ်ဖြစ်အောင် တွန်း ပို့နေသည်။

'ဘယ်လောက် ချစ်စရာကောင်းလိုက်မလဲနော် ကိုခင်ယု၊ ပန်းချီကားနာမည်ကို ဘယ်လိုပေးမတုံး'

ကိုခင်ယုက စဉ်းစားလိုက်သည်။

'မြသိင်္ဂီလို့ နာမည်ပေးရရင် မကောင်းဘူးလား'

'ကောင်းတာပေါ့၊ နာမည်နဲ့ကားနဲ့ သိပ်ပနံရတာပေါ့'

မူမူ့ဘက်သို့ နီနီလှည့်ကြည့်သည်။ မူမူ့ပခုံးပေါ်သို့ လက် တစ်ဖက်တင်လိုက်ကာ မူမူ့မျက်နှာကို ငုံ့ကြည့်၍ပြောသည်။

'မူမူရေ. . . ဒီမောင့်လက်ရာကို နီနီကြည့်ချင်လှပြီ'

နီနီကပြောပြီးတသိမ့်သိမ့်ရယ်သည်။ ကိုခင်ယုမှာ ရွှေလမ်း ငွေလမ်း ဖောက်ပေးနေသော နီနီ့ကိုကျိတ်ပြီး ကျေးဇူးတင်



www.burmeseclassic.com

www.burmeseclassic.com



၍မဆုံးဖြစ်နေသည်။ မူမူက အပြုံးကလေးဆင်၍ ယဉ်စ
ကြည့်၍နေသည်။

'ပန်းချီဆွဲရင် နီနီလည်းလိုက်ခဲ့ပါလား'

ကိုခင်ယုက နီနီ့ကိုဖိတ်ခေါ်သည်။

'မလိုက်ပါဘူး၊ လွတ်လွတ်လပ်လပ် နှစ်ယောက်သွားကြ
စမ်းပါ၊ နီနီပါရင် ရှုပ်နေမှာပေါ့၊ နေရာသာကျကြပါစေ'

မူမူသည် နီနီ့ကိုလှမ်းတို့လျက် 'နီနီကလည်းနောက်ချင်ရာ
တွေ လျှောက်နောက်နေတယ်'ဟု ရှက်စနိုးမျက်နှာဖြင့် ဆို
သည်။

'ကြည့်ပါဦး ကိုခင်ယုရယ်၊ နီနီက တကယ်ပြောနေ
တာများ နောက်တယ်လို့ ပြောရသေးတယ်'

နီနီသည် ပြောပြီး သူ့ကိုယ်ကလေးကို လှုပ်ခါလျက်
သဘောကျစွာ လှိုက်လှိုက်လှဲလှဲ ရယ်မောလိုက်သည်။

နီနီက နောက်သည်ဖြစ်စေ၊ အတည်ပြောသည်ဖြစ်စေ
ကိုခင်ယုဘက်က သဘောကျပြီးသားဖြစ်သည်။ မူမူကမူ ကိုခင်
ယုက သူ့ကိုချစ်ရေးဆိုသမှု မပြုသေး၍ ရှက်ကိုးရှက် ကန်းဖြစ်
နေရသည်မှတစ်ပါး နီနီကနောက်သည်ဖြစ်စေ၊ အတည်ပြော
သည်ဖြစ်စေ သူ့ဘက်မှ မကြိုက်နိုင်စရာမရှိ။

နှုတ်ဖြင့် တစ်ဦးကိုတစ်ဦး အသိပေးဖွင့်ဟ၍ မပြောကြ
ရသေးရုံမှတစ်ပါး မူမူနှင့် ကိုခင်ယုကို ယနေ့ ချစ်သူများအနေ





ဖြင့် ဤလက်ဖက်ရည်စားပွဲက အသိအမှတ်ပြုလိုက်သည်။
နှစ်နာရီခွဲသွား၍ မူမူက အိမ်ပြန်တော့မည် ပြောသည်။

'တစ်ယောက်တည်းမပြန်ရပါဘူး၊ ကိုခင်ယုနဲ့ပြန်ပါ'

နီနီက ကိုခင်ယုကို လှမ်းကြည့်လိုက်သည်။

'ကျွန်တော် လိုက်ပို့ပါ့မယ်'

ကိုခင်ယုကပြောသည်။

'နေပါစေ၊ အလာတုန်းက တစ်ယောက်တည်း လာတာပဲ'

'အလာတုန်းက တစ်ယောက်တည်းလာပေမယ့် အခု
တော့ နှစ်ယောက်ပေါ့'

နီနီနောက်နေသော အဓိပ္ပာယ်ကို သိလေရဲ့လားဟု မူမူ
က ကိုခင်ယုကို လှမ်း၍ပြုံးကြည့်လိုက်သည်။ အကြိုက်တွေ့
နေသောမျက်နှာဖြင့် ကိုခင်ယုက ညင်သာစွာပြန်၍ ပြုံးပြ
လိုက်သည်။

'ကိုခင်ယုပဲ ကားရုံက ကားသွားခေါ်ပါ'

ကိုခင်ယု ကားသွားခေါ်နေခိုက် ကိုခင်ယုကို ရွှေ့ထား
ပြီး သူ့ကို ဒါလောက်တောင် စရပါ့မလားဟု မူမူက နီနီ့ပခုံး
နှစ်ဖက် ကိုင်ဆွဲလှုပ်လိုက်ကာ ရန်တွေ့လိုက်သည်။

ဆင်ဝင်အောက် ကားရောက်၍ ကားပေါ်သို့ မူမူတို့
တက် သွားကြသည်အထိ နီနီကမလျှော့တမ်း နောက်လိုက်သေး
သည်။



www.burmeseclassic.com

www.burmeseclassic.com



'နီနီ့ကိုလည်းမေ့မထားကြပါနဲ့၊ နောက်လည်းရောက်ရင် ပေါက်ရင်ဝင်ပါထွက်ပါ'

မူမူသည် နီနီ့ကို မျက်စောင်းတစ်ချက်ထိုးလျက် နီနီလက်ပြနေခြင်းကို ပြန်၍လက်မပြတော့ဘဲ စူပြုံးကလေးပြုံးပြသွားသည်။

မူမူတို့အိမ်၌ အိမ်ဖော်အဘွားကြီး တစ်ယောက်ကလွဲ၍ မည်သူမျှမရှိကြ။ မမစော ရုံးကပြန်ရန် အချိန်နီးကပ်နေသည်။ ကိုကျော်သူလည်း အလုပ်ဆင်းလျှင် အိမ်သို့ဝင်လာနေကျပေါက်လာလိမ့်မည်။

မူမူတို့အိမ်ရှေ့၌ ကားဆိုက်ပြီး မူမူသည် ကိုခင်ယုကို အိမ်ပေါ်တက်ရန် ခေါ်ချင်ပါလျက် အခြေအနေအရမခေါ်ဘဲ ကားပေါ်မှ မဆင်းမီနှုတ်ဆက်လိုက်သည်။

'ပန်းချီဆွဲမယ့်နေ့ တစ်ရက်ကြိုတင်ပြီး မူမူ့ဆီကိုဖုန်းဆက်ပါ၊ ဒါမှမူမူစီစဉ်နိုင်မယ်၊ သွားမယ်နော်'

မူမူကားပေါ်မှဆင်းလိုက်သည်။ ကိုခင်ယုသည် သူ့ခေါင်းကိုညိတ်၍ မူမူ့ကို စွဲမက်မြတ်နိုးလှသည့် အကြည့်ဖြင့် နှုတ်ဆက်လျက် ကားထွက်သွားသည်။

ကိုခင်ယု ကားထွက်သွားပြီး မကြာပါချေ။ မူမူတို့အိမ်ရှေ့၌ နောက်ကားတစ်စီး ထိုးစိုက်လိုက်သည်။ ကိုကျော်သူသည် ကားပေါ်မှ ဆင်းလျက် မူမူတို့အိမ်ပေါ်သို့ တက်လာသည်။





ကိုကျော်သူသည် မူမူ့ကို စိတ်မချတချဖြစ်နေရုံသာမက မျက်စိအောက်မှ အပျောက်မခံနိုင်သလောက် စိတ်သောကရောက်နေသည်။

မူမူပဲခူးသို့ ပျော်ပွဲစားထွက်သွားပြီးသည့်နောက်ပိုင်း ရှေးကနှင့်မတူ မူမူ့အား အကဲခတ်ရခက်လာသည့်အတွက် သူ့စိတ်၌ ဇဝေဇဝါ မတင်မကျထင့်နေသည်။ သူ့စိတ်ထဲ၌ တစ်ခုခုထင့်မိလျှင် ထင့်သည့်အတိုင်းဖြစ်တတ်ခြင်းကြောင့် ယနေ့အလုပ်က စောစောဆင်းခဲ့ခြင်းဖြစ်သည်။

အိမ်ရှေ့၌ ကားဆိုက်သံ ကြားကြားချင်း မူမူဘုရားတ၊ လိုက်သည်။

'သိသိကလေးလွဲသွားတယ်၊ ဘုရား . . . ဘုရား'

မူမူသည် အိမ်ဖော်မိန်းမကြီးကို တံခါးဖွင့်ပေးရန် လက်တားပြလိုက်သည်။ အိမ်ခန်းထဲသို့ပြေးဝင်သွားလျက် အဝတ်အစားများ ကပျာကသီ လဲလိုက်ပြီးမှ အိပ်ရာမှထလာသော ကပိုကရိုဟန်မျိုးဖြင့် သူကိုယ်တိုင်တံခါးသွားဖွင့်ပေးသည်။ တံခါးခေါက်နေရသောအချိန် ကြာသွား၍ ကိုကျော်သူသည် တံခါးဖွင့်သံကြားကြားချင်း မူမူ့ကို သေသေချာချာ မကြည့်သေးခင် 'မူမူအိပ်နေသလား၊ နေကောင်းသလား' စသည်ဖြင့် နှုတ်စလျှာစ ခပ်သွက်သွက်ဖြင့် ပြောလိုက်သည်။

ပြောရင်းမှ မူမူ့မျက်နှာပေါ်၌ မိတ်ကပ်နှင့် နှုတ်ခမ်းနီတို့ကို မြင်လိုက်၍ သူ့စကားကိုဆုံးအောင် သူအတော်ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



၍ ပြောရသည်။

မူမူက လိမ်းခြယ်ထားသော သူ့မျက်နှာကို ကိုကျော်သူ အကဲခတ်မိမှန်းသိလိုက်သည်။ အိမ်ရာကထလာသော ပုံပန်းမျိုး မဟုတ်ဘဲ အပြင်ကပြန်လာသောပုံပန်းမျိုး ဖြစ်နေမှန်း သူ့ဟာ သူ ပြန်သတိရသည်။

'စောစောက ဗိုလ်ချုပ်ဈေးသွားပြီး ခေါင်းမူးတာနဲ့ အိပ် နေတာပါ'

သူ့ဘက်မှမပိမရိဖြစ်နေသည့်အတွက် အပြင်သွားကြောင်း ဖော်ထုတ်လိုက်သည်။ ဧည့်ခန်းကုလားထိုင်၌ ကိုကျော်သူ ဝင်ထိုင်ပြီးမှ မူမူ့ကိုပြန်ပြောသည်။

'နေကပူပါဘိ မူမူရယ်၊ မမစော ရုံးအားတဲ့နေ့မှ သွား ရောပေါ့၊ ကိုယ်လိုက်ပို့မှာပေါ့'

'မမစော ရုံးအားတဲ့နေ့ကျတော့လည်း ဈေးပိတ်တယ်၊ သန့်လျင်က မေမေတို့မှာလိုက်တာတွေရှိလို့ သွားဝယ်ရတယ်'

ယနေ့ ကိုကျော်သူ ခါတိုင်းထက်စော၍ လာခြင်းအ တွက် မူမူ့စိတ်၌ ထူးဆန်းအံ့ဩနေသည်။

'ကိုယ်လည်း ဒီနေ့ တိုက်မှာအလုပ်ပါးတာနဲ့ အလုပ်က စောစောဆင်းခဲ့ပြီးဝင်လာတယ်၊ သန်လျင်ကိုဆန်းဒေး (တနင်္ဂ နွေနေ့) သွားကြဖို့အတွက် မေ့မနေနဲ့နော်'

မူမူ တွေတွေကလေးဖြစ်သွားသည်။ ပြန်၍အလျင်အမြန်





ပစ္စာပြုံးလိုက်သည်။ မသွားနိုင်ကြောင်းပြောလိုက်ရင် မလိုက် လိုက်အောင်ခေါ်ကာ စကားကြောရှည်တော့မည်ဖြစ်၍ အနား ကျမှ ကပ်ဖျက်မည်ဟု အကြံပြုကာ မူမူသည် အလိမ်မာပြုံး လေးဖြင့် ခပ်ပြုံးပြုံးကလေးပြောသည်။

'ရက်ကလိုပါသေးတယ် ကိုကျော်သူရယ်၊ မမစောတောင် မှမပြောရသေးဘူး၊ မမစောကို အပါခေါ်ရမှာ မဟုတ်လား'

'မမစောကို ကိုယ်ပဲ ပြောပါ့မယ်'

ကိုကျော်သူက မချင့်မရဲဖြင့် ဝင်ပြောသည်။

'မမစောကို စောစောကြိုပြောလို့မဖြစ်ဘူး၊ သူ့ကိုလိုက် ချင်ရင် အနားကျမှ ကပ်ပြောပြီး ခေါ်မှဖြစ်တာ၊ မူမူပဲပြော ပါ့မယ်'

မူမူသည် ကိုကျော်သူ့ကို လှည့်ပတ်ပြောဆိုနေရသည့် အ တွက် သူ့ကိုယ်သူ မုန်းတီးလာသည်။ ကိုကျော်သူ၏ မရိုးသားမှု ကို သိလျက်ဖြင့် မသိချင်ယောင်ဆောင်ကာ နေခဲ့ရသော သူ့အ များကို သူမြင်သေသည်။

ကိုကျော်သူသည် မူမူ့ကို စိတ်ရှိတိုင်းထပ်၍ အကဲခတ် လျက်နေသည်။ မူမူ၏ အကြည့်ကလေး၊ မူမူ၏လေသံ၊ မူမူ၏ စကားအသွားအလာ၊ မူမူ့မျက်နှာ ဘယ်နေရာ ဘယ်လိုပြောင်း နေကြောင်း၊ အမိအရဖမ်းနေသည်။

ကိုကျော်သူ သူ့အကဲကို ချောင်းနေမှန်းသိ၍ မူမူသည်



www.burmeseclassic.com

www.burmeseclassic.com



အမှန်အတိုင်း အကဲခတ်မိအောင်လုပ်သည်။

'ကော်ဖီသောက်ဦးနော်'

ကော်ဖီကို သူကိုယ်တိုင်သွားဖျော်၍တိုက်သည်။ စကား တွေလည်း မူမူချည်း လေဆက်မပြတ်တောင်စဉ်ရေမရလျှောက် ပြောသည်။

သူ့စကားထဲ၌ သူ့မိဘများက သူတို့သဘောကျသည့် လူ တစ်ယောက်နှင့် ပေးစားချင်မှန်းသိ၍ သည်လူကို မနှစ်သက် သဖြင့် အလုပ်လုပ်ရန် ရှောင်ထွက်လာတာတွေလည်းပါသည်။ အမှန်အတိုင်း အကဲခတ်မိအောင် ပြောဆိုနေလေသည်။

ကိုကျော်သူသည် စိုက်၍ နားထောင်နေရင်းမှ 'ဘယ်သူနဲ့ လဲ'ဟု သိလိုဇောဖြင့် ပျာပျာသလဲ ကောက်၍မေးသည်။

မူမူက ခပ်လေးလေးဖြေသည်။

'ကိုကျော်သူ မသိပါဘူး၊ သန်လျင်ဘီအိုစီကပါ၊ မေမေတို့ သာ သူ့ကိုသိပ်သဘောကျနေကြတာ၊ မူမူကဖြင့် မကြိုက်ပါဘူး'

'မူမူ့ကို ဒီလူကချစ်နေသလား'

ကိုကျော်သူ သူ့ကို အကဲခတ်တတ်အောင် ပြောဆိုနေရ သည့်အတွက် ကိုကျော်သူမေးပြန်တော့လည်း စိတ်ထဲ၌ရယ်ချင် လာသည်။

'သူ့ကို မူမူကချစ်မှန်း မချစ်မှန်းလည်း သူမသိဘဲနဲ့ တစ်





ဖက်သတ် သူကချစ်နေပြီး အိမ်ကိုချည်းလာနေတာပဲ၊ သူလာ ရင် မူမူသိပ်မုန်းတာပဲ၊ မေမေတို့ကတော့ သဘောကျသပေါ့၊ သူက ရာထူးကလည်းကြီးကြီး လူပျိုလည်းလူပျိုကြီး'

မူမူသည် ကိုကျော်သူ့ကို ရွဲ့စောင်းသလို ပြောပြီးမှ သူ့စ ကားကို ပြန်ဖုံးကာ အကဲခတ်နိုင်အောင် စီကာပတ်ကုံးပြောဆို နေသည်။ ကိုကျော်သူ ရှေ့မတိုးလာအောင် စောင်းပါး ရိပ် ခြည်ဖြင့် ပိတ်ပြောနေခြင်းလည်းဖြစ်သည်။

'မူမူ အိမ်ထောင်ပြုရင် ကိုယ်ချစ်တဲ့သူနဲ့မှ အိမ်ထောင် ပြုချင်တယ်၊ ကိုယ်ချစ်တဲ့သူနဲ့တွေ့ရင် အိမ်ထောင်ပြုမှာပဲ'

'ဟုတ်တာပေါ့ မူမူ၊ အိမ်ထောင်ပြုတာ ကိုယ်ချစ်တဲ့ သူနဲ့မှ ပြုဖို့ကောင်းတယ်၊ ကိုကျော်သူ့ကိုကြည့်စမ်း၊ ကိုကျော်သူ့ အိမ် ထောင်ရေးမှာ အချစ်မပါဘူး'

ကိုကျော်သူသည် မူမူ၏စကားရိပ်ကိုကိုယ်လိုရာ အဓိပ္ပာယ် ဆွဲကောက်ယူလျက် နှစ်လိုအားရ ဖြစ်သွားရပြန်သည်။စောစော က အားလျော့လျက် သူ့ဘက်မှအားနည်းချက်တွေ ကွယ် ပျောက်ကုန်ကာ တစ်အားတက်လာပြန်သည်။

မူမူ၏ ချစ်တဲ့သူတစ်ယောက် သူသာလျှင်ဖြစ်ရန် သူ့ ဘက်မှ မူမူလက်ခံနိုင်မည့် အခြေအနေသို့ရောက်အောင် ပြောင်းလဲ ပြုပြင်လိုက်လျှင် မူမူနှင့် မလွဲတော့ဟု သူ့ကိုယ်သူ စိတ်ချသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သန်လျင်ဘက်၌ မူမူ့ကို တစ်ဖက်သတ်ချစ်သူ၊ မိဘ‌ေ
ကလည်း သဘောကျသူ ရှိသည်ဆို၍ မူမူနှင့် သန်လျင်သွားရ
စိတ်အားလျော့သွားသည်။

မူမူကမူ သည်လူကို မနှစ်သက်ဘဲဟု သူ့စိတ်သူဖြေသည်
လွတ်လွတ်လပ်လပ် မူမူနှင့် ခရီးအတူထွက်ချင်သည်ကလည
တစ်ပိုင်းသေနေသဖြင့် သန်လျင်သွားရန် ထပ်သတိပေးသည်

'ကိုယ်စီစဉ်နိုင်အောင် စနေနေ့ကျတော့ပြောနော်၊ဒေါ်ဒေ
တို့နဲ့လဲတွေ့ရအောင် ရေလယ်ဘုရားလည်းဖူးရအောင်၊ မမ
ကို ရအောင်ခေါ်နော်'

မူမူက 'ခေါ်တာပေါ့' ဆိုသည်။ ကိုကျော်သူသည် မူမူ့
စိတ်မချတချဖြင့် ပြန်လာခဲ့ရသည်။

| ၁၀ |

နှောင်းငယ်ကိုကြည့်၍ မင်းယဉ်ရယ်မိသည်။

နှောင်းငယ်မှာ တစ်ခါတစ်ခါ ကျောင်းဂါဝန်နှင့် ...
တစ်ခါတစ်ရံ အပျိုလုပ်ကာ မိတ်ကပ်ခြယ်လိမ်းလျက် နှုတ်ခမ်း
နီနီ၊ အကျီလှလှထဘီလှလှဖြင့် တွေ့ရတတ်သည်။ ယနေ့တော့
နှောင်းငယ်သည် သူ့အဘိုး ဂွမ်းရှပ်အကျီကြီးကို ဖိုးရိုးဖားရား
ဒူးဖုံးအောင် ဝတ်ချထားလျက် သူ့ခါးတွင် သူ့အဘွား နဂါးပါ
တိတ်လုံချည်ကြီးကို ကြမ်းတရွတ်တိုက်ဝတ်ကာ မင်းယဉ်ကို
တံခါးဖွင့်ပေးသည်။

'လာခဲ့ ... ဘယ်ပျောက်နေတာလဲ၊ တစ်နေ့ညကလည်း
မလာဘူး၊ မနေ့ညကလည်း မလာဘူး'

www.burmeseclassic.com

www.burmeseclassic.com



တံခါးဖွင့်ပေးသည်။

'လာခဲ့ . . . ဘယ်ပျောက်နေတာလဲ၊ တစ်နေ့ညကလည်း မလာဘူး၊ မနေ့ညကလည်း မလာဘူး'

မင်းယဉ်ကို နှောင်းငယ်က ဆီး၍ကြိမ်းသည်။ ရှပ်အင်္ကျီ လက်ဖျားဖုံးအောင်ကျနေသော ဖိုသီဖတ်သီလက်ဖြင့် မင်းယဉ်ကို လှမ်းဆွဲခေါ်သည်။ ပုပ်ပွပွဖြင့် ရယ်စရာကောင်းနေသော နှောင်းငယ်၏ပုံပန်းကို မင်းယဉ်ကကြည့်၍ ပြောင်လှောင်လိုက်သည်။

'ဟ . . . ဘယ့်နှယ်ဟာကြီး ဝတ်ထားပါလိမ့်၊ ကိုးရိုးကားရားနဲ့၊ အလိုလိုက အကျည်းတန်ရတဲ့အထဲ'

မင်းယဉ်ကပြောပြီး ဟက်ဟက်ပက်ပက်ရယ်သည်။ နှောင်းငယ်သည် နှုတ်ခမ်းစူသွားလျက် ပြန်၍ရွဲ့ပြောသည်။

'အကျည်းတန်တော့ ကောင်းတာပေါ့၊ မမချောရီလို လှနေရင် နှောင်းငယ်ကို ပိုးတဲ့ပန်းတဲ့ ကျောင်းသားတွေဝိုင်းနေမယ်'

'ဟဲ့ကောင်မလေး၊ ရှူး . . . ရှူး၊ အဘွားကြားသွားမယ်'

မချောရီနာမည်ကို အဘွားကြားသွားမှာ မင်းယဉ်က ထိတ်လန့်လျက် နှောင်းငယ်အား လှမ်းပိတ်လိုက်သည်။

အိမ်ရှေ့ကြမ်းပြင်၌ နှစ်ယောက်သား ထိုင်ကြသည်။ ထိုင်ထိုင်ချင်း မင်းယဉ်ပခုံးမှ လွယ်အိတ်ကို နှောင်းငယ်က လှမ်း





'ဘာမှမရှိပါဘူး၊ စာအုပ်တွေပါ'

'ဟင့်အင်း . . . မယုံဘူး၊ ဖောင်းနေတယ်၊ ပြရမယ်'

နှောင်းငယ်က လွယ်အိတ်ကို လှမ်းဆွဲလုသည်။

'ဩော် . . . ခက်ပါဘိတော့၊ ဘာမှမရှိပါဘူး၊ ကဲ. . . မယုံရင်ကြည့်'

နှောင်းငယ်သည် လွယ်အိတ်ထဲမှ စာအုပ်တွေကိုထုတ်၍ လှန်လှောရှာသည်။ စာအုပ်တစ်အုပ်ကြားမှ မချောရီ၏ ကိုယ်တစ်ပိုင်း ဓာတ်ပုံကလေးကျလာသည်။ ကပျာကယာ မင်းယဉ်က လုကောက်ယူလျက် သူ့ရှပ်အင်္ကျီထဲသို့ ထည့်လိုက်သည်။

'ပြရမယ်၊ ပြ . . . ပြ'

နှောင်းငယ်သည် မင်းယဉ်၏အိတ်ကို လိုက်ဆွဲသည်။ မင်းယဉ်က အင်္ကျီအိတ်ကို လက်နှင့်ဖိလျက် 'အဘွားလာလိမ့်မယ်၊ အဘွားမြင်သွားမယ် နောက်မှ ကြည့်ပါဟာ' ဆိုသည်။

'အဘွားကဖြင့် မီးဖိုထဲမှာ၊ မလာပါဘူး၊ ပြစမ်းပါ'

နှောင်းငယ်ကို မပြမချင်း ပြီးမည်မဟုတ်၍ နှောင်းငယ် စိတ်ကျေနပ်စေရန် ထုတ်၍ပြလိုက်ရသည်။ နှောင်းငယ်က မချောရီ၏ဓာတ်ပုံကို သေသေချာချာ စိုက်၍ကြည့်သည်။

'အစ်ကို့ထက် အသက်ကြီးရမယ်'

နှောင်းငယ်က မှန်းဆ၍ ပြောဆိုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'သိပ်မကြီးပါဘူး၊ နှစ်နှစ်သုံးနှစ်လောက်ကွာတာ၊ ပေး . . . ပေး'

'နှစ်နှစ်သုံးနှစ် မကပါဘူး'

နှောင်းငယ်က ခပ်မဲ့မဲ့ပြောလျက် ဆောင့်ကြီးအောင့်ကြီးဖြင့် ပြန်ထိုးကမ်းပေးလိုက်သည်။

'အစ်ကို အခုဘာတွေ လျှောက်လုပ်နေတာလဲ၊ အိမ်လည်း မကပ်ဘူး၊ မမနွဲ့ဘွားဘွားကို လာပြောပြလို့ အစ်ကို့အကြောင်းတွေ သိရတယ်'

'ဘာတွေ လာပြောသလဲ'

'အိမ်မှာ အမွေတောင်းတယ်ဆို၊ ဘာလုပ်မလို့လဲ၊ မိန်းမ တောင်းမလို့လား'

'အင်းပေါ့၊ မိန်းမယူမလို့ တောင်းတာပေါ့၊ အဲဒါတောင်းတာ မပေးကြဘူးလေ'

'မပေးတာ ကောင်းတာပေါ့'

နှောင်းငယ်ကပြောပြီး လက်ခုပ်လက်ဝါးတီး၍ သဘောကျစွာရယ်လေသည်။

'မမနွဲ့က မိန်းမလိုချင်လို့ တောင်းတယ်လို့ ပြောသွားသလား'

နှောင်းငယ်က ဟက်ခနဲရယ်ပြီးမှ ဖြေသည်။





'မမနွဲ့တို့က ဘာသိလို့လဲ၊ နှောင်းငယ်သာ ဘာလုပ်ဖို့ တောင်းတယ်ဆိုတာ သိတာပေါ့'

'သွားမပြောနဲ့နော် ချာတိတ်၊ ပြောရင်အစ်ကိုဒုက္ခရောက်လိမ့်မယ်'

မင်းယဉ်သည် နှောင်းငယ်ကို စိတ်မချသဖြင့်ထပ်၍ပိတ်သည်။

'မပြောနဲ့ဆို' မပြောပါဘူး၊ ဒါပေမဲ့ နှောင်းငယ်မသိအောင်တော့ ဘာမှမလုပ်ရဘူးနော်၊ မသိအောင်လုပ်ရင်တော့ ပြောလိုက်မှာပဲ'

'အေးပါဟာ. . . အစ်ကိုပြောရမှာပေါ့'

လမ်းမဘက်မှ ကားဟွန်းသံကြား၍ မင်းယဉ်လှည့်ကြည့်လိုက်သည်။မင်းယဉ်တို့အိမ်က ကားမဟုတ်ဘဲ တခြားကားတစ်စီး မောင်းသွားခြင်းဖြစ်သည်။

'ဘာကြည့်တာလဲ'

'အိမ်ကကားလားလို့ပါ၊ ဒီနေ့ မမနွဲ့လူနဲ့ တွေ့စရာရှိလို့'

'ဘာကိစ္စတွေ့မလို့လဲ၊ အမြဲတွေ့နေရတာပဲ မဟုတ်လား'

မင်းယဉ်မှာ နေ့စဉ်အလုပ်ထွက်ရှာနေသည်။ အလုပ်ဘယ်ကမှ မရ၍ နောက်ဆုံးကားမောင်းရန် ကားမောင်းလိုင်စင်ယူဖို့ တစ်လမ်းသာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



လိုင်စင်ယူရန်အတွက် ကိုကျော်သူထံ၌ ပိုက်ဆံတောင်းမည့်ကိစ္စကို နှောင်းငယ်အားပြော၍မဖြစ်။ နှောင်းငယ် သိလျှင် အဘိုးရော အဘွားပါ အားလုံးပိုင်း၍ ကန့်ကွက်ကြပြီး ဆယ်တန်းဖြေရန် ကျောင်းသာအတင်းပြန်နေခိုင်းကြမှာကြောင့် အသိမပေးဝံ့၍ မပြောဘဲပြုံးနေသည်။

အိမ်က ကားဟွန်းသံကို ထပ်ကြားလိုက်၍မင်းယဉ်ထိုင်ရာမှ ထလိုက်သည်။

'အစ်ကိုနေပါဦး၊ လူများမေးတာတော့ မပြောဘူး'

'ပြောပါ့မယ်၊ နေဦး၊ ညကျရင်လာခဲ့မယ်'

ကိုကျော်သူသည် ကားကို ထိုးရပ်လျက် ကားကိုဂိုဒေါင်ထဲသို့သွင်းရန် ဂိုဒေါင်သော့ဖွင့်နေခိုက် မင်းယဉ်သည် ကိုကျော်သူ အနားသို့ ရောက်လာသည်။

'ဟော့ကောင် ... မင်း အကြီချုပ်မယ်ဆိုပြီး ပိုက်ဆံတောင်းသွားတာ အကြီစ ပါမလာဘူးဆို၊ ဒီလိုလုပ်တာ ဘာကောင်းသလဲကွ'

မင်းယဉ်ကို ကိုကျော်သူကမျက်နှာထားဖြင့် ဟောက်လိုက်သည်။ မင်းယဉ်မှာ ဘာပြောရမှန်းမသိအောင် အံ့ဩကာ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

'မင်းဟာ ကြမ်းပိုးဖြစ်နေပြီ၊ ပြန်ချင်မှပြန်၊ စားချင်မှစား၊ အိမ်လည်းမကပ်၊ အိမ်ကလူတွေလည်း ဒုက္ခပေး၊ မင်းမင်း





... မင်း လုပ်ပေါက်က ဘာလုပ်ပေါက်လဲကွ'

မင်းယဉ်မှာ ယနေ့ညနေ ကိုကျော်သူကို စောင့်တွေ့ကာ နှဲ့နှဲ့ယဉ်မသိအောင် ကားမောင်းလိုင်စင် ယူရန်အတွက် အသာတကြည်နှင့် ပိုက်ဆံတောင်းရန် မျှော်လင့်အားကိုးကြီးဖြင့် ကြံရွယ်လာခြင်းဖြစ်သည်။

သူ့ကို ဆူပွက်ကြိမ်းမောင်း အော်ငေါက်နေလိမ့်မည် ထင်မိခဲ့။ သူတောင်းလျှင် ကြည်ကြည်သာသာဖြင့် ပေးလိမ့်မည်ဟု တွက်ထားသည်။

သူထင်သလိုမဟုတ်ဘဲ သူ့ကိုဆူပွက်ငေါက်ငမ်းလျက် ရစရာမရှိအောင် နင်းဖိကြိမ်းမောင်းနေခြင်းကြောင့် သူ့ကိုပါဝါပြသည်နှိမ်သည်ဟု ယူဆကာထောင်းခနဲ ဒေါသထွက်သွားသည်။

'ခင်ဗျားအပူပါသလားဗျ၊ ခင်ဗျားလုပ်ပေါက်ကကော ဘာလုပ်ပေါက်လဲ'

မင်းယဉ်က မျက်နှာထိမျက်နှာထားနှင့်ပြော၍ ကိုကျော်သူကလည်း မျက်နှာတင်းတင်းဖြင့် ပြန်ပြောသည်။

'နေစမ်းပါဦး ငါက ဘာလုပ်နေလို့လဲ'

'ဘာလုပ်နေသလဲဆိုတာတော့ ခင်ဗျား အသိဆုံးပေါ့၊ မင်းလေ ... ဟန်ဆောင်နေရင်တော့ အခက်သားပဲ'

'ဟော့ကောင် ... မင်း ဘာစကားတွေပြောတာလဲ'

'ဘာစကားပြောရမလဲဗျ၊ သိတာတွေပြောတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်သူမှာ သူ့ဒေါသကို မချုပ်တည်းနိုင်အောင် ဖြစ်လာသည်။

'မင်းဘာသိတာလဲ'

'ဘာသိတယ်ထင်သလဲ'

'မင်းကို ငါက အကောင်းဆုံးမတာ၊ မင်းငါ့ကို စော်ကားသလား'

'ဒါကတော့ဗျာ မင်းမင်းကလည်း အကောင်းပြောနေတာပါ၊ ခင်ဗျားကို စော်ကားတယ်ထင်ရင် ခင်ဗျားကလည်း မင်းမင်းကို စော်ကားနေလို့ဖြစ်မှာပေါ့'

'ဘာကွ'

ကိုကျော်သူသည် ပြောပြောဆိုဆို မင်းယဉ်၏ အင်္ကျီစကို လှမ်းဆွဲလိုက်သည်။ မင်းယဉ်က ကိုကျော်သူ့လက်ကို ပုတ်ချလျက် ဆက်ပြောသည်။

'ခင်ဗျားကတော့ ခင်ဗျားကိုယ်ခင်ဗျား ဟုတ်လှပြီ ပီရိလှပြီ ပိုင်လှပြီပေါ့လေ၊ ခက်တာက ...'

မင်းယဉ်သည် ရှေ့ဆက်၍ မပြောသေးဘဲ ကိုကျော်သူ့ကို တစ်ခဏစိုက်ကြည့်ပြီးမှ ပြောသည်။

'မသိချင်လို့လဲမရဘူး၊ မမြင်ချင်လို့လည်းမရဘူး၊ ခင်ဗျားကြမ်းပိုးကျင့် ကြမ်းပိုးကြံ ခြေပုန်းခုတ်နေတာတွေ'





ကိုကျော်သူသည် တစ်ကိုယ်လုံး ထူပူသွားကာ ဒေါသကြီးစွာဖြင့် မင်းယဉ်၏ အင်္ကျီစကို လှမ်းဆွဲလျက် တအားထိုးလိုက်သည်။

မင်းယဉ်သည် မျက်လုံးထဲ၌ ပျာခနဲဖြစ်သွားကာ နောက်ပြန်လဲကျသွားသည်။

မင်းယဉ်နှင့် ကိုကျော်သူတို့ စကားစ၍များချိန်၌ အိမ်ထဲမှ နွဲ့နွဲ့ယဉ်သည် မှန်တံခါး၌ရပ်၍ ကြည့်နေသည်။

တစ်ဖက်အိမ်မှ နှောင်းငယ်ကလည်း သံတံခါးပေါက်မှ ရပ်ကြည့်နေသည်။

အသံတွေသာကြားရပြီး စကားလုံးတွေကိုတော့ သဲကွဲအောင်မကြားရ။ သို့သော် စကားများနေကြမှန်းကို သိကြသည်။

နွဲ့နွဲ့ယဉ်သည် ဒေါ်သိန်းမေကို လက်ပြခေါ်လိုက်သည်။ စကားများနေကြသော မင်းယဉ်တို့ကို ခေါ်ပြသည်။

တစ်ဖက်အိမ်မှ နှောင်းငယ်ကလည်း နောက်ဖေးမှထွက်လာသော သူ့အဘွားကို လက်ပြ၍ခေါ်လိုက်သည်။ စကားများနေကြသော မင်းယဉ်တို့ကို လက်ညှိုးထိုး၍ပြသည်။

'ဒေါ်ကြီးရယ်၊ ဟော. . . ဟော. . . အင်္ကျီစဆွဲပြီ၊ ဟော. . . ဟော. . . မင်းမင်းကိုထိုးပြီ၊ အမယ်လေး. . .'

မင်းယဉ်လဲကျတာမြင်၍ နွဲ့နွဲ့ယဉ်မှာ သွေးကိုထိတော့



www.burmeseclassic.com

www.burmeseclassic.com



မချိအောင်နာသွားသည်။ မျက်ရည်တွေစီးကျလာသည်။ ဒေါသ ဖြင့် တစ်ကိုယ်လုံးတဆတ်ဆတ်တုန်လာလျက် မျက်လုံးထဲ မီးပွင့်မတတ်ဖြစ်ကာ ခေါင်းမီးလောင်သွားသည်။ မင်းယဉ်တို့ ရှိရာသို့သွားရန် အိမ်ပေါ်မှ ပြေးဆင်းသွားတော့မည်လုပ်၍ ဒေါ်သိန်းမေသည် နွဲ့နွဲ့ယဉ်ကို မသွားရန်လက်ကို တအား ဆွဲထားသည်။

'နေစမ်းပါနွဲ့ရယ်၊ ဒေါ်ကြီးစကားနားထောင်စမ်းပါ သူ ဟာသူ ဆုံးမတာ ဆုံးမပါစေ၊ မသွားပါနဲ့၊ လာစမ်းပါ၊ ထိုင်ပါ'

နွဲ့နွဲ့ယဉ်နှင့် ဒေါ်သိန်းမေတို့ ဆွဲလားရုန်းလားဖြင့် ဝရုန်း သုန်းကားဖြစ်နေသည်။

တစ်ဖက်အိမ်၌ . . .

'ဟော . . . ဟော . . . အစ်ကိုကို ထိုးနေပြီ၊ ဘွားဘွား လုပ်ပါဦး ဘွားဘွား၊ အစ်ကိုလဲသွားပြီဘွားဘွား'

နှောင်းငယ်သည် ငိုသံပါပါဖြင့် ပြောပြောဆိုဆို အိမ်ပေါ် မှ မင်းယဉ်ရှိရာသို့ ဆင်းပြေးသွားတော့မည်လုပ်၍ အဖွားဒေါ် လှရင်က 'ဟဲ့ . . . ဟဲ့ . . . ဟဲ့. . .' အော်ရင်း နှောင်းငယ် ကို နောက်ကလိုက်ဆွဲခေါ်သည်။

'လာ. . . လာ. . . နှောင်းငယ်၊ မသွားရဘူး၊ လာ. . . လာ'

'ဟိုမှာ အစ်ကိုလဲနေပြီ၊ ဒီလိုပဲကြည့်နေမလား အဘွား'

'သမီးယောက်ဖချင်းရန်ဖြစ်တာ ကိုယ်ကမိန်းကလေး၊ မ





သွားရဘူး'

အဘွားဒေါ်လှရင်သည် နှောင်းငယ်ကို နောက်ဖေးခန်း သို့ အတင်းတရကြမ်း ဆွဲခေါ်သွားသည်။

မင်းယဉ်သည် ပက်လက်လန်ကျနေသော နေရာမှမတ် တတ်ရပ်ရန် အားယူကျိုးထပြီးမှပြောသည်။

'ဒီလိုလုပ်တဲ့အတွက် ခင်ဗျားမှာ တာဝန်အများကြီးရှိလာ မယ်၊ နောက်မှတော့ မင်းယဉ်ကို အဆိုးမဆိုနဲ့၊ မလွယ်တော့ ဘူး'

ကိုကျော်သူသည် မင်းယဉ်ကို အံကြိတ်၍ကြည့်ကာ ဆက် ၍ထိုးရန် ဟန်ပြင်ရင်းမှပြောသည်။

'ဘာမှန်းမသိဘဲနဲ့ ဖြန်းသန်းပြီး မင်းဖြန်းလုံးပတ်လုံး တွေ ကို ငါကဂရုစိုက်ရမှာလား'

မင်းယဉ်က ပုဆိုးပြန်ဝတ်ရင်း တံတွေးကို ပစ်ခနဲထွေး လျက် မျက်နှာကို တစ်ချက်ရှုံ့လိုက်သည်။ မင်းယဉ်ထွေးလိုက် သော တံတွေးမှာ သွေးများဖြစ်၍ ပါးစပ်ထဲက ထွက်လာ သည်။

'ဒီလောက်အသားနာခံနေတာတော့ ခင်ဗျားဟာ ကိုယ့် အစ်မယောက်ျားဖြစ်နေလို့ ပြန်မလုပ်တာပဲ၊ ခင်ဗျားစဉ်းစား ကြည့်ပါ၊ မူမူလို့ မင်းယဉ် သိတဲ့အသိဟာ အများသိဖြစ်အောင် မင်းယဉ်က ဘာမှမလုပ်ပါပဲနဲ့ အခုလို အလွန်အကျွံ



www.burmeseclassic.com

www.burmeseclassic.com



ထိုးတဲ့အတွက် မင်းယဉ်စိတ်ကျေအောင် လုပ်ရလိမ့်မယ်'

'ဘာလုပ်ရမှာလဲ'

ကိုကျော်သူက ဒေါသသံဖြင့် ဝေါက်မေးလိုက်သည်။

မင်းယဉ်သည် နောက်စေ့မှ စီးကျလာသောသွေးများကို လက်ဝါးဖြင့်သုတ်လျက် မခိုးမခန့် မျက်နှာထားဖြင့် ပြန်ပြောသည်။

'ဘာလုပ်ရမလဲဆိုရင် ဒီညနေ ကားမောင်းလိုင်စင်ယူဖို့အတွက် ခင်ဗျားဆီမှာ ပိုက်ဆံတောင်းမလို့ လာစောင့်နေတာပါ၊ စိတ်ကျေအောင်လုပ်ချင်ရင်တော့ ပိုပိုမိုမို တစ်ရာလောက်ပေးပါ၊ ဆေးခန်းလည်း သွားချင်သွားရမှာ'

ကိုကျော်သူကို မင်းယဉ်က အေးစက်စက်လုပ်၍ ပြောနေခြင်းအတွက် အခံရခက်သော်လည်း မင်းယဉ်လက်၌ စွန်းနေသော သွေးများကြောင့် ဒေါသရှိန်နည်းသွားသည်။

မင်းယဉ်နှုတ်မှ မှုမှုဟုနာမည်ပါ အတပ်ပြောနိုင်ခြင်းကိုတော့ အံ့ဩမိသည်။ ဘယ်အချိန်က နာမည်သိပါလိမ့်ဟု မစဉ်းစားတတ်အောင်ဖြစ်သည်။

အားလုံးထက် မှုမှုအတွက် စိတ်မချဖြစ်လာသည်။ မှုမှုကို အနှောင့်အယှက်ပေးမှာ အရှက်ခွဲမှာ အစိုးရိမ်ဆုံးဖြစ်သည်။ ဒေါသကဖြစ်၊ ဒေါသကလည်းပြင်းထန်၊ စိတ်ကမချ၊ စိတ်မချခြင်းကလည်းကြီးမား။ သူ့၌တစ်ချိန်တည်း စိတ်နှစ်မျိုး ရှုပ်ထွေး





လှုပ်ရှားနေသည်။

မင်းယဉ်သည် ခါးထောက်လျက် ကိုကျော်သူကို ပြောင်ချော်ချော် မျက်နှာပေးဖြင့် ကြည့်နေသည်။ ကိုကျော်သူမှာ မင်းယဉ်ကိုထပ်၍ ဆွဲထိုးလိုက်ချင်သည်။ ထပ်၍များဆွဲထိုးလျှင် မင်းယဉ်ပြောသည့်အတိုင်း သူ့အတွက်မလွယ်တော့ပဲ ကိစ္စများ ကုန်တော့မည်မှာ သေချာနေသည်။

လက်သီးကို ကျစ်ကျစ်ဆုပ်လျက် ကိုကျော်သူက အံကြိတ်လိုက်သည်။ မင်းယဉ်က စိန်းစိန်းဝါးဝါး စိုက်ကြည့်နေသော သူ့မျက်လုံးများမှာ ကျွတ်လုမတတ်ရှိသည်။

မင်းယဉ်နှင့် ကြာရှည်ရင်မဆိုင်ချင်တော့သဖြင့် ကားတံခါးကိုဆွဲဖွင့်ကာ ကားထဲမှလက်ဆွဲအိတ်ကို ယူလိုက်သည်။ အိတ်ထဲမှ ငါးကျပ်တန် အရွက်တစ်ရာအုပ်ကို ဆွဲထုတ်ယူကာ ဒေါနှင့်မောနှင့် ငွေအုပ်ကိုဆောင့်ဆွဲဖြုတ်လိုက်သည်။

'မင်းနာသွားလို့ ငါပေးတာ ... ရော့၊ မင်းပြောတာ [illegible] တစ်ခုမှမဟုတ်ဘူး'

မင်းယဉ်ကို လိုက်လျှော့ရမှုမဖြစ်အောင် လက်လွန်ခြေလွန် လုပ်မိသည့်အတွက် ပေးလိုက်သည့်သဘောမျိုးပြောလျက် ငွေများကိုရေတွက်မနေဘဲ ဖြုတ်လိုက်သည့်အတိုင်း ကားနောက်ခန်းပေါ်သို့ ပစ်ပေးလိုက်သည်။

မင်းယဉ်သည် ခါးထောက်လျက်မှ ကားဖုံးပေါ်မှ ငွေစက္ကူ



www.burmeseclassic.com

www.burmeseclassic.com



ထပ်ကို ကြည့်လိုက်ကာ မချိုမချဉ်ပြုံးဖြဲဖြဲဖြင့် ကောက်ယူပြီး ဘေးလွယ်အိတ်ထဲသို့ထည့်၍ မချိုမချဉ် ပြုံးဖြဲဖြဲဖြင့်ပင် ခြံထဲမှ ထွက်သွားသည်။

နွဲ့နွဲ့ယဉ်ကိုဆွဲလျက် အသက်ထွက်မတတ် ဖျောင်းဖျ ဆိုနေရသော ဒေါ်သိန်းမေသည် မျက်နှာကလေး ဆီး လောက် ဖြစ်နေသည်။ ဆက်ဦးမည့် လင်မယားရန်ပွဲ ကြောက်လန့်လှသည်။ မင်းယဉ်လဲကျသွားပြီးနောက် အိမ် ၌ ဘာတွေဆက်၍ ဖြစ်နေကြသည်ကို လုံးဝမသိတော့ ဒေါသတကြီးဖြစ်နေသော သူ့တူမကို ကုလားထိုင်မှ မထ အတင်းဖိထားရသည်။

'သူ့ဆီမှာ ပိုက်ဆံတောင်းတာပဲဖြစ်မယ်၊ ပိုက်ဆံတောင် ရုံလောက်နဲ့ ထိုးရကြိတ်ရမလား ဒေါ်ကြီးရဲ့၊ အခုလက်ပါပါလာ ပြီ၊ သက်သက်မဲ့ နွဲ့တို့မောင်နှံကို စော်ကားနေတာ မြင်တယ် မဟုတ်လား ... မခံဘူး၊ ဘယ်နည်းနဲ့မှ မခံနိုင်ဘူး'

နွဲ့နွဲ့ယဉ်သည်ပြောပြီး ထရန် ရုန်းနေသည်။

'ငါ သေချင်ပါပြီ နွဲ့ရယ်၊ နေစမ်းပါ ... အသာနေစမ်း ပါ၊ မီးဆိုတာ ကြီးအောင်မလုပ်ရဘူး၊ လောင်လာရင် ငြိမ်း ရတယ်၊ ကိုယ့်စိတ်ကို စိတ်ရှိတိုင်း လွှတ်ပေးလို့မဖြစ်ဘူး၊ ပြောအဆို မိုက်ရိုင်းတာကြောင့် မခံနိုင်လွန်းလို့ ဟိုကလုပ်တာ ဖြစ်မှာပါ'





ကိုကျော်သူသည် ကားရုံထဲသို့ ကားသွင်းပြီး ခြေနင်းသံ ပြင်းပြင်းဖြင့် အိမ်ပေါ်သို့ ရောက်လာသည်။ ကုလားထိုင်ပေါ်၌ နွဲ့နွဲ့ယဉ်၏ ဒူးနှစ်ဖက်ကို ဒေါ်သိန်းမေက ဖိထားလျက် နွဲ့နွဲ့ယဉ်က အကြောက်အကန်ရုန်းလျက်ရှိပုံကို လှမ်းမြင်လိုက်ရ၍ မ်းပုံမီးကျ ဖြစ်သွားသည်။

'ဒါက ဘာဖြစ်တာလဲ'

'ဘာဖြစ်ရမှာလဲ ... ရှင်တော်တော်စော်ကားပါကလား'

'အို ... နွဲ့ကလည်း'

နွဲ့နွဲ့ယဉ်ကိုမပြောရန် ဒေါ်သိန်းမေက အတင်းတား၏။

'အောင်မယ် ... စော်ကားတာက ခင်ဗျားမောင်နော်ခင်ဗျ'

လက်ဆွဲအိတ်ကို စားပွဲပေါ်သို့ ဒေါနှင့်မောနှင့် ပစ်ချလိုက်ပြီးမှ ကိုကျော်သူက ထပ်၍ပြောသည်။

'ဒေါ်ကြီးကိုပဲ ကျွန်တော်ပြောချင်ပါတယ်၊ တလောက အကျိုးအတွက် ငွေတစ်ရာပေးလိုက်တာ အကျိုးအိမ်ပါ မလာဘူးဆိုတာသိရလို့ ကျွန်တော်ကမေးတယ်၊ ကျွန်တော် မမေးရတော့ဘူးလား၊ ကျွန်တော်မဆိုးမရတော့ဘူးလား၊ မေးရပါ့မလားဆိုပြီး ကျွန်တော့ကို စော်ကားမော်ကား မိုက်မိုက်ရိုင်းရိုင်း စကားတွေပြောလာတယ်၊ မဟုတ်တာတွေ ရမ်းလာတယ်၊ နောက်ကို မမိုက်ရိုင်းဝံ့အောင်ထိုးလိုက်ရတာပဲ'

ကိုကျော်သူ့စကားကို ဒေါ်သိန်းမေက အားလုံးယုံ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်သူ့စကားကို နွဲ့နွဲ့ယဉ်က အားလုံးမယုံ၊ သူ့မောင်တို့ နှုတ်ဖြင့်မဆိုးမဘဲ လက်ဖြင့်ဆိုးမခြင်းအတွက် ကိုကျော်သူ အပေါ်၌ ခွင့်မလွှတ်နိုင်အောင် ဖြစ်နေသည်။

'မင်းမင်းဟာ အရင်ကနဲ့မတူဘူးမောင်ကျော်သူ၊ မိုက်ရိုင်းလာတာတော့အမှန်ပဲ၊ ဒေါ်ကြီးလည်းဆိုးမတာပဲ'

ဒေါ်သိန်းမေ ပြောပုံပြောနည်းကို မကြိုက်၍ ရှေ့ဆက်ပြောမနေစေရန် နွဲ့နွဲ့ယဉ်က ဝင်တိုးပြောလိုက်သည်။

'ဘယ်လိုမျိုး မိုက်ရိုင်းလို့ ထိုးရတာလဲ၊ ဒီလို လက်နဲ့ဆိုးမတာမျိုးတော့ နည်းနည်းမှ မကြိုက်ဘူး၊ အသားတော့မထိနဲ့ ဘယ်သူ့အသားထိထိ မခံဘူး'

ကိုကျော်သူသည် နွဲ့နွဲ့ယဉ်ကို စိန်းစိန်းစားစားကြည့်ပြီး ပြောသည်။

'ဘယ်လိုမိုက်မိုက်ရိုင်းရိုင်းပြောတယ်ဆိုတာ ခင်ဗျားမောင် ခင်ဗျား မေးကြည့်ပေါ့၊ လူကိုမိုက်မိုက်ရိုင်းရိုင်း ပြောနေတာတော့ ခင်ဗျားကကြိုက်သလား'

'တော်ကြပါကွယ် ... တော်ကြပါ၊ ဒေါ်ကြီးတောင်ပန်ပါတယ်၊ နွဲ့ကလည်း တော် ... တော်ဆိုတော်'

ဒေါ်သိန်းမေမှာအခြေအနေကို မိမိမှဝင်၍ မထိန်းလျှင် မထိန်းသိမ်းနိုင်တော့လောက်အောင် ပေါက်ကွဲသွားနိုင်တော့သည့်အတွက် ပူပန်ကြီးစွာဖြင့် တုန်တုန်ယင်ယင်တောင်းပန်





ကာဆီးနေသည်။

နွဲ့နွဲ့ယဉ်ကား ရက်ပေါင်းများစွာက အံခဲကြိတ်မှိတ်ထားသမျှတို့ စုပုံပေါက်ကွဲတော့မည့် တကဲကဲဖြစ်နေသည်။

မင်းယဉ်မှာ နွဲ့နွဲ့ယဉ်နှင့် အထက်အောက် နှစ်နှစ်ကြီး နှစ်နှစ်ငယ် ဖြစ်ကြသည်။ နွဲ့နွဲ့ယဉ်နှင့် မင်းယဉ်တို့ စကားများလျှင် ရွယ်တူတန်းတူချင်းသဖွယ် မဆင်မခြင် ပြောဆိုတတ်သော်လည်း သူ့ထက် အသက်ချင်းအရွယ်ချင်းကွာခြားသော ယောက်ဖကိုတော့ မိုက်မိုက်ရိုင်းရိုင်း ဆက်ဆံပြောဆိုခြင်းကို နွဲ့နွဲ့ယဉ်သိရသလောက် တစ်ခါမျှမရှိခဲ့ပေ။ အိမ်တွင်းရေး အဆင်မပြေကြ၍ လင်မယားရန်ဖြစ်နေသည့်တိုင် သူကရှောင်ရှား ထွက်သွားတတ်သောမင်းယဉ်။ ကိုကျော်သူအပေါ်၌ ကောင်းသည်ဆိုးသည် တစ်ခွန်းတစ်ပါဒမျှ မပြောမဆိုဘူးသော မင်းယဉ်။ မင်းယဉ်က ဘယ်လောက်များ မိုက်ရိုင်းလို့လဲ၊ သူသာနိုင်ထက်စီးနင်းနေပြီး နင်းခြေပြောလို့ ဟိုကောင် မခံနိုင်တာ ဖြစ်မှာပဲ။

နွဲ့နွဲ့ယဉ်သည် မင်းယဉ်ဘက်မှ တွေးတွေးဆဆဖြင့် စဉ်းစားကာ ကိုကျော်သူ့ကို စိတ်နာကြည်းစွာဖြင့် စိတ်ရှိတိုင်း ပြောပစ်ချင်သော်လည်း ဒေါ်ကြီးကိုထောက်ထားရကာ အောင့်အည်းလျက် နေရာမှထလာသည်။

ခုတင်ပေါ်တွင် ခေါင်းအုံးပေါ်၌ မျက်နှာမှောက်လျက် ဝမ်းနည်းကြေကွဲလွန်း၍ သည်းထန်စွာငိုကြွေးမိသည်။ သူ့



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသား၌ လောင်ကျွမ်းနေသော မီးတောက်များကို ငြိမ်းသတ်၍ မရနိုင်လောက်အောင်ပင်ဖြစ်သည်။

'ကျွန်တော်ကတော့ ဦးကြီးမျက်နှာထောက်ထားပြီး သူတို့ဘယ်လိုဆိုးဆိုးသည်းခံနေရတယ်၊ အိမ်ပြန်လာပြန်လည်း ကျွန်တော့်ပေါ်မှာ ဘယ်တော့မှ ကြည်ကြည်သာသာမရှိဘူး၊ အခုတော့ ယောက်ဖကပါ မိုက်ရိုင်းစော်ကားလာပြီ၊ ကျွန်တော့်ဘဝက ဘာဘဝလဲ၊ အဒေါ်ကြီးပဲ စဉ်းစားပါ'

ဧည့်ခန်းမှ ကိုကျော်သူ ပြောဆိုနေသော အသံဗလံကို မကြားရအောင် နွဲ့နွဲ့ယဉ်သည် လက်နှစ်ဖက်ဖြင့် သူ့နားကို ပိတ်ထားသည်။ မခံချင်တတ်သော သူ့စိတ်ကို သူသိသည်။ မခံချင်တတ်သော စိတ်ရှိမှန်းသိ၍ ကိုကျော်သူက တမင်ဆူနေမှန်းလည်း သူသိသည်။

'ခေါင်းပူခံ၊ ကျောပူခံ၊ နားပူခံ စော်ကားခံရတဲ့ဘဝဟာ ကျွန်တော့်ဘဝဘဲ၊ ကျွန်တော်ဒီလိုချည်းပဲ တစ်သက်လုံး ခံနေရမှာလား'

နားပိတ်ထားသည့်ကြားထဲမှ ကိုကျော်သူ့စကားတွေကို ကြားနေရသည်။ နွဲ့နွဲ့ယဉ်သည် သူ့စိတ်ကို သူချုပ်လျက် မထနဲ့ဟု သူ့ကိုယ်သူ အိပ်ရာနှင့်မကွာအောင် ဖိကပ်ထားသည်။ သူ့စိတ်ကို သူတင်းခံထားသည်။

သူ့အပေါ်၌ စကားဖြင့် တစ်ဖက်သတ်အနိုင်ယူ ထိပါး ပြောဆိုနေခြင်းကို မခံနိုင်သည့်စိတ်က တင်းခံနေသောစိတ်ကို





ရုတ်တရက် တွန်းလှန်ခါချလိုက်သည့်အတွက် အိပ်ရာပေါ်မှ ဝုန်းခနဲထမိကာ အခန်းပြင်ဘက်သို့ ပြန်ရောက်သွားသည်။

'ဒီမယ်ရှင့် . . . တစ်သက်လုံး စကားနဲ့ တစ်ဖက်သတ် အနိုင်ယူနေရာက အခုလက်ပါပြီး လက်နဲ့ပါအနိုင်ယူလို့ အားမရသေးဘဲ ဘယ်လိုများ ရှေ့ဆက်ပြီး အနိုင်ယူချင်သေးလို့ ဒီစကားမျိုး ပြောလာတာလဲ၊ ရှင်ကော . . . ဒီလိုချည်း တစ်သက်လုံး လုပ်နေမှာလား၊ သူခိုးက လူပြန်ဟစ်မနေပါနဲ့'

'ဘာပြောတယ်၊ ဒီအိမ်မှာ ငါသူခိုးမဟုတ်ဘူး'

နှစ်ဦးစလုံး ဘာမျှမမြင်နိုင်အောင် ယမ်းပုံမီးကျ ပေါက်ကွဲ အော်ဟစ်ဆူညံ၍ လာကြလေပြီ။

ဒေါ်သိန်းမေ တစ်ကိုယ်လုံး တုန်ယင်နေသည်။ သည်တစ်ခါတော့ ကိုကျော်သူနှင့် နွဲ့နွဲ့ယဉ်တို့ ကွာရှင်းအဆုံးသတ်ကြပေလိမ့်မည်။ ကွာရှင်းမည့်အပိုင်းကို ရှောင်ကွင်း၍ရတော့မည်မဟုတ်တော့။ ကွာရှင်းကြမှာကိုလည်း အဖြစ်မခံနိုင်။ အဖြစ်မခံနိုင်သည့်အတွက် အစွမ်းကုန် သူ့နည်းဖြင့် သူကာကွယ်မိတော့သည်။

'တော်ကြပါလို့ . . . ဒေါ်ကြီးတောင်းပန်နေတာ မတော်ကြဘူးပေါ့၊ ကိုင်း . . . မတော်ကြရင်တော့ ဒေါ်ကြီးသေချင်ပြီ၊ ဒေါ်ကြီးပဲ သတ်လိုက်ကြပါတော့'

ယူကျုံးမရသောအသံဖြင့် ဒေါ်သိန်းမေက မပြောဖူး



www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်၍ ပြောဆိုငိုသည်။

'ဒေါ်ကြီး သေစရာမလိုဘူး၊ နွဲ့သေရင် အားလုံးကိစ္စတွေ ပြီးသွားမှာပဲ'

နွဲ့နွဲ့ယဉ်သည် ဒေါသဖြင့် မှုန်ထူကာ ဆုတ်နစ်နေသော အသံတိမ်တိမ်ကလေးဖြင့် ပြန်ပြောခဲ့ပြီး အခန်းထဲသို့ ပြန်ပြေးဝင်သွားသည်။

နွဲ့နွဲ့ယဉ်နောက်မှ ကိုကျော်သူက ကမန်းကတန်း အခန်းထဲသို့ ပြေးဝင်လိုက်သည်။ ဒေါ်သိန်းမေလည်း နောက်မှအပြေးလိုက်လာသည်။

မှန်တင်ခုံ အံဆွဲထဲမှ မောင်းချဓားကို ဆွဲထုတ်လိုက်ပြီး ကိုယ့်ကိုယ်ကိုယ် ဓားဖြင့်ထိုးရန် ရွယ်လိုက်သော နွဲ့နွဲ့ယဉ်၏ လက်ထဲမှဓားကို ကိုကျော်သူ အတင်းဆွဲလုယူရသည်။

'ကိုယ်တောင်းပန်ပါတယ်နွဲ့၊ ဒီနည်းနဲ့ ပြဿနာတွေကို မဖြေရှင်းချင်စမ်းပါနဲ့၊ ကိုယ်တောင်းပန်ပါတယ်'

ကိုကျော်သူမှာ တကယ်လုပ်ရဲသော နွဲ့နွဲ့ယဉ်သတ္တိကိုသိ၍ ကြောက်ရွံ့ထိတ်လန့်သွားသည်။ ကံသီလို့ မီလိုက်ပေသည်။ ထိတ်လန့်တုန်လှုပ်လွန်း၍ သူ့ရင်မှ တဒိုင်းဒိုင်းဆောင့်ခုန်နေသည်။

သူ့အနေဖြင့် အခြေအနေ ထပ်ဆိုးသည်ထက် ဆိုးရန် ဖန်တီးနိုင်အား မရှိတော့သည်ကိုလည်း တွေ့ရသည်။ ဤအိမ်





ထောင်ကို ကြာရှည်ဆက်၍ သွားမနေတော့ဘဲ အမြန်ဆုံး ကွာရှင်းကြရန်ကိုသာ သူ့စိတ်၌ပိုင်းဖြတ်ပြီးသား ဖြစ်သွားသည်။

မင်းယဉ်မသိဘူး ထင်ထားရာမှ မင်းယဉ်သိနေသည့်အတွက် သူ့ကိစ္စကို အချိန်ဆွဲနေ၍မဖြစ်မှန်း နားလည်သွားသည်။

ဒေါ်သိန်းမေမှာ မျက်ရည်အသွယ်သွယ်ကျလျက် နွဲ့နွဲ့ယဉ်ကို ပွေ့ဖက်ထားကာ 'မမိုက်ပါနဲ့သမီးရယ်၊ မမိုက်ပါနဲ့' ဤမျှသာပြောနိုင်ကာ ရင်ထဲ၌ နာကျင်ဆို့နင့်လျက်ရှိသည်။

ခေါင်းရင်းအိမ်တွင်နှောင်းငယ်သည် မီးဖိုထဲရှိ ဆန်အိတ်ကြီးကို ခေါင်းမှီလျက်ရှိုက်ငိုနေသည်။ အဘွားဒေါ်လှရင်မှာ မျက်ရည်စက်လက်ဖြင့် နှောင်းငယ်နား၌ထိုင်ကာ မကျေမနပ် ဘတွတ်တွတ် ပြောဆိုနေသည်။

'ဟိုကထိုးပြီးမှ ပိုက်ဆံပစ်ပေးတယ်၊ အဲဒီပိုက်ဆံယူပြီး ထွက်သွားတယ်၊ အထိုးခံပြီးမှ သင်းပေးတဲ့ပိုက်ဆံများ ဘာဖြစ်လို့ ယူရသလဲမသိပါဘူး'

ဘွားဘွားရင်ပြောပြီး မျက်ရည်များသုတ်ရင်း ခြေရင်းအိမ်မှ ဝုန်းဝုန်းဒိုင်းဒိုင်း အသံတွေကြား၍ ပြတင်းပေါက်နားသို့ ထပြေး ရပ်ကြည့်ပြန်သည်။

နှောင်းငယ်က ခေါင်းထောင်၍ 'အဘွား ဘာလဲ... ဘာလဲ'ဟု လှမ်းမေးသည်။ နှောင်းငယ်ထမလာရန်လက်ပြတားလျက်၊ တစ်ဖက်အိမ်မှ လူတွေကိုမြင်ရလို မြင်ရငြား ပြတင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါက်မှ ကုန်းကွချောင်းမြောင်းကြည့်သည်။

နွဲ့နွဲ့ယဉ်တို့အိမ်မှ ဆူဆူညံညံဖြစ်နေသော အသံဗလံတွေသည် ရင်နင့်စရာဖြစ်အောင် မသဲမကွဲ ဗလုံးဗထွေး ကြားနေရသည်။

အဘွားဒေါ်လှရင်သည် သက်ပြင်းကြီးချ၍ နှောင်းငယ်နားသို့ ပြန်ရောက်လာသည်။

'သူတို့ဖြစ်နေပုံတွေ သူ့အဖေမြင်စမ်းစေချင်တယ်၊ လက်ထပ်ပေးပြီးမှ ကျွန်တော်အသေဖြောင့်မယ်တဲ့၊ သူကတော့ အသေဖြောင့်သွားပါရဲ့၊ နွဲ့မှာတော့မဖြောင့်လိုက်တာဟယ်'

မျက်လုံးများ၌ မျက်ရည်အပြည့်ဖြင့် နှောင်းငယ်က ရှိုက်၍မေးသည်။

'အစ်ကို ပိုက်ဆံယူပြီး ထွက်သွားတယ်ဆိုရင် ပြန်လာတော့မှာမဟုတ်ဘူးထင်တယ်အဘွား၊ အစ်ကိုသွားပါပြီ အဘွားရယ်. . . အစ်ကိုသွားပါပြီ'

'ဟယ်. . . လာမှာပေါ့၊ သူ့အိမ်ကို ရုတ်တရက် မသွားသေးတောင် ဒီအိမ်ကိုတော့ သူလာမှာပေါ့၊ တိတ်. . . တိတ် မငိုနဲ့လေ ခေါင်းကိုက်နေမယ်'

နှောင်းငယ် တိတ်ပါဆိုမှ အသံထွက်၍ ငိုနေသည်။

နှောင်းငယ်သာ မင်းယဉ်တို့ ရန်ဖြစ်ရာသို့ ရောက်သွားခဲ့လျှင် ဘယ်လိုများ ဖြစ်ကုန်ကြမလဲဆိုတာ အဘွားဒေါ်လှရင်





မတွေးဝံ့အောင် ဖြစ်သည်။ မင်းယဉ်အပေါ်၌ အစ်ကိုရင်းတမျှ နှောင်းငယ်၏ ကြီးလှသော သံယောဇဉ်ကိုတွေးလျက် ခေါင်းတညိတ်ညိတ် ဖြစ်မိသည်။

'အစ်ကို ဘယ်နေရာများ ထိသွားသလဲမသိဘူး၊ အစ်ကို့မှာ သွေးတွေမြင်လိုက်သေးသလားဟင်'

'ငါချောင်းကြည့်တော့ ပိုက်ဆံယူပြီး ထွက်သွားတာပဲ မြင်လိုက်တယ်၊ ဘယ်နေရာထိသွားသလဲမသိဘူး'

စောစောကသူ့ဆီလာ၍ ကိုကျော်သူ့ကိုစောင့်ခြင်းမှာ ပိုက်ဆံတောင်းရန်ကိစ္စပဲဟု နှောင်းငယ်နားလည်သွားသည်။ မချောရီတို့ဆီဒီငွေနှင့် သွားတော့မှာပဲဟု နှောင်းငယ်တွက်သည်။

သူ့တွင် ပိုက်ဆံတွေအများကြီးရှိချင်မိသည်။ သူ့၌ ငွေများများရှိက မင်းယဉ်အလိုရှိတိုင်း သူပေးနိုင်မည်။ သူသာပေးနိုင်လျှင် မင်းယဉ်ထိုးခံရမည်မဟုတ်ဟု အတွေးပေါ်ကာ ဝမ်းနည်းပက်လက် ကျုံကျုံပါအောင် ငိုချမိသည်။

www.burmeseclassic.com

www.burmeseclassic.com

## |၁၁|

မီးရထားသံလမ်းကိုဖြတ်လျက် တိုက်ခတ်လာသောလေ အေး ကြောင့် မင်းယဉ်ရခဲ့သော ဒဏ်ရာများ တစစ်စစ်နာကျင်လာ သည်။ တစ်ကိုယ်လုံးမှာကျိန်းနေသည်။ ခေါင်းနောက်စေ့၌အုတ် ခဲဖြင့် ဆောင့်မိ၍ ပေါက်သွားကာ တဖျဉ်းဖျဉ်းဖူးရောင် လာသည်။ ကျောနှင့်တင်ပါးတစ်လျှောက်လုံး အောင့်နာနေသည်။

သည်နေ့ညနေ ကိုကျော်သူထံမှ သူမျှော်လင့်ထားသည့် ငွေမှာ ကားလိုင်စင်အတွက် နှစ်ဆယ် နှစ်ဆယ့်ငါးကျပ်၊ ယခု တော့ ငါးရာအုပ်ကို ဆုတ်ပေးလိုက်၍ ဘယ်လောက်မှန်းမသိ ရခဲ့သည့်အတွက် ကျေနပ်အားရမှုတို့ဖြင့် ခပ်သုတ်သုတ်လျှောက် လာသည်။

မင်းယဉ်မှာ ကားမောင်းတတ်သော်လည်း သူ့တွင် လိုင်



စင်မရှိ၊ လိုင်စင်ရတာနှင့် ကားဝင်မောင်းလျှင် အလုပ်ရှိ၍ မချောရီနှင့် နီးရတော့မည်။

မင်းယဉ်သည် လွယ်အိတ်ကို အပြင်မှဖိကိုင် စမ်းကြည့် လိုက်သည်။ ငွေများကို ရေတွက်ပေးခြင်းမဟုတ်၍ ၁၀၀ကျပ် ထက်တော့ မနည်းပါဘူးဟုထင်သည်။ မချောရီလက်ထဲသို့ ငွေအားလုံး ပေးအပ်လိုက်လျှင် အဘယ်မျှ ပျော်ရွှင်ကြည်နူး သွားလိမ့်မည်နည်း။

ပျော်ရွှင်သွားမည့် မချောရီ၏မျက်နှာကလေးကို လှမ်းလာ ရင်း တစ်မြင်တည်းပင်မြင်နေသည်။ သူ့၌ရရှိခဲ့သော အနာဟာ ရကိုပြန်၍မှ အမှတ်မရတော့အောင် မင်းယဉ်ဘဝတွင် မချော ရီ မှမချောရီဖြစ်သည်။

မချောရီတို့အိမ်၌ မချောရီတစ်ယောက်တည်းရှိသည်။ ဦးအောင်ထွန်း အပြင်ထွက်သွားခိုက်နှင့် ကြုံရသည်။

'ဘာတွေလဲဟင်'

မင်းယဉ်ပုတ်ပြနေသော လွယ်အိတ်ကို မချောရီက အပြင် မှလှမ်းကိုင်လျက် အံ့သြသံဖြင့်မေးလိုက်သည်။

မင်းယဉ်က အားရပါးရပြုံးလျက် မချောရီ၏ပခုံးကလေးကို လှမ်း၍ သာသာဖွဖွကိုင်လိုက်သည်။ မင်းယဉ် မျက်နှာကို မချောရီက မော့ကြည့်သည်။

သူ့ပခုံး၌ ချိတ်ထားသော လွယ်အိတ်တွင်းမှ ငွေခေါက်



www.burmeseclassic.com

www.burmeseclassic.com



သူ့ပခုံး၌ ချိတ်ထားသော လွယ်အိတ်တွင်းမှ ငွေခေါက်ကို လက်လျှိုနှိုက်ယူလျက် မချောရီ လက်ကလေးထဲသို့ ထည့်ပေးလိုက်သည်။

'ရေကြည့်စမ်းပါ'

'အို... အများကြီးပါကလားဟင်'

'ဦးလေး မောင့်အတွက်လုပ်ပေးမယ့် ကားမောင်းလိုင်စင်ခနဲ့ပိုတာရီသိမ်းထားပါ'

မချောရီသည် ကြမ်းပေါ်၌ထိုင်လျက် ငွေများကိုတစ်ရွက်စီ ရေတွက်ကြည့်သည်။ အားလုံးပေါင်း ၁၃၅ကျပ်။

မချောရီမျက်နှာပေါ်၌ စိုဝင်းနေသော မျက်လုံးကလေးနှင့် တောင့်တသော အပြုံးကလေးကို ယှဉ်ပြိုင်မြင်တွေ့လိုက်ခြင်းကြောင့် မင်းယဉ်၏ချစ်မေတ္တာ ဒီရေများတိုးလျှံလာသည်။

'ရီ...'

နူးညံ့ညင်သာသော မင်းယဉ်၏ အသံနှင့်အတူ ပူနွေးသောလက်များသည် မချောရီကိုသိုင်းဖက်လျက် ပါးချင်းပူးကပ်လိုက်သည်။

မင်းယဉ်မှာ မချောရီနှင့် တစ်ခါမှ လွတ်လွတ်လပ်လပ် မတွေ့ဖူး၍ ရင်တဆတ်ဆတ်ခုန်နေသည်။

မချောရီ၏ ပခုံးကလေးကို အသာအယာဆွဲ၍ သူနှင့် မျက်နှာချင်းဆိုင်မိအောင် လှည့်လိုက်သည်။





'ရီ... မောင့်ကို တကယ်ချစ်မှချစ်ရဲ့လား ရီရယ်'

'မောင့်ကို တစ်နေ့ထက်တစ်နေ့ပိုပိုပြီး ချစ်မိတယ်မောင်'

မချောရီ၏စကားသံ တိုးတိုးမှာ အသံပင်မထွက်သကဲ့သို့ ရှိနေသည်။

မချောရီ၏ပခုံးကလေးကို မင်းယဉ်ကတအားကျုံး၍ ဖက်ပွေ့ညှစ်သည်။ မချောရီ၏ မျက်နှာမှာ နီမြန်းနေသည်။ နီမြန်းနေသော မျက်နှာဖြင့် မျက်တောင်ကလေးများ စင်းကျနေကာ မျက်နှာမထားတတ်သလောက်ဖြစ်နေခိုက် အိမ်ရှေ့မှ လူသံကြားလိုက်ရသည်။ လူသံကြား၍ကပျာကယာ လူချင်းခွာထိုင်လိုက်ကြသည်။

ဦးအောင်ထွန်းသည် အထုပ်တစ်ခုဆွဲလျက် သူ့မျက်နှာကို ရှေ့သို့ဆန့်ထုတ်ကာ ပြူးနေသောမျက်လုံးဖြင့် အိမ်ပေါ်သို့ ရောက်လာသည်။

အိမ်၌သူမရှိခိုက် မင်းယဉ်ရောက်နေ၍ ချောရီနှင့်လွတ်လပ်စွာ တွေ့ကြမည့်အထိတော့ခွင့်မပြုနိုင်၊ သည်းမခံနိုင်၊ သူခွင့်ပြုထားသော အတိုင်းအတာ ဘောင်အတွင်းမှ လွန်ကဲ၍ ဆက်ဆံခြင်း မပြုနိုင်အောင် မျက်ခြည်မပြတ် အမြဲစောင့်ကြပ်ထိန်းနေသူဖြစ်သည်။

ဦးအောင်ထွန်း၏ မျက်နှာထားဆိုးဆိုးကို မြင်လိုက်၍ မချောရီက သူ့ဒူးအောက်၌ ဖိထားသောငွေများကို ကောက်ယူ



www.burmeseclassic.com

www.burmeseclassic.com



လျက် ကိုင်ထောင်ပြလိုက်သည်။

'ကိုမင်းယဉ် လိုင်စင်အတွက် ယူလာတယ်အဖေ၊ ပို
ငွေတော့ ချောရီပန်ချင်တဲ့ ပုလဲနားကပ်ကလေး ဝယ်ပန်
စုထားမယ်'

ငွေများကို ဦးအောင်ထွန်း အထပ်လိုက်မြင်လိုက်ရသ
အတွက် မျက်နှာထားဆိုးဆိုးမှ မျက်နှာထားချိုချိုသို့ ပြော
လိုက်ပုံမှာ လျင်မြန်လှသည်။ ရင်ထဲ၌ ပီတိလုံးတွေ ရိုက်ခ
လာလျက် ဣန္ဒြေမနည်းဆည်ရကာ မချောရီကို ကြိမ်းသည်

'သမီးကလည်းတစ်ဆိတ်ရှိ မောင်မင်းယဉ်ပဲ အပူကာ
တော့တာပဲ၊ နားကပ်မပန်ရတော့ကော ဘာဖြစ်သေးသ
လိုင်စင်ယူတာ ဘယ်လောက် ကုန်ဦးမယ်မသိဘူး၊ မင်းကလည်
သူ့အလိုချည်း ကျပ်ကျပ်လိုက်နေ၊ တော်တော်ကြာ နားကပ်
လက်ကောက် ဖြစ်လာဦးမယ်'

ဦးအောင်ထွန်းကပြောပြီးမှ'ဟင်း. . . ဟင်း' အသံထွ
လျက် ညည်းတွားပြလိုက်သည်။

အိမ်ပေါ်တက်လာသော ဦးအောင်ထွန်းမျက်နှာကို လန့်
သော မင်းယဉ်မှာ ဦးအောင်ထွန်းမျက်နှာပြောင်းသွားမှ ရ
ပေါ့သွားသည်။

မင်းယဉ်ကိုဦးအောင်ထွန်း မျက်နှာသာပေးလိုက်တာနှ
မင်းယဉ်မှာ အမိုက်မှောင်ဖုံးလျက် ဝမ်းသာလုံးဆို့ကာ အရှုး

း ဖြစ်နေသည်။

'ကျွန်တော့်ကိုလိုင်စင်ရအောင် မြန်မြန်ဆောင်ရွက်ပေးပါ
ဦးလေး'

'ရပါတယ်ကွ၊ ဦးလေးက ကားကြမ်းပိုးပါ၊ မျက်စိမကောင်း
လွန်းလို့ မမောင်းတာပါ၊ ကားလောကမှာ နှစ်ပေါင်းအစိတ်ကျင်
လည်ခဲ့တယ်၊ ဝပ်ရှော့မှာငါးနှစ်ကွ၊ ဓာတ်ပုံသာရိုက်ခဲ့ပါ၊ သူတို့
ပေးတဲ့သင်တန်းတော့ ခဏတက်ရမပေါ့၊ လိုင်စင်ရလာတော့မှ
အငှားကားမောင်းနိုင်အောင် တီလိုင်စင် အသေးစား ရဖို့အ
တွက် ဦးလေးလုပ်ပေးပါမယ်၊ ဦးလေးတာဝန်ထား'

မင်းယဉ်မှာ အလုပ်ရတော့မည်ဟု အားတက်လာသည်။
ယောက်ဖကို မှီခိုရသည့် ဘဝကလည်း လွတ်ကင်းတော့မည်ဟု
အားမာန်ဝင့်လာသည်။

'မင်းယောက်ဖက တလောကပဲ ငွေတစ်ရာပေးတယ်ဆို၊
အခုလည်း သူ့ဆီကပဲလား၊ မင်းကိုများများပေးသားပဲကွ'

သူ့အနားလာထိုင်သော ဦးအောင်ထွန်းမျက်နှာကိုကြည့်၍
ယောက်ဖထံမှ အလွယ်တကူ ငွေရနေသည် ထင်မှတ်မှာစိုးရ
သည့်အတွက် အလွယ်တကူ မဟုတ်ကြောင်း ဖွင့်ပြောပြရ
သည်။

'တောင်းတိုင်းပေးတဲ့ ယောက်ဖမဟုတ်ဘူး ဦးလေးရဲ့
အခုငွေက ကျွန်တော်နဲ့အကြီးအကျယ်ရန်ဖြစ်ပြီးမှထုတ်ပေးတာ'



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ထွန်းသည် မင်းယဉ်ကို စူးစမ်းသောအကြည့် ဖြင့် ကြည့်သည်။ ရန်ဖြစ်သည့်ကိစ္စ အကြောင်းအချက် သိ ကြားချင်စိတ်တွေ ကြီးမားလာသည်။

'ဘာကြောင့် ရန်ဖြစ်ရတာလဲကွာ'

'ဒီလို ဦးလေးရဲ့၊ ကျွန်တော့် ယောက်ဖက မိန်းမတစ် ယောက်နဲ့ ကျွန်တော့်အစ်မ မသိအောင် တိတ်တိတ်အပျော် ပုန်းခုတ်နေတယ်'

'ဟေ. . .'

ဦးအောင်ထွန်း၏ မျက်လုံးများမှာပြောင်လက်လာသည်။ ငွေရပုံရနည်းသည် သူ့အတွက် စိတ်ဝင်စားစရာ ဖြစ်လာ မင်းယဉ်ကို မျက်တောင်မခတ် ကြည့်နေသည်။

'သူခြေပုန်းခုတ်နေတာကို ကျွန်တော်သိထားတယ်၊ ကျွန် တော်သိမှန်းလည်း သူသိတယ်၊ ဒီညနေသူပြန်လာတော့ ကျွန် တော်က လိုင်စင်အတွက် ကောင်းကောင်းမွန်မွန် တောင်းမ ပါပဲ၊ ဒါပေမဲ့ ကျွန်တော့်ကို မြင်တာနဲ့ပဲ ဆူလားပွက်လာ အသားလွတ် လာရမ်းတော့ ကျွန်တော်က သူ့အကြောင်း သိတယ်လို့ ဖွင့်ချလိုက်တယ်'

'အဲဒီတော့. . .'

'အဲဒီတော့ သူက ကျွန်တော့်ကိုဆွဲထိုးတယ်၊ ထိုးတာ တအားထိုးတာ၊ မြေပေါ်ကိုလန်ကျသွားတာပဲ၊ ခေါင်းတော်



ပေါက်သွားတယ်၊ ကျွန်တော့်အသား ထိလာတော့ ကျွန်တော့်ကို သက်လွန် ခြေလွန်လုပ်တဲ့အတွက် မကျေဘူးပြောတော့ ကျွန် တော့်ကို ဒီငွေနဲ့ စိတ်ကျေနပ်အောင် ချော့လိုက်တယ်'

ဦးအောင်ထွန်းမှာ ဣန္ဒြေမဆောင်နိုင်လောက်အောင်ပင် သွားတဖြဲဖြဲဖြင့် သဘောအကျကြီးကျနေသည်။ မင်းယဉ်ထံမှ ကြားရသောသတင်းသည် သူတို့အတွက်ရွှေတွင်းအလား အလား သော ငွေဝင်လမ်းတစ်ခုဟု ယူဆထားလိုက်သည်။

'မင်းကိုထိုးမိတဲ့အတွက် သူ့ကိစ္စထဲ ဝင်မရှုပ်ဖို့ပေးလိုက် တဲ့သဘောပေါ့ကွာ၊ ဟား. . . ဟား'

မင်းယဉ်ကပါ ရော၍ တဟဲဟဲရယ်သည်။

'မင်းအစ်မ ဒီကိစ္စသိရင် ဘယ့်နှယ်နေမလဲဟေ့'

ရုတ်တရက် အဖြေမပေးနိုင်ဘဲ မင်းယဉ်တွေနေသည်။

'အစ်မသိရင်တော့ကိစ္စများမှာပဲ၊ မီးလောင်မှာပဲ၊ကျွန်တော့် အစ်မက လူကြည့်တော့ ပျော့ပျော့ကလေး၊ စိတ်ကသိပ်ပြင်း တယ်ဦးလေး'

ချင့်ချိန် စဉ်းစားတွေးတောနေခြင်းဖြင့် ဦးအောင်ထွန်း ငြိမ်သက်နေသည်။ သူ့အတွေးများမှာ တစ်ခုနှင့်တစ်ခုဆက်စပ် လျက်မဆုံးနိုင်အောင် ရှည်လျားသည်။

'အင်း. . . ဒီလိုဆိုရင်လည်း မသိစေနဲ့ဦးပေါ့၊ သူဘယ်သူ အောင်ခြေပုန်းခုတ်မလဲဆိုတာ ခိုင်လုံအောင်စုံစမ်းပြီး အမိဖမ်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ကွာ၊ ဒါမှ မင်းယောက်ဖကို မိမိရရချုပ်ထားနိုင်မယ်၊ သူ့ အဆက်က ဘယ်ကလဲကွယ့်'

ဦးအောင်ထွန်းဤမျှ ပါဝင်စွက်ဖက် စိတ်ဝင်စားနေမှု ဘာ့ကြောင့်များမှန်းမှ မင်းယဉ်မတွက်မိ။ ဦးအောင်ထွန်းဘာ သွားမှန်းကိုလည်း နည်းနည်းမှမရိပ်မိ။ စပ်စပ်စုစုနိုင်ခြင်းသည် ဦးအောင်ထွန်း၏အကျင့်၊ ဦးအောင်ထွန်း၏ ပင်ကိုဝါသနာ မင်းယဉ်ကမှတ်ယူသည်။ စပ်စုသော ဝါသနာကိုတော့ မကြို တာအမှန် ဖြစ်သည်။ ဦးအောင်ထွန်း စပ်စုခြင်းကို မကြိုက် အမှန်အတိုင်း မဖြေဘဲလွှဲ၍ဖြေသည်။

'ပဲခူးကပါ ဦးလေးရ'

'ပဲခူးနဲ့ သူဘယ်လိုဆက်မိသလဲ'

'ပဲခူးက ရန်ကုန်လာနေတာ တွေ့ကြတာပေါ့'

'ရန်ကုန်ဆိုတာ အကျယ်ကြီးပဲကွ၊ ဘယ်နေရာမှာလဲ'

'လမ်း ၃၀ မှာ'

'ဒီမိန်းကလေးက ဘယ်လိုအစားမျိုးထဲကလဲ၊ အကောင် လား၊ အပျက်လား'

'အဲတာတော့ ကျွန်တော်မပြောတတ်ဘူး'

မင်းယဉ် မျက်နှာပျက်သွားသည်။

ဦးအောင်ထွန်းသည် ခရေစေ့တွင်းကျရှေ့ဆက်၍ အကျ





အစင်သိအောင် မေးချင်သေးသည်။ ဤကိစ္စ ဂယနဏ အ ချက် ပိုင်ပိုင်သိထားရကသည်အထဲ မင်းယဉ်နှင့် သူပါအတူပါ င်ကာ ဤဇာတ်ကိုကနိုင်မည် မကနိုင်မည် အတွေးနယ်ချဲ့ လျက် တစ်ခဏ စဉ်းစားခန်းဝင်နေပြန်သည်။

မင်းယဉ်ကိုသိပ်ပြီး အတွင်းနှိုက်လျှင် မင်းယဉ်မျက်နှာ ပျက်တတ်သည့်အတွက် ဒါကိုလည်း သတိထားသည်။ မင်းယဉ် နောက်၌ သူရှိနေပြီး မီးစင်ကြည့်၍ မင်းယဉ်ကိုကခိုင်း သွားရ လျှင်လည်း ဖြစ်နိုင်တာပဲဟု နောက်ဆုံး၌ သူ့ဆန္ဒကိုအရှိန်သတ် လိုက်သည်။

'ဟဲ့. . . သမီး၊ မောင်မင်းယဉ်ကို ကျွေးစရာလုပ်ဦးလေ၊ အဖေပြည်သူ့ဆိုင်က ခေါက်ဆွဲခြောက်ထုပ်ဝယ်လာတယ်၊ ဝက် သားပြုတ်ထားတယ်မဟုတ်လား၊ ကြော်ဖို့သွားလုပ်ချေ'

ရွှင်ရွှင်ပျပျဖြင့် မချောရီက သွက်လက်စွာထသွားသည်။ ရွှင်ရွှင်ပျပျထသွားသော မချောရီ၏ အမူအရာကလေးသည် မင်းယဉ်ကို ဓာတ်ကူးစက်ကာ ရင်အေးရွှင်ကြည်သွားသည်။

ဦးအောင်ထွန်းက မင်းယဉ်ကို ယနေ့အထူး အခွင့်အရေး ပေးသည်။

ဦးအောင်ထွန်းမျက်နှာမှာတစ်ချိန်လုံး ပျားရည်ဆမ်းထား သည့်မျက်နှာ သူကိုယ်တိုင် မင်းယဉ်ကို ရေနွေးကြမ်းထည့်ပေး သည်။ သူကိုယ်တိုင် ငုံ့ပေးသည်။ စီးကရက်ကို တစ်လိပ်ကုန်



www.burmeseclassic.com

www.burmeseclassic.com



တစ်လိပ်ညှိကာ စကားတွေ ဖောင်လောက်အောင် ပြောဆိုနေသည်။ ဦးအောင်ထွန်း၏ရယ်သံများသည် အရာခပ်သိမ်းအားလုံးကို လွှမ်းမိုးထားသည်။

'ချောရီ ခေါက်ဆွဲကြော်ရင်တော့ ပစ်ရတော့မှာပါပဲ'

သူကိုယ်တိုင် ခေါက်ဆွဲကြော်ရန် မီးဖိုထဲသို့ ဝင်သွားလျက် မချောရီကို အပြင်သို့ မောင်းထုတ်လိုက်သည်။

မင်းယဉ်မှာ အိမ်ပြင်၌ မချောရီနှင့် လွတ်လွတ်လပ်လပ် စကားပြောနိုင်ခွင့်ရသည့်အတွက် ငွေတစ်ရာ့သုံးဆယ်ငါးကျပ် တန်လောက်အောင် ကျေနပ်ကြည်နူးလျက်ရှိသည်။

'မောင့်အိမ်ကတော့ ကားမောင်းရင် ကြိုက်ပါ့မလား'

'မကြိုက်ကြိုက်ကြိုက် ဒါအလုပ်ပဲ၊ သုံးဘီးမောင်းရင် တစ်လ နှစ်ရာလောက်ဝင်မယ်'

မင်းယဉ်က ကိုယ့်ကိုယ်ကို ပြန်၍အားပေးသံဖြင့် ပြောလိုက်သည်။

'ဦးလေး. . . အဲသလို နေ့တိုင်း အလိုက်သိခွင့်ပြုရင် ဘယ်လောက်ကောင်းမလဲ ရီရယ်'

မင်းယဉ်က မချင့်မရဲ မချောရီလက်ကလေးကို ဆွဲဆုပ်ရင်းပြောသည်။

'အဖေ အဲသလိုပဲ နေ့တိုင်း စိတ်ကောင်းဝင်ပါစေလို့ ရီကလဲ ဆုတောင်းပါတယ်'





မင်းယဉ်ထံမှ ငွေမြက်မြက်ရလိုက်၍ ဦးအောင်ထွန်း သဘောကောင်းနေမှန်း မပေါ်စေရန် လှည့်ဖြားဖာထေး၍ ပြောဆိုနေသည်။

'ဦးလေးကတကယ်တော့ သဘောကောင်းပါတယ်ရီရယ်၊ လူငယ်တွေရဲ့သဘောလည်း သူသိတတ်ပါတယ်'

'အဖေတစ်ယောက် ဖြစ်နေတော့လည်းမောင်ရယ်၊ တားမြစ် ကြပ်မတ်သင့်တာကျတော့လည်း သမီးမိန်းကလေးအတွက် ချုပ်ချယ်မှာပေါ့၊ မဟုတ်ဘူးလား'

ဦးအောင်ထွန်းက မင်းယဉ်နှင့်မချောရီကို လွတ်လွတ်လပ်လပ်ဘယ်တော့မှ တွေ့ခွင့်မပေးသည့်အတွက် မင်းယဉ်ကိုမချောရီဖုံးဖိနေသည်။ မင်းယဉ်လူရည်မလည်မှန်း ဦးအောင်ထွန်းကဲ့သို့ပင် မချောရီကလည်းသိသည်။

အိမ်ရှေ့၌ စားပွဲခုံဝိုင်းကလေးခင်းလျက် ခေါက်ဆွဲကြော်ဝိုင်းထိုင်စားကြသည်။

ဦးအောင်ထွန်းကိုယ်မှ အရက်နံ့ တထောင်းထောင်းထွက်နေသည်။ မင်းယဉ်မသိအောင်၊ မင်းယဉ်မမြင်အောင် အရက်သောက်မှန်း မင်းယဉ်ကသိသည်။ မမြင်အောင်သောက်ခြင်းကြောင့် မသိချင်ယောင်ပင်ဆောင်ရသည်။

'ဘယ့်နှယ်လဲ၊ ဦးလေးကြော်တဲ့ခေါက်ဆွဲ အရသာရှိရဲ့လား ကွယ်၊ ချောရီသာကြော်ရင် ကောင်းမှာမဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ထွန်းက နှုတ်ခမ်းဆီရွှဲရွဲဖြင့် ပလုတ်ပလောင်း စားရင်းမေးသည်။

'ကောင်းလိုက်တာ ဦးလေးရယ်၊ ဆိုင်အတိုင်းပဲ'

ယောက္ခမလောင်း ကိုယ်တိုင်ကြော်ကျွေးသော ခေါက်ဆွဲကြော်သည် မင်းယဉ်လျှာပေါ်၌ နတ်သုဒ္ဓါတမျှ အရသာတွေ့သည်။

သုံးယောက်သား ခေါင်းချင်းဆိုင်လျက် ပျော်ပျော်ပါးပါး စားရခြင်းကို တစ်ညတာအတွက်မဟုတ်ဘဲ တစ်သက်တာအတွက် ဖြစ်ချင်မိသည်။

စားသောက်ပြီးလည်း မင်းယဉ်တော်တော်နှင့် မပြန်နိုင်၊ ဖြစ်နိုင်လျှင်ကနေ့ညမိုးလင်းအောင် ထိုင်စကားပြောချင်သည်။ ဦးအောင်ထွန်းမှာ စကားပြောရင်း မျက်စိလေးလာသည်။

'ကိုင်း. . . မင်းမိုးချုပ်နေပြီ၊ အိမ်က မင်းအစ်မစိတ်ပူနေမယ်၊ ပြန်တော့'

မင်းယဉ်သည် မချောရီကို မခွဲချင်မခွာရက်ဖြင့် မထချင်ထချင်ထလိုက်ရသည်။ ထိုနေ့ည ကိုကျော်သူနှင့် မျက်နှာချင်းမဆိုင်ချင်၍ ဘယ်ပြန်ရမှန်းမသိဖြစ်နေသည်။ မင်းယဉ်သည် မချောရီတို့အိမ်ပေါ်မှလေးလံစွာ ထလာခဲ့သည်။

[၁၂]

မိုးလင်းအောင်ဖွင့်မည့် သူငယ်ချင်းလက်ဖက်ရည်ဆိုင်သို့ အသွား သူ့အိမ်၌ဘာဖြစ်နေကြမလဲဟု သူ့အစ်မအတွက် မင်းယဉ် စိတ်ပူလာသည်။အိမ်အခြေအနေကို အိမ်ရှေ့မှအကဲခတ်ကြည့်သွားရန် သူ့အိမ်လမ်းထဲသို့ ချိုးဝင်လာခဲ့သည်။

မင်းယဉ်တို့အိမ်မှာ မီးများငြိမ်းလျက် တစ်ခြံလုံးမှောင်မည်းနေသည်။ အိမ်ရှေ့ရောက်ခါနီး လမ်းပေါ်မှ အိမ်အခြေအနေကိုလှမ်း၍ကြည့်သည်။ အမှောင်အောက်၌ တံခါးတွေပိတ်လျက် အသံဗလံမရှိ မှုန်မှုန်မည်းမည်းကြီးတွေ့ရ၍ ဆိတ်သုဉ်းနေသောသင်္ချာန်မှာ ရင်ထဲ၌မကောင်းလှကာ ဝမ်းနည်းသလိုလိုဖြစ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းရင်းအိမ်ဘက်သို့ ကြည့်လိုက်ရာ အိမ်မတံခါးတစ်ချပ် လူတစ်ကိုယ်ဝင်စာလှပ်လျက် အတွင်းမှမီးရောင်လက်လက်မြင် လိုက်ရ၍ မင်းယဉ်အံ့ဩသွားသည်။

နှောင်းငယ်တို့အိမ်မှာ ညကိုးနာရီထိုးတာနှင့် တံခါးပိတ်ကာ မြေးအဘွားသုံးယောက် စောစောအိပ်ကြစမြဲဖြစ်သည်။ ယနေ့ညမှ ထူးထူးဆန်းဆန်း ၁၁-နာရီထိုးနေသည့်တိုင် တံခါးတစ်ချပ်လှပ်ထားသည့်အတွက် ထူးခြားနေသည်။

နှောင်းငယ်တစ်ယောက် သူ့အပြန်များ ထိုင်စောင့်ကြည့်နေလေရော့သလားဟု နှောင်းငယ်ကိုသတိရလိုက်သည်။

ညနေကရန်ပွဲကို နှောင်းငယ်မှချမြင်မှာ မင်းယဉ်သိသည်။ သူ့အတွက် စိတ်ပူပြီးမအိပ်ဘဲ အိမ်ပြန်မပြန် စောင့်ကြည့်နေတာလားဟုထင်မိ၍ လက်ဖက်ရည်ဆိုင်သို့ တန်းမသွားသေးဘဲ နှောင်းငယ်စိတ်ကောင်းအောင်ပြောရန် နှောင်းငယ်တို့ခြံထဲသို့ ဝင်လာခဲ့သည်။

မင်းယဉ်သည်ဖြည်းလေးစွာ ခြေသံမကြားအောင်လှမ်းလာလျက် သံဆွဲတံခါးကို အသံမြည်ရုံတစ်ချက်လှုပ် ကြည့်လိုက်သည်။

အိမ်ထဲမှ အဘွားဒေါ်လှရင်သည် တိုင်မှီ၍ ငုတ်တုတ်ထိုင်နေရာက တံခါးသံကြား၍ ဆေးလိပ်တိုကိုခွက်ထဲသို့ ကပျာကယာချလိုက်သည်။ အသံမမြည်အောင် ခြေဖော့လျက်တံခါးနားသို့ရောက်လာသည်။





'အဘွား'

မင်းယဉ်က လေသံဖြင့်အသံပြုသည်။

'အလိုလေးတော်. . . မင်းမင်း လာလာ'

အဘွားဒေါ်လှရင်သည် သံဆွဲတံခါးကို အသံမထွက်အောင် ဖြည်းနိုင်သမျှ ဖြည်းဖြည်းကလေး ဆွဲဖွင့်ပေးသည်။

'နှောင်းငယ်ကော အိပ်ပြီလားအဘွား'

မင်းယဉ်က အသံတိုးတိုးဖြင့် အဘွားနားသို့ ကပ်မေးသည်။

'အခုပဲအိပ်တယ်၊ လာလာ ဒီမှာထိုင်စမ်း'

မင်းယဉ်သည် အသာကလေးဝင်ထိုင်သည်။

'မီးမြင်လို့ ကျွန်တော်ဝင်လာတာ'

'နှောင်းငယ်ငိုလိုက်တာမှမင်းမင်းရယ်၊ တစ်ညနေလုံးအဘွားချော့မရဘူး၊ မင်းမင်းလဲကျသွားတော့ အိမ်ပေါ်က သူပြေးဆင်းမလို့ အဘွားအတင်းဆွဲခေါ်ရတယ်၊ ဖြစ်ရပုံတွေကတော့ ကွယ် မကောင်းလိုက်တာ'

အသံတိုးတိုးဖြင့်ပြောနေသော အဘွားဒေါ်လှရင်အသံမှာ တုန်ခါနေသည်။

'အဘွားလည်းမင်းကို စိတ်ပူပြီး မအိပ်နိုင်တော့ဘူး၊ နှောင်းငယ်ကို အိပ်ခိုင်းပြီး မင်းပြန်မှုပြန်ပါ့မလားလို့ စိတ်ပူပူနဲ့



www.burmeseclassic.com

www.burmeseclassic.com



ထိုင်စောင့်နေတာ၊ ဘယ်ထိသွားသလဲဟင်'

သူ့ပေါ်၌မြေးရင်းတမျှ ချစ်ခင်ယုယလျက်၊ ကြင်နာမှု သော အဘွားဒေါ်လှရင်ကိုကြည့်၍ မင်းယဉ်ရင်ထဲ၌ ခိုက်သွား သည်။

သူ့အစ်မအိမ်နှင့်သူနှင့် ဘယ်လိုမှမသက်ဆိုင်သကဲ့သို့ မင်းယဉ်စိတ်က ဝေးသွားသည်။ အဘွားဒေါ်လှရင်မှာ သူ့အ ဘွား၊ နှောင်းငယ်မှာသူ့နှမလေး၊ ဒါသူ့အိမ်ပဲဖြစ်ပါတော့ သူ့စိတ်၌ တောင့်တမိသည်။

မင်းယဉ်မှာ သူမမှတ်မိသောအရွယ်၌ မိခင်သေဆုံး၍မိခ ရင်း၏ ကြင်နာယုယမှုကို မခံလိုက်ရဖူးချေ။ အဘွား ဒေါ်လှ ရင်၏ ရင်ခွင်ထဲသို့ တိုးဝှေ့ဝင်လျက် ရရှိသောဒဏ်ရာအတွက် ငိုချင်စိတ်ပေါက်သည်။ ငိုချင်စိတ်ကိုထိန်းလျက် အသံပျက် ပျက်ဖြင့် ပြန်ပြောလိုက်သည်။

'ခေါင်းထိသွားတယ်အဘွား၊ သိပ်မများပါဘူး၊ နည်းနည်း ပါ'

'ဖြစ်ရလေ မင်းမင်းရယ်၊ ဘယ်မတုံးပြစမ်း'

အဘွားဒေါ်လှရင်က ဒဏ်ရာကို အတင်းကြည့်၍ ခေါင်း လှည့်ပြလိုက်ရသည်။

'ရောင်လို့ပါကလား၊ သွေးစီးတွေနဲ့၊ ဘာဆေးထည့်လာသလဲ ဟင်'





'ဘာမှမထည့်ဘူး အဘွား'

'အို . . . ဆေးမထည့်လို့ ဘယ်ဖြစ်မလဲ၊ ရင်းမှာပေါ့၊ နေဦး'

အဘွားဒေါ်လှရင်သည်ခြေဖော့နင်းကာ အိမ်နောက်ခန်းသို့ဝင်သွားသည်။ သံပရာရည်နှင့် နနွင်းဖျော်စပ်လျက် မင်းယဉ်နောက်စေ့မှ ဒဏ်ရာကိုလိမ်းပေးသည်။

မင်းယဉ်မှာ စပ်လွန်း၍ထွန့်ထွန့်လူးသွားသည်။

'ကဲ အဘွားကိုပြောစမ်း၊ ဘာဖြစ်ကြတာလဲ၊ ဘာကြောင့် ဟိုက ထိုးတာလဲ'

မင်းယဉ်သည် ကိုကျော်သူ့အကြောင်း ပြောရမှာ အပြောရခက်နေသည့်အတွက် မပြောမဖြစ်လောက်သာ ပြောပြသည်။

'ကျွန်တော့်ကိုအရမ်းဆူလို့ ကျွန်တော်ခံပြောမိတာနဲ့ထိုးတာပါ၊ ထိုးပြီးတော့လည်း ကျွန်တော့်ကို သုံးဖို့စွဲဖို့ ပိုက်ဆံပေးလိုက်ပါတယ်'

'မြင်တယ်၊ ပိုက်ဆံပေးတာမြင်တယ်၊ မင်းအဘိုး လမ်းလျှောက်က ပြန်လာတော့ ဒီအကြောင်းသိရလို့ ညစာတောင် ကောင်းကောင်းမစားနိုင်ဘူး၊ အိပ်ရာထဲ အစောကြီးဝင်သွားတယ်'

'အဘိုးဘာပြောသေးသလဲ အဘွား'

'မောင်ကျော်သူ မင်းမင်းကိုထိုးတာ အဘိုးအတော်မကျေ မနပ်ဖြစ်နေတယ်၊ မင်းမင်းဟာ သူ့ဖေဖေရှိကတည်းက ဒီလို လိုက်ခဲ့တဲ့အတွက် အစ်မပေါ်မှာ အဒေါ်ပေါ်မှာ နဲ့ဆိုးဆိုးပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆိုးနေတာ၊ ဒီပြင်လူနဲ့ဆိုရင်လူကောင်း၊ လူဆိုးမဟုတ်ဘူး... လူမှန်းသူမှန်းသိတဲ့ကလေး၊ မမိုက်ရိုင်းပါဘူးတဲ့၊ ထိုးတာ... အကြောင်းရှိရမယ်လို့ တဖွစ်တောက်တောက်ပဲ ပြောတယ်ကွ...

မင်းယဉ်မှာ သူ့အတွေးနှင့်သူ ငြိမ်သက်လျက်နေသည်...

'ခံပြောတဲ့အတွက်ပဲလားကွယ်၊ ဒါလောက်တောင် ထိုး... တာ၊ ဒီပြင် ဘာအကြောင်းများရှိသေးသလဲ'

အဘွားက သိချင်လှ၍ မင်းယဉ်အဖြေကို မကျေမနပ်... ထပ်မေးသည်။

'ဒါပါပဲအဘွားရဲ့၊ သိပ်အကြောင်းထူး မရှိပါဘူး'

အဘွားဒေါ်လှရင်သည် မင်းယဉ်ကို စိုက်၍ကြည့်လျက်... ကျေနပ်လောက်သောအဖြေ မင်းယဉ်ထံမှမရ၍ ဘဝင်မကျနိုင်... အောင်ရှိနေသည်။

ကိုကျော်သူက မင်းယဉ်ကို တစ်ခါမှမထိုးစဖူး အနာတရ... ဖြစ်အောင် ထိုးလိုက်ပါလျက် သူ့အဖြစ်နှင့်သူ ခံရသည့်ပမာ... ယောက်ဖအပေါ်၌ အမျက်မထား၊ ဒေါသမရှိတွေ့ရ၍ စိတ်... ထားမဆိုးသည့်ကလေးဟု ကျိတ်၍ချီးမွမ်းမိသည်။

'မင်းမင်းကို ဆူတယ်ဆိုတာ ဘာဆူတာလဲ'

'ဩော်... ကျွန်တော် အိမ်မပြန်၊ နေချင်ရာနေ၊ သွားချင်... ရာသွားနေတဲ့အတွက် ဆူတာပါ'

'ဒါနဲ့ပဲ မင်းမင်းကခံပြောရသလားကွယ်'

'ကျွန်တော့်စိတ်ထဲမှာ အထက်စီးပြောတယ် ထင်မိလို့ ...တ်ဆိုးပြီး ခံပြောမိတာပါ'

'မမိုက်ပါနဲ့ မင်းမင်းရယ်၊ သူ့အရိပ်ကို ခိုနေရတဲ့အခိုက် ...သူ့ကို ဖီလာဆန့်ကျင် ဘာမှမလုပ်ပါနဲ့၊ အချိန်နဲ့ပြန်၊ အချိန်နဲ့ ...ားပါ၊ သူငယ်ချင်းတွေရှိရာ သွားသွားမနေပါနဲ့'

'ဟုတ်ကဲ့... အဘွား၊ ကျွန်တော်ပြန်တော့မယ်၊ အဘွား ...အိပ်တော့'

'အေး... အေး၊ ပြန်တော့'

အဘွားဒေါ်လှရင်တံခါးကို ဖြည်းဖြည်းဆွဲဖွင့်ပေးနေခိုက် ...အဘွား'ဟု နှောင်းငယ်ခေါ်လိုက်သောအသံ ကြားကြရသည်။

'ဟော... နိုးလာပြီ'

တံခါးကို အဘွားကဆက်မဖွင့်ဘဲ ပြောလိုက်သည်။

'ကျွန်တော်သွားမယ်အဘွား'

'နေဦး... နေဦး၊ မသွားနဲ့ဦး၊ သူ့ကိုမတွေ့ဘဲသွားလို့တော့ ...စိတ်ဆိုးနေဦးမယ်၊ ဟော... ထွက်လာပြီ'

နှောင်းငယ်သည် မင်းယဉ်ကိုမြင်၍ မင်းယဉ်ရှိရာသို့ ပြေး... လာသည်။

'အစ်ကို... တော်တော်နာသွားသလားဟင်... အစ်ကို'





www.burmeseclassic.com

www.burmeseclassic.com



မင်းယဉ်၏လက်ကို လှမ်းကိုင်မေးသည်။ မေးပြီးမှအား မထွက်အောင် ရှိုက်၍ငိုသည်။

'ဟ. . . တိတ်. . . တိတ်၊ မငိုနဲ့၊ ဘယ်မှမထိပါဘူး မ ပါဘူး'

'ညည်းအစ်ကို ဘာမှမဖြစ်ပါဘူး၊ ပြန်လာပြီလေ၊ ကဲ. . . တိတ်'

အဘွားဒေါ်လှရင်က ဝင်ချော့သည်။

မင်းယဉ်မှာသွေးသားမစပ်ဘဲ သူ့ကိုဤမျှချစ်ခင်ရှာသော နှောင်းငယ်ကို သနားစိတ်ကလေးဝင်သွားလျှက် သူ့ပါးမျက်ရည် လည်လည်ဖြစ်လာသည်။

အဘွားနှင့် နှောင်းငယ်တို့၏ ဖြူစင်သော မေတ္တာစာ များ လွှမ်းခြုံထွေးပတ်လိုက်ခြင်းဖြင့် သူ့တစ်ကိုယ်လုံးမှာစိမ့် မဖြစ်စဖူးသော ထူးကဲသည့်ပီတိသုခကို ခံစားရမိသည်။

နှောင်းငယ်မှာ မင်းယဉ်ကို အပြစ်တင်ချင်တာတွေအမျာ ကြီးရှိသည်။ ဆိုချင်ပြောချင်တာတွေလည်း အများကြီးရှိသည် သို့ရာတွင် စကားမပြောနိုင်ဘဲ ဆို့၍သာရှိုက်နေသည်။

'ကိုင်း. . . အစ်ကိုပြန်မယ်၊အိပ်တော့၊ နက်ဖြန်မှလာမယ်

မင်းယဉ်သည် နှောင်းငယ်၏လက်ကလေးကို ဖြုတ်က ပခုံးကလေးကိုပုတ်၍ပြောခဲ့ပြီး အိမ်ပေါ်မှဆင်းလာခဲ့သည်။

|၁၃|

ပန်းချီ၏ သဘောသရုပ်ကို ခပ်ရေးရေး လှစ်ဟထားလျက် အဓိပ္ပာယ်ဝှက်များဖြင့် ရေးဆွဲထားသော ခေတ်သစ်ပန်းချီကား များကို မူမူမကြည့်တတ်ချေ။

'ဘာတွေရေးထားပါလိမ့်. . . ဘာမှန်းလဲမသိဘူး၊ အတုံး အခဲတွေ ကွေ့ကောက်ပျော်ကျနေတဲ့ပုံကလည်း ဘယ့်နှယ်ဟာ ကြီး ဆွဲထားမှန်းလည်းမသိဘူး'

မူမူအဓိပ္ပာယ်မသိသောကားများကို စိတ်ထဲ၌ ဤကဲ့သို့ ကောက်ချက်ချသည်။

ကိုခင်ယုက ခေတ်သစ်ပန်းချီကားများတွင် အလေးအနက် ပြုထားသော စုတ်ချက်များ၊ စိုလွင်နုပျိုသော ဆေးသားကို

www.burmeseclassic.com

www.burmeseclassic.com



မသုံးဘဲ ဆေးသားရင့်ရင့်များကို အတုံးလိုက်အဲတစ်လိုက် သုံး ခြင်းဖြင့် အလေးအနက်ပြုလျက် သရုပ်ဖော်ထားချက်များတို့ ရှင်းပြောပြကာ ခေတ်သစ်ပန်းချီကား၏ အဓိပ္ပာယ်ဖွက်တို့ ဖော်ပြောပြသည်။

မှုမှုသည် ကိုခင်ယု၏ ပန်းချီပြခန်းလေးထဲမှ ပန်းချီကား များကို တစ်ကားပြီးတစ်ကား လျှောက်ကြည့်နေသည်။

ပုဂံဘုရားများ၊ ကလေးအမေ၊ ကချေသည်၊ ရွာအပြန် ဥပုသ်နေ့၊ စိန်ပန်းတော၊ သစ်ငုတ်တိုနှင့် ပဝါစ၊ စွဲလမ်းခြင်း

ပန်းချီခန်း၌ ချိတ်ပြထားသော ၎င်းကားတွေနှင့် တခြားစီ ကွဲနေသောကားတစ်ကားကို အခန်းထောင့်၌တွေ့၍ မှုမှုစိုက် ကြည့်သည်။ အားမရ၍အနားကပ်သွားကြည့်သည်။ စောစောက ကားတွေကို စိတ်ထဲကမကြိုက်၊ ကိုခင်ယုရေးဆွဲသော ဤရှုမျှော် ခင်းကားကလေးကိုပဲ မှုမှုမျက်စိကျသည်။

ပန်းချီကား၌ပါသော ရှုခင်းမှာ တောင်တန်းတွေတန်းထား လျက် တောင်ခြေတစ်ဝိုက်ရေပြင်မြစ်လက်တက်မှ ချောင်းတစ် ကွေ့ရှိ သဲသောင်ခုံပေါ်တွင် ကွန်ပစ်၍ရခဲ့သောငါးများကိုတံငါ သည်တွေ ဝိုင်းထိုင်ရွေးနေသည့် ညနေဆည်းဆာချိန်၏ အလှ အပကို ဖော်ပြသောရှုခင်းဖြစ်သည်။

ချောင်းတစ်ဖက် ကမ်းစပ်ပေါ်၌ စိမ်းစိုအုံ့ဝေလျက်ရှိ သော သစ်ပင်များတွင် စုတ်ချက်စိပ်စိပ် မှုန်းထားသည့်ရွက်နု





ရွက်ရင့်၊ ရွက်ခြောက်တို့၌ ညနေဆည်းဆာရောင် ရေးရေးက လေးသန်းထားသည်။

ကားတစ်ကားလုံး မျက်စိပသာဒကို ဆွဲဆောင်ခြင်းသည် တောင်တန်းများ၏အရှေ့မှ မီးခိုးတန်းကလေးတန်းလျက် မှိုင်းပျ ပျ မှုန်ဝေရီနေသော ထက်ဝန်းကျင်တစ်ခွင်၏ ငြိမ်သက်အေး ချမ်းမှုကို သရုပ်ပေါ်အောင် ဖော်ဆွဲထားခြင်းဖြစ်သည်။

ညနေဆည်းဆာအချိန် ချောင်းကမ်းစပ်နေရာကလေးတစ် နေရာ၌ အေးအေးဆေးဆေး ငါးထိုင်ရွေးနေသော တံငါသည် တို့သည် ရှုခင်းတစ်ခုလုံး၏ ငြိမ်းချမ်းမှုနှင့် လိုက်ဖက်နေသည်။ ဤရှုခင်းကို ပြေပြေနုနုအရောင်တို့ဖြင့်သာ ရေးထားသည်။

'မှုမှုတော့ ကိုခင်ယုဆွဲတဲ့ ဒီကားကလေးကို သိပ်သဘော ကျတာပဲ၊ ဟို. . .'စိန်ပန်းတော'ကားကို မကြိုက်ဘူး'

ကိုခင်ယုက မျက်နှာနီနီဖြင့်ပြုံး၍ ပြောသည်။

'ဒီကားက ကျွန်တော်ပန်းချီကျင့်စကရေးတဲ့ကားပါ၊ သိပ်မ ကောင်းပါဘူး၊ အမှတ်တရအဖြစ်သာ ဒီအခန်းထဲမှာ အမြဲတမ်း ချိတ်ထားတာ'

မှုမှုကို ယနေ့ပုံတူဆွဲရန် ချိန်းဆိုပြီး အင်းလျားသို့မသွား ခင် သူ၏ပန်းချီခန်းကို ပြသနေသည်။ ကိုခင်ယု၏ ပန်းချီ ခန်းမှာ အခန်းကျယ်ကြီးတစ်ခု၏ အထပ်ခိုးပြုလုပ်ထားသော အခန်းဖြစ်သည်။ ဆွဲချိတ်ပြသထားသော ပန်းချီကားများတွင်



www.burmeseclassic.com

www.burmeseclassic.com



အချို့ပန်းချီဆရာများ၏ လက်ရာကားများလည်းပါသည်။

နိုင်ငံခြားသားများလာ၍ကြည့်ကြ၊ ဝယ်ကြသည့်အတွက် လူရှင်းလှသည်တော့မဟုတ်၊ တစ်ဦးတက် တစ်ဦးဆင်းဖြစ်နေသည်။

အဝေးကြည့်လှသော 'စွဲလမ်းခြင်း' ကားရှေ့၌ မူမူရပ်ကြည့်နေခိုက် သူတို့နောက်ရှိခပ်လှမ်းလှမ်းစားပွဲပေါ်က တယ်လီဖုန်းသံကြားရသည်။

ကိုခင်ယုသည် မူမူနှင့်အတူယှဉ်ရပ်လျက် ခေတ်သစ် ပန်းချီကားများကိုကြည့်တတ်ရန် သင်ကြားပြောဆိုနေရာက ခဏနေဦးနော်ဆိုကာ တယ်လီဖုန်းရှိရာသို့သွား၍ ကောက်ကိုင်လိုက်သည်။ မူမူသည် ကိုခင်ယုအဓိပ္ပာယ်ဖော်ပြသော 'စွဲလမ်းခြင်း' ကားကို စိုက်ကြည့်နေသည်။

'ခင်ယုပါ. . . ဟေ. . . ဆိုစမ်း'

ကိုကျော်သူသည် သူ့ရုံးခန်းမှ တယ်လီဖုန်းကိုနားဖြင့် ကပ်ထားလျက် ရုတ်တရက်အသံမထွက်နိုင်ဘဲဖြစ်နေသည်။

'ပြောလေကွာ'

ကိုခင်ယုက သူ့တယ်လီဖုန်းခွက်မှာ မြန်မြန်ပြောအောင် တိုက်တွန်းလိုက်သည်။

'မင်းအားရဲ့လား၊ လူတွေများနေသလား'

'မများလှပါဘူး၊ မင်းပြောမှာသာပြောစမ်းပါ'



မူမူတစ်ယောက်တည်း ဖြစ်နေသည့်အတွက် ကိုကျော်သူ့ထံမှ မြန်မြန်ပြောဆိုရန် အလိုရှိနေသည်။

'ကိုစွက. . . ငါနဲ့ နွဲ့နဲ့အတူတကွ ဘဝခရီးဆက်ဖို့ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်တော့ဘူးသူငယ်ချင်း'

ကိုခင်ယုသည် မျက်လုံးများစိုက်သွားလျက် ငြိမ်သက်နေပြီးမှ မျက်မှောင်ကြုတ်ကာ ပြန်မေးလိုက်သည်။

'ဘာဖြစ်ရပြန်ပလဲကွာ'

'မင်းယဉ်ကိစ္စနဲ့ ပတ်သက်တာပေါ့၊ မင်းယဉ်ကို ငါက ဆုံးမတာမကြိုက်ဘူး၊ မင်းယဉ်ကို ငါထိုးမိတယ်ကွာ၊ စကားပြောနိုက်ရိုင်းလွန်းလို့ ထိုးရတာပဲ၊ အဲဒါ နွဲ့ကမကျေမနပ်ဖြစ်ပြီး သူ့ကိုယ်သူ ဓားနဲ့ထိုးသတ်မယ်အထိ လုပ်လို့မနည်းဆွဲရတယ်၊ အဲသီလို့ ကိစ္စမချောတယ်၊ ဘယ်လောက် စိတ်မချမ်းမြေ့စရာကောင်းသလဲ၊ တို့အိမ်ထောင်မှာ သူလည်းမပျော်ရွှင်ဘူး၊ ငါလည်းမပျော်ဘူး၊ ဒီတော့ အတူဆက်နေလို့ ဖြစ်မလားကွ'

ကိုကျော်သူ လေကြောရှည်နေသည့်အတွက် ကိုခင်ယုမှာ စိတ်မရှည်စွာ နားထောင်နေသည်။ သူ့ကို ကျောခိုင်းလျက် ရပ်နေသော မူမူ့ကိုလည်း အားနာဟန်ဖြင့် ခဏခဏ လှမ်း၍ လှမ်း၍ ကြည့်မိသည်။

'စဉ်းစဉ်းစားစား လုပ်စမ်းပါကွာ၊ အိမ်ထောင်တစ်ခု ပျက်ပစ်တာအလွယ်ကလေးပါ၊ တည်တံ့အောင် တည်ဆောက်ရ



www.burmeseclassic.com

www.burmeseclassic.com



တာ ဘယ်လောက်ခက်သလဲ၊ မင်းလဲအာခိုတက် (ဗိသုကာ) စဉ်းစားသင့်တယ်၊ ငါ့သဘောတော့ ဒီကိစ္စကို ဆိုင်းဆိုင်းငံ့ငံ့ အချိန်ယူပြီး စဉ်းစားစေချင်တယ်'

ကိုကျော်သူ့ထံမှ အသံဖင့်နှေး၍နေသည်။ ကိုခင်ယုသည် အချိန်ကြာမြင့်မှာစိုးခြင်းအတွက် မူမူ့ကိုအားနာစွာ လှမ်းကြည့် ပြန်သည်။

'အေး. . . စဉ်းစားပါဦးကွာ၊ နွဲ့ကရောဘယ်လိုလဲ'

'သူ့သဘောကတော့ ငါ့ကိုကွာရှင်းပေးဖို့ စောင့်ဆိုင်းနေတဲ့ လက္ခဏာပါပဲ၊ ငါလည်းအမျိုးမျိုး စဉ်းစားခဲ့ပါတယ်၊ ဒီအတော အတွင်းစိတ်မထင်ရင် သူ့ကိုယ်သူလုပ်မှာလည်း ငါသိပ်လန့် တယ်၊ ကျော်မကောင်း ကြားမကောင်းတွေ ဖြစ်ကုန်မယ်မဟုတ် လား၊ ဒါကြောင့် ဒီနည်းလမ်းပဲရှိတော့လို့ မင်းကိုရှေးဦးစွာ အသိပေး တိုင်ပင်တာပဲ'

'တွေ့ကြဦးမယ်ကွာ၊ အလျင်စလို မလုပ်ပါနဲ့ဦး၊ ငါအမြန် ဆုံး မင်းနဲ့တွေ့ပါ့မယ်'

ကိုခင်ယုထံမှ အေးအေးဆေးဆေးလာသော အသံမျိုး မဟုတ်ဘဲ အလုပ်များ၍ မအားသည့်ကြားမှ ကတိုက်ကရိုက် ပြောဆိုနေရသော အသံမျိုးပေါက်နေခြင်းကြောင့် ကိုကျော်သူ သည် ဆက်၍မပြောတော့ဘဲ 'အေး. . . အေး'ဆိုကာ တယ်လီ ဖုန်းကို အသာပြန်ချလိုက်သည်။





ကြားရသောသတင်းအတွက် ကိုခင်ယုစိတ်မကောင်းဖြစ် ရသည်။ စိတ်မကောင်းခြင်းများကို သူ့ရင်ထဲ၌ သယ်ဆောင်၍ မလာဘဲ တယ်လီဖုန်းခွက်နား၌ ဖျောက်ဖျက်ပစ်ကာ မူမူ့အပါး သို့ ပြုံးပြုံးရယ်ရယ်ဖြင့် ပြန်ရောက်သွားသည်။

ပုဂံဘုရားများကားရှေ့၌ မူမူရောက်နေသည်။ ကိုခင်ယု ရောက်လာ၍ 'ပဲခူးဘုရားတွေ ဓာတ်ပုံရိုက်ခဲ့တာ ပန်းချီဆွဲဖြစ် သေးသလား' ဆီးမေးလိုက်သည်။

'ပုံတစ်ပုံ လက်စမသတ်သေးတာနဲ့ မဆွဲရသေးဘူး၊ မူမူ့ပုံဆွဲပြီးတော့မှပဲ ကိုင်တော့မယ်'

မူမူ၏ လှပရွှန်းမြသော မျက်နှာ၌ ဘယ်နေရာတွင် အလှ ပေါင်းစုရုံး ခညောင်းနေဟန်ကို ပန်းချီမျက်စိဖြင့် ရှာဖွေကြည့် ရင်းပြန်ပြောသည်။ သူ့အကြည့်ကြောင့် သွေးရောင်ဖြန်းသွား သော အသွင်သဏ္ဍာန်ကလေးကိုပါ ထည့်သွင်း၍ ကြည့်နေ သည်။

'ကိုင်း. . . သွားနိုင်ပြီမဟုတ်လား ကိုခင်ယု'

'သွားမယ်လေ'

မူမူ့စိတ်ထဲ၌ သူ့ကို အင်းလျား၌ ပုံတူဆွဲမည်လည်းပြော သည်၊ပန်းချီဆွဲရန်အတွက် ပန်းချီပိတ်ကားချပ်နှင့် စုတ်တံဆေး ခွက်များ ယူဆောင်ခြင်းမရှိဘဲ စက္ကူကတ်ပြားတစ်ခုနှင့် စားပွဲ ပေါ်မှ ခဲတံကောက်ယူကာ သွားကြစို့ဆို၍ မူမူ ခြေလှမ်းတန့် သွားသည်။



www.burmeseclassic.com

'ပန်းချီဆွဲဖို့ပစ္စည်းတွေ ယူမလာခဲ့ဘူးလား'

'ဒီမှာပါပြီလေ'

ချိုင်း၌ညှပ်ထားသော ပုံကြမ်းဆွဲပန်းချီစက္ကူကတ်ပြားနှင့် ခဲတံကိုပြလိုက်သည်။

မူမူကတုံ့နေသေး၍ သဘောမပေါက်မှန်း သိသဖြင့် နားလည်ရန် ကိုခင်ယုကရှင်းပြသည်။

'ပုံတူမဆွဲခင် ပထမပုံကြမ်းဆွဲဦးမယ်၊ ဒီစက္ကူမှာ ခဲတံပျော့လေးနဲ့ အရာပေးမှာပဲ၊ ကျွန်တော် ပုံတူဆွဲရင်တည်တည်ကြီး ထိုင်ပြနေတာမျိုးကို မဆွဲချင်ဘူး၊ ပို့စ်(ကိုယ်ဟန်ပြ)တဲ့အခါ အသေပုံကြီးပဲ၊ ကျွန်တော်လိုချင်တာတွေ ခဲတံနဲ့ရပြီးမှ ပိတ်ကားမှာ ဆီဆေးနဲ့ပြန်ဆွဲမှာ'

ကိုခင်ယုရှင်းပြမှ မူမူသဘောပေါက်သွားသည်။ သဘောပေါက်သွားမှ ရယ်မောနိုင်သည်။

အင်းလျားဘက်သို့ ဂျစ်ကားဖြင့် ထွက်လာကြသည်။ ကိုခင်ယုကားထိုးဆိုက်သောနေရာမှာ ရွက်လှေသင်းမရောက်ခင် လှေလှော်သင်းနှင့် မျက်နှာချင်းဆိုင် မြက်ခင်းနား၌ဖြစ်သည်။

ပတ်ဝန်းကျင်တစ်ဝိုက် လူမရှိဘဲ တိတ်ဆိတ်နေသည်။

နေရောင်ခြည်သည် မြင့်၍လာကာ ကန်ရေပေါ်၌တဖိတ်ဖိတ်လက်လျက်ရှိသည်။ တောင်ဘက်မှလာသောလေမှာတညင်းညင်းဝေ့လျက် မူမူ၏ဆံယဉ်ကလေးတွေကို မွှေ့၍ဖွသွားသည်။





မူမူသည် တညင်းညင်းဆော်သွေးနေသော လေအေးကို နှစ်သက်မက်မောလေသည်။ သည်လေကို ရှူရှိုက်လိုက်ရတိုင်း ရင်ထဲ၌ အေးမြမြကြည်လင်သွားတတ်သည်။

'မူမူ ဒီမှာထိုင်ရအောင်'

အရိပ်အောက် မြက်ခင်းပေါ်၌ သူ့လုံချည်ဝါဖန့်ဖန့်ကလေး ညွန်းပေကုန်မှာစိုးသည်။ ကိုခင်ယုက ခင်းစရာကူရှင်နှစ်ခုကို ကားမှသယ်ယူလာပြီး နေရာထိုင်ခင်းလုပ်ပေးသည်။

'မူမူ့ကို စတွေ့တဲ့နေ့ကပဲ ပန်းချီဆွဲချင်တာပဲ'

'အခုတော့ ဆန္ဒပြည့်ပြီ မဟုတ်လား'

'ပန်းချီဆွဲဖို့ ဆန္ဒတစ်ခုတော့ ပြည့်ရပါပြီ'

ကိုခင်ယုသည် မရဲတရဲစလျက် မူမူ့ကို မျက်နှာလွှဲကာ လက်၌ပိုက်ထားသောစက္ကူကတ်ပြားတွင် မူမူ၏မျက်နှာသဏ္ဌာန်လေးကို ခဲချောင်းစမ်းဆွဲခြစ်နေသည်။

သွေးရောင်လျှမ်းသွားသောမျက်နှာမှ မျက်လုံးကလေး ချလျက် မူမူ့ရင်မှာခုန်နေသည်။ ကိုခင်ယုက ငုံ့နေရာက မူမူ့ကို ပြန်ကြည့်လိုက်သည်။ မျက်လုံးကလေးချထားသော မျက်နှာကို တွေ့ရသဖြင့် ကိုခင်ယုက အသက်မရှူဘဲပြောသည်။

'မူမူ အဲဒီအတိုင်းလေး ခဏလေး. . . ခဏလေး'

ကိုခင်ယု ဘာပြောမှန်းမသိ၍ မျက်လုံးကလေးပင့်လျက် မူမူကြည့်နေသည်။

www.burmeseclassic.com



'မဟုတ်သေးဘူး၊ ခုနကအတိုင်း မျက်လုံးကလေး ပြန်
ထားလိုက်စမ်းပါ'

မူမူသည် ဘာအဓိပ္ပာယ်မှန်းမသိဘဲ မျက်လုံးလေး
ပြန်ချထားလိုက်သည်။

ကိုခင်ယုမှာစိတ်လှုပ်ရှားနေလျက် စက္ကူပေါ်တွင် မူမူ
မျက်လုံးမှ ကော့ပျံရှည်လျားသော မျက်တောင်များနှင့် န
မှောင် သွယ်တန်းသော မျက်ခုံးကို ပုံတူလိုက်၍ဆွဲခြစ်သည်

'မူမူ'

ကိုခင်ယုခေါ်လိုက်၍ မူမူကကိုခင်ယုကို စိန်းစိန်းစိုက်၍
ကြည့်သည်။မျက်တောင်များလှန်၍ စိန်းစိန်းစိုက်ကြည့်ထားသော
မျက်လုံးကလေးမှာကိုခင်ယု စက္ကူပေါ်သို့ ရောက်လာသည်။

မူမူသည်ဆွဲခြစ်နေသော စက္ကူပေါ်သို့ လှမ်းကြည့်သည်။
မျက်နှာပုံသဏ္ဌာန်ပေးထားသော ခဲကြောင်းအတွင်း၌ မျက်လုံး
များရောက်မနေဘဲ အလွတ်တစ်နေရာတွင် မျက်လုံးမျက်
တောင်ကို သီးခြားသတ်သတ်မြင်လိုက်သည်။ ပုံကြမ်းဆွဲမယ်
ဆိုတာ ဒါကိုပြောတာကိုးဟု နားလည်သွားသည်။

'ဆန္ဒက ဘယ်နှခုများရှိလို့လဲ'

စောစောကပြတ်သွားသော စကားကိုမူမူက ဆက်လျက်
ညင်သာစွာရယ်လိုက်သည်။

ကိုခင်ယုမျက်နှာ ရဲသွားဆဲ မူမူက တမင်လုပ်ထားသော





နွေကလေးဖြင့် အဖြေကိုစောင့်ဆိုင်းလျက်. . .

'မူမူ့ကိုချစ်မယ့်သူတွေ၊ လိုချင်မယ့်သူတွေ သိပ်များမှာပဲနော်'

မူမူမေးနေသော မေးခွန်းနှင့် မဆီမဆိုင်ပြောသည်။

ကိုခင်ယု မရဲတရဲဖြစ်နေတာတွေ့ရ၍ မူမူကရဲသလိုလို
လာသည်။

'ဘာဖြစ်လို့ ဒီလိုပြောတာလဲ ကိုခင်ယု'

'မူမူက လှလွန်းလို့ပါ'

မူမူသည် ကိုခင်ယုကို ဖျတ်ခနဲကြည့်သည်။ ပန်းချီဆရာ
ရှေ့၌ ငြိမ်ဆိမ်ထားသော အမူအရာများကိုပြောင်းကာ ဖျတ်
လတ်သွက်လက်လာလျက် ခြေထောက်ကလေးကို မြက်ပေါ်သို့
ပေလျှောလျှော ဆန့်လိုက်သည်။

'ချစ်တဲ့သူတွေ ရှိချင်လည်းရှိမပေါ့၊ ဒါပေမဲ့ မူမူကမရွေး
ချယ်ပါဘူး'

ကိုခင်ယုသည် မူမူ့ကို ငေးကြည့်ကာ ခပ်လေးလေးမေး
လိုက်သည်။

'မူမူ့မှာ ချစ်တဲ့သူရှိနေလို့လား'

မူမူသည် အဖြေမပေးဘဲဆိုင်းထားလျက် တိတ်ဆိတ်နေ
သည်။

'ပြောပါဦး'



www.burmeseclassic.com

www.burmeseclassic.com



ကိုခင်ယုက မကျေမနပ် ထပ်မေးသည်။

'ဒီမေးခွန်းကို မနက်ကပဲ မူမူ့အစ်မ မမစောကမေးသေး တယ်'

'မမစောကို မူမူ ဘယ်လိုဖြေလိုက်သလဲ'

'မမစောကိုဖြေခဲ့တဲ့အတိုင်း ကိုခင်ယုကြားချင်တယ်လား'

မူမူက ပြုံးစိစိဖြင့် ပြောသည်။

'ကြားချင်ပါတယ်၊ ပြောပါမူမူ'

'ချစ်တဲ့သူ ရွေးချယ်တော့မယ်လို့ ဖြေခဲ့တယ်'

မူမူသည် ရေပြင်ကိုလှမ်းကြည့်ကာ ပြုံးနေကျသူ့နှုတ် ခမ်းကလေးကို ပြုံးကော့ထားသည်။ ကိုခင်ယုမှာ ရဲစိတ်ဝင်ကာ ရဲတင်းလာသည်။

'မမစောကို မူမူဖြေခဲ့တဲ့အဖြေဟာ ကိုယ်နဲ့သက်ဆိုင်ပါ စေ လို့ ဆန္ဒတစ်ခုထပ်တိုးပါရစေ၊ အားလုံးဆန္ဒနှစ်ခုပါ မူမူ'

'ကိုခင်ယုကလည်း'ဟုသာပြောကာ မူမူက ရှက်ပြုံးကလေး ပြုံး၍နေသည်။

အားမလိုအားမရဖြင့် ပုံဆွဲစက္ကူကတ်ကို မြက်ခင်းပေါ်သို့ ချလျက် မူမူ့အနားသို့ ကိုခင်ယုတိုးရွေ့လာသည်။

'ကိုယ့်ဆန္ဒပြည့်စုံရမှာလား မူမူ၊ ကြားပါရစေ၊ ပြောစမ်းပါ'

မူမူက တော်တော်နှင့်မပြောဘဲနေသည်။ ကိုခင်ယုမှာ





အချိန်မစောင့်နိုင်အောင် တစ်ဦးနှင့်တစ်ဦးသဘောချင်း မြန်မြန် သိစေချင်နေသည်။

'မူမူ'

မူမူ၏ ပျော့ပျောင်းနွေးထွေးသော လက်ကလေးကို ကိုင်၍ ခေါ်သည်။

'ပြောပါဦး'

'အလိုဆန္ဒ ပြည့်စုံပါစေရှင်'

အလိုဆန္ဒ ပြည့်စုံသွား၍ ကိုခင်ယုရင်တွင်း၌ အေးသွား သည်။ မူမူကကြည်လဲ့နေသော မျက်လုံးကလေးဖြင့် အေးဆေး ငြိမ်သက်စွာ ခေါင်းကလေးမော့လျက် ကြည့်နေသည်။

ကိုခင်ယုသည် ကပျာကယာ ပုံဆွဲစက္ကူကြမ်းကို လှမ်းဆွဲ လျက် မူမူကို ထွင်းဖောက်မတတ် ကြည့်လျက် ပိုလှသည်လို့မြင် သော မြင်ရသမျှအလှအပေါင်းကို သူဆွဲမည့်ကားထဲ၌ အသက် ပို၍ဝင်စေရန် အကြမ်းကူးယူရေးဆွဲနေသည်။

'ပိတ်ကားမှာ ဆွဲရင်လည်း မူမူထိုင်ပေးရမှာလား'

'မလိုပါဘူးမူမူ၊ ဒီမှာကိုယ်လိုချင်တာတွေ မိအောင်ပါ အောင်ယူပြီးရင် လူကိုယ်တိုင် လာထိုင်ပေးဖို့ သိပ်မလိုပါဘူး၊ တစ်ခါ နှစ်ခါလောက်ပါပဲ၊ ကိုယ့်အနားမှာ မူမူအမြဲပဲ ရှိနေတာ ပဲဟာ'

ကိုခင်ယုကမူမူ့ကို မရှောင်ရဲနိုင်သောအကြည့်ဖြင့် ချစ်စွာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်၍ ပြောသည်။

အင်းလျားမှ မပြန်ကြမီ ကိုခင်ယုထံမှ နောက်ထပ်ဆန္ဒ တစ်ခုလာပြန်သည်။

'ဒီနေ့ည ကိုယ့်ချစ်သူနဲ့ ရုပ်ရှင်တစ်ပွဲ သွားပါရစေနော်'

'ဘယ်အချိန်လဲ'

'ခြောက်နာရီခွဲပွဲ'

ခြောက်နာရီခွဲပွဲဆို၍ ကိုကျော်သူနှင့် ကိုခင်ယုကို ဆုံစေချင်သည်။ ကိုခင်ယုကို သူ့ချစ်သူအဖြစ် ကိုကျော်သူနှင့် မိတ်ဆွေ၍ ပေးလိုက်နိုင်သည်။ မမူသည် ကိုခင်ယုနှင့် ရုပ်ရှင်သွားရန် လက်ခံလိုက်လျောလိုက်သည်။

ညနေလေးနာရီတိတိ၌ ကိုကျော်သူ မမူတို့အိမ်သို့ရောက်လာသည်။ လှပစွာဖြီးလိမ်းထားသော မမူ့ကိုတွေ့သည့်အတွက် သူလာချိန်အမီ ဖြီးလိမ်းထားခြင်းဟု ထင်မိကာ အားရကြည်နူးသွားသည်။

"မမူ့ကို ဒီနေ့ အရေးကြီးတဲ့စကား ပြောစရာရှိတယ်မမူ'

'ပြောနိုင်ပါတယ် ကိုကျော်သူ'

မမူကအပြုံးမပျက် ပြန်ပြောလျက် တစ်စုံတစ်ခုပဲဟု စိတ်ထဲကတော့ထင့်နေသည်။ ကိုကျော်သူသည် မျက်နှာညိုးသွားလျက် မပြောခင် ငိုင်မှိုင်နေသည်။





'ပြောလေ ကိုကျော်သူ'

'ကိုကျော်သူ အိမ်ထောင်နဲ့ ရှေ့ဆက်လို့မဖြစ်တော့ဘူး မမူ သူ့မောင်ဒီအိမ်ရှေ့မှာ တစ်ခါကကားကိုတွေ့သွားတယ်မဟုတ်လား၊ အဲဒါ ကိုယ့်ကိုမဟားတရားပြောပြီးရမ်းတယ်၊ မိုက်ရိုင်းသွန်းလို့ ဆွဲထိုးပစ်လိုက်တယ်၊ သူ့မောင်ကို ဆွဲထိုးရမလားလို့ သူ့အစ်မနဲ့ဆက်ပြီး စကားများကြပြန်တယ်၊ စကားများရင်း သူ့ကိုယ်သူဓားနဲ့ထိုးမယ်လုပ်လို့ ဓားကိုအတင်းလုရတယ်'

မမူသည် နှုတ်ခမ်းကလေး ဗိဗိဖိလျက် ရင်ထဲ၌ လှုပ်ရှားသွားကာ မျက်လုံးလည်နေသည်။သူ့ထံသို့ မင်းယဉ်လာ၍ထိပါးစော်ကားခြင်းကို မပြောတာ ကောင်းလေစွဟု အောက်မေ့မိသည်။

'နှစ်ဦးစလုံးပဲ အရှည်ဆက်ဖို့ မဖြစ်တော့ဘူးဆိုတာ နားလည်သွားကြပြီ၊ ဒီတော့ အမြန်ဆုံးပဲ ကွာရှင်းကြတော့မယ်၊ ကွာရှင်းပြီးကြရင် ကိုကျော်သူနဲ့မမူ လက်ဆက်ပါရစေ'

မမူသည်ကြောက်ရွံ့ထိတ်လန့်သွားကာ သည်စကားမျိုး ရှေ့ဆက်မပြောစေရန်အကျောက်အကန် ငြင်းဆန်တားမြစ်လိုက်သည်။

'မမူ့ကို ဒီစကားမျိုးမပြောပါနဲ့ ကိုကျော်သူ၊ အိမ်ထောင်တစ်ခုဖြိုခွဲပြီး လက်ခံမှာမျိုးတော့ မမူဘယ်တော့မှ မလုပ်ဘူး'

မမူ့အမူအရာကြည့်၍ ကိုကျော်သူမှာ စိတ်အားလျော့



www.burmeseclassic.com

www.burmeseclassic.com



ကာ ရင်လေးလာသည်။

'ဘယ်လိုမှ အရှည်ဆက်လို့ မဖြစ်တာကြောင့် လမ်းခွဲ တော့မှာပါ၊ လွတ်လွတ်လပ်လပ် ဘဝနဲ့ဆိုရင် ကိုကျော်သူ မူမူ လက်ခံလိမ့်မယ်လို့ အောက်မေ့ပြီး ပြောထားနှင့် ဘာ မူမူ့ကိုဘယ်လောက်ချစ်တယ်၊ ခင်တယ်၊ မြတ်နိုးတယ်ဆို လည်း မူမူအသိပါ'

'ဒီမှာ ကိုကျော်သူ. . . မူမူ ပြောပါရစေ၊ ကိုကျော်သူ မကွာကြ မရှင်းကြခင်မှာပဲ ကြိုတင်ပြီးပြောထားပါရစေ၊ မူ ဘက်ကမဖြစ်နိုင်ပါဘူး၊ ကိုကျော်သူတစ်နေ့နေ့ ဒီအကြော ပြောများပြောရင် မဖြစ်နိုင်ကြောင်း ပြန်ပြောဖို့ ပြင်ထား တယ်၊ ဒီအကြောင်းနဲ့တော့ ကိုကျော်သူနဲ့ အခင်မပျက်ချင်ဘူ မိတ်ဟောင်းဆွေဟောင်း ငယ်သူငယ်ချင်းအဖြစ်နဲ့ အမြဲတမ်း လိုပဲခင်မင်ပါရစေ'

ကိုကျော်သူ့ရင်၌ တင်းကျပ်လျက် တစ်မျက်နှာလုံးနီ နေသည်။ သူ့ဘက်သို့ မပါပါအောင်ဆွဲဆောင်ရန် မလွယ် ကြောင်းကို ရိပ်စားမိသည့်အတွက် သွင်ပြင်ဟန်ပန်များမသွ တော့ဘဲ တစ်စစထိုင်းလာသည်။

'ကိုကျော်သူ ဖွင့်မပြောခဲ့တာက ကိုကျော်သူ့မှာ မလွ မလပ်မို့ မပြောတာပါ၊ အခုတော့ လွတ်လပ်မှာ သေချာသွား ဖြစ်တဲ့အတွက် ပြောရတာပါ၊ မူမူ တုံ့ပြန်မယ့်အချစ်ကို ဘ လောက်ပဲ အချိန်စောင့်ရစောင့်ရ ကိုယ်စောင့်နိုင်ပါတယ်မူ





ကိုကျော်သူက မလျှော့ဘဲ နည်းအမျိုးမျိုးဖြင့် လှည့်ပတ်ဆွဲဆောင်လျက်ရှိသည်။ မူမူကခစ်ခနဲ ရယ်လိုက်သည်။

'မူမူ့ကိုတော့ အချိန်ယူပြီး စောင့်မနေနဲ့ ကိုကျော်သူ၊ တစ်ခါက မူမူပြောဖူးသားပဲ၊ မူမူ အိမ်ထောင်ပြုရင် မူမူချစ်တဲ့သူနဲ့မှ အိမ်ထောင်ပြုမယ်လို့ပြောတာလေ'

သူ့ကို မချစ်နိုင်ကြောင်း မူမူသွယ်ဝိုက်၍ ပြောဆိုနေမှန်းသိလျက်နှင့်ကိုကျော်သူမှာ မူမူ့ကိုလက်မလွှတ်နိုင်သည့် အတွက် စိတ်မလျှော့တမ်း တင်းထားသည်။

'ကိုကျော်သူကမူမူရဲ့ချစ်တဲ့သူ မဟုတ်သေးလို့ဆိုရင် တစ်နေ့ ချစ်တဲ့သူဖြစ်လာရင်ကော'

ကိုကျော်သူဇွတ်တိုးလာပြီမို့ မူမူက ဖွင့်ပြောလိုက်သည်။

'ချစ်တဲ့သူ ဖြစ်နိုင်စရာ မဖြစ်နိုင်ဘူးကိုကျော်သူ၊ မူမူ့မှာ ချစ်သူရှိနေပါတယ်'

ကိုကျော်သူသည် တကယ်တမ်းကွာရှင်းမပြီးသေး၍ လက်မခံလိုသည့်အတွက် လွှဲရှောင်လှည့်ပတ်နေခြင်းဟုသာ ယူဆနေရာက ချစ်သူရှိကြောင်း ဖွင့်ပြောတော့မှ သူ့ကိုလုံးဝ လက်ခံတော့မည်မဟုတ်မှန်း ရိပ်မိလာသည်။

'မူမူ့မှာချစ်သူရှိတယ်လား. . . တကယ်လား၊ ဘယ်သူများလဲ မူမူ'

'ကိုကျော်သူ မသိပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'သန်လျင်ကလား'

'ရန်ကုန်ကပါ'

'ဘယ်သူလဲ'

မှုမှုငြိမ်သက်နေ၍ ကိုကျော်သူက မရမက ထပ်မေး၏။

'ဘယ်ကလူလဲ. . . ကိုကျော်သူ သိပါရစေ'

ပြောရကောင်းမကောင်း မှုမှုချိန်ဆနေသည်။ ဖျက်လို့ဖျက်ဆီး လုပ်မှာလည်းလန့်သည်။ အခင်မပျက်ရန်လည်း အလိုရှိ၍ စဉ်းစားရကျပ်ခြင်းဖြင့် ရုတ်တရက်ပြောရန် လေးကွေးနေသည်။

'ဘာဖြစ်လို့ သိချင်တာလဲ၊ မှုမှု့ရဲ့ ချစ်သူဆိုရင် ပြီးရောပေါ့'

'ဒီလိုဆိုရင်တော့ ကိုယ်မယုံဘူး၊ တစ်ဖက်မှာ ကွာရှင်းမှာစိုးတဲ့အတွက် ကိုယ့်ကို မှုမှုစိတ်ပျက်အောင်ပြောနေတာ မဟုတ်လား'

ဤတွင်မှုမှု မျက်လုံးကလေးပြူးလျက် ခပ်သွက်သွက် ပြန်ပြောသည်။

'စိတ်ပျက်အောင်ပြောတာ မဟုတ်ပါဘူး၊ မှုမှု့ချစ်သူ ဘယ်သူဘယ်ဝါပြောရမှာကိုကျော်သူမှ မသိဘဲနဲ့၊ ဒါကြောင့်ပါ'

'သိသိမသိသိ ပြောမှာသာပြောပါ။ သူ့နာမည်က ဘယ်လို





ခေါ်သလဲ'

'ကိုခင်ယု'

'ကိုခင်ယု. . . ကိုခင်ယု. . . ဘယ်က ကိုခင်ယုလဲ၊ သူက ဘာအလုပ်လုပ်သလဲ'

'သူကပန်းချီဆွဲတယ်၊ ပန်းချီဆရာကိုခင်ယု'

ကိုကျော်သူ့ခေါင်းမှာနောက်သို့ လန်ကျသွားကာ ပါးစပ်ဟောင်းလောင်း ဖြစ်နေသည်။ စကားမပြောနိုင်လောက်အောင် ဖြစ်သွားသော အမူအရာကို တွေ့ရ၍ မှုမှုက အံ့အားသင့်သင့် ပြန်မေးသည်။

'ကိုကျော်သူ ကိုခင်ယုနဲ့ သိသလားဟင်'

ကိုကျော်သူရင်ထဲ၌ မငြိမ်သက်နိုင်အောင် လှိုင်းတံပိုးထန်နေသည်။ စိတ်နှလုံး ထိန်းထား၍မရအောင် သွက်သွက်ခါလှုပ်ရှားလျက်ရှိခြင်းဖြင့် မှုမှု၏ မျက်နှာကလေးမှာ သူ့မျက်လုံးထဲ၌ မှုန်ရေးရေးပင် ဖြစ်နေသည်။

'နေပါဦး၊ ပန်းချီ ခင်ယုဟုတ်လား. . . ခင်ယု၊ အရပ်မြင့်မြင့် ပိန်ပိန်အသားဖြူဖြူလေ၊ သူ့အလုပ်ခန်းက ဆူးလေဘုရားလမ်းမှာရှိတယ်'

'ဟုတ်ပါတယ်. . . ပန်းချီ ကိုခင်ယုပါ၊ ဒီနေ့ပဲ ဆူးလေဘုရားလမ်းက သူ့ပန်းချီခန်းကို မှုမှုရောက်ခဲ့သေးတယ်'

သူ့သူငယ်ချင်း ခင်ယုဖြစ်နေကြောင်း နောက်ဆုံးသေချာ



www.burmeseclassic.com

www.burmeseclassic.com



နေခြင်းကြောင့် ကိုကျော်သူမှာ အံ့ဩခြင်းမက အံ့ဩလျက် အရှိန်ပြင်းစွာ တိုး၍နေသော နှလုံးသွေးများ ဖြုန်းခနဲရပ်တန့်သွားကာ ကျောက်ရုပ်ကြီးပမာ ဖြစ်သွားသည်။

'ကိုကျော်သူနှင့်သိသလား၊ ပြောပါဦး ကိုကျော်သူ'

မူမူ့အသံကြားတော့မှ ကိုကျော်သူ သက်ဝင်လှုပ်ရှားလာနိုင်သည်။

'သိရုံဘယ်ကမလဲမူမူ၊ သိပ်ချစ်တဲ့ သူငယ်ချင်းပဲ၊ မူမူနဲ့ ဘယ်လို ဘယ်လိုများတွေ့ကြတာလဲ၊ ကိုယ်အံ့ဩလွန်းလို့ပါ'

'မူမူကတစ်ခါတုန်းက ပဲခူးသွားတယ် မဟုတ်လား၊ ပဲခူးက ရွှေသာလျောင်းဘုရားမှာ တွေ့ကြတယ်၊ နီနီတို့မိသားစုနဲ့ သိပ်ခင်တယ်၊ ဆွေရိပ်မကင်း မျိုးရိပ်မကင်းတွေပေါ့'

'ပန်းချီဆွဲဖို့ပဲခူးမှာ ဘုရားတွေ ဓာတ်ပုံလျှောက်ရိုက်မလို့' ဟု သူ့အိမ်မှပြောဆင်းသွားသော ကိုခင်ယု၏အသံကိုနား၌ ဆတ်ဆတ်ပြန်၍ကြားရသည်။ကိုကျော်သူမှာ ကိုခင်ယုနှင့်သာဆိုလျှင် သူ့ဘက်မှမူမူ့ကို လက်လွှတ်ရတော့မည်ဖြစ်သည့်အတွက် စကားလွန်သွားမှုကို သူ့ရင်ထဲ၌ တစိမ့်စိမ့် ပြန်ရှက်နေသည်။

'ကိုခင်ယုနဲ့ မူမူနဲ့သဘောတူရဲ့လား၊ ဘယ့်နှယ်လဲ'

'မတူစရာတော့ ဘာမှမရှိပါဘူး၊ သူငယ်ချင်းပဲ'

'ဟော. . . ပြောရင်းဆိုရင်း ကိုခင်ယုလာပြီ၊ ကားဆိုက်တယ်'





မူမူနှင့် ရုပ်ရှင်ကြည့်ရန် ချိန်းထားသည့်အတိုင်း ကိုခင်ယု ကားရပ်၍ အိမ်ပေါ်သို့တက်လာသည်။ မူမူကပြေး၍ ရုပ်ကြိုးကာ တံခါးဖွင့်ပေးသည်။

'ဟာ. . . ကျော်သူကြီးပါလား'

ကိုခင်ယုနှုတ်မှ အသံကျယ်ကျယ် ထွက်သွားသည်။

'မူမူနဲ့ငယ်ငယ်က ကျောင်းနေဖက်လေ၊ သိပ်ခင်ကြတယ်'

မူမူကအရင်ဦးအောင် ပြောသည်။

'ဟော့ကောင်. . . မင်းကပိလှပြီဆိုပြီး ငါ့ကိုဘာမှမပြောဘူး၊ မူမူကငါနဲ့ သန်လျင်မှာကျောင်းနေဖက်ကွ၊ သိပ်ခင်တယ်။ အခု မူမူက မင်းနဲ့ငါသိတယ်ဆိုလို့ မင်းနဲ့ချစ်ခင်နေကြောင်း ဖွင့်တိုင်ပင်လို့ ငါ့မှာအံ့ဩဝမ်းသာနေရတုန်း မင်းရောက်လာတာပဲ'

ကိုကျော်သူသည် မရိုးသားခဲ့သော သူ့စိတ်အပေါင်းကို တစ်ထိုင်တည်းမြှုပ်နှံပစ်လျက် ဝမ်းမြောက်ဝမ်းသာ ကိုခင်ယုကို လက်ဆွဲနှုတ်ဆက်သည်။

ကိုကျော်သူ၏ ဝမ်းမြောက်မှုကိုကြည့်၍ မူမူစိတ်ချမ်းသာသွားသည်။ စိတ်သက်သာပေါ့ပါးသွားသည်။ မူမူသည် အကျည်းတန်နေသော အခြေအနေတစ်ရပ်လုံးကို လှပသွားအောင် ကြိုးပမ်းလိုက်သည်။

'ကိုခင်ယုနဲ့ အချစ်ဆုံးသူငယ်ချင်းဆိုတော့ အသိပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရတယ်ကိုခင်ယု၊ နို့မို့ရင် နောက်မှပြောရမလားလို့ မူမူကိုအဖြစ်တင်လို့ပြီးမှာ မဟုတ်ဘူး'

မူမူကပြောပြီး လန်းဆန်းရွှင်လန်းစွာ ရယ်မောသည်။

'ငါ မင်းကိုပြောမလို့ပါပဲကွာ၊ မင်းနဲ့မတွေ့အားသေးလို့ပါ မနက်က မင်းနဲ့ငါတွေ့မယ်ပြောတယ် မဟုတ်လား၊ တွေ့တဲ့အခါကျတော့ ပြောမလို့ပါကွ'

သူ့အချစ်ဆုံးသူငယ်ချင်းနှင့်မှ ကြုံရခြင်းကြောင့် သူ့ကိုယ်၌ စွန်းသွားသောမရိုးသားမှု အမည်းစက်များအတွက် ရွံရှာရက်ရွံ့သောစိတ်သည် ထိုအချိန်တွင် ကိုကျော်သူ့တစ်ကိုယ်လုံး အဆိပ်တက်နေသည်။

အိမ်ထောင်ရှိလျက်နှင့် ဖောက်ပြန်ချင်သော သူ့ပြစ်မှုသည် ဘယ်မျှရွံရှာဖွယ်ကောင်းသော ပြစ်မှုမှန်းသိမြင်၍ အရှက်ကြီး ရှက်မိတော့သည်။

အရှက်ရမှု၊ ဝမ်းနည်းမှု၊ ရွံရှာမှုတို့ဖြင့်၊ သူ့နှလုံးသား၌ တနင့်နင့်နာနေသည်။ သူ့မျက်နှာတွင် မီးစဖြင့်ထိုးထားသကဲ့သို့ ပူပြင်းလှသည်ဖြစ်ခြင်း၊ သူ့ခန္ဓာကိုယ်မှာ တစ်ကိုယ်စာမက ထူအမ်းအမ်းကြီးဖြစ်နေ၍ ကိုခင်ယုရှေ့၌ အနေရခက်လှကာ ဣန္ဒြေမပျက်အောင် အားသွန်ကြိုးစား၍ ဣန္ဒြေဆည်ထားရသည်။

'မမစောနဲ့မင်းတွေ့ပြီးပလား၊ သူလာမှ ငါ့သူငယ်ချင်းဆို





တာပြောရဦးမယ်'

'မမစော ဒီနေ့အစည်းအဝေးရှိလို့ အပြန်မိုးချုပ်မယ် ကိုကျော်သူ၊ မူမူ ကိုခင်ယုနဲ့ ရုပ်ရှင်သွားမယ်လို့ စောစောကပဲ ဖုန်းဆက်ပြောလိုက်တယ်'

'ဘယ်ပွဲလဲ'

ကိုကျော်သူက မှင်သေသေဖြင့်မေးသည်။

'ခြောက်နာရီခွဲပွဲ၊ မူမူ့ကိုပြမလို့ကွ၊ လက်မှတ်ကနှစ်စောင်တည်းပါတယ်'

'အောင်မာ မလိုက်ပါဘူးကွာ၊ မင်းတို့စုံတွဲသွားကြစမ်းပါ'

မူမူသည် ရွှင်မြူးသွက်လက်နေလျက် 'ခဏနေဦးနော်'ဆိုကာ အခန်းထဲဝင်၍ အလှပြင်သည်။

မူမူမရှိတော့မှ ကိုခင်ယုက နှစ်ယောက်ချင်းအနေဖြင့် ခပ်တိုးတိုးကပ်ပြောသည်။

'မနက်က ငါ့ကိုပြောတဲ့ကိစ္စ စဉ်းစားနော်'

'အေးပါကွ၊ မင်းပြောတဲ့အတိုင်း ငါစဉ်းစားပါ့မယ်'

ကိုကျော်သူသည် ကိုခင်ယုနှင့်မူမူတို့ကို ကားပေါ်ရောက်သည့်အထိလိုက်ပို့လိုက်သည်။ ကိုခင်ယုတို့ ကားထွက်သွားမှ စိတ်ပင်ပန်းနွမ်းနယ်လှစွာဖြင့် သူ့ကားပေါ်သို့ တက်လျက် မောင်းထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## [၁၄]

အချိန်မှာ ည ခုနစ်နာရီဖြစ်သည်။

ထွန်းထိန်နေသော မီးရောင်အောက်၌ နှောင်းငယ်နှင့် မင်းယဉ်တို့ စားပွဲတွင် မျက်နှာချင်းဆိုင်ထိုင်၍ မင်းယဉ်က နှောင်းငယ်အား စာပြပေးနေသည်။

နှောင်းငယ်သည် စားပွဲပေါ်၌ ကျောင်းစာအုပ်များကိုဖြန့် လျက် သူမတွက်တတ်သော သင်္ချာပုစ္ဆာတစ်ပုဒ်ကို မင်းယဉ် အားတွက်ခိုင်းထားသည်။

အဘွားဒေါ်လှရင်မှာ ဘုရားရှိခိုးနေသည်။ နှောင်းငယ်တို့နှင့် မနီးမဝေး နှောင်းငယ်နောက်ဘက်တွင် ပက်လက်ကုလားထိုင်ပေါ်၌ အဘိုးဦးဖိုးဆိုင် သတင်းစာဖတ်နေသည်။

နှောင်းငယ်သည် မင်းယဉ်ဂဏန်းတွက်နေခိုက် မင်းယဉ်



[…]ပါင်ပေါ်၌ ချထားသည့် လွယ်အိတ်ကို စားပွဲခုံအောက်မှ [..]က်လှမ်းလျက် မင်းယဉ်မသိအောင် အသာဖြည်းဖြည်း [..]မ်းဆွဲယူသည်။ ပုစ္ဆာထဲ၌ စိတ်ဝင်စားနေ၍ နှောင်းငယ်ဆွဲယူ [..]မှန်း မင်းယဉ်မသိ။

လွယ်အိတ်ထဲမှ အစွန်းထွက်နေသည့် ဆွယ်တာအင်္ကျီ [..]က်တစ်ဖက်ကို ဆွဲယူမိသည်။ လက်ထဲက အင်္ကျီစကိုဆွဲရင်း [..] နှောင်းငယ်က လေသံမာမာဖြင့်ပြောသည်။

'ကြည့်စမ်း. . . အိတ်ထဲမှာ ဘာထည့်လာသလဲ'

နှောင်းငယ်မေးမှ မင်းယဉ်သတိရကာ သူ့လွယ်အိတ်ကို [..]န်၍ ဆွဲယူလိုက်သော်လည်း လွယ်အိတ်ထဲမှ ဆွယ်တာလက် [..]စ်ဖက်မှာ နှောင်းငယ်လက်မှ မလွတ်ဘဲ တန်းလန်းကြီးဖြစ် နေသည်။

'ဒီမှာ ဂဏန်းတွက်နေတယ်၊ မရှုပ်စမ်းနဲ့. . . လွှတ်'

မင်းယဉ်က ငုံ့တွက်နေရင်းမှ သူ့အသံမကြားအောင် လေ [..]ဖြင့်ပြောသည်။

'ပြောဆိုပြော၊ဒီဆွယ်တာအင်္ကျီကို ဘာကိစ္စထည့်လာသလဲ'

နှောင်းငယ်လေသံကျယ်သွား၍ ဦးဖိုးဆိုင်သည် သတင်းစာ [..]တ်ရင်းတစ်ချက်လှည့်ကြည့်သည်။ ထိုအခါ နှောင်းငယ်၏ [..]ခေါင်းကို မင်းယဉ်ကခဲတံဖြင့် ခေါက်လိုက်သည်။

'တွက်တာကို ကြည့်စမ်း၊ ဒီမှာကြည့်'



www.burmeseclassic.com

www.burmeseclassic.com



ခုံအောက်က ဆွဲမီထားသော ဆွယ်တာလက်ဖျား... နှောင်းငယ်ကမလွှတ်ဘဲ သူ့နေရာမှထ၍ စားပွဲခုံကို ကိုယ်... မှီကပ်ကွယ်လျက် ဂဏန်းတွေကို ကဲမိုးကြည့်ရင်း အသံ... တိုးဖြင့် ပြောသည်။

'အစ်ကို. . . ပြောလေ၊ ဒါကဘာလဲ'

နှောင်းငယ်သည် ပုစ္ဆာကိုပဲမေးသလိုလို ဘာလိုလိုဖြ... သူ့လက်၌ဆုပ်ထားသော ဆွယ်တာစကို ဆောင့်ဆွဲပြလိုက်သည်... မင်းယဉ်သည် စိတ်မရှည်သလိုထပ်၍ အတင်းဆွဲယူသည်။

'အဘိုးမြင်သွားလိမ့်မယ်၊ အစ်ကိုပြီးတော့ပြောမယ်၊ လွှတ်လိုက် '

လေသံတိုးတိုးဖြင့်လည်းကောင်း၊ မျက်ရိပ်မျက်ခြဖြင့် လည်းကောင်း မင်းယဉ်ကပြောသည်။

နှောင်းငယ်သည် သူ့ရှေ့၌ဖွင့်ထားသော ကော်ပီစာအုပ်... စာရွက်အလွတ်တွင် စာသုံးလေးကြောင်းရေး၍ မင်းယဉ်ရှေ့သို့ ထိုးပြမည်ပြုခိုက် အဘွားဒေါ်လှရင် ဘုရားရှိခိုးအပြီး မင်းယဉ် တို့အနားသို့ထလာသည်။ နှောင်းငယ်က ထိုးပြမည့်စာအုပ်ကို ပြန်ရုပ်ကာ လက်မောင်းနှင့်ဖိလျက် မင်းယဉ်တွက်နေသော ဂဏန်းများကို စိတ်ပါစွာလှမ်းကြည့်နေသည်။

'ညကမင်းမင်းပြန်တာ အာရုဏ်ပဲတက်တော့မယ်၊ တံခါး... ခေါက်ပြီး နှိုးတဲ့အသံတွေ အဘွားကြားနေရတယ်၊ တစ်ညလုံး ...ယ်သွားနေပြန်သလဲ၊ စောစောပြန်မှပေါ့၊ တစ်နေ့ကပဲ ...ဘွားဆုံးမပြီးပြီ၊ အဘွားစကားနားထောင်ဦးမှပေါ့'

မင်းယဉ်သည် ပေါင်ပေါ်ကလွယ်အိတ်ကို ပေါင်တစ်ဖက် ...င့် ဖိညှပ်ကာ အဘွားဒေါ်လှရင်ကိုစိုက်ကြည့်ကာ နားထောင် ...နေသည်။ နှောင်းငယ်ကား သူ့လက်ထဲက အစလွတ်မသွားရန် ...မြဲဆုပ်ထားသည်။

'ညက ဆယ်နာရီလောက်ပြန်လာတယ်အဘွား၊ တံခါးတွေ ...တ်ထားတော့ မနိုးချင်တာနဲ့ ထွက်သွားပြီး ဒေါ်ကြီးဆွမ်းထ ...ချက်မယ့် အချိန်ကိုစောင့်ပြီးလာရတာ'

'နို့. . . တစ်ချိန်လုံး ဘယ်သွားနေသလဲ'

'လက်ဖက်ရည်ဆိုင်မှာ ငုတ်တုတ်ထိုင်ပြီး တစ်ချိန်လုံး စာဖတ်နေတယ်'

'မဟုတ်သေးပါဘူးမင်းမင်းရယ်၊ ကိုးနာရီလောက်ပြန်ပေါ့၊ ...မောင်ကျော်သူ့နဲ့ မျက်နှာချင်းမဆိုင်ချင်သေးရင် ကိုယ့်အခန်းထဲ ...ကိုယ်စာဖတ်နေပေါ့၊ တစ်နေ့ကကိစ္စ နဲ့ ဘယ်လောက်စိတ်ဆင်း ...ရဲနေမလဲ'

'ဟုတ်ကဲ့ပါ. . . အဘွား၊ နောက်ကို စောစောပြန်ပါ့မယ်၊'

မင်းယဉ်သည်အဘွားဒေါ်လှရင်ကို စကားပြတ်အောင်ဖြတ် ...လိုက်သည်။ နှောင်းငယ်လုပ်ပုံနှင့် စားပွဲအောက်က အကျႌ ...တန်းလန်းပေါ်သွားမှာလည်း စိတ်ထဲက ပူပန်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



'နှဲ့ကရော… မင်းကိုဘာများပြောသေးသလဲ'

'ဟိုကိစ္စဖြစ်ပြီးမှ နေမကောင်းလို့တဲ့၊ အခန်းထဲက တစ် ထွက်ဘူး၊ ကျွန်တော်နဲ့ မတွေ့သေးဘူး'

'အေး…အေး… အိမ်ကိုစောစောပြန်'

အဘွားဒေါ်လှရင် စားပွဲနားကခွာသွား၍ နှောင်းငယ် သည် သူ့စာအုပ်ကိုထိုးပြလိုက်သည်။ နှောင်းငယ်ရေးထားသော စာကြောင်းများကို မင်းယဉ်ကငုံ့ဖတ်သည်။

'ဒီဆွယ်တာအင်္ကျီထည့်လာတာ ပေါင်မှာလား၊ ရောင်း လား၊ အစ်ကိုမှန်မှန်ပြောရမယ်နော်၊ မှန်မှန်ပြောမှ လွှတ်လိုက် မယ်'

မင်းယဉ်ကဖတ်ပြီး… 'ရောင်းမယ်လို့' ဟု အောက် က ရေးပြလိုက်သည်။

'ဘာကိစ္စရောင်းရမှာလဲ'

နှောင်းငယ်ထံမှ မကြိုက်နိုင်သော လေသံပြင်းပြင်းထွ လာသည်။ နှောင်းငယ်လေသံပြင်းသွား၍မင်းယဉ်က နှောင်းငယ် စာအုပ်ကို ကပျာကယာထယူကာ ထပ်ရေးပြလိုက်သည်။

'ပိုက်ဆံသုံးစရာမရှိလို့ရောင်းရမှာ'

နှောင်းငယ်က ငုံ့ဖတ်၍ပြန်ရေးလိုက်သည်။

'ဘယ်သူ့မှာသုံးစရာမရှိတာလဲ၊ အစ်ကို့မှာ သုံးစရာမရှိ





လည်း၊ မမချောရီတို့မှာသုံးစရာမရှိတာလား၊ တစ်နေ့ကပိုက်ဆံ တွေကော'

မင်းယဉ်ကတစ်ဖန်ပြန်ရေးသည်။

'တစ်နေ့က ပိုက်ဆံတွေပေးလိုက်ရလို့ အစ်ကို့မှာ သုံးစရာ တစ်ပြားမှမရှိဘူး၊ အိမ်မှာလည်း ဘယ်သူ့ဆီကမှ မတောင်းချင် ဘူး'

'ဒီလိုဆိုရင် နှောင်းငယ်မှာစုထားတာ ငွေနှစ်ဆယ်ရှိတယ်၊ ယူသွားမလား'

မင်းယဉ်သည် နှောင်းငယ်ထိုးပေးထားသော စာအုပ်ကို ဆွဲယူဖတ်ကာ ပြုံး၍ပြန်ရေးပြလိုက်သည်။

'မပေးနဲ့၊ မယူဘူး အင်္ကျီစကိုလွှတ်လိုက်'

နှောင်းငယ်ကို စာအုပ်ထိုးပေးလိုက်ပြီးနောက် မင်းယဉ်က အဘိုးဦးဖိုးဆိုင် ကြားလောက်အောင် အသံပြုသည်။

'သွားစမ်း၊ အစ်ကိုဖို့ ရေတစ်ခွက်သွားခပ်စမ်း'

နှောင်းငယ်မှာ ငိုမဲ့မဲ့ဖြစ်သွားသည်။ အဘိုးဦးဖိုးဆိုင်ကြား သွား၍ အင်္ကျီစကိုမလွှတ်၍ မဖြစ်တော့ချေ။ အင်္ကျီစကို မ လွှတ်ချင်လွှတ်ချင်ဖြင့် လွှတ်လိုက်ရကာ ရေသွားခပ်သည်။ တန်းလန်းကျသွားသော အစကိုမြန်မြန်ဆန်ဆန် ဆွဲယူလျက် လွယ်အိတ်ထဲသို့ ထိုးသွင်းပြီးနောက် နှောင်းငယ် ပြန်မလာမီ လွယ်အိတ်ကို ဖင်ခုထိုင်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နှောင်းငယ်ကို သည်တစ်ချိန်ရပြီဟု ခပ်ပြုံးပြုံးမျက်နှာဖြင့် နှောင်းငယ်လက်ထဲမှ ရေခွက်ကို လှမ်းယူသောက်လိုက်သည်။

'ကောင်မလေး. . . ဒီမှာကြည့်၊ ပထမပုစ္ဆာကမှခက်သေးတယ်၊ ဒီပုစ္ဆာဘာခက်လို့လဲ'

မင်းယဉ်က သူတွက်ပေးသောစာအုပ်ကို ဟန်နှင့်ပန်နှင့် ပြန်ပစ်ပေးလိုက်သည်။

နှောင်းငယ်သည် စာအုပ်ကိုမကြည့်ဘဲ နှုတ်ခမ်းကလေးစူထားကာ အလိုမကျသောမျက်နှာဖြင့် မင်းယဉ်ကိုခပ်တင်းတင်း ပြန်ကြည့်နေသည်။

မင်းယဉ်၌ တစ်ထည်တည်းသာရှိသော ဆွယ်တာအကျႌကိုရောင်းလိုက်မှာ နှောင်းငယ်အလွန်နှမြောသည်။ မင်းယဉ်တို့လည်းစိတ်ဆိုးသည်။ ပိုက်ဆံအကုန်ယူလိုက်သော မချောရီတို့တို့လည်းမကျေနပ်စိတ်ပေါက်နေသည်။ သည်အကျႌမရောင်းဖြစ်ရန်လုပ်ဖို့ မတွေးတတ်အောင် အကြံအိုက်နေသည်။

'ကဲ. . . နောက်တစ်ပုဒ်ထပ်တွက်စမ်း'

နှောင်းငယ်စိတ်ဆိုးနေမှန်းသိ၍ စိတ်ပြောင်းသွားအောင် ဂဏန်းတစ်ပုဒ် ထပ်တွက်ခိုင်းသည်။

'တော်ပြီ၊ မတွက်ချင်တော့ဘူး'

သတင်းစာဖတ်ပြီးသွားသော ဦးဖိုးဆိုင်သည် နှောင်းငယ်





အသံကြား၍ လှည့်ကြည့်ကာပြောလိုက်သည်။

'ငါ့မြေးကတွက်မှပေါ့. . .၊ ဂဏန်းမလိုက်နိုင်ဘူးဆို၊ များများ တွက်ပေးမှလိုက်နိုင်မှာပေါ့ တွက်. . . တွက်'

မင်းယဉ်က ဦးဘိုးဆိုင်နှင့်သံယောင်လိုက်ပြောသည်။

'ပျင်းမနေနဲ့တွက်ဦး၊ လူရည်ချွန်ဖြစ်ချင်တယ်ဆို၊ ဖြစ်ချင်ရင်တွက်'

မျက်နှာပုပ်ပုပ်ဖြင့် နှောင်းငယ်သည် စာအုပ်ကိုဆွဲယူကာ ခေါင်းငုံ့ချလျက် ခဲတံသာကိုင်ထားသည်။

'တွက်လေ'

မင်းယဉ်က အသံမြှင့်၍ ပြောသည်။

မင်းယဉ်ထပ်ပြောမှ ဂဏန်းစာအုပ်ပေါ်၌စောစောရေးကြသောကော်ပီစာအုပ်ကို ဆွဲယူထပ်ကာ ရောမစာလုံးကြီးများဖြင့် တစ်လုံးစီကုန်းရေးသည်။

'အစ်ကို ဒီအကျႌတော့ မရောင်းရဘူး၊ ရောင်းရင်တော့ မချောရီတို့ အကြောင်းကိုတိုင်လိုက်မယ်၊ ကတိပေး'

မင်းယဉ်မှာနှောင်းငယ်ကိုကြောက်သွားသည်။ နှောင်းငယ်ဖော်လျှင် အားလုံးပေါ်ကုန်မှာစိုးသည့်အတွက် နှောင်းငယ်ကိုချော့ပေးလိုက်တော့ကာ စာအုပ်ကိုဆွဲယူ၍ ပြန်ရေးပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'အေး. . . မရောင်းတော့ပါဘူး၊ ဘုရားစူးစိတ်ချ၊ အစ်ကို ကတိပေးတယ်၊ ဂဏန်းတွက်'

'နှောင်းငယ်သည် ဖတ်ကြည့်ပြီးမျက်နှာကလေး ချိုသွားကာ စိတ်ပါလက်ပါ ကုန်း၍တွက်သည်။

ဂဏန်းနှစ်ပုဒ်သုံးပုဒ်တွက်ပြီးမှ မင်းယဉ်ကပြန်ရန်နေရာမှထလိုက်သည်။

'ပြန်ရတော့မလားအစ်ကို'

'အေး. . . ပြန်မယ်'

'မင်းမင်း အိမ်ပြန်မှာမဟုတ်လား'

အဘွားဒေါ်လှရင်က ထလာပြီးမေးသည်။

'မင်းမင်းသူငယ်ချင်းအိမ်ခဏသွားပြီး စောစောပြန်မှာပါ အဘွား'

'အစ်ကို. . . ကတိနော်'

နှောင်းငယ်ကစိတ်ပူ၍ ပြောဖြစ်အောင် ထပ်ပြောသည်။

'ဘာကတိလဲဟဲ့'

အဘွားဒေါ်လှယဉ်က လှည့်မေးသည်။

မင်းယဉ်သည်အပေါက်ဝမှ မဆင်းခင် ပြန်လှည့်ကာ. . .

'သူ့ကို ဒီလစန္ဒာမဂ္ဂဇင်းဝယ်ပေးရမယ်တဲ့ အဘွား' ဆိုကာ ရယ်ရယ်မောမောပြောထွက်သွားသည်။





မချောရီတို့ အိမ်သို့ မင်းယဉ်တစ်ဆက်တည်း တန်းသွားသည်။

ဦးအောင်ထွန်းသည် မျက်ထောင့်ကြီးနီလျက် အကြမ်းပန်းကန်လုံးကိုလင်ပန်းထဲသို့ပြန်ချရင်း 'ထိုင်ပေါ့မောင်မင်းယဉ်' ဆိုလိုက်သည်။

ဦးအောင်ထွန်းမျက်နှာမကောင်း၍ စိတ်ထင့်ထင့်ဖြင့် ဝင်ထိုင်လိုက်သည်။

'ဒီမှာနေလို့တော့ ဘယ်လိုမှ မဖြစ်တော့ဘူးကွ၊ ညက အိမ်ကို ခဲနဲ့ပေါက်တယ်၊ အရပ်ထဲက ကောင်ကလေးတွေ သက်ချက်ပဲလို့ထင်တယ်'

ဦးအောင်ထွန်းမျက်ထောင့်နီကာ စိတ်ဆိုးနေခြင်းမှာ သူနှင့်မပတ်သက်ကြောင်းသိမှ မင်းယဉ်အသက်ရှူနိုင်သည်။

'ဘယ်အချိန်ပေါက်တာလဲဦးလေး'

'တစ်ညလုံးပဲဆိုပါတော့. . . တစ်ဆက်တည်းပေါက်နေတာမဟုတ်ဘူး၊ နာရီခြားခြားပြီးဘယ်ကပေါက်မှန်းမသိပေါက်နေတာကွ'

ဦးအောင်ထွန်းက ခပ်ဆတ်ဆတ်ပြန်ပြောသည်။ မင်းယဉ်အသံကြား၍ မချောရီထွက်လာကာ မလှမ်းမကမ်း၌ ထိုင်လိုက်သည်။ မင်းယဉ်က မချောရီကိုလှမ်းကြည့်သည်။ သူ့အဖေစိတ်ဆိုးနေကြောင်းမချောရီက မျက်ရိပ်ပြ၍ မေးထိုးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဦးလေးကထွက်မဆူဘူးလား'

'ဘယ်ကပေါက်နေမှန်းမသိတော့ ထွက်ဆူလည်းအပိုပဲ ဒီမှာဆက်နေလို့တော့မဖြစ်ဘူး မောင်မင်းယဉ်'

မင်းယဉ်ခရီးရောက်မဆိုက် ခေါင်းပူသွားသည်။ ပြဿနာ တက်ပြီဟု စိတ်ပျက်လျက် ငြိမ်သက်နေသည်။

'ဖြုန်းခနဲ၊အိမ်ပြောင်းဖို့က ငွေကြေးကလည်းမရှိ'

ဦးအောင်ထွန်းသည် ညည်းတွားပြီး တောက်ကိုပြင်းစွာ ခေါက်လိုက်သည်။

'ဟုတ်တယ်ဦးလေးရဲ့၊ ဦးလေးတို့ဒီကို ပြောင်းလာတာ လည်း ဘာမှမကြာသေးဘူး၊ အခုနေအိမ်ရဖို့ဆိုတာ ရုတ်တရက် မလွယ်ဘူး'

မင်းယဉ်ကခပ်ငိုင်ငိုင်ဖြင့် ပြန်ပြောသည်။ မင်းယဉ်ကို ဦးအောင်ထွန်းကပြန်၍ မျက်လုံးပြူးပြောလိုက်သည်။

'အိမ်ရဖို့က လွယ်ပါတယ်ကွ၊ အိမ်ငှားမယ့်ဦးလေးအသိ တွေ ရှိပါတယ်၊ ပိုက်ဆံမရှိတာက ခက်တာပါ'

မချောရီသည် ရေနွေးကြမ်းအိုးယူလာကာ အသစ်ထပ် ထည့်ပြီး ပြန်လာချပေးလျက် ခပ်ကုပ်ကုပ်ကလေး ငြိမ်ထိုင်နေ သည်။

'သောက်လေ. . . မောင်မင်းယဉ်'





မင်းယဉ်ကို အကဲခတ်သော မျက်လုံးနှင့် သူကိုယ်တိုင် ငှဲ့ကမ်းပေးသည်။ မင်းယဉ်က မျက်လုံးချင်းမဆိုင်ဘဲ လှမ်းယူ လိုက်သည်။

'ဦးလေးမှာအိမ်ပြောင်းဖို့ငွေတော့လိုလာပြီ မောင်မင်းယဉ်၊ မင်းကိုဒုက္ခပေးရမှာ အားလည်းနာပါရဲ့၊ အခုကိစ္စက ဒီမှာ ဆက်လက်နေဖို့မဖြစ်လို့ ပြောင်းရမှာပါ၊ အိမ်မှာ မိန်းကလေးရှိ လျက်နဲ့ မင်းအဝင်အထွက်ကို အရပ်က မကြိုက်တာလည်း ပါမယ်'

ဦးအောင်ထွန်းသည် ငြိမ်သက်စွာငုံ့နေသော မင်းယဉ်ကို ကြည့်လိုက် မချောရီကိုလှမ်းကြည့်လိုက်ဖြင့် သူ့မျက်လုံးများ မငြိမ်မသက် ဖြစ်နေသည်။

'မနက်က ချောရီ နောက်ဖေးမှာ ရေနွေးအိုးထတည်တော့ ခဲတစ်လုံး ကျလာသေးတယ်'

မချောရီက အသံတိမ်တိမ်ကလေးဖြင့် လှမ်းပြော၍မချော ရီကို မင်းယဉ်မျက်လုံးပင့်၍ကြည့်လိုက်သည်။

'မိုးလင်းမှပေါက်တာငါ့ကို ဘာဖြစ်လို့ လာမနိုးသလဲ'

'ညကမှမအိပ်ရဘဲ အိပ်ပျက်မှာစိုးလို့မနိုးတာပါ'

'အဲဒါပဲကြည့်တော့ မောင်မင်းယဉ်၊ ဒီမှာနေဖို့မကောင်း တော့ပါဘူးကွာ'

မင်းယဉ်မှာ ငုတ်တုတ်ကြီးလုပ်နေ၍ မဖြစ်တော့သည့်



www.burmeseclassic.com

www.burmeseclassic.com



အတွက် စိတ်မသက်မသာဖြင့် ပြောရသည်။

'ပြောင်းရင် ငွေကဘယ်လောက်ကုန်မှာလဲ ဦးလေး'

'ပြောင်းရင်တော့ကုန်မယ်ကွ၊ အိမ်စပေါ်ငါးရာလောက် ပေးမှ အိမ်ကလေးတစ်အိမ်ရမှာ ဒါတောင်ပြင်ချင်ပြင်ရဦးမှာ စပေါ်အတွက် ငါးရာလောက်လိုမယ်'

မင်းယဉ်တုတ်တုတ်မျှမလှုပ်တော့ပေ။ ငါးရာဆို၍ စိတ်အိုက်လျက် စိတ်ညစ်ညူးသွားသည်။

'ဘယ့်နှယ်လဲ. . . မောင်မင်းယဉ်'

'ဒါလောက်များများတော့ မရနိုင်ဘူးထင်တယ်ဦးလေး'

မင်းယဉ်က မျက်နှာမကောင်းစွာဖြင့် ပြောပြီး ခေါင်းငုံ ထောင်တော့ပေ။

ဦးအောင်ထွန်းသည် လက်ဖက်ရည်ခွက်ကို သူ့နှုတ်ခမ်း တွင်တေ့လျက် မင်းယဉ်ကို သဲသဲမဲမဲကြည့်နေသည်။

ဦးအောင်ထွန်း၏မျက်လုံးထဲ၌ မင်းယဉ်၏လူကဲကို ကြည့် နေခြင်းဖြစ်၍ မလည်မဝယ်အသွင်ကလေးမှာ ပေါ်နေသည် လူပုံကလေးကလည်းအေးဆေး၏။ ချောရီကိုတမ်းတမ်းစွဲမြဲ ပုံမှာ တစ်ခွက်တည်းနှင့်မူးသည့်သူငယ်၊ အရိုင်းမှအရိုင်း၊ မ မနုပ်သေးသော ဟန်ပန်ကိုလည်း ရှာ၍တွေ့၏။ ဒီထက်ပို မင်းယဉ်ကို မြင်သည်မှာ ရိုးအခြင်းဖြစ်သည်။

ချောင်းတစ်ချက်ဟန့်လျက် ဦးအောင်ထွန်းအကြံယူလို





သည်။

'ဒါထက် ဦးလေးအလုပ်ရမှာ မင်းကိုမပြောရသေးဘူး၊ နေ့လယ်က ဦးလေးသူငယ်ချင်းတစ်ယောက်လာတယ်၊ စမ်းချောင်းကဝပ်ရှော့မှာ တစ်လနှစ်ရာနဲ့ ဒီလကုန်အလုပ်ဆင်းဖို့ လာပြောတယ်'

မင်းယဉ်သည်ခေါင်းကို ဆတ်ခနဲထောင်၍ ဝမ်းသာအယ်လဲ ပြန်ပြောသည်။

'ဟုတ်လားဦးလေး၊ ဒီလိုဆိုနေရာကျတာပေါ့'

'အလုပ်ကတော့ နေရာကျပါရဲ့ကွာ၊ လောလောဆယ် ပြဿနာက ဦးလေးမှာခက်နေတယ်. . . ကူညီစမ်းပါဦးကွာ'

မင်းယဉ် ပေါ့မလိုလိုဖြင့် ရင်လေးသွားသည်၊ အိမ်ငှားရန် လိုအပ်သည့်ငွေမှာ သူနှင့်အလှမ်းဝေးလှသည်။

'ဒီလိုကောကွယ့်'

ဦးအောင်ထွန်းကို မင်းယဉ်က ခပ်ငေးငေးလှမ်းကြည့် သည်။

'မောင်မင်းယဉ် မင်းယောက်ဖဆီမှာ တောင်းရင်ကော ကွာ'

မင်းယဉ်၏ရင်တွင်း၌ ကျပ်တင်းသွားသည်။ ငွေတစ်ရာ သုံးဆယ့်ငါးကျပ်ရခဲ့တာ မကြာသေး၍ ထပ်၍တောင်းရန် ကောင်းမှန်းသူသိသည်။ ဤငွေလောက်ကြီးကို တောင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



မတောင်းသင့်ဟု သူထင်သည်။ မင်းယဉ်ထံမှ အသံတော်တော်နှင့် ထွက်မလာ။

'ဒီလောက်ငွေတော့ပေးမှာလည်းမဟုတ်ဘူး၊ သူ့ဆီက မရနိုင်ပါဘူး' မင်းယဉ်ကမျက်နှာပျက်ပျက်နှင့် ခေါင်းခါယမ်းလျက် ပြောသည်။

'ဦးလေးလည်း စဉ်းစားပါတယ်၊ ပေးတာလည်းဘာမှမကြာသေးတော့ ပေးချင်မှလည်းပေးမယ်'

'ဟုတ်တယ်ဦးလေးရဲ့. . . ဘယ်ပေးမလဲ'

မင်းယဉ်နှုတ်သွက်လာ၍ ဦးအောင်ထွန်းက ပိုသွက်လာသည်။

'ဒီတစ်ခါအိမ်ပြောင်းလျှင် မောင်မင်းယဉ်ပါ ဦးလေးတို့နဲ့အတူ လိုက်နေနိုင်ရင်လည်းနေကွယ်'

မင်းယဉ်မှာသူကြားလိုက်ရသော စကားကိုဟုတ်မှ ဟုတ်ရဲ့လားဟုပင် ထင်မှတ်မိသည်။ အတူလိုက်နေနိုင်တယ် ပြောခြင်းမှာ သူ့သမီးနဲ့နေရာချပေးမလို့ဟု အဓိပ္ပာယ်နားလည်လိုက်သည်။ မင်းယဉ်ကိုယ်၌က အိမ်မှာမနေချင်၊ လိုင်စင်ရ၍ကားမောင်းခဲ့လျှင် အိမ်ကမကြိုက်မှာ သိနေသည်။

အရောင်ကင်းမဲ့နေသည့် မင်းယဉ်၏ မျက်လုံးများတွင် တဖြည်းဖြည်းအရောင်တောက်လာသည်။ ခနှင့်ပေါက်သောသူများကိုကျိတ်၍ကျေးဇူးတင်ရမလိုဖြစ်နေသည်။ မမျှော်လင့်ဘဲ





ဒိုင်ကော်၍ ချုပ်ပေါ်ရောက်ရသည့်ကိန်း ဆိုက်သွားခြင်းကြောင့် ပီတိတွေ တစ်ကိုယ်လုံး နှံ့ဖုံးသွားကာ မချောရီကို လှမ်းကြည့်လိုက်သည်။

မချောရီ၏ မျက်နှာ၌ ပြုံးရိပ်ပြုံးရောင်များသမ်းလျက်ရှိသည်။

'ငွေတော့ရအောင်ရှာမှဖြစ်မယ်ကွ'

စောစောကပြောသည့်ငွေမှာ ဦးအောင်ထွန်းတို့အတွက်ဖြစ်၍ ခက်ခဲကျပ်တည်းကာ နည်းလမ်းမမြင်ဘဲ လမ်းပိတ်နေသည်။ယခုတော့ သူပါအတူလိုက်နေနိုင်၍ သူ့အတွက်ပါ ပါဝင်နေခြင်းကြောင့် ပိတ်ဆို့နေသော ခက်ခဲကျပ်တည်းမှုအပေါင်းကို တွန်းဖယ်လျက် ရမည့်လမ်းစကို ရှာဖွေစဉ်းစားသည်။

'ဦးလေးအကြံပေးမယ်ကွာ၊ ပထမ မင်းယောက်ဖကို တောင်းပန်ပြီး အကျိုးအကြောင်းပြောကြည့်၊ မရပုံပေါက်မှ မင်းအစ်မကိုပြောပေါ့၊ ပြောတဲ့နေရာမှာ မင်းအိမ်ပေါ်ကဆင်းပြီးအိမ်ငှားနေတော့မယ့် အခက်အခဲတွေ ပြောပြီးတောင်းသွဲ့အပ်ရင် မင်းယောက်ဖခြေပုန်းခုတ်တာလည်း ထည့်ပြောပြလိုက်၊ အဲသလိုဆိုရင်တော့ကွာ'

'ဟာ. . . ဒီလိုက ရဖို့နီးစပ်တယ်ဦးလေး'

ဦးအောင်ထွန်းက မင်းယဉ်ကို ပြုံးပြုံးကြီး ကြည့်နေသည်။

'ဝပ်ရှော့မှာ ဦးလေးအလုပ်ဆင်းရင် ကျွန်တော့်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



စပ်ရှော့မှာ သင်ပေးစမ်းပါ၊ ကားစက်နှိုက်ဖို့တော့ သိပ်ဝါသနာ ပါတာပဲ'

'ဖြစ်ရမှာပေါ့၊ မင်းကိုသင်ပေးရမှာပေါ့၊ ကားမောင်း တတ်ရုံနဲ့ မပြီးဘူး၊ စက်အကြောင်းပါ နားလည်တော့မှ မကျွမ်း နိုပ်ဖြစ်မှာ'

တစ်ချိန်လုံး နောက်ကျိနေသော မင်းယဉ်၏ခေါင်းမှာ ကြည်လင်သွားသည်။ အလုပ်လုပ်ပြီး အိမ်ငှားနေရန် အိမ်ပေါ် ကအဆင်း၊ အစ်မထံမှ နောက်ဆုံးတောင်းခံခြင်းဖြစ်၍ မရနိုင် စရာမရှိဟု ထင်လိုက်သည်။

'ဒိုင်း'

အိမ်ခေါင်မိုးပေါ်သို့ ခဲတစ်လုံးပြင်းပြင်းကျလာသည်။

'ဟော. . .'

မင်းယဉ်က ထိုင်ရာမှ ကျုံးထရန် ပြင်လိုက်သော အချိန် တွင် ဦးအောင်ထွန်းကမင်းယဉ်၏ဒူးကို အုပ်ဖိထားလိုက်သည်။

'အသာနေစမ်းပါကွ၊ ပေါက်စမ်းပါစေ'

ဦးအောင်ထွန်းတစ်ကိုယ်လုံးမှာ ဆတ်ဆတ်တုန်လျက်မျက် လုံးထဲ၌ ဘာကိုမျှမမြင်ရအောင် ဒေါသဖြင့်ပျာနေသည်။ ခဲ ပေါက်သူကို မင်းယဉ်က သူကိုယ်တိုင်ထွက်ရှာ၍ ထိုးချင်ကြိတ် ချင်နေသည်။ ဦးအောင်ထွန်းမှာ အရပ်ထဲမှလူငယ်များက ဘယ်အကြောင်းကြောင့် ခဲပေါက်ကြမှန်း သူ့အတွင်းရေးသူသာ လျှင် သိသောကြောင့် မင်းယဉ်မထရန် ဆွဲတားထားခြင်းဖြစ် သည်။

'ပြောင်းမယ်ကွာ၊ အမြန်ဆုံးပြောင်းမယ်၊ မင်းသာဖြစ် အောင်ကြိုးစား'

'ဟုတ်ကဲ့ဦးလေး'



www.burmeseclassic.com

www.burmeseclassic.com

## | ၁၅ |

နွဲ့နွဲ့ယဉ်သည် အရူးပမာဖြစ်နေသည်။ ကိုကျော်သူနှင့် ကွာရှ
ချင်စိတ်သာရှိသည်။ သူကစတင်၍ကွာရှင်းရမှာလား၊ ကိုကျေ
သူ စွန့်ခွာသွားသည်အထိ စောင့်ရမှာလား၊ အချိန်မပိုင်းတ
အောင်ဖြစ်သည်။

ကိုကျော်သူနှင့်ကွာရှင်းပြီး အိမ်ပေါ်မှဆင်းကြလျှင် သူတ
ယောက်တည်းမဟုတ်ဘဲ သူ့အဒေါ်နှင့်သူ့မောင်ရှိ၍ သုံးယော
ဆင်းကြရမည်။ ကိုကျော်သူဆင်းသွားက တစ်ယောက်တည
ဖြစ်မည်။

ကိုကျော်သူနှင့်သာ ကွာရှင်းချင်သည်။ ဖခင်ကိုယ်တို
ဆောက်ခဲ့သော အိမ်ကတော့မခွာချင်၊ အိမ်နှင့်ခြံကို ပြန်အ



ယူရန် သူပိုင်ငွေမရှိသည့်အတွက် အိမ်ပေါ်မှ ဆင်းသွားရန် စဉ်းစားတိုင်းရင်လေးမိသည်။

လစဉ်လာနေကျ လက္ခဏာကာလည်း နှစ်လကျော်ကာ သုံးလကျော်ထဲကူးဝင်လာ၍ ဘာမှန်းမသိ အတွေးရကျပ်သည်။ တစ်ဦးနှင့်တစ်ဦး ကွာရှင်းကြရေး လွယ်ကူသလောက်နောက် ဆက်တွဲတွေ တသီတတန်းကြီးကမလွယ်ကူ၍ စိတ်ပန်းလှသည်။

ချစ်ကြိုက်ပြီးယူခဲ့ရသော ကြင်ဖော်မဟုတ်ဘဲ ဖခင်စီမံရာ နာခံလိုက်လျောရသည့်အတွက် ဤမျှလိုက်လျော ကြာရှည်နေ ခြင်းပင်ဖြစ်သည်။

သူ့ကိုယ်သူ သေကြောင်းကြံစည်ပြီးမှ ကိုကျော်သူ့ကို ကြည့် ချင်စိတ်လည်း မရှိတော့။ တစ်ယောက်မျက်နှာတစ်ယောက် မ ကြည့်မိအောင်ရှောင်သည်။

'ကိုယ်ကမိန်းကလေး၊ ပေါင်းမိမှတော့သည်းခံ၊ ကိုယ့်ဘက် ကဝတ္တရား ဘာမှမပျက်စေနဲ့'

ဒေါ်သိန်းမေကသူ့အပါး၌ ဒါပဲ ထပ်မနားတဖွဖွပြောနေ သည်။

နာကြည်းစိတ်များ ခါးသီးလျက်ဖြင့် ဝတ္တရားအတိုင်း နံနက်ကိုးနာရီ အလုပ်သွားရမည့် ကိုကျော်သူအတွက် ထမင်း ကျွေးပေးရသည်။

မီးဖိုထဲမှ ဒေါ်သိန်းမေ ခူးခပ်ပေးသည်များကို အိမ်ရှေ့



www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်သို့ ယူလာချသည်။ ထမင်းပွဲ ပြင်နေခိုက် ကိုကျော်သူ ရေချိုးသံ၊ အခန်းထဲ၌သွားလာနေသော ခြေသံတွေကို ကြားရ ရင်တထိတ်ထိတ် ခုန်လာသည်။ ကိုကျော်သူထွက်မလာခင် ပြီး အောင် မြန်မြန်ပြင်သည်။

ရန်ဖြစ်ပြီး တစ်ယောက်နှင့်တစ်ယောက် ခပ်စိမ်းစိမ်းနေ ကြသောအရှိန်ဖြင့် ကိုကျော်သူနှင့် ခပ်ဝေးဝေးနေရန် ထမင်း ပွဲပြင်ပြီး ထမင်းစားခန်းနှင့်ခြားရာ ဧည့်ခန်း၌ သွားထိုင်နေ လိုက်သည်။

ကိုကျော်သူကို နွဲ့နွဲ့ယဉ်ဖယ်တယ်တယ်လုပ်နေတတ်သည့် အချိန်မျိုး၌ နွဲ့နွဲ့ယဉ်ကိုယ်စား ဒေါ်သိန်းမေက နေရာယူသည်။ ထမင်းစားပွဲ၌ ကိုကျော်သူတစ်ယောက်တည်း မဖြစ်စေရ မနီးမဝေး၌ ကိုယ်ယောင်ပြ၍နေပေသည်။

မရွှင်လန်းသောမျက်နှာနှင့် ကိုကျော်သူထမင်းစားပွဲ၌ထိုင် သည်။ မနေ့က ကိုခင်ယုကို ရှက်ခဲ့ရသောအရှက်မှာ ယခုတိုင် မပြေသေး။ မျက်နှာပူဆဲဖြစ်နေသေးသည်။

ကိုခင်ယုမျက်နှာပေါ်လာတိုင်း တစ်ကိုယ်လုံးရှိန်တက်သွား သည်။ မူမူကိုတော့ သတိမရချင်တော့၍ သတိမရစေရန် သူ စိတ်သူနိုင်သည်။ တပ်ခေါက်ပြီး ဆုတ်ခွာလာခဲ့ရသော သူ့ဇာတ် လမ်းမှာ အိပ်ရာမှနိုးလိုက်၍ ပျက်ပြယ်သွားသောအိပ်မက် ကဏ္ဍတစ်ရပ် ဖြစ်သွားပေပြီ။



အိပ်ရာမှအသစ်တစ်ဖန် နိုးကြားလာ၍ နွဲ့နွဲ့ယဉ်အနား သို့ တိုးကပ်သွားချင်သည်။ နွဲ့နွဲ့ယဉ် သူ့အပါး၌မရှိခြင်းသည် ကွက်လပ်တစ်ခု၊ တစ်ခုခုလိုနေသည့်ပုံ၊ မပြည့်စုံဘဲဟာ၍နေ သည်။ ယနေ့မနက်မှ သူ့၌အဖော်ကင်းမဲ့နေမှန်းသတိပြုမိသည်။

ကိုကျော်သူမျက်နှာမကောင်းပုံကို ဒေါ်သိန်းမေမြင်သည်။ ဒေါ်သိန်းမေ မျက်နှာမကောင်းပုံလည်း ကိုကျော်သူမြင်သည်။

အိမ်ပြင်အိမ်ဘေး ပတ်ဝန်းကျင်တွင် အသံဗလံညံညံစီစီ ရှိနေလျှင်လည်း တော်သေးသည်။ ယနေ့မနက် ပတ်ဝန်းကျင် တစ်ခုလုံး အသံတွေပျောက်လျက် အိမ်ထဲအိမ်ပြင် တိတ်ချက် သားကောင်းလှသည်။ တိတ်ချက်သား ကောင်းခြင်းက အိမ်ထဲ ၌ပဲ တစ်စုံတစ်ခု ဖြစ်ပျက်နေဟန် ချောက်ချားဖွယ်ရာ ကျက် သရေမဲ့လှသည်။

ကိုကျော်သူသည် တိတ်ဆိတ်မှုကို ကြာရှည်ခံစား၍ မရသ ဖြင့် အသံထွက်လာသည်။

'ဒေါ်ကြီး. . .မနက်က လေးနာရီလောက် မင်းမင်းပြန် လာသံကြားတယ်၊ ကျွန်တော်နိုးနေတယ်'

မနီးမဝေးမှကိုယ်ယောင်ပြနေသော ဒေါ်သိန်းမေသည် စားပွဲခုံအနီးသို့ ကပ်လာသည်။

'ဟို. . .ဟိုနေ့ကတည်းက မနက်လေးနာရီမှ အိမ်ပြန်နေ တယ် မောင်ကျော်သူရယ်'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြီးအသံမထွက်တထွက်ဖြင့် တုန်တုန်ယင်ယင် ဖြင့် ပြောသည်။ ဒေါ်ကြီးကြည့်ရပုံမှာ အင်မတန်မှ စိတ်ပင်ပန်းကာ စိတ်ဆင်းရဲနေပုံတွေ့ရ၍ ကိုကျော်သူသည် ဘယ်လိုမှန်းမသိ အားနာပြီး သူ့မျက်နှာကို ပြန်ငုံ့ချထားသည်။

ထမင်းကို ငုံ့စားနေရာက ထပ်ပြောသည်။

'အခုအိပ်နေသလားဒေါ်ကြီး'

'မနက်ကပြန်လာပြီး ထိုးအိပ်တာပဲ၊ ဆယ်နာရီလောက်မှ ထပြီး ပြန်ထွက်သွားတာပဲ'

ထမင်းစားခန်း၌ ပြောနေကြသော စကားသံကို နွဲ့နွဲ့ယဉ် သဲ့သဲ့ကြားနေရသည်။ ကိုကျော်သူအသံကို မကြားချင်တော့ သည့်အဖြစ်။ အသံမကြားရာ တော်ရာဝေးရာသို့ရှောင်ထွက် သွားချင်သလောက်ပင် နာကြည်းစိတ်များက ပြင်းထန်လှ သည်။

'စိတ်မကောင်းပါဘူး. . . ဒေါ်ကြီး၊ ကျွန်တော်မင်းမင်းကို ဖျောင်းဖျပြောပါဦးမယ်'

ကိုကျော်သူထံမှ ဒေါသလျော့ပါးသွားသောအသံ။ စိတ်ချို သံများ ပေါ်ထွက်လာ၍ ဒေါ်သိန်းမေသည် တစ်ကိုယ်လုံးပင် ကြက်သီးချမ်းမြထလာကာ ကြေကွဲသံများဖြင့် ပြန်၍ပြောသည်။

'မြင်းမင်းကို ပစ်မထားပါနဲ့ မောင်ကျော်သူရယ်'

ကိုကျော်သူကိုပြောပြီး ဝမ်းနည်းကြေကွဲစိတ်တွေ တစ်ရှိန်





တည်းရပ်တန့်သွားလျက် ခုချက်ချင်းပြန်၍ အားရှိသွားခြင်းမှာ ပြောစရာမရှိအောင်ဖြစ်သည်။ကိုကျော်သူထံမှ အမျက်ပြေသံကို မျှော်မျှော်လင့်လင့် ကြားချင်နေသူ ဖြစ်သည်။

ကိုကျော်သူသည် ထမင်းကို ဝင်သရွှေ့စားလိုက်သည်။

ထမင်းစားပြီးအခန်းထဲသို့ ပြန်ဝင်သွားသည်။ သားရေ အိတ်ဆွဲလျက် အခန်းထဲက ထွက်လာကာ ညှော်ခန်းရှိရာသို့တစ် ချက် လှမ်းကြည့်လိုက်သည်။

ဆိုဖာပေါ်တွင် ခြေပစ်လက်ပစ် မှီထိုင်နေပြီး ပြတင်းအ ပြင်ဘက်သို့ငေးမောနေသော နွဲ့နွဲ့ယဉ်၏ သဏ္ဌာန်ကိုလှမ်းတွေ့ ရသည်။

နွဲ့နွဲ့ယဉ်မှာ မျက်တွင်းများညို၍ ဆံပင်တွေပွရောင်းနေ သည်။ သိသိသာသာ မျက်နှာချောင်ကျနေသည်။ မျက်နှာညိုး လျက် စိတ်အာရုံထွေပြားလျက်ရှိကာ သက်ပြင်းတရှိုက်ရှိုက်ဖြင့် ရင်၌ မီးပြင်းတိုက်နေသည်။

ကိုကျော်သူက မရဲတရဲဖြင့် နွဲ့နွဲ့ယဉ်ထိုင်ရာနားသို့ ကပ် သွားသည်။ နွဲ့နွဲ့ယဉ်အား မျက်နှာချင်းဆိုင်၍ မရသေး။ သူကဆိုင်ချင်သည့်တိုင်အောင် နွဲ့နွဲ့ယဉ်က ပြန်၍မျက်နှာချင်း ဆိုင်ချင်မည် မဟုတ်မှန်းသူသိသည်။ ရန်ဖြစ်ပြီးစ သူကစ၍ စကားပြောသည့်အနေဖြင့် အသံပြုလိုက်သည်။

'နွဲ့. . . မင်းမင်းကို ပြောပါဦး၊ ညတိုင်းအိမ်ကို မိုးလင်းခါ



www.burmeseclassic.com

www.burmeseclassic.com



နီးမှ ပြန်နေတာဟာ မကောင်းဘူး'

ကိုကျော်သူနှင့် သူဘာမှမသက်ဆိုင်။ ကိုကျော်သူနှင့် စကားပြောရန်၊ ကိုကျော်သူနှင့်အတူနေရန် အကြောင်းမှန်သမျှ ဆုံးခန်းတိုင်ပြီ စိတ်မျိုးထားလျက် ငြိမ်သက်နေသော နွဲ့နွဲ့ယဉ်က မျက်တောင်များမ၍ မျက်လုံးတစ်ချက်သာ ဝေ့ကြည့်လိုက်သည်။ ဤတစ်ချက်ထက်ပိုခြင်းမရှိ။ နွဲ့နွဲ့ယဉ်ထံမှ အသံလည်း မလာ၊ မျက်လုံးလည်းလည်မလာ။

ကိုကျော်သူမှာ နွဲ့နွဲ့ယဉ်ကိုရှေ့ဆက်ပြောရနိုး၊ မပြောရနိုး ဖြင့် သူ့မျက်နှာ သူမထားတတ်သလို မဝံ့မရဲဖြစ်သွားသည်။

နွဲ့ပေါ်၌ သူသာလျှင် သစ္စာမဲ့သူ၊ တရားပျက်သူဖြစ်ခဲ့၍ သူ့ပြစ်မှုကသူ့ကိုပြန်၍ ဟန့်တားထားသကဲ့သို့ ရှေ့မဆက်ရဲတော့ ပဲ ဤမျှနှင့် အပြီးသတ်သွားပြီး အိမ်ပေါ်မှဆင်းသွားသည်။

ကားထွက်သံကြားမှ ငြိမ်သက်သော နွဲ့နွဲ့ယဉ်လှုပ်လာ သည်။ အသက်ရှူသံပါပြင်းလာသည်။ သူ့ယောကျ်ားကို တုဖက် ကာ မာကျောပြနေ၍ ကိုကျော်သူက ကွာရှင်းရန် အချိန်ရ ထားမလို အချိုပြန်သတ်သွားသည့် သဘောထားဟု အဓိပ္ပာယ် ကောက်ကာ ရင်ခုန်လာသည်။

မင်းယဉ်အတွက် တကယ်ပူပန်သည်ဟု မထင်အား၊ သူ့ကို လာ၍လှည့်စားသည်သာထင်သည်။

နွဲ့နွဲ့ယဉ်သည်နေရာမှထ၍ ထမင်းစားပွဲပေါ်က ပန်းကန်





များကို သိမ်းဆည်းရှင်းနေသည်။ ဒေါ်သိန်းမေက သူတို့မတို မသိမသာ အကဲခတ်စောင့်ကြည့်နေသည်။

ကိုကျော်သူ ပြောသွားသော စကားများဖြင့် နွဲ့နွဲ့ယဉ်က မကျေမချမ်းစိတ်တွေ လျော့ပါးသွားမသွား သိချင်လှသည်။ လျော့ပါးရန် သူကဘေးမှနေ၍ လေပြည်ထိုးကာ ငြိမ်းချမ်း အောင် စေ့စပ်ရေးလုပ်ချင်သည်။

နွဲ့ကိုကြည့်ရသည်မှာ တင်းမာစိတ်များ လျော့ပါးပုံမတွေ့ ရဘဲ တင်းမာဆဲရှိသေး၍ သူပြောခါမှ ပိုတင်းသွားမှာကို သန့်ရသေးသည်။

ဒေါ်သိန်းမေသည် တစ်ထောင့်မှနေ၍ သက်ပြင်းဖွဖွချ ကာ နွဲ့နွဲ့ယဉ်အား တိတ်တဆိတ်ကြည့်လျက်နေသည်။

'ဒေါသတရားတွေ လျော့ပါးပါစေ၊ မြန်မြန်ပြန်၍ သင့် မြတ်ကြပါစေ၊ မကွဲပါစေနဲ့၊ မကွာပါစေနဲ့'

ဒေါ်ကြီးနှုတ်မှ အသံမထွက်ရုံတစ်မည် နှုတ်ခမ်းများတလှုပ် လှုပ်ကာ ဆုတောင်းနေမိ၍ သူ့ရင်ထဲ၌ ဆုတောင်းသံတွေ ညံနေသလား ထင်ရသည်။

နေ့လယ် ဆယ့်နှစ်နာရီလောက် နွဲ့နွဲ့ယဉ် အိပ်ခန်းထဲသို့ မင်းယဉ်ဝင်လာသည်။ ခုတင်ပေါ်၌ နွဲ့နွဲ့ယဉ်လှဲနေစဉ် လူဝင် လာသံကြား၍ မျက်လုံးဖွင့်လိုက်သည်။

ခုတင်ပေါ်မှနွဲ့နွဲ့ယဉ်သည် အခန်းထဲဝင်လာသောမင်းယဉ်



www.burmeseclassic.com

www.burmeseclassic.com



ကို လှမ်း၍စိုက်ကြည့်နေသည်။

မင်းယဉ်က အသားညိုညို၊ နှာတံတင်းတင်း၊ မျက်နှာထ သွယ်သွယ်၊ အေးဆေးသော မျက်လုံးနှင့် နှုတ်ခမ်းတို့က အ တွင်း၌ စိတ်ကောင်းရှိသည်ကို ပြသည့်သဏ္ဍာန်၊ ဘဝထဲသို့ တိုး၍ ခြေစုံရပ်တော့မည့်ပုံ ထက်မြက်သော ဟန်ပန်များရှိနေ သည်။

အရပ်ကလေးမြင့်၍လျှောက်လာပုံက ခါးကိုကိုင်းနွဲ့လျက် သူလိုချင်တာကိုပူဆာမည့် အမူအရာပေါ်သည်။

မှုန်ကုပ်ထားလျှင်သာ ဆိုးသွမ်းသော မျက်နှာမျိုးပေါ် ကာ မမှုန်ကုပ်ဘဲနေသည့် အချိန်မျိုးတွင် အပြစ်ကင်းသည့် ကလေးမျက်နှာပေါက်စေသောမင်းယဉ်။

မင်းယဉ်မျက်နှာ၊ မင်းယဉ်လျှောက်လာပုံ၊ မင်းယဉ်အမူ အရာအားလုံးကို တစ်စမကျန် လှမ်းကြည့်သည်။ ခါတိုင်း မင်းယဉ်ကို မြင်တာနှင့် တင်းမာချင်သောစိတ်တွေ မရှိတော့ အထိုးအကြိတ်ခံရသောမောင်ကိုသနားစိတ်ဝင်သော အကြည့် မျိုးဖြင့် လှမ်း၍ကြည့်နေသည်။

နွဲ့နွဲ့ယဉ်ဆို မင်းယဉ်က တစ်ချက်သာကြည့်ကာ မျက်နှာ ငုံ့ချလျက် ခုတင်နားသို့ရောက်လာသည်။ ကိုကျော်သူနှင့် မ ဖြစ်ပြီး ယနေ့မှမောင်နှမ မျက်နှာချင်းဆိုင် တွေ့ကြသည်။

မနက်လေးနာရီမှ မင်းယဉ်အိမ်ပြန်နေခြင်းသည် ကိုကျော်





သူနှင့် မတွေ့အောင်ရှောင်နေမှန်း နွဲ့နွဲ့ယဉ်သိသည်။

ကိုကျော်သူ အလုပ်သွားပြီးမှ အိပ်ရာကထလျက် အိမ်မှ ပြန်ထွက်သွားသော မင်းယဉ်အသံဗလံများကို သူ့အခန်းထဲမှ နေ့စဉ်နားထောင်လျက် စိတ်ဆင်းရဲမှုကို နေ့စဉ်တနုံ့နုံ့ခံစားနေ ရသူဖြစ်သည်။

မင်းယဉ်ခုတင်နား၌လာရပ်နေ၍ 'ထိုင်လေ' ဟုနွဲ့နွဲ့ယဉ် တပြောလိုက်သည်။ အနားရှိ ကုလားထိုင်ကို ခုတင်နားဆွဲလျက် မင်းယဉ်ထိုင်လိုက်သည်။ ထိုင်ထိုင်ချင်း 'မင်းမင်း ဒီအိမ်မှာ မနေချင်တော့ဘူး' ကစပြောသည်။

နွဲ့နွဲ့ယဉ်သည် ရင်ပေါ်၌ လက်များချိတ်ဆက်လျက် မင်းယဉ်၏ မျက်နှာကိုငေးစိုက်လျက်ကြည့်နေသည်။ နွဲ့နွဲ့ယဉ် မျက်နှာမှာဖြူဖျော့နေကာ အသက်မှူးမှူးရှုနေသည်။

'မင်းမင်းသူငယ်ချင်းတစ်ယောက်နဲ့ အိမ်ငှားနေပါရစေ၊ ဝါသနာပါတဲ့ အလုပ်လည်းလုပ်ပါရစေ၊ သူငယ်ချင်းနဲ့အတူဝပ် ရှော့မှာ မကွင်းနစ်ပညာတတ်ချင်လို့ စီစဉ်ခဲ့ပြီးပြီ၊ နှစ်ရက် သုံးရက် အတွင်းအလုပ်သင်ဆင်းရမယ်၊ ကိုယ်ဘာသာ အိမ် ခန်းကလေး ငှားနေပြီး အလုပ်လုပ်ပါရစေမမနွဲ့'

မင်းယဉ်၏အသံသည် ကရုဏာရသ ပြည့်ဝလျက် ပျော့ ပျောင်း ညင်သာနေသည်။

နွဲ့နွဲ့ယဉ်သည် သက်ပြင်းကို ရှိုက်၍ချလိုက်သည်။ ယခု



www.burmeseclassic.com

www.burmeseclassic.com



မျက်မှောက်၌ ဤအိမ်တွင် သူ့အခြေအနေကလည်းမဟာန် ဘယ်သူ့အခြေအနေမှမလှသော အဖြစ်ကိုတွေးမိကာ ဝမ်းနည် လာမိသည်။

နွဲ့နွဲ့ယဉ်ဝမ်းနည်းငြိမ်ဆိမ်နေသည့်အခိုက် မင်းယဉ်သည် ဆက်ပြောမည့်စကားများကို တစ်ဆင့်ပြီးတစ်ဆင့်ပြောရန် ပြင် ဆင်စဉ်းစားနေသည်။

'ဘာဖြစ်လို့ မိုးလင်းခါနီးမှ အိမ်ကို ပြန်ပြန်နေသလဲ ကိုယ့်အိမ်ပဲ၊ ကိုယ်ဟာကို အချိန်မှန်ပြန်နေကျပြန်ပေါ့၊ တစ်ည လုံး ဘယ်သွားနေတာလဲ'

မင်းယဉ်အသာငြိမ်နေသည်။

'ဝပ်ရှော့မှာ လုပ်ရင်အလုပ်ကြမ်း လုပ်ရမှာပေါ့၊ ဆယ် တန်းဝဆက်ဖြေပြီးအောင်ရင် ကိုယ်ဝါသနာပါတဲ့ အာရ်အိုင်တီ ဆက်တက်နိုင်မယ်၊ အလုပ်လုပ်တာက နေပါဦး၊ ရှေ့နှစ်ဆယ် တန်းပြန်ဖြေပါ'

'ကျောင်းနဲ့ဝေးသွားတော့ ကျောင်းပြန်မနေချင်တော့ဘူး မင်းမင်း အလုပ်ပဲလုပ်ပါရစေတော့၊ နောက်တော့မှ ဖြေချင် စိတ်ပေါ်ရင် အပြင်ကဖြေပါ့မယ်'

နွဲ့နွဲ့ယဉ်မှာ သူလိုရာရောက်အောင် အတော်ပြောရမည့်ပုံပေါက်၍ ခုတင်ပေါ်မှ ထထိုင်လိုက်သည်။ ပြောင်းနေ သွားလျှင် မောင်နှမနှစ်ယောက် ဝေးသွားမှာစိုးသည်။ ပင်ပ





ပန်းပန်းလုပ်ရမည့် ဝပ်ရှော့အလုပ် လုပ်မှာလည်း မကြည့်ရက်၊ ဆယ်တန်းဖြေအောင် ပြောရန်အားခဲလိုက်သည်။

'ဆယ်တန်းအောင်အောင်ဖြေပါ မင်းမင်းရယ်၊ နင့်ကို ဒါပဲ ငါပြောချင်တယ်၊ ဆယ်တန်းဖြေပြီးတော့ လုပ်ချင်ရာလုပ်ပါ၊ ကျောင်းပညာမှာ ဆယ်တန်းလောက်တော့ အနည်းဆုံးအောင်မှ ဖြစ်မယ်၊ ကျောင်းသားတွေအတွက် ဒီအထစ်ဟာ ဘဝရှေးရေး ပဲ၊ သူ့ကိုကျော်နိုင်ရမယ်၊ ဒီအထစ်မှာ တစ်မနေပါနဲ့၊ ကျော်နိုင် ရင် ဘဝလမ်းကြောင်း တစ်ဆင့်ခုန်ခြင်းပဲ၊ ဆယ်တန်းအောင် တော့ ကောလိပ်ဆက်သွားချင်သွား မသွားချင်နေ ဆယ်တန်း တော့ အောင်မှဖြစ်မယ်'

'မင်းမင်းကို ထပ်မပြောပါနဲ့တော့၊ ဒါနဲ့ပဲ မင်းမင်းအချိန် တွေ ကုန်နေရတယ်၊ ဝပ်ရှော့မှာ ပညာသင်ရင် မက္ကင်းနစ်ဖြစ် လာနိုင်တယ်၊ မက္ကင်းနစ်ဖြစ်ရင် ထမင်းတစ်ဝမ်းဝပါတယ်၊ ဒါ လည်းအလုပ်ပါ၊ ကောင်းတဲ့အလုပ်ပါ၊ ဝါသနာပါတဲ့အလုပ်ပါ၊ အလုပ်လုပ်ချင်စိတ်ကို မမနွဲ့အားပေးဖို့ ကောင်းပါတယ်၊ မနေ ချင့်တဲ့ ကျောင်းကို ထပ်ပြောဖို့ မကောင်းပါဘူး၊ အပိုပါပဲ'

ရလိုရငြားပြောရန်အားခဲထားသော စိတ်တွေကို နွဲ့နွဲ့ယဉ် ပြန်လျှော့ချလိုက်ရသည်။ တစ်နေ့တစ်နေ့ အချိန်ဖြုန်းနေခြင်း ထက် အလုပ်သင်လုပ်နေခြင်းက စိတ်မလေမသွင့်ဘဲ စိတ်ထိန်း နိုင်ခြင်းတစ်ရပ်ဖြစ်၍ မင်းယဉ်လုပ်ချင်သောအလုပ်ကို ခွင့်ပြု ချင်စိတ်ရှိလာသည်။ အိမ်ငှားနေခြင်းကိုတော့ ဘယ်နည်းနှင့်မှ



www.burmeseclassic.com

www.burmeseclassic.com



ခွင့်မပြုနိုင်။

'နင့်ကို ဆယ်တန်းဖြေပါလို့ ဒါလောက်တောင်ပြောနေတာ လျက်နဲ့ မရတော့ရင်လည်း နင်ဝါသနာပါတဲ့အလုပ်ကို လုပ်တော့၊ ဒါပေမဲ့ အိမ်ငှားနေဖို့ အကြောင်းဘာမှမရှိဘူး ဒီကပဲ အလုပ်ရှိရာသွားလုပ်ပေါ့'

မင်းယဉ်က ခေါင်းခါလိုက်သည်။

'ဒီမှာမင်းမင်းမနေချင်တော့ဘူး မမနွဲ့၊ ဒီအကြောင်းတွေ ပြန်လည်းမပြောချင်ဘူး၊ သူငယ်ချင်းနဲ့အတူ ကမာရွတ်ဘက်မှာ အိမ်ငှားနေမယ်၊ အိမ်တွေ့ခဲ့တယ်၊ စပေါ်ငါးရာပေးရမယ်၊ အိမ်လခတော့ အသင့်အတင့်ပဲ၊ ကိုယ့်ဟာကိုယ်ချက်စားမယ်၊ ဖြစ်သလိုပဲနေမယ်၊ ကိုယ့်ဘဝကိုယ်ရပ်တည်မယ်၊ ဒါကြောင့် နောက်ဆုံးအနေနဲ့ အိမ်စပေါ်ပေးဖို့အတွက် ငွေငါးရာလောက် မင်းမင်းအပေါ်မှာ ကြည့်ရှုဖို့တောင်းပန်ပါတယ်'

နွဲ့နွဲ့ယဉ်ရင်ထဲ၌ တင်းကျပ်သွားပြန်သည်။ အတူတကွနေခဲ့ကြပြီးမှ အိမ်ပေါ်ကဆင်းမှာကို လက်မခံနိုင်ဘဲ စိတ်အိုက်လာသည်။

'ဘာဖြစ်လို့ မနေချင်တာလဲဟယ်၊ စိတ်ဆိုးကြတဲ့အခိုက် ခဏပေါ့။. . . မဟုတ်ဘူးလား'

'မမနွဲ့ကသာခဏ၊ မင်းမင်းကတော့ ခဏမဟုတ်ဘူး မင်းမင်းတောင်းတာ နောက်ဆုံးထားပြီးပေးပါလေ၊ မင်းမင်း





သွားပါရစေ'

'ပြောနေတာ နားမထောင်ဘူးလား၊ နင်လုပ်ချင်တာသာ စွတ်ပြောနေတာပဲ၊ သင်ချင်တဲ့အလုပ်ကို ဒီကနေပြီး သင်ချေပါ၊ လုပ်ချေပါပြောမှာပဲ၊ အိမ်ခွဲနေစရာမလိုဘူး'

နွဲ့နွဲ့ယဉ်မှာ စိတ်ရှုပ်ရှုပ်ဖြင့် လေသံပြင်းသွားသည်။ နွဲ့နွဲ့ယဉ်လေသံကြည့်၍လွယ်လွယ်နှင့် ပြောမရပုံပေါ်လာမှန်း မင်းယဉ်သိလာသည်။

'အိမ်မှာအတူနေလို့ဖြစ်ကိုမဖြစ်ဘူး၊ သူနဲ့မျက်နှာချင်းဆိုင်လို့လည်း မဖြစ်ဘူး၊ ဟိုနေ့က ဘာကြောင့်ရန်ဖြစ်တယ်ဆိုတာ မမနွဲ့သိတာလည်းမဟုတ်ဘူး၊ မင်းမင်းက မပြောချင်လို့နေတာ'

မင်းယဉ်က လေသံပြင်းပြင်းနှင့် ပြန်ပြောသည်။

'အကျိုးကိစ္စဆို၊ မိုက်မိုက်ရိုင်းရိုင်း ပြန်ပြီးပြောတယ်ဆို'

နေ့လယ်ဘက် အမောဖြေလျက် တစ်ရေးတစ်မော အိပ်ပျော်နေသော ဒေါ်သိန်းမေ နိုးသွားမှာစိုး၍ နွဲ့နွဲ့ယဉ်က အသံကိုနှိမ့်လျက် လေသံဖြင့်ခပ်အုပ်အုပ်ပြောသည်။

မင်းယဉ်သည် ငြိမ်သွားလျက်သူမျက်လုံးမှာ စိုက်ကျနေသည်။ အချိန်ယူ၍ စဉ်းစားတွေးဆနေပုံပေါ်သည်။ ပြောတော့လည်းဖြည်းလေးနေသည်။

'အကျိုးကိစ္စက တစ်ကဏ္ဍပါ၊ မမနွဲ့မသိအောင် ခြေပုန်းခုတ်နေတာ မင်းမင်းသိတဲ့ကိစ္စက တစ်ကဏ္ဍပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာ. .'

နွဲ့နွဲ့ယဉ်သည်တစ်ကိုယ်လုံး သွက်သွက်ခါအောင်လှုပ်ရှားကာ မင်းယဉ်နားသို့ တိုးရွေ့လာသည်။

လင်မယားကိစ္စ မပြောဘဲနေ၍ဖြစ်လျှင် မင်းယဉ်ကမပြောဘဲနေချင်ပါသည်။ အိမ်ခွဲနေရမည့်ကိစ္စ အရေးတကြီးပေါ်ပေါက်လာ၍ သူ့ဘက်မှခိုင်လုံအောင် အကြောင်းပြနိုင်မှ ငွေပေးမှာကြောင့် မပြောမဖြစ်၍ ဆက်ပြောခြင်းဖြစ်သည်။

'မိန်းမတစ်ယောက်ကို အပျော်ထားနေတာ၊ မင်းမင်း သိတယ်၊ မင်းမင်းသိတာကို ပြန်ပြောတဲ့အတွက်ထိုးတာ'

နွဲ့နွဲ့ယဉ်၏ ဖြူဖျော့နေသော မျက်နှာမှာ ချက်ချင်းနီရဲသွားသည်။ ဖျော့ရာမှ ရဲလာကာ ဒေါသရုပ်ပြောင်းသွား၍ မင်းယဉ်ကမဆက်လိုတော့ဘဲ ဒီစကားကိုဒီမှာပဲ ရပ်လိုက်သည်။

'ဒါတွေထားပါတော့၊ မင်းမင်းကိုနောက်ဆုံးအနေနဲ့ ပေးနိုင်ရင်လည်းပေးပါ၊ မပေးနိုင်ရင်လည်းနေပါ၊ ဒီမှာမနေတော့ဘူး'

နွဲ့နွဲ့ယဉ်သည် အနာပေါ်တုတ်ကျဖြစ်သွားသည်။ မယားငယ်ထားသော အနာပေါ်၌မောင်ကိုထိုးကြိတ်သော တုတ်ကျသွားခြင်းဖြစ်သည်။

အပျော်မယား ရှိတယ်ဆို၍ ရင်တွင်း၌ မခံချင်စိတ်ရှေ့ကြုံးဝါးအော်ဟစ်လျက် ဒေါသူပုန်ထကာ ဒေါသတွေ မွှန်ကဲသွားသည်။





'ဘယ်ကလဲ. . . ဘယ်သူလဲပြောစမ်း၊ ငါ့ကိုပြောစမ်း'

တင်းမာလှသောအသံ၊ တင်းမာသောလှအကြည့်၊ တင်းမာလှသော မျက်နှာထားဖြင့် နွဲ့နွဲ့ယဉ်ကမေး၏။

' ပြောတော့ဘာလုပ်မှာလဲမမနွဲ့၊ သူ့ဟာသူ အပျော်ထားချင်လည်းထားမှာပေါ့၊ အရေးမစိုက်မနေပါနဲ့'

မင်းယဉ်က ခပ်အေးအေးမျက်နှာ၊ ခပ်အေးအေးအသံ၊ ခပ်အေးအေးအမူအရာကလေးဖြင့် နွဲ့နွဲ့ယဉ်ကို ယမ်းပုံမီးကျအောင် မလုပ်သင့်သည့်သဘောမျိုးဖြင့် နွဲ့နွဲ့ယဉ်၏ ဒေါသများလျော့ပါးအောင် ခပ်ပေါ့ပေါ့လုပ်ပြောလိုက်သည်။

'အောင်မယ်. . . ငါ့ကိုဒီစကားမျိုးလာမပြောနဲ့၊ ဒီစကားနင်ပြောစရာမဟုတ်ဘူး၊ ငါကမသိချင်ယောင် ဆောင်နေရမှာလား၊ ဒီမှာဖြင့် လက်ဆုပ်လက်ကိုင်တပ်အပ်မသိလို့ သူ့ကို လက်ပူးလက်ကြပ်မပြောနိုင်ဘဲဖြစ်နေရတယ်၊ ငါ့ကိုများ မပြောဘဲ နင်နေနိုင်တာ အံ့ပါရဲ့မင်းမင်းရယ်'

မင်းယဉ်မလှုပ်တော့ချေ။

နွဲ့နွဲ့ယဉ်မှာ တစ်ချိန်ထက်တစ်ချိန် ခံပြင်းသည့်စိတ်ကကြီးမားလာသည်။ သူ့စိတ်ပင် သူအစိုးမရဖြစ်လာသည်။ ခုဆိုခုချက်ချင်း အပျော်မယားနှင့်နေတဲ့နေရာကို သိချင်မြင်ချင်စိတ်တွေပြင်းပြလာသည်။ မသိရ၍ မနေနိုင်အပ်ကျမပ်ကျသိအောင်လုပ်မည်။



www.burmeseclassic.com

www.burmeseclassic.com



‘နာမည်ဘယ်သူလဲပြော’

မင်းယဉ်က ခေါင်းကုတ်လျက်ပြောမလိုလိုနှင့် မပြောဘဲနေသည်။

‘ပြောလေ’

နွဲ့နွဲ့ယဉ်ကဝေါက်လိုက်သည်။

‘မူမူလို့ခေါ်တယ်’

‘နင်တွေ့ဖူးသလား’

‘တွေ့ဖူးတယ်’

‘ဘယ်မှာ တွေ့တာလဲ’

‘သူတို့နှစ်ယောက် အိမ်ပေါ်က ဆင်းလာပြီး ကားစီးသွားတာတွေ့လိုက်တာ၊ မသင်္ကာစရာ ကောင်းတာပဲရှိတယ်၊ ဟုတ်ချင်မှလည်းဟုတ်မှာပါ’

မင်းယဉ်က ဖုံးဖုံးဖိဖိလုပ်ပစ်၍ သူမောင်ကို သူကပင်ဖြို၍ ချော့ရတော့မလို ဖြစ်လာသည်။ နေရာကို ကွယ်ဝှက်ပြီး အမှန်ကို မပြောမှာ စိုးရိမ်စိတ်ဝင်ရောက်လာသည်။

‘ဒီအကြောင်းနဲ့ နင့်ကို ထိုးတယ်ဆိုတော့ လောလောဆယ် အိမ်မှာမနေဘဲ ဆင်းသွားတာလည်း ခပ်ကောင်းကောင်းပဲ၊ ဒါမှ သူ့အပြစ်သူသိမယ်၊ အိမ်စပေါ်ငါးရာများလှချည်လား’

မင်းယဉ်မှာ မပြောချင်ဘဲ သူဖွင့်ပြောရသည့်အတွက်





စိတ်မကောင်းဖြစ်ကာငိုင်နေစဉ် အိမ်စပေါ်များသည်ဆို၍ ဘယ်လိုပြောရမှန်းပင်မသိ၊ ထစ်အနေသည်။

‘အိမ်ခန်းကလေးအတွက် ခုခေတ်မှာ စပေါ်ငါးရာတော့ ပေးရတာပဲ၊ နောက်ဆုံးထားတောင်းတာပါ၊ နောက်ကို ဒီမှာ ဘယ်တော့မှ ပိုက်ဆံလာမတောင်းဘူး၊ ဒါကတိပါ’

နွဲ့နွဲ့ယဉ်၏ ရင်တွင်း၌ တလှပ်လှပ်ဖြစ်လျက်ရှိသည် သူမောင် တောင်းသလောက်ပေးဖို့ရန် စိတ်ရှိလာသည်။ တသီးတခြားခွဲနေစေခြင်းဖြင့် ကိုကျော်သူ့အပြစ်မှာ ပေါ့လွင် သွားနိုင်သည်ဟု တွေးမိသည်။ ဒေါ်ကြီးကို တိုင်ပင်ရလျှင် မပေးရန် ကန့်ကွက်မည်သိ၍ ဒေါ်ကြီးမနိုးခင်ပေးရန် ခုတင်ပေါ်မှ ထပြီး ဗီရိုဖွင့်လိုက်သည်။

‘ရော့. . . ငါးရာ၊ ဒီဟာမအိမ်ကို ငါ့လိုက်ပြ’

မင်းယဉ် မျက်လုံးဝိုင်းလာသည်။

‘ဟာ. . . မမနွဲ့ကလည်း၊ သိလည်းဝမ်းထဲထားပေါ့၊ ဘာဖြစ်လို့ လိုက်ကြည့်ရမှာလဲ၊ မပြဘူး’

မင်းယဉ်ကမပြချင်ခြင်းဖြင့် အပြင်းအထန် ငြင်းဆန်လိုက်သည်။

‘နင်နားမလည်ပါဘူး မင်းမင်းရယ်၊ဘယ်ကဆိုတာ ငါက နေရာနေရပ်နဲ့သိထားတော့ မကောင်းဘူးလား၊ တစ်သက်လုံး သူ့ကိုယ်သူ သူတော်ကောင်းကြီးလုပ်ပြီး အထက်စီးကနေ အနိုင်



www.burmeseclassic.com

www.burmeseclassic.com



ယူနေတာတွေ နင်မသိပါဘူး၊ ဒီကိစ္စငါ့အတွက် အရေးကြီးဆုံး ပဲဆိုတာ နင်မသိတာအံ့ပါရဲ့၊ လိုက်ပြ'

နွဲ့နွဲ့ယဉ်မှာ ခုချက်ချင်းသွားမည့်ပုံ အဝတ်ထလဲသည်။ သူ့အစ်မကိုမပြလျှင် မဖြစ်တော့မှန်းသိ၍ ဒေါ်ကြီးကိုပြောရ ကောင်းမကောင်း မင်းယဉ်ချိန်ကြည့်သည်။

'ဒေါ်ကြီးနဲ့တိုင်ပင်ကြည့်ပါဦး၊ နောက်တော့ မင်းမင်းလိုက် ပြပါ့မယ်'

'ဟော့. . . မရဘူး၊ ပြဆိုခုပြ၊ ဒီကိစ္စဒေါ်ကြီးသိလို့ကို မဖြစ် ဘူး၊ကပျက်ကပျက် ဝင်လုပ်နေလိမ့်မယ်၊ နေရာသိရုံပဲသွားမှာ သုံးဘီးကားသွားခေါ်သွား. . .'

'နေရပ်လိပ်စာသိချင်ရင် မင်းမင်းပေးပါ့မယ်၊ မမနဲ့ သွား ဖို့မလိုပါဘူး'

မင်းယဉ်က မသွားစေချင်၍ တားနေတုန်းပင်. . .

'လိုတယ်၊ ငါ့ကိုလိပ်စာပြောရုံနဲ့ ငါသွားတတ်မှာ မဟုတ် ဘူး၊ အိမ်ကိုလိုက်ပြပေးရုံပဲ၊ ကားပေါ်ကလိုက်ကြည့်ရုံပဲ'

'နောက်တော့ကြည့်ပါ၊ လိုက်ပြပါ့မယ်'

မင်းယဉ်လိုချင်သော ပိုက်ဆံကို ပေးပါလျက် လိုက်ပြရန် ရှောင်ဖယ်ဖယ်လုပ်နေသော မင်းယဉ်ကို ဒေါပွလာသည်။ ဒေါ ပွလာ၍ ဒေါထပြလိုက်သည်။





'နင်အခု သွားမခေါ်ဘူးလား ခေါ်မလား'

မင်းယဉ် ကားသွားခေါ်နေခိုက် ဒေါ်ကြီးကိုနှိုး၍ မင်းယဉ် နှင့် ဘုရားသွားမည့်အကြောင်း ပြောပြလိုက်သည်။

နေ့လယ်ဘက် ဘုရားသွားမည်ဆို၍ ဒေါ်ကြီးမှာနားမ လည်သလို ပြူးကြောင်ကြောင်ဖြစ်နေသည်။

'မောင်ကျော်သူလာမှ မောင်ကျော်သူနဲ့ သွားရောပေါ့နွဲ့ ရယ်'

ဒေါ်သိန်းမေက ကိုကျော်သူနှင့် သွားစေချင်၍ပြောကြည့် သည်။

'သူနဲ့မျှား ဝေးပါသေးတယ်၊ မသွားပါဘူး၊ ဘုရားမှာ သူမ သိအောင် ယတြာချေချင်လို့ မင်းမင်းကို လိုက်ပို့ခိုင်းရတယ်၊ တံခါးပိတ်ထားဒေါ်ကြီး'

နွဲ့နွဲ့ယဉ်သည်သုံးဘီးကားခြံထဲသို့ မဝင်ခင် သူကဦး အောင် ခြံဝကထွက်စောင့်နေသည်။

မောင်နှမနှစ်ယောက်ကားထွက်သွားမှ ပြတင်းပေါက်မှ ဒေါ်သိန်းမေကခွာခဲ့သည်။ ဘာစိတ်ကူးနှင့် ဘာယတြာတွေသွား ချေမလို့လဲဟု သူ့နှုတ်မှ အသံထွက်၍တစ်ယောက်တည်း စကား ပြောလျက်နေသည်။

မှူမှူတို့နေသော လမ်းထဲသို့ ဝင်သွားပြီး မှူမှူတို့အိမ်ရှေ့သို့ ရောက်မှ မင်းယဉ်က တိုက်နှစ်ထပ်အိမ်ဟုသူ့အစ်မကို လက်တို့



www.burmeseclassic.com

www.burmeseclassic.com



၍ပြလိုက်သည်။

မူမူတို့အိမ်ရှေ့သို့ ကားရောက်သည့်အခါ ဝရန်တာသို့ မူမူထွက်လာသည်။ ဝရန်တာသို့ မူမူထွက်လာ၍ မင်းယဉ်က သူ သူဆိုကာ သူ့ကို မူမူမမြင်စေအောင် တစ်ဖက်သို့ ခေါင်းလှည့်ထားလိုက်သည်။

နွဲ့နွဲ့ယဉ်သည် ကားပေါ်မှနေ၍ မူမူ့ကို တဒင်္ဂသာမြင်လိုက်ရသည်။ မျက်နှာသုတ်ပဝါလှန်းပြီး မူမူချက်ချင်း ပြန်ဝင်သည်။

တဒင်္ဂကလေး မြင်ရသမျှပင် မူမူ့ကိုစိုက်၍ ကြည့်လိုက်သည်မှာ မြန်မာပြည်တစ်ပြည်လုံး ဘယ်နေရာ၌ တွေ့တွေ့ မူမူ့မျက်နှာကို မမှတ်မိနိုင်စရာမရှိအောင် သူ့အသည်းနှလုံး၌ ဓာတ်ပုံရိုက်ပြီး ဖြစ်သွားသည်။

မင်းယဉ်သည် နွဲ့နွဲ့ယဉ်ကို အိမ်၌ပြန်ချထားခဲ့ပြီး ဦးအောင်ထွန်းအိမ်သို့ ဆက်သွားသည်။

အိမ်ပြောင်းရန် ပစ္စည်းများထုပ်ပိုးနေကြသော ဦးအောင်ထွန်းတို့ သားအဖကို တွေ့ရသည်။

'ဘယ်နှဲ့လဲဟေ့'ဟုဦးအောင်ထွန်းက ပျာပျာသလဲဆီးမေးသည်။

'နေရာကျခဲ့ပါတယ် ဦးလေးရဲ့၊ ဒီတစ်ခါတော့ ကျွန်တော် အလုပ်လုပ်မှာအစ်မက ခွင့်ပြုလိုက်လို့ ဝမ်းသာလိုက်တာ'





မင်းယဉ်မှာ ရှင်နေလျက် လွယ်အိတ်ထဲမှ ငွေ ၅၀၀ကျပ်ကိုနှိုက်၍ ဦးအောင်ထွန်းလက်သို့ ကမ်းလိုက်သည်။

မချောရီမှာ ဝမ်းမြောက်မှုဖြင့် မျက်နှာတွင် သွေးရောင်များလျှမ်းလျက်ရှိလေသည်။ဦးအောင်ထွန်း၏ ဝမ်းမြောက်မှုကား ငွေလှမ်းယူသော သူ့လက်မှာ တုန်၍နေသည်။

'အိမ်ကဘယ်မှာရမှာလဲ ဦးလေး'

ဦးအောင်ထွန်းတို့ အိမ်ရဘိသကဲ့သို့ ယခုပင်ပြောင်းကြတော့မည့်ပုံ၊ သူတို့ပစ္စည်းကလေးများကို သိမ်းဆည်းထုပ်ပိုးနေကြသည့်အတွက် မင်းယဉ်ကမေးလိုက်သည်။

'မနေ့က ဦးလေး သူငယ်ချင်းလာလို့ သူ့အိမ်ကိုပဲ နေမယ်လို့ ပြောလိုက်ပါပြီ၊ မောင်မင်းယဉ် ပစ္စည်းတွေပြန်ယူ ၊မနက်စောစောကြီး ထပြောင်းကြရမှာ၊ မင်းပစ္စည်းတွေ ယူလာတော့သာ ည ၁၀ နာရီလောက်မှ လာခဲ့ပေါ့ကွာ၊ လူခြေတိတ်တဲ့ အချိန်လောက်ပေါ့၊ ဒါမှကောင်းမယ်'

ငွေများကို အင်္ကျီအိတ်ထဲသို့ ထိုးသွင်းလျက် ဦးအောင်ထွန်းသည် စိတ်အလုပ်များနေသည့်အခိုက် စကားကို လိုရင်းရောက်အောင် အတော်ပြောယူရဘိသကဲ့သို့ရှိသည်။

မင်းယဉ်ကား ခေါင်းကလေး တညိတ်ညိတ်၊ ဦးအောင်ထွန်း ရပ်ဆိုင်းရပ်ဆိုင်းနှင့် ပြောဆိုနေခိုက် စွဲလမ်းတပ်မက်သော မချောရီဆီသို့ မျက်လုံးက တဝင့်ဝင့်ရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းယဉ်သည် မြေနှင့်ခြေနှင့် ထိမှန်းမသိ၊ လှောင်အိမ်အတွင်းမှ လွတ်လိုက်သော ငှက်ကလေးအတိုင်း ပျော်ရွှင်စွာ အိမ်ပေါ်မှ ဆင်းလာခဲ့သည်။

ညနေ လေးနာရီအချိန်။

နွဲ့နွဲ့ယဉ်သည် မှန်ရှေ့၌ အားရအောင် အလှပြင်သည်။ အလှပြင်ခိုက်မျက်ရည်များကို ခဏခဏသုတ်ရသည်၊ မျက်ရည်ကြောင့်ပျက်သွားသော မျက်နှာကို ပေါင်ဒါပြန်တို့သည်။

သူတွေ့ရသော မှန်ထဲက မျက်နှာသည် သူ့မျက်နှာရော မူမူ့မျက်နှာပါ တစ်ကျော့စီတွေ့နေရသည်။

မူမူက သူ့ထက်လှသည်ထင်၍ ရင်ထဲတွင် မနာလိုစိတ်များ ပွက်ပွက်ဆူကာ တစ်ကိုယ်လုံးကို မီးလောင်နေသည်။

ကိုကျော်သူ ခြေလှမ်းပျက်နေကတည်းက သေချာသည့်အချိန်အထိ ခံပြင်းစွာ စောင့်ကြည့်လာခဲ့သည်။ အတိအကျ နေရာနှင့်တကွ အသေအချာဖြစ်လာ၍ သူ့ဘက်က ဘာလုပ်ရမည်ကို တွေးဆဆုံးဖြတ်ပြီးဖြစ်သည်။

ပန်းဖျော့ရောင် နှုတ်ခမ်းဆိုးလျက် အဝတ်အစား သစ်လွင်လွင်များကို ကြည့်လျက် ဒေါ်သိန်းမေမှာ သည်က သူ့တူမ အမူအရာတွေ ထူးလှချည်ပါလားဟု အံ့ဩမိသည်။ အံ့အားသင့်သင့်ဖြင့် 'ဘယ်သွားဦးမှာမို့လဲ' မေးကြည့်ရပြန်သည်။

'ဒီနေ့တော့ဒေါ်ကြီးရေ နွဲ့ဘာလုပ်လုပ် ကြည့်သာနေစေ





ပါ။ဒေါ်ကြီးဘာမှ ဝင်မပါပါနဲ့ ... အကြောင်းထူးရှိတယ်'

'ဟဲ့... ဘာအကြောင်းများလဲ နွဲ့'

ဒေါ်သိန်းမေသည် ရင်ထဲ၌ တဒိန်းဒိန်းမြည်အောင် လန့်သွားပြန်သည်။

'အရေးကြီးလို့ပါ.. နောက်တော့ ဒေါ်ကြီးကို ပြောပြပါမယ်၊ ဒီနေ့ သူနဲ့အပြင်သွားစရာရှိတယ်'

နွဲ့နွဲ့ယဉ်သည် ရင်ခုန်ခြင်းကို ထိန်းလျက် အသံမတုန်အောင်ကြိုးစား၍ မျက်နှာတည်တည်ထားပြီး ပြောသည်။

ဒေါ်သိန်းမေသည် ဘုမသိဘမသိဖြင့်ခေါင်းထဲသွေးရောက်လာသည်။ နွဲ့နွဲ့ယဉ်ကို ရအောင်မေးရန် တာစူနေခိုက် ခြံထဲသို့ ကိုကျော်သူကားဝင်လာသည်။

ကိုကျော်သူ အလုပ်ကအပြန် အိမ်မှတစ်ခေါက်ပြန်ထွက်သော အကြောင်းမရှိတော့၍ ဂိုဒေါင်ဖွင့်ကာ သူ့ကားသွင်းပြီး အိမ်ပေါ်သို့တက်လာသည်။

ကိုကျော်သူ၏ မျက်နှာမှာ ခါတိုင်းမျိုးနှင့်မတူဘဲ တစ်မျိုးပြောင်းနေသည်။ ဝမ်းနည်းသလိုလို၊ တရားရရှိခြင်းလိုလို၊ တစ်ခုခုပဲထင်ရလောက်အောင် သူ့သဏ္ဌာန်၌ လျှို့ဝှက်ချက်တစ်ခုခုခိုအောင်းနေသည်။

'နွဲ့အပြင်သွားစရာရှိတယ်... လိုက်ပို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်ရောက်ရောက်ချင်း နွဲ့နွဲ့ယဉ်က ဆီးပြောသည်။ ကိုကျော်သူမှာပြင်ဆင် ဖြီးလိမ်းထားသော မယား၏အလှအပကို မြင်ရသည်။ နေ့စဉ်မြင်နေကျ မြင်ရခြင်းမျိုးနှင့် မတူဘဲကွဲပြား ခြားနားစွာ လှပနေသောအလှ။

ထိုအလှနှင့်မလိုက်အောင် မျက်နှာထားက တင်းမာလွန်းလှ၍ ဘာမှန်းမသိ ခပ်ရွံ့ရွံ့ဖြင့် နောက်ဆုတ်သွားသည်။

'နွဲ့ ဘယ်သွားချင်လို့လဲ'

'မူမူ့ အိမ်ကိုသွားမယ်'

ကိုကျော်သူသည် သတိလက်လွတ်ဖြစ်လျက် ခေါင်းစိုက်ကျသွားသည်။ မူမူဆိုလိုက်၍ သူ့ရင်ထဲ၌ ကျဉ်စူးသွားသည်မှာ ပြောစရာမရှိ။ မျက်မှောင်ကြုတ်၍ နွဲ့ကို ဘာပြန်ပြောရမှန်းပင် မသိအောင် သူ့ခေါင်း၌ ချာချာလည်နေသည်။

နွဲ့နွဲ့ယဉ်သည်တစ်ကိုယ်လုံး၌ နာကြည်းဝမ်းနည်းစိတ်ရှေ့ ခြေဆုံးခေါင်းဖျား သီးခဲလျက်ရှိသည်။သူ့အပေါ်၌ တစ်သက်လုံး အနိုင်ယူလာခဲ့သော ကိုကျော်သူအား လက်ဆုပ်လက်ကိုင် နိုင်ပြီဖြစ်၍ ဘယ့်နှယ်ရှိစဟု သူ့နှုတ်မှ အသံထွက်တော့မည် ပမာ နှုတ်ခမ်းများလှုပ်လျက်သူ့ခေါင်းမှာ ရှေ့သို့ထွက်လာသည်။

'ဘယ်က မူမူကိုပြောတာလဲ နွဲ့ရယ်'

ကိုကျော်သူ အသက်ပြန်ဝင်လာကာ သတိပြန်ထိန်း၍ သွားသည်။ သွက်သွက်ခါလှုပ်သွားသောစိတ်ကိုလည်း ပြန်ထိန်း





လိုက်နိုင်၍ ငြိမ်သက်သွားသည်။

မုန်တိုင်းထန်လာပြီဖြစ်၍ ပစ်ချအံ့ဆဲဆဲ ငြိမ်းနေသော မိုးကြိုးနှင့်လွတ်ကင်းအောင်ရှောင်ဖို့ရန် သတိဝင်လာ၍ အသင့် ပြင်လိုက်သည်။

'ရှင့်ရဲ့ တိတ်တိတ်ပုန်း ပျော်တော်ဆက်ကလေးလေ'

ကိုကျော်သူ၏ တစ်မျက်နှာလုံး ဖိန်းခနဲ ထူပူသွားလျက် ကိုကျော်သူ၏ မျက်လုံးများထဲတွင် အရောင်အမျိုးမျိုးဝင်းဝင်း လက်သွားသည်။

ဒေါ်သိန်းမေသည် စောစောက သူ့ကိုနွဲ့နွဲ့ယဉ်က ဝင်မပါ နှင့် ပြောထား၍ ဘာမှန်းမသိ ခေါင်းပူနေလေရာ နွဲ့နွဲ့ယဉ်၏ စကားကို ကြားရတော့မှ ဘာမှန်းသိသွားသည်။

ဘာမှန်းသိသွား၍ကိုကျော်သူ သူ့ကိုမမြင်စေရန် မင်းယဉ် အခန်းထဲသို့ ဝင်ကွယ်နေလိုက်သည်။

'ဘယ်ကပျော်တော်ဆက်ရမလဲ၊ နွဲ့ထင်တာတွေမှားနေပြီ၊ မီမူမူနဲ့ကိုယ်နဲ့ကဘာမှမဆိုင်ဘူး၊ ဆိုင်တာကတစ်ယောက်'

'ရှင်ဘာညာချင်သေးလို့လဲ၊ လက်ဆုပ်လက်ကိုင် ပြနိုင်တာ တောင် ဘယ်လို့လှည့်ချင်သေးလို့လဲ'

'နွဲ့ကို လှည့်နေတာမဟုတ်ဘူး၊ မူမူ့အဆက်က ကိုယ်မ ဟုတ်ဘူး၊ ခင်ယု . . . သိပလား၊ ခင်ယုအဆက်ဖြစ်လို့ ကိုယ်က



www.burmeseclassic.com

www.burmeseclassic.com



ဝင်ထွက်ရတာပါ၊ ဖြစ်မှဖြစ်ရလေနွဲ့ရယ်'

နွဲ့နွဲ့ယဉ်မယုံလိုက်သည့်ဖြစ်ခြင်း၊ သူ့ကို တစ်ပတ်ရိုက်ပြီး ခင်ယုကို နှုတ်ပိတ်ဦးမှာ မြင်ယောင်သေးတော့သည်။ ခင်ယုမှာ အဆက်ရှိသည် မကြား၊ ခင်ယုက လူရိုးလူအ၊ သူသာလျှင် လျှာအရိုးမရှိတိုင်း လှည့်ပတ်၍ ညာပြောသောလူ။

နွဲ့နွဲ့ယဉ်သည် သူ့ယောက်ျား၏ အကျင့်အကြံကို ပါးစပ် ဟတာနှင့် အူမကျအောင်သိသည့်အတွက် သူ့ကိုမလိမ့်တစ်ပတ်လုပ်ရလေမလားဟုပို၍ မယုံသင်္ကာကြီးသွားသည်။

'အောင်မယ်. . . ဒီတစ်ခါတော့ ရှင်လှည့်တိုင်းရမယ်မထင်နဲ့တော့၊ လိုက်မပို့လည်းနေ၊ ကိုယ်ဟာကိုယ်သွားမယ်'

'ဘာသွားလုပ်မှာလဲ၊ ပြောစမ်းပါဦး'

သွားရန်ဟန်ပြင်လိုက်သော နွဲ့နွဲ့ယဉ်ကို အူယားဖားယား လိုက်ဆွဲလျက်မေးသည်။

'ကျွန်မရှိတယ်ဆိုတာသိစေပြီး ဒီကိစ္စ အပြတ်ရှင်းရမှာပေါ့'

'ဩော်. . . ခက်ပါဘိတော့နွဲ့ရယ်၊ မဟုတ်တာ'

'ဘာ. . . မဟုတ်တာလဲ. . . ဖယ်လွှတ်'

နွဲ့နွဲ့ယဉ်သည် ကိုကျော်သူ့ကို တွန်းဖယ်ပစ်လျက် အိမ်အောက်သို့ဆင်းလိုက်သည်။ ကိုကျော်သူက အနောက်မှအတင်းလှမ်းဆွဲထား၍ ထွေးလားလုံးလား ဖြစ်သွားကြပြီး အုတ်နံ





ပေါ်မှ နှစ်ယောက်စလုံး ခြေချော်လဲကျသွားသည်။

ဝုန်းခနဲအသံကြောင့် အခန်းထဲ၌ ဒေါ်သိန်းမေအောင်း၍ မနေနိုင်တော့ဘဲ ရင်တုန်ပန်းတုန်ဖြင့် အခန်းအပြင် ဘက်သို့ ပြေးထွက်လာသည်။

နွဲ့နွဲ့ယဉ်သည်လဲရာမှ ကျုံးထလျက် ခြံပြင်သို့ရောက်အောင် ပြေးထွက်သွားလေသည်။

ကိုကျော်သူသည် ကုန်းထလိုက်ကာ ပြေးထွက်လာသော ဒေါ်သိန်းမေကို လှမ်း၍ပြောသည်။

'ခက်တယ်ဒေါ်ကြီး၊ ပြောမရ တားမရနဲ့၊ မဟုတ်ပါဘူးဆိုတာ မယုံဘူး၊ ခင်ယုကြိုက်နေတဲ့ မိန်းကလေးကို ကျွန်တော်နဲ့ စွပ်စွဲပြီး အဲဒါ ဟိုမှာသွားမေးမယ်လုပ်ပြီး ထွက်သွားတယ်၊ မဟုတ်တာသိလာမှာပေါ့'

'သူဘယ်လို သိရတာများလဲကွယ်'

ဒေါ်သိန်းမေက စိတ်ရှုပ်လှစွာဖြင့် မှန်ရာကို သိရခက်ခဲတာ ခေါင်းခဲတွေဝေနေသည်။

'မင်းမင်းလက်ချက်ပဲဖြစ်ရမယ်ဒေါ်ကြီး၊ အသေအချာမသိဘဲနဲ့ အထင်နဲ့ရမ်းပြောတာ၊ ဟိုကအဟုတ်ယုံတာပဲ၊ နေပစေ. . . ကျွန်တော်ရှင်းဖို့မလိုဘူး၊ သူ့ဟာသူ မှင်းလာလိမ့်မယ်'

ဒေါ်သိန်းမေသည် မျက်လုံးထဲ၌ လက်သွားလျက် အူယားသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါလိမ့်မယ်မောင်ကျော်သူရေ၊ နေ့လယ်ကမင်းမင်းနဲ့ သူတို့မောင်နှမနှစ်ယောက် ဘုရားသွားကြမယ်ပြောပြီး ထွက်သွားကြတယ်၊ ဒေါ်ကြီးတောင် အံ့ဩလို့. . .'

'ဪ. . . ဒီလိုလား'

ကိုကျော်သူမှာ ဖင်ထိုင်မကျ စိတ်လှုပ်ရှားနေသည်၊ အလိုလိုကမှ သူ့ပြစ်မှုကိုသူပြန်၍ရှက်နေဆဲ၊ ဆက်၍အရှက်ကွဲရန် ဖန်တီးလာမှုကြောင့် သူ့ပြစ်မှုကို ထပ်၍ရွံမိရှက်မိသည်။

မူမူနှင့်တွေ့လျှင်ဘာတွေပြောပြီး ဘာတွေဖြစ်ကြမှာလဲဟု မတွေးရဲအောင် စိတ်သောကရောက်လျက် ခေါင်းပူလာသည်။

ကိုခင်ယုနှင့် မျက်နှာပျက်ရလျှင် သူ့လောက်ဆိုးရွားသော သူမရှိ၍ စိုးရိမ်မကင်း ဖြစ်နေသည်။ သူ့ဘက်မှ မူမူက ဝင်၍ သိက္ခာဆည်ပေးမှုကြောင့် သူငယ်ချင်းနှင့် မျက်နှာမပျက်ခဲ့ရခြင်းဖြစ်သည်။

ကိုခင်ယု သူ့အပေါ်၌ အထင်သေးမှာကို ကြက်သီးတဖြန်းဖြန်းထလျက် လန့်ဖျပ်နေသည်။

မင်းယဉ်သည်ခြံထဲကကွေ့၍ နောက်ဖေးပေါက်မှအိမ်ထဲသို့ရောက်လာသည်။ ဧည့်ခန်းထဲ၌ ဂနာမငြိမ်သော ကိုကျော်သူက ပိုလျှောက်သည်လျှောက်၊ ဒေါ်သိန်းမေက ကုလားထိုင်ပေါ်တွင် ဘုရားတလျက်. . .

မင်းယဉ်တက်လာ၍ ကိုကျော်သူ မျက်နှာပျက်သွားသည်။





မင်းယဉ်ကိုဆွဲထိုးခဲ့ပြီးနောက် ယနေ့မှ မင်းယဉ်မျက်နှာကို မြင်ရသည်။

မင်းယဉ်သည် ဘယ်သူ့မျက်နှာမှမကြည့်ဘဲ သူ့အခန်းထဲသို့ တန်းဝင်သွားသည်။ ညဆယ်နာရီသွားရန် သူ့ပစ္စည်းတွေ လာသိမ်းခြင်းဖြစ်သည်။

'နွဲ့ကို ဘာတွေပြောလိုက်သလဲ မင်းမင်း'

မင်းယဉ်အခန်းဝမှ ကိုကျော်သူရပ်လျက် လိုက်ကာကို ကိုင်ဖယ်၍မေးသည်။

မင်းယဉ်တေမိလုံးလုံး လုပ်နေသည်။ ကြိုးတန်းတွင် တိုးလိုး တန်းလန်းတင်ထားသော သူ့အဝတ်အစားများကို ဆွဲဖြုတ်ယူကာ သေတ္တာထဲသို့ ထိုးတည့်နေသည်။

အိမ်၌ မထင်ဘဲနှင့် ယောက်ဖကိုလာတွေ့နေသည့်အတွက် သူ့အစ်မကို သူပြောမိသော ကိစ္စနှင့်မလုံမလဲမျက်နှာ အမ်းနေသည်။ဧည့်ခန်းထဲတွင်မျက်စိမျက်နှာပျက်နေကြသော ကိုကျော်သူနှင့် အဒေါ်ကြီးသာတွေ့ရကာ နွဲ့နွဲ့ယဉ်ကိုမမြင်၍ တစ်ခုခုပဲဟု ထိတ်သွားသည်။

'မင်းတော်တော်ဆိုးတဲ့အကောင်ပဲ၊ မင်းပြောတာတွေ မဟုတ်ဘူးလို့ ဟိုနေ့ကပဲ ငါပြောပြီးပြီ၊ မူမူက ခင်ယုအဆက်ကျ ခင်ယုရည်းစားနားလည်လား၊ ဒီအကြောင်းတွေ ခင်ယုကြားသွားရင်ကောင်းမလား၊ မင်းစဉ်းစားကြည့်စမ်း'



www.burmeseclassic.com

www.burmeseclassic.com



မင်းယဉ်မှာ ပစ္စည်းသိမ်းရင်း ကိုခင်ယုအဆက်၊ ကိုခင်ယု ရည်းစားဆို၍တစ်ချက်တော့ မျက်လုံးစိုက်ကျသွားသည်။ မှုမှု သာ ကိုခင်ယုအဆက်ဖြစ်ရိုးမှန်လျှင် သည်အိမ်ပေါ်က သူ့မြန် မြန်ဆင်းပြေးမှုဟု သူ့စိတ်ထဲ၌ ဖြစ်ပေါ်လာသည်။

'ဒါက ဘာလုပ်တာလဲ'

လက်ဆွဲသေတ္တာဆွဲလျက် မင်းယဉ်ထွက်လာ၍ကိုကျော်သူ က အခန်းဝက မေးသည်။

ဒေါ်သိန်းမေသည်ခေါင်းနားပန်းကြီးကာ 'ဘယ်သွားမလို့ လဲ မင်းမင်း' ဟု လာမေးသည်။ ဒေါ်သိန်းမေမှာ ယနေ့သူမြင် ရ ကြားရသမျှထူးထွေလှ၍ စိတ်တွေချောက်ချားကာ သူ့ရင်ကို သူဖိပြီးမေးရသည်။

'မင်းမင်း ဒီမှာမနေတော့ဘူး၊ သွားတော့မယ်'

ဒေါ်သိန်းမေကို မင်းယဉ်ကလှမ်းပြောလိုက်သည်။မင်းယဉ် သည် အခန်းထဲမှနောက်ဖေးပေါက်သို့ တန်းထွက်သွားသည်။

'ဟော့. . . မင်းမင်း၊ ဘယ်သွားရမှာလဲ မသွားနဲ့'

ကိုကျော်သူကမသွားရန် လှမ်းတားသည်။

'မိုက်လှချည်လားမင်းမင်းရယ်၊ မသွားနဲ့. . . လာခဲ့. . . လာခဲ့'

ဒေါ်သိန်းမေသည်ဗျာများလျက် မင်းယဉ်နောက်မှ ထိုက်





ပြောသည်။ မင်းယဉ်မှာ ဒေါ်သိန်းမေ မမီအောင် လှေကား ပေါ်မှ ခုန်ဆင်းထွက်သွားသည်။

မင်းယဉ်ကို ဘယ်သူပြော၍မှမရ၊ တားမရဆီးမနိုင်ဖြင့် သေတ္တာဆွဲလျက် မြို့ဝသို့ရောက်လာသည်။

နှောင်းငယ်တို့အိမ်ရှေ့၌ ကျောင်းကားထိုးဆိုက်လိုက်သည်။ ကားပေါ်မှနှောင်းငယ်ဆင်းလာသည်။ လက်ဆွဲသေတ္တာဆွဲထွက် လာသောမင်းယဉ်ကို မြို့ဝ၌ပက်ပင်းတွေ့၍ ရင်ခုန်သွားကာ မင်းယဉ်နားသို့ တစ်ရှိန်ထိုးပြေးလာသည်။

'အစ်ကို ဒါဘာလုပ်တာလဲ၊ ဘာဖြစ်ကြပြန်ပြီလဲဟင်၊ ဘယ်သွားမလို့တုံး'

နှောင်းငယ်က အသက်မရှူဘဲမေးနေသည်။ မင်းယဉ် သည် မြို့ဝ၌ နှောင်းငယ်နှင့်ပက်ပင်းလာတိုးနေ၍ အရေးထဲမှာ ခက်ချေပြီဟု ရင်ထိတ်သွားသည်။ သူ့အဖို့ ဘယ်သူ့ကိုမှ အမှုမ ထားသော်လည်း နှောင်းငယ်ကိုတော့ သူလန့်ရသည်။ အိမ်က အလွတ်ရုန်း၍ ထွက်လာတာလွယ်ခဲ့သလောက် နှောင်းငယ် လက်မှ အလွတ်ရုန်းရန်မလွယ်မှန်း သူသိသည်။

နှောင်းငယ်ဇွတ်အတင်းအကျပ်ဆွဲထား၍ ကြန့်ကြာနေက အိမ်ကလူတွေထွက်လာမှာကိုစိုးသည်။ နှောင်းငယ်လက်မှအမြန် ထွက်ရန်အကြံထုတ်ရင်း သူ့မျက်နှာကို ချိုသာလိုက်သည်။

မျက်နှာကိုချိုသာလိုက်ပြီးမှ အေးဆေးသော အမူအရာ



www.burmeseclassic.com

www.burmeseclassic.com



များဖြင့် နှောင်းငယ်ကို မညာချင်ဘဲ ညာလိုက်တော့သည်။

'အစ်ကိုဒီမှာမနေချင်တာကြောင့် အစ်ကို့သူငယ်ချင်းအိမ်မှာ ခဏပြောင်းနေမလို့သွားမှာပါ၊ မမနဲ့သိပါတယ်၊ မမနဲ့ကလွတ်ပါတယ်၊ အစ်ကိုညကျရင်လာခဲ့မယ်၊ အဘွားကို ပြောပြလိုက်နော်. . . စောင့်နေ'

မင်းယဉ်သည်အသံကို အေးအေးထား၍ ပြောလျက် မျက်နှာမှင်သေအောင် တည်တည်ငြိမ်ငြိမ်လုပ်၍ နှောင်းငယ်မတားသာ မပြောသာအောင် ကနေ့်ရရ ပြောထွက်သွားသည်။

နှောင်းငယ်မှာ မျက်စိသူငယ်နှင့် ကျန်ရစ်သည်။ ရန်ဖြစ်ကြပြန်ပြီလားဟု တွေးပူကာ သုတ်ခြေတင်သွားသော မင်းယဉ်ကို ငေးကြည့်လျက်ပြီးမှ သူ့အဘွားကိုပြောပြရန် ခြံထဲသို့ပြေးဝင်သွားသည်။

အိမ်ကလူတွေထွက်လိုက်လာမှာစိုး၍ ဆိုက်ကားပေါ်သို့ မင်းယဉ်ပြေးတက်ကာ သူငယ်ချင်းလက်ဖက်ရည်ဆိုင်ရှိရာသို့ သွားရန် သုတ်ခြေတင်နှင်းခိုင်းလိုက်သည်။

နွဲ့နွဲ့ယဉ်သည် မူမူတို့လမ်းထိပ်၌ ဆင်းလိုက်သည်။

မူမူနှင့်တွေ့လျှင်သူပြောရန် အစီအစဉ်ကို ကျကျနနတွေးလာသည်။ မျက်နှာကိုဘယ်လိုထား၍ အသံကဘယ်အသံမျိုး ဒါပါထည့်စဉ်းစားလာသည်။

မူမူတို့လမ်းထဲသို့ ခပ်သုတ်သုတ်လျှောက်ဝင်လာစဉ် မူမူ





အိမ်ရှေ့၌ ဆိုက်ထားသော ဂျစ်ကားတစ်စီးကို ခပ်လှမ်းလှမ်းမှ တွေ့မြင်ရသည်။

မူမူတို့အိမ်နားသို့ နွဲ့နွဲ့ယဉ်မရောက်ခင် မူမူနှင့်ကို ခင်ယုတို့ အိမ်ပေါ်မှဆင်းလာကြသည်။ မူမူကကားပေါ်ကိုအရင်တက်သည်။ မူမူတက်ပြီးမှ ကိုခင်ယုက မူမူဘေးတွင် ယှဉ်ထိုင်ကာ ကားစက်နှိုးလိုက်သည်။

နွဲ့နွဲ့ယဉ်မှာတစ်ကိုယ်လုံးပူထူလာစဉ် ကိုခင်ယုကိုမြင်ရ၍ တစ်ကိုယ်လုံးအေးစက်သွားသည်။ သူ့ကို ကိုခင်ယု မြင်သွားမှာ စိုးရိမ်လှခြင်းကြောင့် မြင်တာနှင့် တစ်ချက်တည်း ကျောခိုင်းလိုက်သည်။

လမ်းမကြီး၌ ဖြတ်သွားလာနေကြသော လူတွေက လမ်းလယ်ကောင်တွင် ကျောခိုင်းရပ်နေသော နွဲ့နွဲ့ယဉ်ကိုကြည့်သွားကြသည်။ ဂျစ်ကားထွက်သံကြားမှ မရဲတရဲလှည့်ကြည့်ဝံ့သည်။ ကားထွက်သွား၍ လာလမ်းအတိုင်းပြန်လှည့်ခဲ့သည်။

မင်းယဉ်အိမ်မှထွက်သွားပြီး မကြာမီပင် နွဲ့နွဲ့ယဉ်သုံးဘီးကားဖြင့် ခြံထဲသို့ပြန်ရောက်လာသည်။

ကားသံကြား၍ကိုကျော်သူက မှန်ပြတင်းကြားမှ နွဲ့နွဲ့ယဉ်ကို ပြေးချောင်းကြည့်သည်။ နွဲ့နွဲ့ယဉ်မျက်နှာတွင် ဒေါသအရိပ်အယောင်များမမြင်ရဘဲ မျက်နှာမပျက် ပြန်လာတာ မြင်ရမှ ကိုကျော်သူအသံထွက်ပြီး ပင့်သက်ချနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သိန်းမေသည် နွဲ့နွဲ့ယဉ်ကို အိမ်ဝမှဆီးကြိုသည်။ မျက်နှာရိပ်မျက်နှာကဲဖမ်းပြီး အခြေလှပုံရတာကြောင့် တော်သေးရဲ့ဟု နှလုံးခုန်ရပ်သွားသည်။

'မင်းမင်း အိမ်ကဆင်းသွားပြီးနွဲ့' စိုးရိမ်သောကဖြင့် နွဲ့နွဲ့ယဉ်အိမ်ပေါ်မရောက်မီ ဒေါ်သိန်းမေက ဆီးပြောသည်။

'ခွေးကောင်. . . သွားပေစေ၊ သွားတာကောင်းတယ်။ မဟုတ်တာတွေ လျှောက်လုပ်သွားတယ်၊ ကိုခင်ယုတို့စုံတွဲ ကားပေါ်တက်သွားကြလို့ပေါ့၊ နို့မို့ရင်နွဲ့ အိမ်ပေါ်တက်မိမှာ'

နွဲ့နွဲ့ယဉ်သည် သူ့ဒေါ်ကြီးကို ပြောပြခြင်းဖြင့် ကိုကျော်သူ ကြားသိသွားစေချင်သည်။ ကိုကျော်သူ့အပေါ်၌ တလွဲထင်သမျှ တက်တက်စင်မှားနေ၍ မျက်နှာပူရသည်။

မင်းယဉ်ကိုသတ်ပစ်ချင်သလောက် ဒေါသအမျက်ခြောင်းခြောင်းထွက်သွားသည်။

ကိုကျော်သူသည် ထောင်ကလွတ်သောနေ့ကဲ့သို့ သူ့တွင် ဘယ်မျှလွတ်လပ်ပေါ့ပါးသွားလျက် ပျော်ရွှင်ချမ်းမြေ့သွားရခြင်းကို တစ်သက်တွင် မမေ့နိုင်ခဲ့အောင် အသည်းစွဲသွားသည်။

[၁၆]

ညမှာ တစ်စတစ်စ တိတ်ဆိတ်၍ လာလေသည်။ လမ်းပေါ်၌ လူသွားလူလာရှင်းလာကာ လူစီးကားတွေပါ အဆက်ဝေးသွားသည်။ လက်ဖက်ရည်ဆိုင်ထဲ၌ မင်းယဉ်သည်နာရီ ကြည့်ကာ ခင်တကြွကြွဖြစ်နေသည်။ ဦးအောင်ထွန်းက ဆယ်နာရီအရောက်လာရန် ချိန်းထားသည်။ နာရီကို မကြာခဏကြည့်လျက် လက်ဖက်ရည်ကို တစ်ခွက်ပြီးတစ်ခွက် မှာသောက်ကာ အချိန်ဖြုန်းနေရသည်။

ဆယ်နာရီမထိုးမီ ဆယ့်ငါးမိနစ်အလို၌ ဆိုင်ရှေ့မှ ဆိုက်ကားတစ်စီးနင်းသွား၍ မင်းယဉ်လှမ်းခေါ်လိုက်သည်။ဆိုက်ကားပေါ်၌ လက်ဆွဲသေတ္တာတင်ကာ လွယ်အိတ်ကို ပခုံးချိတ်လျက်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင်သူငယ်ချင်းကို နှုတ်ဆက်ပြီးထွက်လာခဲ့သည်။

ဦးအောင်ထွန်းတို့ လမ်းထဲသို့ရောက်လာသည် အချိန်မှာ လူခြေတိတ်ချိန်၊ လမ်းထဲ၌လည်း လူရှင်းနေသည်။ ရေမြောင်းဘေးကျုံမှ ရှေ့မှလျှောက်သွားသော လူငယ်သုံးယောက်ကို မြင်ရသည်။ ဆိုက်ကားဆရာကရှောင်ပေးရန် ဘဲလ်သံပေးလိုက်သည်။

သူတို့ကို ကျော်တက်သွားသော ဆိုက်ကားနောက်မှလူငယ်သုံးယောက်က သုတ်ခြေတင်လှမ်းလိုက်လာကြသည်။ ဦးအောင်ထွန်းတို့အိမ်ရှေ့၌ ဆိုက်ကားရပ်သွားသည်။

မင်းယဉ်သည် ဆိုက်ကားပေါ်မှမဆင်းမီ အိမ်ကလေးကို လှမ်းကြည့်လိုက်သည်။ မီးရောင်မမြင်ရဘဲ တံခါးပိတ်ထားသည်ကို တွေ့ရသည်။

ဆိုက်ကားပြန်လွှတ်လိုက်ပြီး သေတ္တာဆွဲလျက် တံခါးပေါက်နားအထိ လျှောက်လာမှ အပြင်မှပိတ်ထားသော သော့လောက်ကလေးကို တွေ့ရ၍ မင်းယဉ်ရင်ဆောင့်သွားသည်။

နေ့လယ်က မင်းယဉ်ပြန်သွားပြီး ဘာမျှမကြာမီ အိမ်ရှင်ကိုသော့ပေးအပ်လျက် ဦးအောင်ထွန်းတို့ ချက်ချင်းပြောင်းသွားခြင်းဖြစ်သည်။

မင်းယဉ်မှာ သူ့ကိုမစောင့်ဘဲ ပြောင်းရွှေ့သွားကြခြင်းအတွက် ဝမ်းနည်းကြေကွဲသွားလျက်သူ့ရင်ထဲ၌ နာကျင်လာသည်။





မစောင့်နိုင်ရအောင် ဘာများဖြစ်ကြပါလိမ့်ဟု ဦးအောင်ထွန်းတို့အတွက် ပူပန်သောက ရောက်သွားကာ လမ်းပေါ်သို့ အမြန်ပြန်ထွက်လာသည်။ပြောင်းမည့်နေရာကို ဘယ်နေရာမှန်းမသိလိုက်ရ၍ အခက်ကြီးကြုံသွားသည်။ ဦးအောင်ထွန်းတို့တော့ သူမလာမီ တစ်စုံတစ်ခုဖြစ်ပြီဟု ထင်လိုက်သည်။

လူငယ်သုံးယောက်သည် အိမ်တစ်အိမ်၏လမ်းကူးတံတား၌ ထိုင်ကြလျက် တဝါးဝါးတဟားဟားဖြင့် သူတို့အချင်းချင်းသောသောညံအောင် ရယ်မောနေကြသည်။ မင်းယဉ်က သူ့ကိုများလှောင်နေကြတာလားဟု စိတ်မလုံဘဲပူထူသွားသည်။

'ဘူးသီးကြော် ရှူရှူလေး'

တစ်ယောက်က အသံတိုင်ပေးလျက်နှစ်ယောက်က 'ရမယ်ရမယ်'ဟု သံပြိုင်အော်ကာ တဟားဟားရယ်မောလျက်ရှိကြသည်။

ထိုအခိုက် မင်းယဉ်မျက်မှန်းတန်းမိသော လူကြီးတစ်ယောက် ဆေးလိပ်မီးတရဲရဲဖြင့် အိမ်တစ်အိမ်မှ ထွက်လာသည်။ မင်းယဉ်သည် ထိုလူကြီးနားသို့ ပြေးကပ်သွားသည်။

'ဦးလေး. . . ဒီအိမ်ကလူတွေ ဘယ်အချိန်က ပြောင်းသွားသလဲ'

မင်းယဉ်ကို ခြေဆုံးခေါင်းဖျားကြည့်လျက် အေးအေးဆေးဆေး ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဦးလေးမသိဘူးကွယ်၊ ညနေသုံးနာရီလောက်ကပဲ ဒီအိမ်က ကလေးမဟို ဈေးဆိုင်မှာတွေ့လိုက်သေးတယ်'

မင်းယဉ်သည် သတင်းရလိုရငြား ဈေးဆိုင်သို့ လိုက်ဦးမှဟု အကြံရကာ သံသေးသံကြောင်ဖြင့်ရယ်မောနေကြသော လူငယ်တစ်စုရှေ့မှ ဖြတ်ကျော်ကာ ဈေးဆိုင်သို့ခြေလှမ်းသွက်သွက် လျှောက်သွားသည်။

ဈေးဆိုင်ကလေးမှာ အိမ်ဆိုင်ဖြစ်၍ ဆိုင်တံခါးများ ပိတ်၍ထားကာ ခြေရင်းဘက်မှ တံခါးတစ်ချပ်သာ လှပ်ထားသည်။ မင်းယဉ်ကတံခါးဝမှ 'အဒေါ်. . . အဒေါ်' ဟုလှမ်းခေါ်လိုက်သည်။ ဆိုင်ရှင်ဒေါ်ကျင်မြိုင် ထွက်လာသည်။

'အဒေါ်ကျွန်တော့်ကို မှတ်မိတယ် မဟုတ်လား၊ တစ်ခါတုန်းက ဒီဆိုင်ကို မချောရီနဲ့လာတာလေ၊ သူတို့ဘယ်ပြောင်းသွားကြသလဲ၊ အဒေါ်သိသလား'

'ဒေါ်ကျင်မြိုင်မှာ မင်းယဉ်လက်ထဲမှ ဆွဲလာသော သေတ္တာနှင့် ပခုံးနှင့်လွယ်ထားသော လွယ်အိတ်ကို မျက်လုံးကစားပြီးမှ 'ဟဲ့. . . သူငယ်၊ ဘာလုပ်မလို့လဲ' မေးလိုက်၏။

'ကျွန်တော့်ကိုလာခဲ့ဖို့ချိန်းထားပြီးမှ မစောင့်ဘဲပြောင်းသွားကြလို့ပါ'

'ဘယ်သူက ချိန်းတာလဲ၊ ကောင်မလေးကချိန်းတာလား'

'ဟုတ်ပါတယ်'





'သြော်. . . ဒီလိုလား၊ ဘယ်ပြောင်းတယ်တော့ အဒေါ်သေသေချာချာ မသိဘူး တစ်ခါတုန်းကတော့ မြောက်ဥက္ကလာ ရထားလမ်းဘေးကို ပြောင်းမယ်လို့ ကောင်မလေးက ပြောဖူးတာပဲ'

'မြောက်ဥက္ကလာ သံလမ်းဘေးဆိုတာ ဘယ်ရပ်ကွက်လဲ အဒေါ်'

'အဒေါ်ဘယ်သိမလဲ၊ အဲဒီနေရာမှာ သူတို့အမျိုးရှိတယ်လို့ ပြောဖူးတယ်'

ဒေါ်ကျင်မြိုင်ထံမှ လိပ်စာမပြည့်စုံသော်လည်း လမ်းစကိုရခဲ့သည့်အတွက် မင်းယဉ်အတန်ငယ် စိတ်သက်သာရာရသွားသည်။ ညတွင်းချင်းလိုက်ရှာရန် မဖြစ်နိုင်သည့်အတွက် လက်ဖက်ရည်ဆိုင်သို့ပင်ပြန်သွားကာ မိုးလင်းအောင် ထိုင်စောင့်နေတော့သည်။

နောက်တစ်နေ့ နေ့ဝန်းပြူစ မြောက်ဥက္ကလာ ရထားသံလမ်းဘေးတစ်လျှောက်ရှိရှိသမျှအိမ်တိုင်းကို တစ်အိမ်တက်ဆင်း မင်းယဉ်လိုက်မေးနေလေသည်။

တွေ့ချင်ဇောကြောင့် ချာချာလည်အောင်ရှာနေရသည်။

ညကငုတ်တုတ် အလင်းထိုင်နေရ၍ ခေါင်းထဲတွင် မူးရိပ်သန်းဖြစ်လာသည်။ မင်းယဉ်မှာ မိုးမမြင်မြေမမြင် ဖြစ်နေသည်။

ရထားလမ်းတစ်လျှောက်လမ်းဖြောင့်၊ လမ်းကွေ့၊ လမ်းချိုး၊



www.burmeseclassic.com

www.burmeseclassic.com



လမ်းတို၊ လမ်းရှည်နှံ့အောင် လျှောက်ရှာနေစဉ် ခြေကုန်လက်ပန်းကျလာသည်။

လက်ထဲက သားရေသေတ္တာကို လမ်းတွင် ပစ်ချခဲ့ချင်လောက်အောင် လက်အံသေနေသည်။

နံနက်၁၀နာရီ ရှိလောက်မှ ဦးအောင်ထွန်း၏အိမ်ကလေးကို အိမ်တစ်အိမ်ကထွက်ပြပေးသည်။ အိမ်ပြလိုက်မှ တအားကျုံးလျက် အိမ်ရှေ့သို့အရောက် ခြေကုန်သုတ်ခဲ့လေသည်။

ပြလိုက်သောအိမ်ကလေးမှာ ဓနိမိုးဝါးထရံကာ ကြမ်းခင်းနှင့် အိမ်ကုပ်ကလေးဖြစ်သည်။ အိမ်ရှေ့ရောက်တာနှင့် အိမ်ထဲသို့ တိုးလျှိုပေါက်လှမ်းမြင်ရသည်။

ဦးအောင်ထွန်းက ထမင်းငုံ့စားနေသည်။ မချောရီက အနားၤ၌ထိုင်လျက် ဒန်ရေခွက်ထဲသို့ အရက်ပုလင်းကိုင်ထည့်ပေးသည်။

'ဦးလေးတို့များ လုပ်ရက်လိုက်တာဗျာ၊ ကျွန်တော့်ကို စောင့်ဘူး၊ ချိန်းတဲ့အတိုင်းကျွန်တော်လာမှာပဲဟာ စောင့်ရေပေါ့၊ အခုတော့ ဒုက္ခရောက်လိုက်တာ'

မင်းယဉ် အိမ်ပေါ်သို့ တရှူးတိုးတက်လာပြီး အမောသော လေသံဖြင့် ကလေးပမာ အပြစ်တင်စကားကို အဆက်မပြတ်ပြောသည်။

အိမ်ပေါ်သို့ မင်းယဉ်တက်လာချင်း ဦးအောင်ထွန်းသည်





အံ့အားကြီးသင့်လျက် မျက်နှာမည်းပျက်သွားသည်။ အရက်ခွက်ကိုကိုင်ကာ မျက်နှာမဲ့၍ မင်းယဉ်ကို မော့ကြည့်နေသည်။

မချောရီမှာ လူမိသောကျီးကန်းကဲ့သို့ မျက်လုံးတောင်းမှောက်ဖြစ်လျက်ရှိသည်။ တုန်လှုပ်ချောက်ချားသွားသော မျက်နှာမှာ ထင်ရှားပေါ်လွင်နေသည်။

မင်းယဉ်မည်မျှ မွန်ထူ၍နေသနည်းဟူမူ ဦးအောင်ထွန်းနှင့်မချောရီတို့ ပုံပျက်နေသော သဏ္ဌာန်တွေကို မမြင်အားဘဲ သူ့ စကားသူဆုံးအောင်ပြောတုန်း။

'ညက တစ်ရေးမှ မအိပ်ရဘူး၊ မိုးမလင်းခင် ပထမဆုံးထွက်လာတဲ့ လော်ကယ်ရထားနဲ့ မြောက်ဥက္ကလာ လိုက်လာပြီးရှာလိုက်ရတာ တစ်မနက်လုံးပဲ ဦးလေးရယ်. . . သေပါတော့'

သူ့စကားဆုံးတော့မှသေတ္တာကို လက်ကလွှတ်ချလိုက်ကာ ဦးအောင်ထွန်း ဘာပြောမလဲဟု ဦးအောင်ထွန်းမျက်နှာကို စိုက်ကြည့်လိုက်သည်။

ဦးအောင်ထွန်းသည် ခွက်ထဲမှအရက် အကုန်မော့ချလိုက်သည်။ ပြီးမှ ထမင်းစားပွဲကိုတွန်း၍ သိမ်းရန် မချောရီကို မေးထိုးပြလိုက်သည်။

သူ့ရှေ့၌ ဦးအောင်ထွန်းအမူအရာ လေးကန်နေပုံ၊မျက်နှာညှိုးနေပုံ၊ မချောရီသည်သူ့အား လုံးဝမကြည့်ဘဲ စားပွဲ မပြီးများကို သည်တွင်မှ မင်းယဉ်မျက်စိကမြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်းကို စောင့်လို့မဖြစ်လို့ မစောင့်တာပေါ့ကွ'

'ကျွန်တော့်ကို မစောင့်တာ ကျွန်တော်လည်း ဦးလေး အရပ်ထဲမှာ တစ်ခုခုဖြစ်ကြလိမ့်မယ်လို့ အထင်သားပဲ၊ ဘာဖြ လို့လဲ ဦးလေး'

မင်းယဉ်မှာ ကတုန်ကယင်ဖြင့် ခြေကုန်လက်ပန်းကျ ပြီး ဦးအောင်ထွန်းအနား၌ပင် ထိုင်ချလျက်မေးလိုက်သည်။

ဦးအောင်ထွန်းမှာ နဖူးကြောကြီးများ ထောင်ထလာလျ အပြောရကျပ်ဟန် ဂနာမငြိမ်ဖြစ်လာသည်။ ထိုင်ရာမှထ သောက်ရေအိုး၌ ရေတစ်ခွက် ခပ်သောက်လိုက်သည်။ မချော မှာ ခုံကလေးမလျက် နောက်ဘက်သို့ဝင်သွားသည်။

'မင်းဦးလေးတို့နဲ့ ဒီမှာ အတူတူနေဖို့တော့မဖြစ်သေးဘူ ပြန်ဦးကွယ်'

ဦးအောင်ထွန်းကမတ်တတ်ရပ်လျက်မှ အလွန်အားငယ် မာကျောနေသော မျက်နှာဖြင့်ပြောသည်။

မင်းယဉ်သည် ဦးအောင်ထွန်းကို မော့ကြည့်လျက် ရင် သွားသည်။ ဘာအကြောင်းမှမပြဘဲ ဘာမှန်းမသိဖြစ်ရခြင်း ကြောင့် ရေနစ်ခါနီးသူကဲ့သို့ မရှုနိုင်မကယ်နိုင် ပင်ပန်းကြီး ထွက်ရသော အသံမျိုးဖြင့် ပြန်မေးသည်။

'ဘယ်. . . ဘယ်လိုကြောင့်လဲ ဦးလေး'

မချောရီသည် ပြန်ထွက်လာပြီး တိုင်ကိုမှီကာ လက်





ဖက်နောက်ပစ်လျက် ဘေးစောင်းရပ်နေသည်။ သူ့မျက်နှာမှာ အခက်အခဲတစ်ခုကို ဘယ်လိုကျော်လွန်စေရန် စဉ်းစားနေဟန် ပေါက်သည်။

'မဖြစ်တာကတော့ ဖြစ်ကိုမဖြစ်လို့ပဲကွ၊ ပြန်ကွာ'

'ဦးလေးပဲ ဦးလေးတို့နဲ့ အတူတူနေနိုင်တယ်ဆိုလို့ ကျွန်တော်ငွေတောင်းပေးခဲ့တယ်၊ အိမ်ပေါ်ကလည်း တစ်ခါတည်း ဆင်းခဲ့ပြီ၊ ကျွန်တော်ဘယ်ပြန်ရမှာလဲ၊ ကျွန်တော် ဒီမှာနေဖို့ လာခဲ့ တာပဲ၊ ဘာဖြစ်လို့ ကျွန်တော့်ကို ပြန်ခိုင်းတာလဲ. . . သိပါရစေ ဦးလေးရယ်. . . ပြောပါ'

မင်းယဉ်မှာ သူ့ကိုမောင်းချနေမှန်းသိလျက် သူ့ရင်ထဲ၌ တင်းကျပ်ခံနေရ၍ အဖြစ်မှန်ကိုသိရန် ချွဲပျစ်ပြောဆိုတောင်းပန် နေသည်။

'မဖြစ်လို့ပေါ့ကွ၊ ဒါလောက်ပြောမနေချင်ပါဘူး၊ ပြန်ရင် ကောင်းမယ်'

မင်းယဉ်သည်ပြတ်သားလှချည်လားဟု ဦးအောင်ထွန်းကို စေ့စေ့ကြည့်၍ သူ့စိတ်ထဲ၌ တုပ်လှုပ်သွားသည်။ သူ့ဘက်မှ ဝင်၍ကူညီမည့်သူကို အားငယ်စိတ်ဖြင့် လှမ်း၍ကြည့်သည်။ ငြိမ်သက်နေသော မချောရီကို ဘေးစောင်းမြင်ရသည်။

'ခုချက်ချင်းပြန်ဖို့တော့ မဖြစ်သေးဘူးဦးလေးရဲ့၊ အတူတူ မနေစေချင်သေးရင်လည်း ဒီမှာခဏနေပြီး ကျွန်တော်နေဖို့



www.burmeseclassic.com

www.burmeseclassic.com



နေရ ရှာပါမယ့်. . . ဟုတ်လား'

ဦးအောင်ထွန်းသည် အေးစက်မာကျောနေရာမှ သွေးဆူလာသည်။

'မဖြစ်ပါဘူးဆိုနေမှ. . . ဒီမှာ ခဏလည်းမဖြစ်ဘူးကွ၊ ဒုက္ခမများချင်ရင် ခုဆင်းသွားကွာ'

မင်းယဉ်သည်ထိုင်ရာမှ သူ့ကိုယ်သူထမှန်းပင်မသိ၊ ငေါက်ခနဲထရပ်လိုက်သည်။ ဦးအောင်ထွန်းမျက်နှာကို စိုက်ကြည့်လျက်မှပြောသည်။

'ဦးလေးဘယ်လိုပြောလိုက်တာလည်း၊ ဘာအကြောင်းမှလည်းမပြောဘဲနဲ့ ရိုင်းလှချည်လား၊ ဦးလေးသမီးနဲ့ ကျွန်တော်နဲ့ လူငယ်ချင်းမေတ္တာမျှနေကြတာလည်း ဦးလေးသိပါတယ်'

'ဒါတွေပြောဖို့ မလိုဘူးဟေ့၊ ချောရီက ငါ့မယားကွ. . . ငါ့မယား'

'အိုး. . .'

မင်းယဉ်၏နားထဲ၌ သံရည်ပူလောင်ချလိုက်သည့်အလား မချိမဆံ့ဆတ်ဆတ်ခါလျက် အကြောဆွဲသလို တစ်မျက်နှာလုံး ရှုံ့ရွဲ့သွားသည်။

ကြားရသည့်စကားကို မယုံနိုင်လွန်းလွန်း၍ ပြန်မေးချင်သည်။ ပြန်မေးရန်အသံကလည်းမထွက်၍မရ၊ အသံထွက်မရ၍ သူ့မေးစေ့မှာ တဂိုက်ဂိုက်ရိုက်လှုပ်နေသည်။





ဦးအောင်ထွန်းအိမ်သို့စ၍ သူရောက်ဖူးသောနေ့၌ 'သူ့သမီး' ဆိုခဲ့သော သူက ယခုသူ့မယားဆိုလိုက်၍ မင်းယဉ်မှာ ဦးအောင်ထွန်းကို ဦးအောင်ထွန်းမှဟုတ်ရဲ့လားပင်ထင်မိသည်။

ဦးအောင်ထွန်းမျက်နှာ ကြည့်လိုက်၊ မချောရီဘက်သို့ လှည့်ကြည့်လိုက်ပြောနေသော မျက်လုံးထဲ၌ မျက်လုံးမျက်ခုံးတွေပင် လှုပ်မသဲကွဲအောင် ဝါးမှုန်နေကြသည်။

မင်းယဉ်သည် တုန်တုန်ယင်ယင်ဖြင့် မချောရီနားသို့ ရောက်မှန်းမသိ ရောက်သွားသည်။ ရင်ပြင်ထဲတွင် မယုံကြည်မှုများ ပြည့်သိပ်လာနေပြန်သည်။ ဆုံးခန်းတိုင်တော့မည့် နောက်ဆုံးအနေအားဖြင့် မချောရီကိုမေးရန် မင်းယဉ်ထံက အသံထွက်လာသည်။

'ပြော. . . ပြော. . . ပြောတာဟုတ်. . . . ဟုတ်သလား'

စကားလုံးများ မသဲမကွဲ ထစ်ထစ်ငေါ့ငေါ့ မပီမသရှိ၍ ဦးအောင်ထွန်းက မာကျောသောလေသံဖြင့် စကားပြန်ဝင်လုပ်သည်။

'ဟုတ်သလားတဲ့မေးနေတယ်၊ ဖြေလိုက်'

မချောရီသည် မင်းယဉ်ကို လှည့်၍မျှ မကြည့်ဘဲ ခေါင်းကို ဆတ်ညိတ်ပြလိုက်ပြီးမှ နှုတ်ကဖြေသည်။

'ဟုတ်တယ်'

မင်းယဉ်ကိုပြောပြီး ပြန်၍ပိတ်သွားသော မချောရီ၏



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းလေးမှာ ရှေ့သို့ လက်တစ်ဆစ်ခန့် စူထွက်နေကာ မျက်နှာက တစ်ပတ်မညိုး မခိုးမခန့်မျက်နှာ။

မင်းယဉ်တစ်ကိုယ်လုံး သွက်သွက်ခါအောင် ယိမ်းထိုးသွားသည်။

သူ့ကို အဖြေပေးသူ၊ သူ့ရှေ့၌ရှိနေသူ၊ သူမြင်ရသည့် မချောရီ၏မျက်နှာသည် ယခင်က ချစ်စရာမျက်နှာကလေး မဟုတ်တော့ဘဲ ရွံစရာ၊ နှလုံးနာစရာ၊ စက်ဆုပ်စရာကောင်းလှသော မိန်းမပေါ့၊ မိန်းမပျက် မျက်နှာမျိုး မြင်ထင်လာသည်။

ဦးအောင်ထွန်းရှိရာသို့ ဆတ်ခနဲပြန်ကြည့်လိုက်သည်။

ဦးအောင်ထွန်းပေါ်၌နာကြည်းမှု၊ ဒေါမနဿအပေါင်းတို့သည် မင်းယဉ်ရင်ထဲမှ အပြင်ဘက်သို့ ကန်ထွက်လာကြသည်။

လက်ထဲ၌ လက်နက်ပါလျှင် တစ်ယောက်မျှအရှင်ထားမိမှာ မဟုတ်အောင် လုပ်မိပေလိမ့်မည်။ သို့သော် မင်းယဉ်ရင်ထဲမှ ကန်ထွက်လာသောနာကြည်းမှု ဒေါမနဿများအပေါ်၌ စက်ဆုပ်ရွံရှာခြင်းတို့က လွန်ကဲစွာ တစ်ခဲနက် ဖုံးလွှမ်းလိုက်သောကြောင့် အမင်္ဂလာ မျက်နှာတွေကို မကြည့်ချင်အောင် နှလုံးနာလှကာ အိမ်ပေါ်မှ သွေးရူးသွေးတန်းဖြင့် ပြန်ဆင်းပြေးလာသည်။

အိမ်ပေါ်မှ ပြေးဆင်းလာစဉ် ဦးအောင်ထွန်းတို့အိမ်တံစက်မြိတ်မလွတ်ကလွတ်၌ မင်းယဉ်သည် သူ့ပါးစပ်ထဲ၌ ပြည့်





လာသော တံတွေးများကို ပစ်ခနဲထွေးပစ်လိုက်သည်။ရင်ထဲမှ ရွံ့ရှာစက်ဆုပ်မုန်းတီးသော အခြင်းအရာ အပေါင်းတို့သည် တံတွေးထဲတွင် လုံးထွေးပါသွားကြရုံမက ကြေကွဲနာကြည်းခြင်းများပါ ရောနှောသွားသည်။

ဦးတည်ရာပြေးလွှားခိုက် မင်းယဉ်၏ရင်တွင်း၌ ဖိစီးနှိပ်စက်လျက်ရှိသော ဒေါမနဿအပေါင်းတို့မှာ ထိန်းသိမ်း၍မရဘဲ နှလုံးသားတစ်ခုလုံး ဒေါသမီးလျှံများ လောင်မြိုက်လာခဲ့သည်။

ဘယ်လမ်းချိုး၍ ဘယ်လမ်းက ထွက်လာမှန်းပင် သူဟာသူမသိတော့ဘဲ လမ်းမကြီးပေါ်သို့ ရောက်လာသည်။

သူ့မယားကို သူ့သမီးလုပ်ကာ တစ်နပ်စားဉာဏ်ဖြင့် ပိပိရိရိလှည့်ဖျားလျက် သူ့ဘဝကို ဖျက်ဆီးပုံ၊ အဖျက်ဆီးခံလိုက်ရပုံ၊ ရမ္မက်ကြီးမိပုံ၊ လူရည်မလည်ပုံ၊ အနှုပ်ခံရပုံ၊ ရှက်ဖွယ်ရာကောင်းလှပုံအပေါင်းတို့ကို တစ်ခုပြီးတစ်ခု ပြန်မြင်လာ၍ ထိုအမြင်ကြောင့် အသည်းတစ်ခုလုံး ဆတ်ဆတ်ခါအောင်နာကျင်ထုံထိုင်းသွားတော့သည်။

နာကျင်လွန်း၍တဆက်ဆက်တုန်နေသော သူ့လက်ထဲက လက်ဆွဲသေတ္တာမှာ မြေပေါ်သို့ လွတ်ကျသွားခမန်း ဖြစ်၍ မြဲမြဲပြင်ဆုပ်ရသည်။

ပြင်းထန်လှစွာ စိတ်လှုပ်ရှားခြင်းဖြစ်နေခိုက်သူ့ နောက်မှ အရှိန်ဖြင့် မောင်းလာသော ကားသည်သူ့အနားသို့ ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကားကိုဟိုဘက်ကွေ့မည်၊ သည်ဘက်ကွေ့မည် မှန်းဆ၍ မရခင်ကားနှင့်မလွတ်အောင် ရှောင်မိ၍ တိုက်ထည့်လိုက်သည်။ မင်းယဉ်သည် လမ်းတစ်ဖက်သို့လွင့်စဉ်သွားလေသည်။

လမ်းထဲ၌ ကားဘရိတ်အုပ်လိုက်သော အသံကြီးမှာ ကြောက်မက်ဖွယ်ရာ အုန်းအုန်းညံသွားသည်။ ကားမောင်းသူက စတီယာရင်ကို လွှတ်ပေးလိုက်၍ လမ်းဘေးမာတ်တိုင်ကို ထိုးတိုက်မိသော အသံကလည်း တော်လဲသလို သိမ့်သိမ့်တုန်ဟည်းသွားသည်။ ကားတိုက်ရာသို့ အိမ်တိုင်းအိမ်တိုင်းမှ လူတွေစုအုံလာကြသည်။

မင်းယဉ်သားရေအိတ်မှာ ကားဘီးအောက်၌ ပြားချပ်နေသည်။လမ်းဘေး၌ ပုလျက်ကလေးဖြင့် မင်းယဉ်သတိမေ့လျက်ရှိသည်။

ခြေကျိုးသွားသလား၊ လက်ကျိုးသွားသလား၊ ခေါင်းကွဲသွားသလား၊ သေပြီလား စသည်လူတွေ၏ ပါးစပ်အသီးသီးမှ တစ်ယောက်တစ်ခွန်း ပြောနေကြသော အသံဗလံတွေမှာ မင်းယဉ်အနား၌ ဝိုင်းအုံညံနေကြသည်။

မကြာမီ မော်တော်ယာဉ်ဌာနမှ ရဲများ ရောက်လာကြသည်။ ထိုနောက် လူနာတင်ကား၊ ထိုနောက် ဝိုင်းအုံနေသော လူစုထဲက လူနှစ်ယောက်က ဝိုင်းကူမ၍ သွေးအလူးလူးလိမ်းနေသော မင်းယဉ်ကို ကားပေါ်သို့တင်ပို့ပေးကြသည်။





လမ်းမပေါ်က ထိုအဖြစ်အပျက်ကို မိနစ်အဖွဲ့၍ကြည့်မည်ဆိုလျှင် နာရီဝက်ခန့်သာကြာသည်။အချိန်မှာ နေ့လယ်၁၂နာရီ။

ထိုအချိန်၌ မင်းယဉ်တို့ခြံထဲသို့ ကားတစ်စီးဝင်လာသည်။ ဆရာဝန်နှင့်ဆရာမတစ်ယောက် သုတ်တီးသုတ်ပျာဖြင့် ကားပေါ်မှ ဆင်းလိုက်သည်။တစ်ဖက်အိမ်မှ အဘွားဒေါ်လှရင်သည် ဆရာဝန်နှင့်သူနာပြုဆရာမကို လှမ်းမြင်လိုက်၍ ဘာများလဲဟု ထိတ်လန့်သွားကာ မင်းယဉ်တို့အိမ်သို့ကူးရန် အိမ်ပေါ်မှ အမြန်ဆင်းလာခဲ့သည်။

နွဲ့နွဲ့ယဉ်သည်ခုတင်ပေါ်၌တစ်ချက်မှ အငြိမ်မနေနိုင်ဘဲ တွန့်လိမ်လူးလှိမ့်နေသည်။ ဝေဒနာခံစားနေရသော နွဲ့ကို ကိုကျော်သူ သနားနေသည်။ နွဲ့နွဲ့ယဉ်နဖူးမှ ချွေးသီးချွေးလုံးများကို လက်ကိုင်ပဝါဖြင့် ခပ်ဖွဖွသုတ်၍ပေးသည်။

သူ့လက်ကိုဆုပ်လျက် လူးလှိမ့်ညည်းတွားနေသောနွဲ့နွဲ့ယဉ်ကို ကြည့်ကာ သူမွေးမိတဲ့မီးပဲဟု မျက်နှာပျက်နေသည်။

ဆရာဝန်နှင့်ဆရာမတို့ နွဲ့နွဲ့ယဉ်ကို ဆေးထိုးရန်ပြင်ဆင်နေခိုက် အခန်းထဲသို့ အဘွားဒေါ်လှရင် ဝင်လာသည်။အဘွားဒေါ်လှရင်နားသို့ ဒေါ်သိန်းမေကပ်သွားလျက် အသံတိုးတိုးဖြင့် ပြောလိုက်သည်။

'ကလေးပျက်ချင်တယ်၊ သူ့ကိုယ်သူ ကလေးရှိမှန်းလည်း သူမသိဘူး၊ မနေ့က အုတ်ခုံပေါ်ကချော်ကျတယ် အစ်မရယ်'



www.burmeseclassic.com

www.burmeseclassic.com



'အို. . . ဖြစ်ရလေတော်'

နွဲ့နွဲ့ယဉ်သည် လှဲနေ၍မရတော့ပဲထချင်၍ ကိုကျော်သူက ထူပေးသည်။ နွဲ့နွဲ့ယဉ်၏ခါးထဲ၌ မချိမဆံ့ ကိုက်ခဲလျက် နာကျင်လွန်း၍ ဒူးတဆတ်ဆတ်တုန်နေသည်။ လမ်းလျှောက်၍လည်းမရ၊ လမ်းလျှောက်၍လည်း မသက်သာ၊ ထိုင်မရ၊ လှဲမရ၊ အံကြိတ်ကာ ညည်းညူလျက်ရှိသည်။

ဆရာဝန်ကနွဲ့နွဲ့ယဉ်ကို စမ်းသပ်ဆေးထိုးပြီးနောက် ကိုကျော်သူအနားသို့ ကပ်ပြောလိုက်သည်။

'ပျက်မှာပဲ. . .'

'မပျက်အောင်လုပ်လို့ မရဘူးလား'

ဆရာဝန်က ခေါင်းခါပြလိုက်သည်။

ပျက်လိမ့်မယ်ဆိုမှ ကိုကျော်သူသည် ချွေးပြန်ကာပျာယာခတ်နေသည်။နွဲ့နွဲ့ယဉ်နှင့်အိမ်ထောင်ကျစက ကလေးလိုချင်စိတ်မှာ အရှုးအမူးဖြစ်ခဲ့သည်။ အိမ်ထောင်ကျ၍ ငါးနှစ်ကြာမှ ကလေးမရတော့ဘူးဟု အောက်မေ့ထားစဉ် ယခုပျက်မည်ဆိုတော့ နှမြောလွန်း၍ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေအောင် စိတ်လှုပ်ရှားနေသည်။

မနေ့က နွဲ့နွဲ့ယဉ်ကို လက်ဆွဲကာ လှီးထွေးရစ်ပတ်ဖြင့် အုတ်ခုံလှေကားမှ ချော်ကျသွားပုံကို ပြန်၍မြင်ယောင်မိသည်။

မူမူကြောင့် မင်းယဉ်ကြောင့် နွဲ့နွဲ့ယဉ်ကြောင့် ကလေး





ပျက်ရမှု တရားခံတွေကိုရှာဖွေရင်း နောက်ဆုံးတွင် သူကြောင့်သူသာလျှင် တရားခံအစစ်ဟုသိမြင်ကာ ရင်နာလာမိသည်။

အိမ်ထောင်ကျပြီး သားမယားရှိလျက်တည်တည်တံ့တံ့ မနေချင်မှု၊ ဖောက်ပြန်မှုကို အသည်းခိုက်လာမှ နောင်တရရှိတော့သည်။

နွဲ့နွဲ့ယဉ်ဝမ်းထဲ၌တည်နေသောကလေးသည် သူနှင့်များတူနေမလားဟု မှန်းဆရော်ရမ်း၍ကြည့်မိသည်။ သူ့သွေးဖြစ်သော သူ့ကလေးသည် လူ့ဘဝ၌ လူဖြစ်ခွင့်မရရှိဘဲ ပျက်စီးရတော့မည့်ဖြစ်ခြင်းကြောင့် သူ့ကိုယ်သူ လူသတ်သမားတစ်ယောက်ကဲ့သို့ စိတ်ချောက်ချားလာသည်။

'နွဲ့မော့နေပြီ၊ ရေသောက်လိုက်ပါဦး၊ ဖယ်. . ဖယ်ကိုယ်တိုက်မယ်'

နွဲ့နွဲ့ယဉ်၏ခါးကို ဖက်ကာသောက်ရေခွက်ကို လက်တစ်ဖက်က ကိုင်တိုက်သည်။

ကိုကျော်သူဖြစ်ပုံကို အဘွားဒေါ်လှရင်နှင့် ဒေါ်သိန်းမေနှစ်ဦး ဘေးမှကြည့်လျက် သည်လိုတော့လည်း မယားကို ကြင်နာသားပဲဟု ကိုကျော်သူ့အပြစ်ရှိသမျှ မေ့လျော့၍သွားကြသည်။

ဒေါ်သိန်းမေသည် အဘွား ဒေါ်လှရင်ကို လက်တို့လျက် အပြင်ဘက်သို့ ခေါ်ထုတ်လာသည်။

ဒေါ်သိန်းမေမှာ အပျိုကြီးဖြစ်၍ ဤအမှုကိစ္စများ နားမ



www.burmeseclassic.com

www.burmeseclassic.com



လည်သဖြင့် စိုးရိမ်စရာရှိမရှိ စိတ်ပူကြီးစွာဖြင့် အဘွားဒေါ်လှရင်ကို တီးတိုးမေးကြည့်သည်။

'ကလေးပျက်ကျတာဟာ ကလေးမွေးတာထက် ခံရတယ်၊ ပျက်သွားပြီးရင်လည်း ပေါ့မနေရဘူး၊ ကလေးမျက်နှာမြင်သလိုပဲ မီးနေထုံးစံ ၇ ရက်လုပ်ရတယ်၊ အသားတွေမထုံမကျဉ်အောင် နန္နင်းလိမ်းရတယ်'

'အိမ်မှာ လိမ်းစရာနန္နင်းလည်းမရှိဘူး၊ ခုတလော ဒီအိမ်မှာ ဘယ်ဂြိုဟ်ဝင်နေတယ်ကို မသိပါဘူးအစ်မရယ်၊ မင်းမင်းလဲ အိမ်ကဆင်းသွားတယ်လေ'

'နှောင်းငယ်ကိုသူ့သူငယ်ချင်းဆီမှာ သွားနေမယ်ပြောသွားသတဲ့၊ ဘယ်မှာနေတယ်လို့သိသလဲ'

'ဘယ်နေမယ်၊ ဘယ်ထိုင်တယ်ဘယ်သိမလဲ၊ သူ့အစ်မနဲ့ သူကျိတ်ပြောပြီး ဆင်းသွားတာ၊ ကျွန်မတောင် ဘာမှန်းမသိလိုက်ရပါဘူး'

ဒေါ်သိန်းမေမှာ ဒုက္ခတွေ တစ်ခုပြီးတစ်ခုဆက်ကာ ပင်လယ်ဝေနေသဖြင့် လူ့ဘောင်ကြီးကို အလွန်ငြီးငွေ့စက်ဆုပ်နေဟန်ပေါက်နေသည်။ စိတ်များဘယ်တော့မှ ချမ်းသာရပါ့မလဲဟု တောင့်တစွာဖြင့် သက်ပြင်းရှည်လျားစွာချနေခိုက်အခန်းထဲမှ နွဲ့နွဲ့ယဉ်၏ညည်းသံကြားကြ၍ နှစ်ယောက်စလုံး အမြန်ပြန်ဝင်လာကြသည်။





ခံစားချက်ပြင်းထန်လွန်း၍နွဲ့နွဲ့ယဉ်မှာ ဘာကိုမျှသတိမရ တွန့်လိမ်လို့ချည်းနေသည်။ဆရာဝန်က ဝေဒနာသက်သာအောင် ဆေးထပ်ထိုးပေးသည်။ အသားထဲသို့ အပ်စိုက်သွင်းသောအခါ ကိုက်ခဲနေသော သူ့ဝေဒနာနှင့် နှိုင်းစာလျှင် အပ်ထိုးစိုက်သည့် ဝေဒနာမှာ ပုရွက်ဆိတ်ကိုက်သလောက်မှ မနာဘဲဖြစ်နေသည်။

ကလေးပျက်မည့်နာကျင်မှုကို အဆိုးရွားဆုံး သူခံစားရသည်။တစ်ချီတစ်ချီထိုးကိုက်လာလျှင် နွဲ့နွဲ့ယဉ်မှာမျက်လုံးများ ပိတ်လျက်အံကြိတ်ကာ ကိုကျော်သူ့လက်ကို တအားညှစ်ဆုပ်ထားလိုက်သည်။တစ်ချိန်လုံး ချွေးဒီးဒီးကျလျက် မောဟိုက်၍နေသည်။

နံနက် ၁၀နာရီမှစ၍ တစ်စတစ်စတိုး၍ နာကျင်ကိုက်ခဲလာခြင်းကို ၃နာရီခန့် အပြင်းအထန်ခံစားပြီးမှ နွဲ့နွဲ့ယဉ်မှာ သတိလစ်ချင်သလို ဖြစ်သွားသည်။

'ဟော. . . ပြီးပြီ. . . ပြီးပြီ'

ဆရာမက ဖယောင်းပုဆိုးပေါ်သို့ အဝတ်နှင့်အုပ်လိုက်သည်။ ဟော. . . ပြီးပြီဆိုသံကြား၍ ဂနာမငြိမ်ဖြစ်နေသော ကိုကျော်သူသည် ကလေးငိုသံများ ကြားရတော့မလို ကလေးပဲမြင်ရတော့မလိုထင်မိယောင်မှားဖြင့် ကယောင်ကတမ်းဖြစ်သွားသည်။

နွဲ့နွဲ့ယဉ်မှာ ကိစ္စပြီးမှ ပြန်လည်၍သတိဝင်လာသည်၊



www.burmeseclassic.com

www.burmeseclassic.com



သေလုမြောပါးနာလိုက်သော ဝေဒနာမှာ သူ့ခန္ဓာကိုယ်၌ မရှိတော့ဘဲ အားအင်ကုန်ခန်းကာ ခွေပျော့ကျနေသည်။

နွဲ့နွဲ့ယဉ်မျက်လုံး၌ မျက်ရည်များဝိုင်းလာလေသည်။မျက်စိနှင့်မမြင်လိုက်ရသော ရင်သွေးကို နှမြောတသ၍မဆုံး နိုင်အောင် သူ့ရင်ထဲ၌ နှံးမောနေသည်။

နွဲ့နွဲ့ယဉ်အပါး၌ ကိုကျော်သူထိုင်လျက် ဝဲနေသောမျက်ရည်စကို ပဝါဖြင့်တို့ပေးသည်။ နွဲ့နွဲ့ယဉ်နှင့် ဘယ်တော့မှ မခွဲဘဲ နှစ်ယောက်အတူတွဲလျက် ဘဝကိုသက်ဆုံးတိုင်သွားသင့်ကြောင်း ခုတော့မှ ကောင်းကောင်းသဘောပေါက်လျက်ရှိသည်။

၇ ရက်တိုင်တိုင် နနွင်းနံ့ထွက်နေသော မီးနေခန်းထဲ၌ ကလေးမရှိသည်မှာ အဓိပ္ပာယ်ကင်းမဲ့လျက် ရင်ဟာစရာကောင်းနေသည်။ ကိုကျော်သူနှင့် နွဲ့နွဲ့ယဉ်တို့မှာ ၇ ရက်တိုင်တိုင် ရင်ဟာနေကြတော့သည်။

|၁၇|

နှောင်းငယ်သည် မင်းယဉ်ကိုမျှော်၍နေသည်။ လာမယ် ပြောသွားပြီး အိမ်သို့ပေါ်မလာဘဲ ပျောက်ခြင်းမလှပျောက်နေ၍ မှုန်ပန်သောကရောက်လျက်ရှိသည်။

ညနေစောင်းလာလျှင် နှောင်းငယ်အနေဆိုးလာသည်။ဖိနပ်ချွတ်သံစ ကာရပ်၍လမ်းသွားလမ်းလာများကို ငေးစိုက်ကြည့်နေတတ်သည်။

နွဲ့နွဲ့ယဉ်တို့ခြံထဲသို့ ကားဝင်သံကြားတိုင်း ပြတင်းပေါက်မှ ထပြီး ကြည့်ရသည်မှာအမော။

ညဘက် စာကျက်ချိန်၌ မင်းယဉ်ကို ပိုမို၍သတိရလာလေသည်။ စာအုပ်နှင့်စိတ်နှင့်မကပ်ဘဲဘယ်ဆီဘယ်သို့ ရောက်

www.burmeseclassic.com

www.burmeseclassic.com



နေမည်မသိသော မင်းယဉ်ကို အောက်မေ့သတိရနေသည်။

အဘွားကိုပြောတော့လည်း အဘွားက သည်နေ့မလာနက်ဖြန်လာမှာပေါ့ဆိုသည်။ အဘွားပြောသည့် နက်ဖြန်များ မှာ ဆယ့်ငါးရက်ပင် စေ့၍သွားလေပြီ။

ကျောင်းတက်ချိန်၌ မင်းယဉ်ကိုမေ့နေလျက် ကျောင်းဆင်းချိန်၌ မင်းယဉ်ကို သတိရသောစိတ်မှာ မနေနိုင်မထိုင်နိုင် ဖျပ်ဖျပ်လူး ဖြစ်လာတတ်သည်။

'အဘွား. . . အစ်ကိုလာသေးသလား'

ကျောင်းမှအပြန် တံခါးဖွင့်ပေးသော အဘွားကို ညနေတိုင်း မေးနေကျဖြစ်သည်။

အဘွားကမလာဘူး ဆိုသည့်အခါတွင် နှောင်းငယ်မျက်နှာညိုးသွားသည်။

နှောင်းငယ်မျက်နှာမကောင်း၍ ဒီနေ့မလာနက်ဖြန်လာမှာပေါ့အေဟု အဘွားကနှောင်းငယ်ကို ဖြေသိမ့်ရသည်။

ယနေ့ကျောင်းမှအပြန် နှောင်းငယ်သည် သူခြံထဲသို့ မဝင်ဘဲ နွဲ့နွဲ့ယဉ်တို့ ခြံထဲသို့ တန်းဝင်သွားသည်။

'ဟော. . . နှောင်းငယ်ပါလား၊ လာ. . . လာ'

နှောင်းငယ်ကို နွဲ့နွဲ့ယဉ်က အိမ်ပေါ်မှ ဆီးခေါ်သည်။

'မမနွဲ့ အစ်ကိုသတင်းဘာကြားသေးသလဲဟင်'





'လာဟာယ်. . . နှောင်းငယ်၊ ထိုင်ဦး'

နွဲ့နွဲ့ယဉ်က နှောင်းငယ်ကို ညှော်ခန်းထဲသို့ ခေါ်၍ထိုင်ခိုင်းသည်။

နွဲ့နွဲ့ယဉ်မှာ မီးထွက်ပြီးနေကောင်းစရှိသေးကာ နှောင်းငယ်နား၌ မထိုင်ဘဲ လေကွယ်သည့်နေရာ၌ ရွေးထိုင်သည်။

'ဘာသတင်းမှ မကြားသေးဘူး နှောင်းငယ်ရယ်၊ ကိုကျော်သူလည်း မင်းမင်းပြောသွားတဲ့ ကမာရွတ်လှည်းတန်းဘက်ကို သွား ရှာတာ ခုထိပြန်မလာသေးဘူး'

နှောင်းငယ်မှာ မျက်နှာကလေးပျက်လျက် နွဲ့နွဲ့ယဉ်ကိုငေးမော၍ ကြည့်နေသည်။

မင်းယဉ်သွားစက မကျေမချမ်းဖြစ်ခဲ့သော နွဲ့နွဲ့ယဉ်၏ဒေါသမှာ သုံးရက်မျှမခံဘဲပြေပျောက်ကာ မင်းယဉ် ပေါ်မလာ၍ ရတက်မအေးဘဲ သောကရောက်နေသည်။

လင်မယားပြန်လည်၍ သင့်မြတ်ချစ်ခင် သွားကြသဖြင့် မင်းယဉ်အိမ်သို့ ပြန်၍လာစေချင်သည်။

ကိုကျော်သူမှာ မင်းယဉ်အိမ်ပေါ်မှဆင်းခြင်းမှာ သူပယောဂမကင်းဟု စိတ်မကောင်းဖြစ်နေသည်။

မင်းယဉ်ကိုတွေ့လိုတွေ့ငြား ရုံးဆင်းတိုင်း လိုက်ရှာသည်။

'မမနွဲ့ကိုပြောတာတော့ သူ့သူငယ်ချင်းနဲ့ အိမ်ချင်း နေ



www.burmeseclassic.com

www.burmeseclassic.com



မယ် ပြောတယ်၊ ဝပ်ရှော့မှာ အလုပ်လုပ်မယ်ပြောတယ်၊ မမနွဲ့လည်း အဲဒီနေ့က စိတ်များနေတာနဲ့ သူ့ကိုသေသေချာချာ မမေးလိုက်ရဘူး၊ နှောင်းငယ်က သူ့ကိုတွေ့လိုက်သေးတယ်ဆို'

'သူငယ်ချင်းနဲ့ နေမယ်လို့ နှောင်းငယ်ကိုလည်း ပြောသွားတာပဲ'

နှောင်းငယ်ကို မင်းယဉ်က သူဘာလုပ်လုပ်အသိပေးမယ်လို့ ကတိပေးထား၍ မင်းယဉ်ပြောထားသောစကားသည် သူ့ကို အမှန်အတိုင်းပြောသွားခြင်းဟု နှောင်းငယ်ကယုံနေသည်။

မချောရီတို့အိမ်သို့သွားမေးလျှင် မင်းယဉ်ဘယ်မှာ ပြောင်းနေကြောင်း သတင်းရနိုင်မှန်း နှောင်းငယ်သိသည်။ ဝပ်ရှော့မှာ အလုပ်လုပ်မည်ပြောသွားခြင်းမှာ မချောရီအဖေနှင့် အလုပ်လုပ်လိမ့်မည်ဟု စိတ်ကတွေးလိုက်သည်။

မင်းယဉ်က သူ့အကြောင်းကို ဘယ်သူ့မှ မပြောပါနဲ့ဟု နှောင်းငယ်ကို အတန်တန်နှုတ်ပိတ်ထားခြင်းကြောင့် နှောင်းငယ်သည် သူ့အသိကို ဘယ်သူ့ကိုမှ မပြောချင်ဘဲ သူ့ထံသို့မင်းယဉ် လာနိုးနိုးဖြင့်သာ တစ်ရက်ပြီးတစ်ရက် အောင့်အည်းစောင့်ဆိုင်းနေခြင်းဖြစ်သည်။

နွဲ့နွဲ့ယဉ်သည် လှုပ်ရှားသောရင်ဖြင့် နှောင်းငယ်ကို ကြင်နာစွာကြည့်နေသည်။

အဖေမရှိ၊ အမေမရှိ၊ ညီအစ်ကိုမောင်နှမ မရှိ၊ မင်းယဉ်ကို





အစ်ကိုအဖြစ်၊ အဖော်အဖြစ်၊ ကြီးပြင်းလာခဲ့သော နှောင်းငယ်၏ ဥတစ်လုံးတစ်ကောင်ကြွက်ဘဝကို သနားမိသည်။

နှောင်းငယ်သည် လက်ကိုင်ပဝါ အဖျားစကို ကိုက်ထားလျက် မှိုင်မှိုင်ကလေး ဖြစ်သွားသည်ကို မြင်သောကြောင့် နွဲ့နွဲ့ယဉ်က မပီသသော အပြုံးဖြင့် 'ညည်းအစ်ကိုလာတော့ လာမှာပဲ နှောင်းငယ်၊ တစ်နေ့တော့ လာမှာပါပဲကွယ်' ဟုဆိုလိုက်သည်။

အဘွားကနက်ဖြန်၊ မမနွဲ့ကတစ်နေ့နေ့ဆို၍ နှောင်းငယ်သည်ခေါင်းကလေးစိုက်ကျသွားသည်။

မရေရာသော နေ့ရက်တွေကို စောင့်ကြည့်ရန် စိတ်မရှည်နိုင်တော့ဘဲ တွေ့ချင်မြင်ချင်စိတ်တွေဖြင့် ငိုင်ငိုင်ကလေးငြိမ်သက်နေသည်။

ခြံထဲကိုကားဝင်လာပြီး ကိုကျော်သူအိမ်ပေါ်သို့ ရောက်လာသည့်အခါ နှောင်းငယ်သည် မျက်လုံးကလေးပြူးကာ စိတ်အားထက်သန်စွာ ကြည့်မိသည်။

'နှောင်းငယ်ပါလားဟေ့'

ကိုကျော်သူက ပြုံး၍အော်ပြောလိုက်သည်။

'သူ့အစ်ကိုအကြောင်း လာမေးနေတယ်လေ'

နွဲ့နွဲ့ယဉ်က ကိုကျော်သူလက်ဆွဲအိတ်ကို လှမ်းယူကာ အသံပျော့ပျော့လေးဖြင့် ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'လှည်းတန်းတစ်ဝိုက်က ဝပ်ရှော့တွေနဲ့ခဲ့ပြီ၊ ဘယ်မှာမှမေး မရဘူး'

ကိုကျော်သူက နွဲ့နွဲ့ယဉ်ဘေးတွင် ဝင်ထိုင်ကာခြေကိုလျှော့ ဆန့်လျက် ပင်ပန်းလာသံဖြင့်ပြောသည်။

နွဲ့နွဲ့ယဉ်သည် ကိုကျော်သူကို မျက်မှောင်ကြုတ်၍ ပြောလိုက်သည်။

'ဂါတ်တိုင်ရရင် မကောင်းဘူးလားဟင်'

'ဒါလောက်စိတ်မပူပါနဲ့နွဲ့ရယ်၊ မကြာပါဘူး၊ သူပေါ်လာမှာပါ၊ ခဏစောင့်ကြည့်သေးတာပေါ့'

နွဲ့နွဲ့ယဉ် မျက်ရည်လည်လာသည်ကိုမြင်၍ နှောင်းငယ်လည်း မျက်ရည်ဝိုင်းလာသည်။

'ဟော. . . နှောင်းငယ်ငိုတော့မယ်၊ နှောင်းငယ်နင်ဘယ်နှခါ ငိုပြီးပြီလဲ. . . ပြောစမ်း'

ကိုကျော်သူက နှောင်းငယ်စိတ်ပြေပျောက်ရန် နှောင်းငယ်ကိုကျီစယ်လိုက်သည်။

နွဲ့နွဲ့ယဉ်ကသူ့မျက်ရည်ကို ပြန်၍ထိန်းကာ နှောင်းငယ်ကို ပြုံး၍ပြလိုက်သည်။

နှောင်းငယ်မှာ ကိုကျော်သူ ကျီစားတော့လည်း ရှက်သွားသည်။





လက်ကိုင်ပဝါလေးကို လက်ညှိုးတွင် ရစ်ပတ်ရင်း သူ့ကိုယ်ကလေးကလည်း လိုက်၍လူးလွန့်လိမ့်တွန့်နေပါလျက် ပါးစပ်ကလေးဟစိဟစိလုပ်ကာ မျက်လုံးမှ ကျလုလုမျက်ရည်ဥကို မကျစေရန် အားထုတ်ဖျောက်ဖျက်နေသည်။

နှောင်းငယ်ငိုမဲ့မဲ့ဖြင့် နွဲ့နွဲ့ယဉ်တို့ အိမ်မှထပြန်လာသည်။ အိမ်ရောက်မှ နေမထိထိုင်မထိဖြစ်လှ၍သူ့စိတ်၌ မင်းယဉ်လာအောင်မစောင့်နိုင်တော့ဘဲ မချောရီကို သွားမေးရန် ဆန္ဒပြင်းပြလာသည်။

'မိုးမိုးဆီမှာ စာအုပ်သွားယူမယ်'ဟု အဘွားကို ပြောကာ တစ်ခါက သူရောက်ဖူးသော မချောရီတို့ရပ်ကွက်ဘက်သို့ ထွက်လာခဲ့သည်။

မချောရီတို့အိမ်၌ မချောရီတို့ကို မတွေ့ရဘဲ လူသစ်များကိုသာတွေ့ရ၍ နှောင်းငယ်ခေါင်းကြီးသွားသည်။

မချောရီတို့နှင့်အတူ မင်းယဉ်ပါသွားပြီ ထင်လိုက်ကာ သူ့ကို ညာသွားရက်လေခြင်းဟု ကြေကွဲဝမ်းနည်းစိတ်တို့ဖြင့် ရင်ကလေး သိမ့်သိမ့်ခါအောင် နာကျင်သွားသည်။

လမ်းထဲတွင်အိမ်သို့အမြဲလာနေကျ အနှိပ်သည်မိန်းမကြီး ဒေါ်ပုနှင့်တွေ့သည်။

နှောင်းငယ်ကို ဒီလမ်းထဲဘာလာလုပ်သလဲဟု ဒေါ်ပုက မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



နှောင်းငယ်က ဒေါ်ပုသိလိုသိဖြား မချောရီတို့ ဘယ်ပြောင်းသွားသလဲ မေးမြန်းသည်။

'အကြီးမသိဘူး၊ ဒီအရပ်ထဲ သူတို့နဲ့ဆက်ဆံတာ ဘယ်သူမှ မရှိဘူး၊ ကျင်မြိုင့် ကုန်စုံဆိုင်ပဲ သူတို့နဲ့အဆက်အဆံရှိတယ်'

နှောင်းငယ်သည် ဒေါ်ကျင်မြိုင့်ဈေးဆိုင်ရှိရာသို့ မေးမြန်းပြီး ဆက်လိုက်သွားသည်။

ကုန်စုံဆိုင်ထဲ၌ ဒေါ်ကျင်မြိုင်သည် အုန်းဆံကြိုးခွေများကိုချိန်ရန် ချိန်ခွင်ပေါ်သို့တင်နေရင်း 'ဘာလိုချင်သလဲကလေးမ' ဟု နှောင်းငယ်ကို လှမ်းမေးလိုက်သည်။

ဆိုင်ထဲ၌အုန်းဆံကြိုးခွေ လာဝယ်သူ အသက်ငါးဆယ်ခန့် လူကြီးတစ်ယောက်သာရှိကာ လူရှင်းနေသည်။

နှောင်းငယ်က ချိန်ခွင်နားသို့ တိုးကပ်လျက်ပြောသည်။

'ဟိုဘက်လမ်းက မချောရီတို့ သားအဖဘယ်ပြောင်းသွားသလဲ သိချင်လို့ အဒေါ်များသိသလားလို့ လာမေးတာပါ'

ချိန်ခွင်ရှေ့၌ရပ်နေသော လူကြီးက နှောင်းငယ်ကို ဖျတ်ခနဲလှည့်ကြည့်လိုက်သည်။

ဒေါ်ကျင်မြိုင်သည် လက်ထဲကအလေးကို ချိန်ခွင်ပေါ်၌ မတင်သေးဘဲ ချိန်ခွင်ကြိုးကိုဆုပ်ကာ နှောင်းငယ်အား ခပ်စူးစူး ပြန်ကြည့်သည်။





'ဘာကိစ္စရှိလို့လဲ ကလေးမ'

'သူတို့သားအဖပြောင်းတဲ့နေရာကို ကျွန်မသိချင်လို့ပါရှင်'

'သားအဖမဟုတ်ဘူးကွယ်၊ သူတို့ကလင်မယားကွ'

အုန်းဆံကြိုးလာဝယ်သော လူကြီးက နှောင်းငယ်ဘက်သို့ လှည့်၍ ခပ်ပြုံးပြုံးပြောလိုက်သည်။

'ရှင်. . . အော်. . . ဟင်. . . သားအဖမဟုတ်ဘူးလား'

နှောင်းငယ်၏ မျက်လုံးကလေးတွေမှာ ဝိုင်းဝိုင်းလည်နေလျက် ရင်ဖိုကာ အံ့အားသင့်နေသည်။

'ဟင်. . . လင်မယားလား ဦးစိန်ရယ်'

ဒေါ်ကျင်မြိုင်က ချိန်ခွင်ကြိုးကို လွှတ်လိုက်ကာ အံ့ဩဟန်ဖြင့် လှမ်းမေးသည်။

'လင်မယားဗျ၊ ဟို. . . အင်းစိန်ဘက်က ဒီပြောင်းလာတာ ဘာကြာသေးသလဲ၊ ဒီလူ့အကြောင်းကို သိတဲ့လူတစ်ယောက်က ကြာဆံဖိုမှာ ရှိတယ်၊ သူတို့ပြောင်းလာပြီး ကြာဆံဖိုက အလုပ်သမားက ကျွန်တော့်သားကို ပြောပြတယ်၊ ဒီလူဟာ ဘုရားပွဲဈေးတိုင်းမှာ ဘူးသီးကြော်ဆိုင်ထွက်ပြီး သူ့ဆိုင်မှာ ကာလသားတွေအုံအောင် သူ့မယားကလေးကို သူ့သမီးလုပ်ပြီး ရောင်းခိုင်းသတဲ့'

ဦးစိန်ကပြောပြီး တဟားဟားရယ်မောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

|၁၈|

နှောင်းငယ်မှာ သူကြားရသော စကားဖြင့် သူ့တစ်ကိုယ်လုံး ထုံထိုင်း အေးစက်သွားသည်။

မလှုပ်ရှားနိုင်အောင်ဖြစ်လျက် မျက်တောင်မခတ်ဘဲ ငေး မော၍ နားထောင်နေသည်။

'ကောင်မလေးက ပြောတော့ သူ့မွေးစားအဖေတဲ့၊ အရင် က ဝပ်ရှော့မှာမက္ကင်းနစ်လုပ်တယ်ဆိုလား ဘာဆိုလား'

ဒေါ်ကျင်မြိုင်က သူ့အသိကိုထုတ်ဖော်၍ပြောကာ အံ့ဩ လျက်ရှိသည်။

'ဘယ်ကမက္ကင်းနစ်ကမှာလဲ၊ ဒီပြောင်းလာခါစက အလုပ် မရှိတော့ဒီလိုပဲ သတင်းလွှင့်တယ်၊ ကြာဆံဖိုက လူနဲ့ဟိုတုန်းက



ဝပ်ရှော့တစ်ခုမှာ အလုပ်ကြမ်း နေ့စားဝင်လုပ်ကြဖူးသတဲ့၊ ဒီပြောင်းလာပြီး မကြာပါဘူး၊ သူ့တို့အိမ်ကို သူငယ်တစ်ယောက် အဝင်အထွက်ရှိနေတော့ ဒီလူ့အကြောင်းကြာဆံဖိုက သိခဲ့ရသတဲ့၊ ကျွန်တော့်သားက ဝင်တာထွက်တာရိုးရိုးမှ ဟုတ်ရဲ့လားထင်ပြီး တစ်ည သူ့အပေါင်းအဖော်တွေနဲ့ အိမ်ကိုခဲနဲ့ပစ်သတဲ့၊ တစ်ည ပဲ ပေါက်ရတယ်။ သူ့တို့အကြောင်းတွေ ပေါ်ကုန်မှာစိုးလို့ ထင်ပါရဲ့၊ အရပ်ကချက်ချင်းလစ်ပြေးကြတာပဲ'

ဦးစိန်၏ရယ်သံများသည် ဆိုင်ထဲတွင် ဖုံးလွှမ်းသွားသည်။

နှောင်းငယ်မှာ ရင်တဆတ်ဆတ်ခုန်လျက် ငိုတော့မည့် အသွင် မျက်နှာကလေးမှာ မဲ့တဲ့တဲ့ဖြစ်နေသည်။

'အဲဒီသူငယ်နဲ့ပဲတူတယ်၊ ညကြီး ဆယ်နာရီလောက် ကျွန်မ ဆီမှာ သူတို့ဘယ်ပြောင်းသလဲ လာမေးတယ်'

' သူပဲအဒေါ်. . . သူပဲ ကျွန်မအစ်ကို'

နှောင်းငယ်က မဆိုင်းမတွ ဒရောသောပါး ဝင်ပြောလိုက် သည်။

ဒေါ်ကျင်မြိုင်နှင့်ဦးစိန်တို့ အံ့အားသင့်စွာဖြင့် နှောင်းငယ် ကို ပြိုင်တူကြည့်လိုက်ကြသည်။

'ဩော်. . . ကလေးမ အစ်ကိုလား၊ အဒေါ့်ဆီလာပြီး ဟယ်းပျာယာလာမေးတော့ အဒေါ်ကသူတို့ပြောင်းတဲ့ နေရာ သိဘဲ၊ တစ်ခါတုန်းက . . . ကောင်မလေးက ပြောက်ကြည့်လာ



www.burmeseclassic.com

www.burmeseclassic.com



ရထားလမ်းဘေးမှာ ပြောင်းမလို့ အိမ်ရှာနေတယ် ပြောဖူးလို့ သတိရပြီး သူငယ်ကို ပြောလိုက်သေးတယ်'

'အဲဒီနေရာကို သူလိုက်သွားသလား အဒေါ်'

နှောင်းငယ်သည် ကုပ်ပေါ်ကဆံပင်ကလေးခါသွားအောင် ခပ်သွက်သွက် မေးလိုက်သည်။

'လိုက်သွားသလား မသွားသလားတော့မသိဘူး၊ နို့... အခု ညည်းအစ်ကိုက အိမ်မှာမရှိလို့လား'

နှောင်းငယ်က ခေါင်းခါယမ်းလျက်ဖြင့် မရှိကြောင်းပြော သည်။

'မြောက်ဥက္ကလာပြောင်းတာတော့ ကျုပ်မသိဘူး၊ မင်္ဂလာဒုံ ဘူတာရုံမှာတော့ ညနေဘက် ဘူးသီးကြော်ဆိုင်ထွက်နေတယ်၊ မြင့်တဲ့သူက မြင်ခဲ့တယ်'

ဦးစိန်က သူကြားရသောသတင်းကို ပြော၍ပြသည်။

နှောင်းငယ်သည် ဆိုင်ထဲ၌ သူကြာရှည်ဆက်၍နေလျှင် ငိုမိတော့မည်ဖြစ်၍ ဆိုင်ရှင်ကို ကျေးဇူးတင်စကားပြောကာ ဆိုင်ထဲမှ အမြန်ပြန်ထွက်ခဲ့လာသည်။

သူတို့ လင်မယားမှန်းမှ အစ်ကိုသိပါလေရဲ့ကလားဟု နှောင်းငယ်ပူပန်သောစိတ်နှင့် ဆောက်တည်ရာမရအောင် ရင်ပူ လာသည်။





မင်းယဉ်သူတို့ကို တွေ့သွားလေပြီလား၊ မင်းယဉ်သူတို့နှင့် အတူရှိမရှိ၊ သိချင်သောစိတ်သည် ဆိုင်းမရ တားမရအောင် ဖြစ်သည်။

သားအဖဟန်ဆောင်လျက်မင်းယဉ်ကို ဘယ်ပုံဘယ်နည်း လှည့်ဖြားနေကြမလဲဟု တွေးပင်မတွေးဝံ့အောင် ဖြစ်သည်။

မင်းယဉ်ကို အမြန်တွေ့ချင်ကာ သူသိသော သတင်းကို ပြောပြမှ ဖြစ်တော့မည်။

နောက်တစ်နေ့ညနေ ကျောင်းဆင်းချိန်၌ နှောင်းငယ်သည် အိမ်သို့မပြန်ဘဲ သူငယ်ချင်းမိုးမိုးနှင့် ကျောင်းသူမလေး နှစ်ယောက်ကိုပါ အဖော်ခေါ်ကာ ကံဘဲ့ဘူတာမှ မင်္ဂလာဒုံ ဘူတာကို ရထားစီးသွားကြသည်။

မင်းယဉ်အတွက် စိတ်ပူလွန်း၍ စွန့်စားလာခဲ့ခြင်းဖြစ် သည်။

မင်္ဂလာဒုံဘူတာ၌ မချောရီတို့ ဘူးသီးကြော်ဆိုင်ကိုရှာပြီး ဆိုင်၌ မင်းယဉ်ရှိမရှိကြည့်ရန်၊ အကယ်၍ မင်းယဉ်မရှိလျှင် မင်းယဉ်သတင်းကိုစုံစမ်းရန် ကြံစည်စိတ်ကူးလျက် သူတို့အိမ်က ဘယ်သူမျှမသိအောင် တိတ်တိတ်ခိုး၍ လာခဲ့သည်။

မင်္ဂလာဒုံဘူတာရုံ ပလက်ဖောင်းပေါ်၌ မချောရီတို့ ဘူး သီးကြော်ဆိုင်ကို လိုက်ရှာကြသည်။

ဆိုင်ကိုရှာမတွေ့၍ ဦးစိန်ပြောတာ ဟုတ်မှဟုတ်ရဲ့လားဟု



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှုပ်သွားသည်။

မီးရထားတံတားတစ်ဖက်မှ ဈေးတန်းကြီးကို မြင်လိုက်တော့မှ ပလက်ဖောင်းပေါ်က ဆင်းလိုက်ကြကာ ဈေးတန်းရှိရာသို့ လျှောက်ကြည့်ကြသည်။

ဈေးတန်းအဆုံး မချောရီတို့ ဘူးသီးကြော်ဆိုင်ကို ခပ်လှမ်းလှမ်းမှ လှမ်းမြင်နေရသည်။

နှောင်းငယ်က သူ့အဖော်တွေကို ဟိုမှာဟိုမှာဆို၍ မေးထိုးပြလိုက်သည်။

'ရွှေရွှေကလေးဘူးသီးကြော်' စာတန်းကိုဆိုင်ရှေ့၌ ချိတ်လျက် အင်္ကျီအနီ လုံချည်အနီနှင့် ရဲရဲတောက်နေသော မချောရီကို တွေ့လိုက်ရသည်။

| ၁၉ |

ပေါင်ဒါဖွေးဖွေး၊ နှုတ်ခမ်းရဲရဲနှင့် မချောရီ၏အလှမှာ နေရောင်တွင် ထင်းနေအောင်ပေါ်လွင်နေသည်။

မချောရီက နှောင်းငယ်တို့ကို မမြင်သေး။

သူ့ရှေ့၌ဖင်ထိုင်ခုံကလေးများတွင် ခုံအပြည့် ထိုင်စားနေကြသော ကာလသားများကို တစ်ပွဲပြီးတစ်ပွဲပြင်ထည့်ပေးနေသည်။

နှောင်းငယ်သည် မချောရီကိုမြင်မြင်ချင်း မင်းယဉ်ဆိုင်၌ရှိမရှိအဝေးကပင် မျက်လုံးချာချာလည်၍ ရှာကြည့်လာသည်။

အနားၡ မင်းယဉ်ကို မတွေ့ရဘဲ ဦးအောင်ထွန်းသော

www.burmeseclassic.com

www.burmeseclassic.com



အကျီမဝတ်ဘဲ ကိုယ်တုံးလုံးဖြင့် ဆိုင်ဘေးတွင် ဘူးသီးထိုင်ကြော်နေသည်။

ဆိုင်နားသို့ရောက်လာ၍ နှောင်းငယ်မှာ တန့်သွားကာ သွားမေးရန်ပင် မမေးဝံ့သလို ရွံ့နေသည်။

ဆိုင်တွင်ထိုင်စားနေကြသော လူငယ်လူရွယ်တွေက ဆိုင်နားသို့ရောက်လာသော နှောင်းငယ်တို့ ကျောင်းသူတစ်စုကို မော့ကြည့်ကြမှ မချောရီမှာ နှောင်းငယ်ကိုမြင်သွားသည်။

နှောင်းငယ်မှာ ရင်ခုန်လွန်း၍ သူ့ရင်ကိုမခုန်စေရန် တတ်နိုင်သမျှကြိုးစား၍ စိတ်ကိုချုပ်သည်။ မချောရီကို သူကြောက်လာသည်။

ဘာ့ကြောင့်ကြောက်ရမှန်း သူ့ဟာသူမသိ။ ကြောက်ကြောက်ဖြင့် မချောရီအနားသို့တိုးကပ်သွားသည်။ သူ့နောက်မှ ကျောင်းသူတစ်စုကပ်ပါလာသည်။

နှောင်းငယ်သည် မချောရီကို ဝမ်းထဲကမပါဘဲ ယဲ့ယဲ့က လေး ပြုံးပြလိုက်သည်။

မချောရီက ပြန်ပြုံးဖို့ဝေးစွ။

'ဘယ်လောက်ဖိုးလဲ' ဟု နှောင်းငယ်ကို ခပ်တည်တည် လှမ်းမေးသည်။

'မမ. . . အစ်ကိုဘယ်မှာရှိသလဲ၊ အစ်ကိုနဲ့တွေ့ချင်လို့'

နှောင်းငယ်သည်အသံတုန်တုန်ဖြင့် မရဲတရဲကပ်မေးလိုက်





သည်။

မချောရီသည် နှောင်းငယ်ကို တစ်ခါမျှ မမြင်ဖူးသလို ခပ်စိန်းစိန်းကြည့်ပြီးမှ အံ့သြဟန်ဖြင့် ခပ်ဆိုင်းဆိုင်းပြန်၍ ပြောသည်။

'ငါ့ညီမ လူမှားနေပြီ၊ ညည်းမေးတာတွေ ငါမသိဘူး၊ ညည်းသိချင်တာ တခြားမှာသွားရှာကြည့်ဦး'

နှောင်းငယ်သည် သူ့ကိုသူမှန်းသိပါလျက်နှင့် မသိချင်ယောင်ဆောင်ကာ ဘူးကွယ်နေ၍ ရုတ်ခြည်း နှုတ်ခမ်းကလေးစူသွားကာ မချောရီအစား သူကပြန်၍ရှက်မိသည်။

ရှက်ရှက်ဖြင့် ရင်ထဲ၌အောင့်လာသည်။

ရွံ့ရှာမှန်းတီးသော အကြည့်ဖြင့် မချောရီကို ပြန်ကြည့်လိုက်မိသည်။

ဘူးသီးကြော်စားနေသော လူငယ်တစ်စုသည် ဘူးသီးကြော်မစားဘဲ နှောင်းငယ်တို့တစ်စုကိုသာ သဲသဲမဲမဲ ဝိုင်းကြည့်နေကြသည်။

ထိုအချိန် နောက်ထပ်စားရန် လူငယ်နှစ်ယောက် နှောင်းငယ်တို့ နောက်ပါး၌ ရောက်လာသည်။

ဦးအောင်ထွန်း၏ မျက်လုံးသည်ဒယ်အိုးထဲက ဘူးသီးကြော်ကို မကြည့်ဘဲ နှောင်းငယ်တို့ကို တစ်ချိန်လုံး သဲသဲမဲကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နှောင်းငယ်မျက်နှာပျက်တာ မြင်လျှင်မြင်ချင်း အသံကျယ်ကျယ်ဖြင့် အော်ငေါက်ပစ်လိုက်သည်။

'ဟဲ့. . သမီး၊ နောက်က စားမယ့်လူတွေခေါ်လေ'

နှောင်းငယ်တို့ကိုမဲ၍ ဦးအောင်ထွန်း ငေါက်လိုက်မှန်း မချောရီက သိသည်။

မချောရီသည် နှောင်းငယ်တို့ကို လှည့်၍အဖက်မလုပ်တော့ဘဲ သူ့အနားမှ ခွေးခြေနှစ်လုံးကို သူ့ဘေးတွင်စီခင်းပြီး လူငယ်နှစ်ယောက်ကို နေရာပေးလိုက်သည်။

နှောင်းငယ်မှာ သူ့အား မျက်နှာပြောင်တိုက်ကာ ဘူးကွယ်လျက် အဖက်မလုပ်ဘဲနေခြင်းကို မခံချင်လှ၍ မျက်နှာကလေးနီရဲနေသည်။

မချောရီက မျက်နှာလွှဲသွားရုံမက ဦးအောင်ထွန်းပင် နေရာကထလာ၍ နှောင်းငယ်ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။

နှောင်းငယ်သည် ရှိရှိသမျှ လူအများသိစေ ကြားစေအောင် ဟစ်အော်၍ ဖော်ထုတ်လိုက်ချင်သည်။

'သားအဖမဟုတ်ဘူးရှင်တို့၊ လင်မယား'

ဤသို့ အော်ဟစ်လိုက်ချင်သည်။

ဦးအောင်ထွန်းထလာ၍ မိမိ၏ မျက်မှောက်အခြေအနေတိုရိပ်မိသည်နှင့် နှောင်းငယ်မှာ မျက်လုံးများပြာဝေသွားမယောင်ဖြစ်သွားသည်။





နှောင်းငယ်သည် အဖော်တစ်စုနှင့် ဆိုင်မှပြန်ထွက်လာခဲ့သည်။

ရင်ထဲ၌ တဖျပ်ဖျပ်ခုန်နေလျက် လမ်းမလျှောက်တတ်အောင် ဒူးယိုင်လာသည်။

မိုးမိုးတို့ သူ့ကို ဘာပြောလိုက်ကြမှန်းကိုမျှ နားမကြား၊ မျက်လုံးတွေပြာလျက် တစ်ကိုယ်လုံးမွန်ထူလာသည်။

နောက်ကကျားလိုက်သကဲ့သို့ မင်္ဂလာဒုံမှထွက်မည့်ရထားပေါ်သို့ ကယောင်ကတမ်း အပြေးတက်ခဲ့ကြသည်။

မင်္ဂလာဒုံမှ နှောင်းငယ်ပြန်လာပြီးနောက် နှောင်းငယ်တစ်မျိုးဖြစ်နေသည်။ လူကြီးများမသိအောင် လျှို့ဝှက်ချက်တစ်ခုသူလုပ်ထားသကဲ့သို့ အခြေပျက်နေကာ သူ့အမူပေါ်မှာကြောက်လန့်စိုးရိမ်နေသည်။

သူ့မျက်နှာပေါ်တွင် တွေဝေငေးငိုင်နေသော အရိပ်အယောင်များ ပေါ်လွင်နေသည်။

နှောင်းငယ်မူပျက်နေမှန်း အဘွားဒေါ်လှရင်က သတိပြုမိသည်။

မျက်နှာကမရွှင်လန်း၊ ခါတိုင်းမျက်နှာကလေးနှင့် မတူဘဲ စိတ်ကောက်မှိုင်းညို့လျက်ရှိသောမျက်နှာ၊ ဘာကိုမျှ သူစိတ်တိုင်းမကျ စိတ်အလိုမပြည့်ဟန် အမြဲရှိနေသည်။

ဆံပင်ဖြီးရင်း ဘီးနှင့်စိတ်ဆိုးနေသည်။ စာကျက်သာရေး



www.burmeseclassic.com

www.burmeseclassic.com



နေရင်း ဖောင်တိန်နှင့်ရန်ဖြစ်ကြသည်။

ဘုရားဝေယျာဝစ္စ၊ ပန်းကပ်၊ ရေချမ်းလဲ၊ ဆွမ်းတော်တင်၊ ဆီမီးထွန်း အဘွားပြုနေကျဝတ်ကို သူကဝင်၍ မပျက်မကွက် ပြုလုပ်နေသည်။

ဘုရားရှေ့၌ လက်အုပ်ကလေးချီလျက် မျက်လုံးကလေး ဝိတ်ကာ ပါးစပ်မှအသံမထွက်ဘဲ ဆီမန်းမန်းသလို တွတ်တွတ် ထိုးလျက် တော်တော်နှင့်မပြီးအောင် ဖြစ်နေပုံကို အဘွားက တစေ့တစောင်းကြည့်သည်။

မင်းယဉ်အတွက် ဆုတောင်းနေမှန်းသိ၍ အဘွားသည် သက်ပြင်းကိုရှိုက်ပြီးလျှင် မသိချင်ယောင် ဆောင်နေလိုက်သည်။

သူ့တစ်ယောက်တည်းဆိုလျှင် နှောင်းငယ်သည် ငေးငိုင် နေလျက်က နှုတ်ခမ်းကလေး တဖြည်းဖြည်းစူလာပြီး တစ် ယောက်တည်းကျိတ်၍ ဒေါသဖြစ်နေသည်။

လူမသိအောင်ခိုး၍ ငိုခြင်းကလည်း အကြိမ်များစွာပင်။

မချောရီတို့ လင်မယားပေါ်၌ဖြစ်ရသော ဒေါသစိတ်၊ မင်းယဉ်ပေါ်၌ဖြစ်ရသော ရင်ထုမနာစိတ်တို့ စုပေါင်း၍ ဖြစ် ပေါ်လာသည့်အခါ၌ သူ့နှလုံးသားလေးမှာ ဆတ်ဆတ်ခါအောင် နာကျင်သွားလျက် ဝမ်းနည်းကြေကွဲစိတ်တို့ တစိမ့်စိမ့်ဝါးမျိုလာ သည်။

နှောင်းငယ်သည် စီးကျလာသော မျက်ရည်များကိုတွင်တွင်





သုတ်ပစ်နေသည်။

သူ့များမယားမှန်း မသိဘဲ ယစ်မူးနေသော မင်းယဉ်၏ အဖြစ်မှာ ရွံ့ရှာဖွယ်ကောင်း၍ ဤအဖြစ်သည် သူမှတစ်ပါး မည်သူမျှ သိဖို့မကောင်းဟု သူ့စိတ်၌ထင်မိသည်။

‘ညည်းအစ်ကိုသတင်း ကြားရအောင် နွဲ့တို့အိမ်သွားမေးပါ ဦးလား’

အဘွားဒေါ်လှရင်က နှောင်းငယ်ကို ကြည့်ရတာမူမမှန် ၍ စိတ်ကောင်းအောင် ချော့ပြောသည်။

‘မသွားချင်ပါဘူးအဘွား’

နှောင်းငယ်က မာဆတ်ဆတ်ကလေးပြန်ပြောသည်။

‘ဘာဖြစ်လို့လဲဟဲ့’

‘နေပေစေအဘွား၊ အစ်ကိုမလာချင်လည်းနေပစေ၊ မမေး ချင်ဘူး’

နှောင်းငယ်သည် သူ့မျက်လုံး၌ မျက်ရည်များဝဲလာခြင်း ကို အဘွားမမြင်စေရန် ချက်ချင်းနေရာမှ ထသွားသည်။

မင်းယဉ်ကိုသတိရစိတ်တွေ မမျိုသိပ်နိုင်အောင် ဖြစ်လာ သည်။

သူ့အစ်ကို ဘယ်မှာရှိမှန်းလည်းသူမသိ။

အဘွားဒေါ်လှရင်သည် နှောင်းငယ်ထသွားခြင်းကိုကြည့်



www.burmeseclassic.com

www.burmeseclassic.com



လျက် စဉ်းစားမိသည်။

မင်းယဉ်ထွက်သွားစ ရက်များက မနေတတ်မထိုင်တတ် ဖြစ်အောင် မင်းယဉ်ကို တသလွမ်းဆွတ်ခြင်းရှိလျက် ယခု ရက်ကြာညောင်းလာသည့်အခါ၌ မင်းယဉ်ကိုစိတ်နာကြည်းဟန် တွေ့နေရသည်။

လူငယ်လူရွယ်တို့၏ သဘောသကန် သည်အတိုင်း ဖြစ်ရမည်ဟု တွေးတောလိုက်မိသည်။

'နှောင်းငယ်တော့ သူ့အစ်ကိုသူ့ဆီမလာတာ စိတ်ကောက်နေတယ်၊ ခုတလော သူ့အစ်ကိုအကြောင်းပြောရင် ပြန်ပြောဖော်တောင်မရတော့ဘူး၊ ထသွားတာပဲ'

ခြံစည်းရိုးတွင် အဘွားဒေါ်လှရင်က တစ်ဖက်ခြံမှ ဒေါ်သိန်းမေကို စိတ်မကောင်းစွာ ပြောပြနေသည်။

[၂၀]

နီနီ့ဖခင် ဦးဝင်းဖေ ရေးပို့လိုက်သော နားဖောက်စာဖြင့် မှုမှုမိဘများက ကိုခင်ယုကို တွေ့ချင်မြင်ချင်နေကြသည်။ ဦးဝင်းဖေ၏ ထောက်ခံချက်ထဲ၌ လူရိုးလူကောင်းဟုပါရှိ၍ ခုခေတ်ကြီးထဲ၌ လူရိုးလူကောင်း ရှားလှတယ်ဆိုသော အယူအဆဖြင့်လူမမြင်ရ သေးခင်ကပင်သမီးနှင့်ကျေနပ်ကြည်ဖြူ သဘောတူနေကြသည်။

မှုမှုနှင့်ကိုခင်ယုတို့ သန်လျင်သို့ ထွက်သွားကြသည်။ သမီး ချောရွေးချယ်သော ချစ်သူကိုငြင်းပယ်စရာမရှိ၊ သဘောတူကြည်ဖြူကြောင်း မှုမှုမိဘများ၏ခွင့်ပြုချက်ကို ရယူခဲ့ရ၍ ကိုခင်ယု တစ်သက်တာလုံးသွားရမည့် ဘဝခရီးတွင် အဖုအထစ်မရှိ၊ ပကတိ ဖြောင့်ဖြူးချောမွေ့လာခြင်းကြောင့် စိတ်ချမ်းမြေ့လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သန်လျင်မှအပြန် သင်္ဘောပေါ်တွင် တည်းညည်းတိုက်ခတ်နေသော လေပြည်လေအေးတို့သည် ကိုခင်ယု၏ရင်ကို ပိုမို၍ အေးမြစေသည်။

နေရောင်ကား မဝင့်တဝင့်၊ ဆည်းဆာရောင်ထဲ၌ လှ၍နေသောမူမူ့ကို မြတ်နိုးစွာ ပြုံးကြည့်သည်။

မူမူသည် သင်္ဘောဘေးတွင် ပျော်မြူးလိုက်ပါလာကြသော စင်ရော်ငှက်ကလေးများကို ငေးကြည့်ရာမှ ကိုခင်ယုဘက်သို့ လှည့်လာပြီး ပြန်၍ပြုံးပြလိုက်သည်။

'နီနီ့ကို ကျေးဇူးတင်ရမယ်၊ သူ့ဆောင်ကြဉ်းပေးပေလို့၊ အန်ကယ့်နားဖောက်စာကြောင့် ကိုယ်တို့မြန်မြန် ဟန်ကျလာတာနော်'

ကိုခင်ယုက ညင်းညံ့သောအသံဖြင့် ရွှင်အားရရပြောနေသည်။

'နီနီ့ဖေဖေကို မေမေတို့ဆီ စာရေးဖို့ အကြံပေးတဲ့ မမစောရဲ့ ကျေးဇူးလည်းပါပါတယ်'

မူမူက ကိုခင်ယု၏ လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး ကိုခင်ယုနှင့် ထိကပ်လုနီး တိုးကပ်လျက် ဝမ်းသာလှိုက်လှဲသော အသံကလေးဖြင့် ပြန်ပြီးပြောသည်။

ဆည်းဆာရောင်ပျပျ၊ မူမူ၏ ပါးကလေးမှာ နီထွေးနေကာဆံနွယ်ကလေးတွေက နဖူးပြင်တွင် လှပစွာဖွာလွင့်နေကြ





သည်။

'ကိုယ်တို့ရုံးမှာ လက်ထပ်မယ့်နေ့ကျရင် အသိသက်သေအဖြစ် လက်မှတ်ထိုးဖို့အတွက် ကိုကျော်သူတို့လင်မယားကို ဖိတ်ရမယ်'

မူမူကအပြုံးမပျက် ခေါင်းကလေးညိတ်ပြလျက်ရင်ထဲတွင် ဖို၍သွားသည်။

သန်လျင်ကိုသူနှင့်သွားရန် ကိုကျော်သူမည်မျှစိုင်းပြင်းခဲ့ပုံများကို ပြန်၍သတိရမိသည်။

သန်လျင်ခရီးကို ကိုကျော်သူနှင့် မသွားဖြစ်ပဲ ကိုခင်ယုနှင့်လာခဲ့ကြရသည့်အတွက် ဖန်လာသောသူ့ဖူးစာကို ကျေနပ်ကာ တစိမ့်စိမ့် ကြည်နူးမိသည်။

'ကိုယ်တို့လာမယ့်မနက်ကပဲ ကျော်သူ့ဆီကဖုန်းလာတယ်၊ သူ့မိန်းမကလေးပျက်ကျသွားပြီး နေမကောင်းဘူးတဲ့၊ သူ့ယောက်ဖလေးလည်းအိမ်ကထွက်ပြေးဆိုလား၊ ဒီကောင်သူ့မိန်းမအတွက် အတော် စိတ်မကောင်းဖြစ်နေပုံရတယ်'

ကိုခင်ယုသည်ပြောပြီး သူ့ဟာသူ သူ့စိတ်ထဲ၌ကျိတ်၍ ဝမ်းသာလိုက်သည်။

ကွာမယ် ရှင်းမယ်လုပ်တဲ့အကောင်၊ အခုတော့ နေရာကျသွားပြီဟု သူ့အတွေးနှင့်သူကျေနပ်ကာ ပြုံးနေသည်။

ကလေးပျက်သွားသည်ဆို၍ မူမူ့မှာအံ့ဩရသည်နှင့်အမျ



www.burmeseclassic.com

www.burmeseclassic.com



သူ့ဇနီးအတွက် အတော်စိတ်မကောင်း ဖြစ်နေသည်ဆို၍အလွန် ဝမ်းသာရသည်။

လင်မယား မကွာမရှင်းဖြစ်ကြဘဲ သေတစ်ပန် သက်တစ်ဆုံး ပေါင်းသင်းနိုင်ကြစေရန် ထာဝရမြင်လိုစိတ်ဖြစ်မိသည်။

သူ့မယားကိုကွာရှင်းပြီး သူ့ကိုလက်ထပ်ခွင့်ပြုရန် တောင်းဆိုသော ကိုကျော်သူ၏ဆန္ဒကို လွဲမှားစွာလိုက်လျောမိခဲ့ပါလျှင် သူ့မိန်းမ မည်မျှဒုက္ခဖြစ်ရှာမည်ကိုတွေးဆကြည့်လျက် ကိုကျော်သူ့ဇနီးအပေါ်၌ စာနာစိတ်တွေ တဖွားဖွားဖြင့် အကြင်နာပွားလာမိသည်။

ကိုကျော်သူ့မိန်းမ ဘဝတစ်သက်တာတွင် ဤဒုက္ခမျိုးထပ်၍ မတွေ့ပါစေနှင့်၊ သူ့ဘဝ တစ်သက်တာ၌လည်း ဤဒုက္ခမျိုးမကြုံလာပါစေနှင့်ဟု စိတ်ထဲက မူမူဆုတောင်းမိသည်။

သူ့အားတစိမ့်စိမ့်ကြည့်နေသော ကိုခင်ယုကို ပြန်၍ကြည့်ရှုသော အကြည့်မှာအားပျော့နေသည်။

သူ့စိတ်၌ မလုံမလဲဖြစ်နေ၍သည်။

သားမယားရှိလျက် မတည်ကြည်သော သူ့သူငယ်ချင်းအကြောင်းကို လုံးဝမသိရှာသေးသည့် ကိုခင်ယုအားဖုံးကွယ်၍ထားရမည့်တစ်ချိန်လုံး သူ့မှာမည်မျှ စိတ်ကျဉ်းကျပ်နေမည်ကို တွေးမိသည်။

'ကိုယ်တို့ ကျော်သူတို့အိမ်ကို နက်ဖြန်သွားရအောင်နော်၊





နက်ဖြန်ဆန်းဒေး၊ သူအိမ်မှာရှိမယ်'

သူ့ထံသို့ ကမ်းလာသောလက်ကို လှမ်း၍ကိုင်လျက် မူမူတသွားလေဟု ပြင်သာစွာ ပြန်၍ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

# |၂၀|

နွဲ့နွဲ့ယဉ်တို့ အိမ်ရှေ့၌ ဂျစ်ကားတစ်စီး ထိုးဆိုက်လိုက်သည်။

နှောင်းငယ်သည် အိမ်ရှေ့မှကားရပ်သံကြား၍လမ်းမပေါ် သို့လှမ်းကြည့်သည်။

မင်းယဉ်သည်သူ့ခြေတစ်ဖက်၌ ဒူးဆစ်အထိ ကျောက်ပတ်တီးပတ်ထားလျက် ချိုင်းထောက်တစ်ဖက်ဖြင့်ကားပေါ်မှ ဆင်းလာသည်။

မင်းယဉ်ကို ချိုင်းထောက်ဖြင့်မြင်လျှင်မြင်ချင်း နှောင်းငယ်မှာ သတိလွှင့်စဉ်ကာ ကြက်သေသေသွားလေသည်။

မင်းယဉ်ကိုဆေးရုံမှလိုက်ပို့သော ဆရာဝန်မိတ်ဆွေကား ပြန်ထွက်သွားမှ မင်းယဉ်သည် ခေါင်းငုံ့ချလျက် ခြံထဲသို့ တစ်



လှမ်းချင်းလှမ်းဝင်လာသည်။

နှောင်းငယ်ကား သူ့အိမ်ပေါ်မှ အံ့သြထိတ်လန့်လျက် ကြက်သေသေနေဆဲပင်။

'ခုလိုသာ ကျောင်းဆက်မနေဘဲလေနေရင် တစ်နေ့မဟုတ်တာတွေ ဖြစ်ကိုလာမယ်၊ ကြည့်နေပါ'

ခြံထဲသို့ တစ်လှမ်းချင်းလှမ်းလာရင်း မင်းယဉ်၏ နားထဲ၌ နွဲ့နွဲ့ယဉ်၏အသံများကိုပြန်၍ဆူညံစွာကြားရသည်။ မင်းယဉ်မှာ ဤအသံဖြင့် တစ်လှမ်းချင်းလှမ်းလာရာက တုံ့ရပ်သွားသည်။

မဟုတ်တာတွေ ဖြစ်လာသော သူ့အဖြစ်ကို မြင်ကြ သိကြလျှင် သူ့မှာနေစရာမရှိအောင် ရှက်ရမည့်အတွက် ကြက်သီးတဖြန်းဖြန်းဖြင့် ကျောချမ်းလာသည်။

မင်းယဉ်မှာ သူ့ခြေလှမ်းကိုရှေ့သို့ဆက်မလှမ်းနိုင်အောင် ဖြစ်နေသည်။

အစ်မနှင့်ယောက်ဖအပေါ်၌ သူပြုလုပ်ခဲ့သော ပြစ်မှုအစွန်းအထင်းတို့သည် ရှေ့သို့ဆက်မလှမ်းဝံ့အောင် တားဆီးထားနေသည်။

အိမ်ထဲကလူများ အိမ်ရှေ့၌မရှိကြဘဲ နောက်ဖေး၌ရောက်နေကြ၍ အိမ်ရှေ့တွင် လူရိပ်လူယောင် မမြင်ရဘဲ တိတ်ဆိတ်ခနေသည်။

ဆယ်တန်းစာမေးပွဲ နှစ်ကြိမ်ကျတာနှင့်, စိတ်ပလတာ



www.burmeseclassic.com

www.burmeseclassic.com



အိမ်မကပ်ရာမှ ပရမ်းပတာ ဖြစ်ခဲ့ရသော သူ့အဖြစ်မှာ သူ့အစ်မသူ့ကို တင်ကြို၍ ပြောထားသည့်အတိုင်း မဟုတ်တာတွေ ဖြစ်ရလေခြင်းကြောင့် မင်းယဉ်၏ရင်ထဲ၌ ဂယက်လှိုင်း ရိုက်လျက် လှိုက်လှိုက်လှဲလှဲဝမ်းနည်းသွားသည်။

သူသာ ကျောင်းဆက်နေခဲ့ပါက ဤအဖြစ်ဆိုးနှင့်ကြုံစရာ အကြောင်းမရှိ၍ ကျောင်းဆက်မနေခဲ့တာ မှားလေစွဟုနောင်တရစွာဖြင့် ရင်နာလာသည်။

ချိုင်းထောက်နှင့် ရုပ်ပျက်ဆင်းပျက် ဖြစ်လာသော သူ့သဏ္ဌာန်ကို သူ့အစ်မမြင်မှာကို စိုးလာကာ အစ်မနှင့်မတွေ့ရဲအောင် ဖြစ်မိသည်။

'မင်းတော်တော်ဆိုးတဲ့အကောင်၊ မူမူခင်ယုရည်းစားကွ'

ကိုကျော်သူ့ အသံကလည်း နားထဲသို့ ကျယ်လောင်စွာ ရောက်လာသည်။

ယောက်ဖကို ချောက်ချလျက် အစ်မထံမှ ငွေယူခဲ့ကာ ဦးအောင်ထွန်းတို့ လင်မယားအား သွား၍ပေးအပ်ခဲ့မှုကို တွေးလိုက်မိ၍ သူ့ကိုယ်သူ ရွံရှာမုန်းတီးမိသော စိတ်များမှာ တူးခါးလာသည်။

သူလုပ်ခဲ့သော ပြစ်မှုအတွက် သူ့အပေါ်၌ သူခွင့်လွှတ်၍ မရနိုင်သောကြောင့် သူ့အပြစ်ကို သူခံချင်သောစိတ်မှာ တွန်းလှန်၍မရနိုင်အောင်ဖြစ်လာသည်။





မင်းယဉ်သည်အတန်ကြာ သူ့အိမ်ကိုစိုက်လျက်ရပ်ကြည့်နေသည်။

သူ့စိတ်၌ပြန်၍နောင်တရမှု၊ ကြေကွဲမှုအပေါင်းမှာ သူ့ရင်တွင်း၌ ပြည့်သိပ်လာကြသည်။

သူ့မျက်လုံးအစုံ၌ သူ့မယားမုန်း သိခဲ့ရခြင်း၊ အရှက်ကြီးစွာရခဲ့ခြင်း၊ ကံသီ၍ အသက်မသေမပျောက်ခဲ့ရခြင်း စသည်စသည်တို့သည်တစ်ခုချင်း အထင်ကရ ပြန်ပေါ်နေသည်။

သူပြန်လည်၍ မြင်ရကြားရသမျှ အပေါင်းတို့က သူ့အသည်းတွင် တစ်လွှာပြီးတစ်လွှာ တရိပ်ရိပ်မွှန်းနေကြကာ စိတ်ကို မထိန်းနိုင်လောက်အောင် ရင်ဆို့ကြေကွဲလာသည်။

'မမနွဲ့တို့ကို ဒုက္ခမပေးတော့ပါဘူး၊ မင်းယဉ်ဘဝ. . . . . မင်းယဉ်ဒုက္ခနဲ့ မင်းယဉ်ရှိပါစေတော့'

မင်းယဉ်သည် အင်အားကုန်ခန်းစွာဖြင့် နောက်ဆုံးတွင် စိတ်ထဲ၌ တုန်ယင်စွာ ရေရွတ်ပြောဆိုလိုက်ကာ လမ်းဘက်သို့ ပြန်ကွေ့လျက် တရွေ့ရွေ့ ပြန်ထွက်လာသည်။

နှောင်းငယ်မှာ မြို့ထဲမှ မင်းယဉ် လမ်းဘက်သို့ ပြန်ထွက်လာတာ မြင်သည်အထိ တအံ့တသြ ကြည့်နေပြီးလျှင် အော်ပဲ ခေါ်ရမလို မအော်ဘဲနေရမလို ဘာလုပ်ရမှန်း သူမသိ၊ ဆုံးဖြတ်တတ်အောင် ကယောင်ကတမ်းဖြစ်နေသည်။

မင်းယဉ်ထွက်သွား၍ ခပ်လှမ်းလှမ်း ရောက်လေ



www.burmeseclassic.com

www.burmeseclassic.com



ထိတ်ပျာပျာဖြင့် အိမ်ပေါ်မှ ခုန်ဆင်းပြေးထွက်လာသည်။

မင်းယဉ် သွားရာနောက်သို့ ပြေး၍လိုက်သည်။

လမ်းပေါ်တွင် မင်းယဉ်သည် ခေါင်းငိုက်စိုက်ချလျက် တဖြည်းဖြည်းသွားနေသည်။

နောက်မှပြေးလိုက်လာသောအသံကို ကြားမိသော်လည်း လှည့်၍မကြည့်၊ ချိုင်းထောက်ကို အားပြုလျက် သွက်နိုင်သမျှ သွက်အောင် လှမ်းလျှောက်လာသည်။

မင်းယဉ်အနားမရောက်မီ နှောင်းငယ်၏နှုတ်မှ အစ်ကိုဟု လှမ်းအော်ခေါ်လိုက်သော အသံကို ကြားလိုက်ရသည်။

မင်းယဉ်သည် ထိုအသံကြောင့် တစ်ကိုယ်လုံး တုန်သွားကာ ခြေလှမ်းတန့်သွားလျက် နောက်ဘက်သို့ ပြန်လှည့်ကြည့်လိုက်သည်။

'ဘယ်လိုဖြစ်လာတာလဲ အစ်ကို၊ ဒါဘာဖြစ်တာလဲ ဟင်. . . . ဟင်. . . .'

နှောင်းငယ်သည်မင်းယဉ် ခြေထောက်မှ ကျောက်ပတ်တီးကိုလှမ်း၍ ကိုင်တော့မလို၊ ချိုင်းထောက်ကိုပင်လှမ်း၍ ဆွဲယူတော့မလို ပျာလောင်ခတ်နေသည်။

မင်းယဉ်ရှေ့မှ၊ မင်းယဉ်ဘေးမှ မင်းယဉ်ကို ပတ်ပတ်လည် ဝိုင်းပတ်ကြည့်ကာ မေးမိမေးရာကစ၍မေးသည်။





မင်းယဉ်သည် နှောင်းငယ်မျက်နှာကိုကြည့်ကာ သူ့ရင်ထဲ၌ မဖော်ပြနိုင်အောင် နာကျင်သွားသည်။

ဝမ်းနည်းကြေကွဲလွန်း၍ တော်တော်နှင့် အသံထွက်မလာနိုင်ပဲဆို့နေသည်။

'ပြောပါဦး အစ်ကို. . . . အစ်ကို့ ခြေထောက် ဘာဖြစ်တာတုံးဟင်. . . . . ဘယ်လိုဖြစ်တာတုံး'

'ကားတိုက်လို့'

ဤတွင်မှ မင်းယဉ်အသံ ထွက်လာသည်။

နှောင်းငယ်သည် စိတ်ထိခိုက်သွားလျက် မင်းယဉ်မျက်နှာကို အံ့အားတသင့်သင့်ဖြင့် တစ်ခဏငေးကြည့်မိသည်။

မင်းယဉ်၏မျက်လုံးမှာ ညိုမှောင်နေလျက် အသက်မဲ့ သောအကြည့်သည် မင်းယဉ်မျက်လုံး အိမ်ထဲဝင်နေ၍ နှောင်းငယ်ပိမို၍ တုန်လှုပ်သွားသည်။

'အမယ်လေး. . . . ဘယ်မှာတိုက်ခဲ့တာလဲ အစ်ကို၊ ဒီခြေထောက် ကျိုးသွားပလား၊ ကောင်းပါဦးမလားဟင်'

နှောင်းငယ်က မင်းယဉ်ရှေ့၌ရပ်ကာ၊ မင်းယဉ်မျက်နှာကို ဘည့်တည့်မတ်မတ် စိုက်ကြည့်မေးသည်။

မင်းယဉ်သည် သူ့အဖြစ်ကို ပြန်၍ရှက်ကြောက်နေ၍ နှလုံးပြင်းပြင်းခုန်လျက် မျက်နှာလွှဲပြီးမှပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'မြောက်ဥက္ကလာမှာတိုက်တာ၊ တိုက်စကပေါင်အထိကျောက်ပတ်တီးစည်းထားရတယ်၊ ချိုင်းထောက်နှစ်ဖက်နဲ့ ခုတော့ဒူးအထိဖြုတ်လိုက်ပြီ၊ ချိုင်းထောက်တစ်ဖက်ပဲ ထောက်ရတော့တယ်၊ ၄၅ ရက်စေ့ရင် အားလုံးခွာနိုင်မယ်၊ ကောင်းတယ်ပြောတာပဲ'

မင်းယဉ်ပြောပြခိုက် နှောင်းငယ်သည် ရင်တဒိတ်ဒိတ်ခုန်နေလျက် မင်းယဉ်ကို စိတ်ထိခိုက်စွာကြည့်ကာ မျက်ရည်ဝဲနေသည်။

'ဘာဖြစ်လို့ အိမ်ကိုအကြောင်းမကြားတာလဲ အစ်ကိုရယ်၊ အခု ခြံထဲဝင်ပြီးမှ ဘာဖြစ်လို့ ပြန်ထွက်လာတာလဲ၊ ဘယ်ကိုသွားမလို့တုံး'

နှောင်းငယ်၏အသံမှာ ထိတ်ပျာနေသော အသံမှ ငိုသံတွေရောနှောလာလျက် ရှိုက်သံပါဝင်လာသည်။

လမ်းပေါ်တွင်သူတို့ဘေးမှ ဖြတ်သွားဖြတ်လာ လူများရှိ၍ မင်းယဉ်သတိထားကာ နှောင်းငယ်ကြားရုံမျှ အသံထွက်ပြောသည်။

'အစ်ကိုဘယ်သူ့ကိုမှ ဒုက္ခမပေးချင်လို့ အကြောင်းမကြားတာပဲ၊ အခုလည်း ဖေဖေ့ကုတဲ့အသိဆရာဝန်က အိမ်မှာပြန်နေနိုင်တယ်ဆိုပြီး သူ့မိတ်ဆွေကားနဲ့ ဇွတ်ပို့လိုက်လို့ အိမ်ရှေ့ရောက်လာရတာ၊ အစ်ကိုဘယ်သူ့မှ ဒုက္ခမပေးချင်တော့ဘူး နှောင်းငယ်၊ အရိယာမဂ္ဂင်ကျောင်းကဆရာတော်ဆီမှာ အစ်ကို





သွားနေတော့မယ်'

နှောင်းငယ်သည်မင်းယဉ်ကို မကျေမနပ် ဖြစ်လာကာသူ့အသံကိုပင် သူမထိန်းနိုင်တော့ဘဲ စိတ်ရှိသလို ရေပက်မဝင်အောင်ဆိုတော့သည်။

'ဘာဖြစ်လို့ ဘုန်းကြီးကျောင်းမှာ နေရမလဲ၊ မနေရဘူး၊ အစ်ကိုအိမ်ကိုပြန်ရမယ်၊ မမနွဲ့ရော ကိုကျော်သူရော အစ်ကို့အပေါ်မှာ ဘယ်လိုမှ အပြစ်မထားဘဲ အစ်ကို့ကို လိုက်ရှာနေကြတယ်၊ ဘယ်မှမသွားရပါဘူး၊ လာ. . . လာ'

မင်းယဉ်သည် သူ့ခေါင်းကိုဖြည်းလေးစွာ ယမ်းပြလျက် စိတ်အားထက်သန်စွာ ဆွဲခေါ်နေသော နှောင်းငယ်လက်ကို ဖယ်ချလိုက်သည်။

'အစ်ကိုမပြန်ချင်ဘူး၊ အစ်ကို့ဟာအစ်ကိုလွတ်ရာမှာ နေတော့မယ်၊ ဖယ်. . ဖယ်'

နှောင်းငယ်သည် သူ့ခါးကလေးကို မင်းယဉ် ရှေ့သို့ကိုင်းကာ မင်းယဉ်လက်ကို ပြန်ကိုင်ဆုပ်ပြီး ခြေထောက်ဆောင့်၍ ပြန်ပြောပြန်သည်။

'အစ်ကိုလုပ်ချင်ရာလုပ် သွားချင်ရာသွားတဲ့ စိတ်တွေအခုမထားပါနဲ့တော့၊ အစ်ကို့ အမှားတွေကိုသိပါတော့၊ အစ်ကိုဘယ်မှာမှ မနေပါနဲ့၊ ပတ်တီးခွာပြီး ကျောင်းဆက်နေပါ၊ ဒီတစ်ခါတော့ အစ်ကိုကျောင်းဆက်နေရမယ်'



www.burmeseclassic.com

www.burmeseclassic.com



နှောင်းငယ်က တစာစာနှင့်ပြောသည်။

နှောင်းငယ်မှာသူနှင့်ပြန်မလိုက်ဘဲ ပြန်ပျောက်သွားမှာကို စိုးရိမ်မှု လွန်ကဲနေသည်။

နှောင်းငယ် ရင်မှပွင့်၍ထွက်လာသော စကားလုံးများမှာ တိုးလိုက်ကျယ်လိုက်၊ တုန်လိုက်ဝင်လိုက်ဖြင့် ပင်ပန်းကြီးစွာပြော ဆိုနေသည်။

တုန်ယင်ဆို့ဝင်လျက် ပြာ၍လာသော နှောင်းငယ်၏ အသံများကြောင့် မင်းယဉ်မှာ ရင်ထဲတွင်မကောင်းလွန်း၍ လမ်းပေါ်၌ နှောင်းငယ်နှင့်အချိန်မကြာရှည်ဘဲ မြန်မြန်သွားနိုင်ရန် ဘာလုပ်ရပါ့မလဲဟု ကတုန်ကယင် စဉ်းစားနေသည်။

နှောင်းငယ်သည်မင်းယဉ်ကို ခေါ်မရဖြစ်နေခြင်းအတွက် ကရုဏာဒေါသောဖြင့် စိတ်ထွက်လာသည်။ မင်းယဉ်ကို ငိုသံဖြင့် ရန်တွေ့ပြန်လေသည်။

'အစ်ကိုရဲ့ မချောရီအကြောင်း အစ်ကိုသိရဲ့လားဟင်၊ သား အဖမဟုတ်ဘူး အစ်ကိုရဲ့၊ လင်မယား လင်မယား၊ ဒီအကြောင်း နှောင်းငယ်သိလို့ အစ်ကို့ကိုပြောချင်တာနဲ့ သူတို့နေတဲ့နေရာကို ရောက်သွားရတယ်၊ နှောင်းငယ်ကို တစ်ခါမှ မမြင်ဖူးသလိုပဲ ပြောလွှတ်လိုက်တယ်'

နှောင်းငယ်သည် ပြောရင်းပြောရင်း ရှက်ကြောက်မှု၊ ခံပြင်းမှုကိုခံစားရကာ ရင်ထဲ၌ပြင်းထန်စွာ မောလှိုက်လာသည်။





မင်းယဉ်သည်ဘာမျှ ပြန်မပြောနိုင်၊ ပြောနိုင်သူကပြော နေခြင်းကို အောင့်ခံနေရကာ မျက်နှာမထားတတ်အောင် ပူရှိန်း လာသည်။

'ဒီအကြောင်းကို မပြောနဲ့တော့နှောင်းငယ်၊အစ်ကိုသိတယ်၊ အစ်ကိုမကြားချင်ဘူး၊ ဖယ်. . . ဖယ်. . . အစ်ကိုသွားမယ်'

မင်းယဉ်က ရှေ့ဆက်သွားရန် ခြေလှမ်းပြင်နေ၍ နှောင်းငယ်သည် ဘာကိုမျှမမြင်နိုင်တော့ဘဲ မင်းယဉ်၏ချိုင်းထောက်ကိုတအားဆုပ်ကာ ကြေကွဲစွာဖြင့်တောင်းပန်ရှာသည်။

'အစ်ကိုရယ် မသွားပါနဲ့၊ ဘုန်းကြီးကျောင်းမှာလည်း မနေပါနဲ့၊ မှားခဲ့တာတွေ ပြီးခဲ့တာတွေအားလုံး မေ့လိုက်တော့၊ နှောင်းငယ်နဲ့ပြန်လိုက်ခဲ့ပါ၊ လာ. . . လာ'

မင်းယဉ်သည် ရင်ထဲ၌တင်းကျပ်လာကာ နှောင်းငယ်ကို တွန်းဖယ်လျက် အသံပြတ်ပြတ်နှင့် ပြန်ပြောသည်။

'မပြန်ချင်ပါဘူးဆိုတာ၊ လွှတ်. . . လွှတ်. . . သွားမယ်'

'အစ်ကို မသွားရဘူး၊ အစ်ကိုဘယ်ကိုမှ မသွားရဘူး၊ အိမ်ပြန်ပါ အစ်ကိုရယ်၊ လာပါ. . . လာ'

မင်းယဉ်ရုန်းဖယ်လျက် မျက်နှာလွှဲရာ၊ တိမ်းရာ၊ စောင်းရာဘက်သို့ နှောင်းငယ်ကလိုက်၍ မင်းယဉ်မျက်နှာကို မျက်နှာချင်းဆိုင်ကြည့်ကာ တုန်တုန်ယင်ယင်ပြောခေါ်နေပုံမှာ မင်းယဉ်ရှေ့ ရောက်လိုက် မင်းယဉ်ဘေးသို့ရောက်လိုက်ဖြင့် နေရာအမျိုးမျိုး



www.burmeseclassic.com

www.burmeseclassic.com



သို့ရွေ့ရောက်နေသည်။

ဟိုဘက်လိုက်ပြော သည်ဘက်လိုက်ပြောလုပ်နေ၍ မင်းယဉ် အကျပ်ကြုံနေသည်။

လမ်းပေါ်၌ သွားလာနေကြသော လူများသည်ရွေ့ဆက်မသွားကြဘဲ မင်းယဉ်တို့ကို ရပ်ကြည့်သွားကြသည်။

သူတို့အနားသို့လူတွေ ရောက်လာ၍ မင်းယဉ်ရှက်လာကာ နှောင်းငယ်လက်မှ ပြန်၍ရုန်းသည်။

နှောင်းငယ်ကား လောကကြီးတစ်ခုလုံးမှ ရှိရှိသမျှလူအပေါင်းတို့လာ၍ပဲ အုံကြည့်ကြကြည့်ကြ၊ ဘယ်သူ့ကိုမှ ရှက်ရမှန်းမသိ ဖြစ်နေသည်။

လူတွေကြည့်တာက အရေးမကြီး၊ တားမရဘဲ မင်းယဉ်ထွက်သွားမှာက အရေးကြီး၍ မင်းယဉ်၏လက်ကို မလွှတ်တော့ပဲ အတင်းဆွဲထားသည်။

မင်းယဉ်သည် လူတွေတဖြည်းဖြည်းအုံလာ၍ နှောင်းငယ်ကို တွန်းဖယ်လျက် နှောင်းငယ်လက်မှ မရမက ဖွတ်ဆောင့်ရုန်းလိုက်၍ နှောင်းငယ်သည်လမ်းဘေး၌ ချော်လဲကျသွားသည်။

နှောင်းငယ်လက်မှလွတ်လွတ်ချင်း နှောင်းငယ်ကိုတစ်ချက်မျှပြန်ငဲ့၍ မကြည့်တော့ဘဲခြေလှမ်းကို ခပ်ကျဲကျဲကြီး လှမ်း၍ထွက်လာသည်။

ချိုင်းထောက်ကို အားစိုက်၍ သူသွားလိုရာသို့ ခပ်သွက်





သွက်တောက်လျှောက်သွားသည်။

နှောင်းငယ်သည် လဲနေရာမှ ကုန်းထလိုက်သည်။

နှောင်းငယ်တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လျက်နေသည်။

မျက်နှာတွင်မျက်ရည်တွေ စီးကျလာကာ မင်းယဉ်ကိုလှမ်း၍ ကြည့်နေသည်။

ကြည့်ရင်းကြည့်ရင်း မျက်လုံးတွင် မျက်ရည်များပြည့်လာ၍ မျက်တောင်များချလျက် ပြည့်နေသောမျက်ရည်များကိုညှစ်ခါချသည်။

ရင်ကလေး မြင့်ချည်နိမ့်ချည်ဖြင့် တရှိုက်ရှိုက် ရှိုက်လျက်နှောင်းငယ်သည် မင်းယဉ်သွားရာသို့ ရပ်ငေးကြည့်နေသည်။

မင်းယဉ်အတန်ကလေး ရောက်သွားသည့်အခါ၌နှောင်းငယ်သည် ဘယ်လိုမှသူ့စိတ်ကို ဖြေဆည်၍ မရတော့ဘဲ အသံထွက်၍ ရှိုက်အော်ငိုလိုက်ကာ မင်းယဉ်နောက်သို့ တအားကျုံး၍ ပြေးလိုက်သွားသည်။

မင်းယဉ်ကိုမီတော့မှ မင်းယဉ်ကို အတင်းဝင်ဖက်ကာ ရင်ထဲ၌ဆို့လွန်လွန်း၍ အသံပင်မထွက်နိုင်တော့ဘဲ တရှိုက် ရှိုက်လျက်ငိုသည်။

မင်းယဉ်သည် သူ့အားတအားလာဖက်လျက် ရှိုက်ငိုနေသော နှောင်းငယ်၏ မျက်နှာကလေးကို ငုံ့၍ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



မဖော်ပြနိုင်သောဝမ်းနည်းမှု၊ မဖော်ပြနိုင်သော ကြေကွဲမှု၊ မဖော်ပြနိုင်သော ကြင်နာမှုတို့ဖြင့် နှောင်းငယ်ကိုပြန်ဖက်လျက် မင်းယဉ်သည် ရင်မှရှိုက်လျက်ဖြင့် နှောင်းငယ်ခေါ်ရာသို့ ပြန်လိုက်လာခဲ့သည်။

ဂျာနယ်ကျော် မမလေး

www.burmeseclassic.com